The
# Commerce
Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .15, NO . 7 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | Feb 16 , 2015

## အိမ်ခြံမြေဈေးကွက် နဲ့ စတော့ဈေးကွက် ဘယ်ဟာကို ရွေးမလဲ

|မယ်သီတာ| ၂၀





မြန်မာ့သနပ်ခါးရနံ့ ကမ္ဘာအနှံ့မွှေးကြိုင်

မြန်မာ့စွမ်းအင်ကဏ္ဍ အထောက်အကူပြုဘက်စုံလွှမ်းခြုံသော ၁၅
သယံဇာတစီမံခန့်ခွဲမှုအလုပ်ရုံဆွေးနွေးပွဲကျင်းပ

မြန်မာ့ရေထွက်ကုန်လုပ်ငန်းကဏ္ဍတွင် ၁၇
ဒတ်ချ်စီးပွားရေးလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံတော့မည်

စီးပွားရေးလုပ်ငန်းသုံး iBanking စနစ်ကို
သမဝါယမဘဏ် စတင်မိတ်ဆက် ၂၆

# AYARWADDY POWER CO., LTD.

Ayarwaddy POWER

**Showroom** အမှတ် (၆၂)၊ အောင်ဇေယျလမ်း၊ ရန်ကင်း။
Ph: 09 4217 63638 , 09 3020 1872 , 09 4500 55920

**Head Office** အခန်း (B 1)၊ အမှတ် (၂၈ / ၇)၊ ကျောက်ကုန်းလမ်း၊ ရန်ကင်းမြို့နယ်။
Ph: 01- 8551180,8551181 , 09 7319 3999 , 09 518 4799

Ayarwaddy POWER ကားအရောင်းပြခန်းမှ Japan ကား 1300 CC /1000 CC saloon ကားများ၊ 660 CC Light Truck များအား ဈေးနှုန်းမှန်ကန်စွာ ရောင်းချပေးနေပါသည်။ ထို့အပြင် ကိုရီးယား ကားများဖြစ်သော County Bus၊ Bongo III Light Truck၊ Porter II Light Truck၊ Starex Wagon၊ New Starex Wagon၊ Bongo III Coach၊ Grace Wagon ကားများကိုလည်း ဈေးနှုန်းမှန်ကန်စွာ ရောင်းချပေးပါသည်။ မိမိအမည်ပေါက် ဝယ်ယူ၊ မှာယူလိုသူများအတွက်လည်း ဂျပန်ရှိ လေလံများမှရင်း၊ ကိုရီးယားရှိ ကားအရောင်းဆိုင်များမှရင်း တိုက်ရိုက်ဆက်သွယ်၍ ဝယ်ယူနိုင်ပါသည်။ ထို့အပြင် လိုအပ်သောယာဉ်အပိုပစ္စည်းများကိုလည်း သက်သာသောဈေးနှုန်းဖြင့် မှာယူတင်သွင်းပေးပါသည်။ ကျွန်တော်များ ကား Showroom သို့ကြွရောက်၍ လူကြီးမင်းတို့ဖြစ်စေလိုသော အကြောင်းအရာများအား ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။
(အငြင်းပွားဖွယ်ဖြစ်နိုင်သော အာမခံမှုများ မပေးပါ။)

Ayarwaddy POWER Showroom အနေဖြင့် လူကြီးမင်းတို့အား ဝန်ဆောင်မှုပေးရာတွင် တိကျသေချာသော ကတိစကားများအား နှုတ်ဖြင့်မဟုတ်ဘဲ၊ စာချုပ်ထဲတွင် ထည့်သွင်းချုပ်ဆိုပေးပါသည်။ ဘဏ်နှင့်ချိတ်ဆက်၍ ဝယ်ယူနိုင်ပါသည်။ ထို့ပြင် ဂျပန်ရှိ ကျွန်တော်များကုမ္ပဏီမှ မော်တော်ယာဉ်များ၊ ကိုရီးယားရှိလက်ရှိဝယ်ယူထားသော မော်တော်ယာဉ်များကိုလည်းအင်တာနက်မှကြည့်ရှု၍ ကြိုက်နှစ်သက်ပါက ဘဏ်နှင့်ချိတ်ဆက်၍ ဝယ်ယူနိုင်ပါသည်။








# ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့၏ အစိုးရ၊ ပုဂ္ဂလိကဆွေးနွေးပွဲအား နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ကျင်းပ

မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေးအရင်းအမြစ်အဖွဲ့အစည်း၏ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (MDR-CESD) ၏ ညှိနှိုင်းစီစဉ်ဆောင်ရွက်မှုအရ ဩစတြေးလျအမျိုးသားတက္ကသိုလ် (Austrialian National University- ANU) မှ ကုန်သွယ်ရေးမြှင့်တင်မှုဆိုင်ရာ သုတေသနစာတမ်း လေ့လာသုံးသပ်ချက်များအပေါ် အကြံပြုဆွေးနွေးချက်များ၊ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များ၊ အမျိုးသားကုန်သွယ်ရေး မဟာဗျူဟာအပေါ် အကြံပြုချက်များနှင့် ပတ်သက်၍ အစိုးရ၊ ပုဂ္ဂလိကဆွေးနွေးပွဲအား နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာနတွင် ဖေဖော်ဝါရီလ ၁၃ရက်ကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးတွင် ဖေဖော်ဝါရီ ၁၄ ရက်က လည်းကောင်း ကျင်းပခဲ့ကြောင်း သိရှိရသည်။





အဆိုပါဆွေးနွေးပွဲသို့ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတ၏ အကြံပေးပုဂ္ဂိုလ် ဒေါက်တာဇော်ဦး၊ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၅) ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်၊ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီဝင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ Working Group အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသောပုဂ္ဂိုလ်များ အသီးသီး တက်ရောက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက မြန်မာနိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေမည့် စီးပွားရေးကောင်းစေမည့် အရင်းအမြစ်များ များစွာရှိနေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တံခါးဖွင့်ဝါဒကို ကျင့်သုံးသည်မှာ နောက်ကျနေသည်ဟု အများက ပြောနေကြကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့်စာလျှင် တံခါးဖွင့်ဝါဒကိုကျင့်သုံးသည်မှာ တော်တော်လေးကို နောက်ကျနေကြောင်း၊ နောက်ကျတဲ့အတွက်တစ်ခြားနိုင်ငံတွေရဲ့ အတွေ့အကြုံတွေ၊ သင်ခန်းစာတွေကို လေ့လာပြီး မိမိနိုင်ငံတော်အတွက် လုပ်သင့်တာကို လုပ်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် အိမ်နီးချင်းနိုင်ငံများအနေဖြင့် နှစ်ပေါင်း ၆၀ ကျော် တံခါးဖွင့်ထားတဲ့အတွက် စီးပွားရေးအရ လုပ်ကွက်များ သိပ်မကျန်တော့ပေမယ့် မြန်မာနိုင်ငံတွင်မူ များစွာကျန်ရှိနေသေးကြောင်း၊ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိသည့်အနက် အလုပ်လုပ်နိုင်သည့် လူဦးရေမှာ ၃၄ သန်း၊ ၃၅သန်း ပတ်ဝန်းကျင်တွင်ရှိနေကြောင်း၊ ၎င်းတို့အနက် ထက်ဝက်ခန့်မှာ အရည်အချင်းရှိသည့်လူငယ်များ ဖြစ်နေသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ ထို့ပြင် မြေပေါ်မြေအောက် သယံဇာတများ ပေါများသည့်နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်တွင် ၂၀ ရာစုအဝင်ပိုင်းတွင် ကျယ်ကျယ်လောင်လောင်ထွက်ပေါ်လာသည့် အသံမှာ ရေသယံဇာတရရှိရေးပင် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် Water Resource များ အလျှံပယ် ရှိနေပါကြောင်း၊ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ အိန္ဒိယနှင့် တရုတ် နှစ်နိုင်ငံပေါင်း၏ ၁၀ ဆရှိနေပါကြောင်း၊ မြန်မာနိုင်ငံသည် မဟာဗျူဟာမြောက်သည့်နေရာတစ်နေရာ ဖြစ်နေပါကြောင်း၊ မြန်မာနိုင်ငံသည် အလွန်ကြီးမားသည့် ဈေးကွက်ကြီးသုံးခု၏ အလယ်တွင် ရှိနေပါကြောင်း၊ တရုတ်၊အိန္ဒိယနှင့်အာဆီယံနိုင်ငံများ၏အလယ်တွင် ရှိနေသည့်နိုင်ငံ တစ်နိုင်ငံ ဖြစ်နေပါကြောင်း၊ မြန်မာနိုင်ငံတွင် အလွန်ပင်ရှည်လျားသည့် ကမ်းရိုးတန်းကြီးရှိနေပါကြောင်း၊ ကမ်းရိုးတန်းက မျက်နှာမူထားသည့် ပင်လယ်ကြီးရှိနေသဖြင့် မြန်မာနိုင်ငံသည် အာဖရိကနိုင်ငံများအနေဖြင့် အာရှတိုက်တွင်းသို့ ဝင်မည့်ဝင်ပေါက်တစ်ခုပင်ဖြစ်နေပါကြောင်း။

ဩစတြေးလျ အမျိုးသားတက္ကသိုလ်မှ လေ့လာဆန်းစစ်ချက်များအရ ၂၀၃၀ ပြည့်နှစ်အရောက်တွင် မြန်မာနိုင်ငံ၏ ဂျီဒီပီသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ အထိရောက်ရှိလာမည်ဖြစ်ကြောင်း၊ တစ်နှစ်ကို ရှစ်ရာခိုင်နှုန်းတိုးလာမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ်က မြန်မာနိုင်ငံ၏ဂျီဒီပီသည် ၇ ဒသမ ၅မှ ၇ ဒသမ၉အထိရှိလာသည့်အတွက် ၎င်းတို့ ခန့်မှန်းထားသည့်အတိုင်း ဖြစ်လာနိုင်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်လာဖို့အတွက် နိုင်ငံရေးတည်ငြိမ်မှုရှိရန်၊ စီးပွားရေးမူဝါဒများကောင်းမွန်ဖို့လည်း လိုပါကြောင်း၊ စီးပွားရေးပေါ်လစီဟုဆိုရာတွင် State Policy လည်း လိုအပ်ပါကြောင်း၊ သဘာဝသယံဇာတများကို ထုတ်ယူသုံးစွဲပြီး နိုင်ငံ၏စီးပွားရေး ကောင်းမွန်အောင်လုပ်ဆောင်ရန်အတွက် ပေါ်လစီကောင်းများ လိုအပ်ပါကြောင်း၊ ယင်းကဲ့သို့ ပေါ်လစီကောင်းများရှာဖွေရာတွင် မိမိကိုယ်တိုင်ရှာဖွေသည်ထက် ပညာရှင်များကို တာဝန်ပေးလျှင် ပို၍ထိရောက်နိုင်ပါကြောင်း၊ ယခုအခါတွင် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့်ပတ်သက်၍ ဩစတြေးလျ အမျိုးသားတက္ကသိုလ်မှ လေ့လာချက်များပြုလုပ်၍ စာအုပ်တစ်အုပ်ကို ပြုစုထုတ်ဝေခဲ့ပါကြောင်း၊ အဆိုပါစာအုပ်ကို ဖတ်ရှုလေ့လာ၍ ပြင်ရမည့်အချက်များ၊ လုပ်သင့်လုပ်ထိုက်သည်များကိုလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ပြောင်းလဲသင့်သည်များကိုလည်း ပြောင်းလဲလုပ်ဆောင်ရမည်ဖြစ်ကြောင်း အကျယ်တဝင့်ရှင်းလင်း ပြောကြားခဲ့သည်။

ထို့နောက် ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ၏ အကြံပေးပုဂ္ဂိုလ်ဒေါက်တာဇော်ဦးက မြန်မာနိုင်ငံ၏စီးပွားရေးနှင့် ပတ်သက်၍ ဆန်းစစ်လေ့လာမှုများ ပြုလုပ်ရန် ဩစတြေးလျအမျိုးသားတက္ကသိုလ်မှ ပညာရှင်များကိုဖိတ်ကြားရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။ ဩစတြေးလျ အမျိုးသားတက္ကသိုလ်မှ အကြံပေးပုဂ္ဂိုလ် Mr. Peter Drysdale က ၎င်းတို့၏ လေ့လာတွေ့ရှိချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်တက်ရောက်လာကြသည့်ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များက ပြန်လည်ဆွေးနွေးမေးမြန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလိုင်(မုံရွာ)၊ ရီလင်းထွေး(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(မြဲ-၃၈၁၉)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
အောင်မျိုး၊ မြင့်ဆွေ၊ တင်တင်အေး၊
ခင်မြတ်မွန်၊ တင်တင်ထွန်း

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ စန္ဒာမိုး၊ မော်မော်စန်း၊
သီရိဝင်း၊ မြတ်ဆုလှိုင်၊

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(မြဲ-၀၉၇၄၄)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.7 Monday Feb 16 2015




# ဆန်ဈေးနှုန်းနဲ့ အရောင်းအဝယ်ပါ ပုံမှန်လေး ဆက်သွားနေဦးမည့် မြန်မာ့ဆန်ဈေးကွက်

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) ရဲ့ လက်ကားဆန်ဈေးမှာ ဖေဖော်ဝါရီလ ၁၃ ရက် ဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်း လတ်စ တစ်အိတ်ကို ၂၈၅၀၀ ကျပ်၊ နယ်စုံပေါ်ဆန်းလတ်စတစ်အိတ်ကို ၂၇၅၀၀ ကျပ်ဖြစ်ခဲ့ကြလို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၅၀၀ ကျပ်ခန့် ဈေး အနည်းငယ်ပြန်တက်လာတာတွေ့ရပြီး ရန်ကုန်မှာ ဆန်ချောဈေးငြိမ်နေလို့ ဆန်ချောအဝင်နည်းသွားချိန်မှာ ဝယ်လိုအားပြန်ရှိခဲ့လို့ ဆန်ချောဈေး အနည်းငယ်ပြန်တက်ခဲ့ရတာဖြစ်ပါတယ်။ ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထ လတ်စ တစ်အိတ်ကို ၁၆၃၀၀ ကျပ်၊ ထိပ်စ ၁၇၀၀၀ ကျပ်၊ မိုးသုခ တစ်အိတ်ကို ၁၇၀၀၀ ကျပ်မှ ၁၈၀၀၀ ကျပ်အတွင်းဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၂၀၀ ကျပ်မှ ၇၀၀ ကျပ်အတွင်း ဈေးအနည်းငယ် ဆက်တက်လာတာ တွေ့ရပါတယ်။

ဆန်ကြမ်းကို လက်လီဆိုင်သမား ဝယ်လိုအားရှိခဲ့ခြင်းနှင့်အတူ ရန်ကုန် FOB သမားတွေလည်း အဝယ်ဆက်ရှိနေဆဲမို့ ဈေးအနည်းငယ် ထပ်တက်ရတာဖြစ်တယ်လို့ ကြားသိရပါတယ်။ ဝါးတန်းဒိုင်သို့ ဆန်အဝင်နဲ့ အရောင်းအဝယ်အခြေအနေမှာ ပုံမှန်ဆက်သွားနေပြီး တရုတ်-မူဆယ်လိုင်းသို့ ရန်ကုန်မှ ဆန်အသွား ကျဲပါးနေသော်လည်း ဆန်ကွဲအချို့တော့ သွားနေတယ်လို့ သိရပါတယ်။

ရန်ကုန်ဈေးကွက်အတွင်း ဧည့်မထ ၂၅ မှတ် (ပြည်ပ) ဆန်တစ်အိတ် ၅၀ ကီလိုကို ၁၄၆၀၀ ကျပ်-၁၄၇၀၀ ကျပ်ခန့်ဖြင့် ဈေးငြိမ်နေသော်လည်း အရောင်းအဝယ်ကောင်းနေကြောင်း၊ လက်ရှိသင်္ဘောတင်ရှိနေသည့်ပြင် ပို့နေကျကုမ္ပဏီကြီးများနှင့် MAPCO က ဆက်ဝယ်နေဆဲဖြစ်ကြောင်း၊ EMATA MYANMAR 25% FOB (Yangon) ဈေး 310-320 USD/MT ခန့်ရှိသော်လည်း လက်ရှိမှာ 310-315 USD/MT ဖြင့် ရောင်းထားသည်လည်းရှိနေကြောင်း ဆန်ဈေးကွက်မှ ကြားသိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ တရုတ်နှစ်ကူးနီးလာနေခြင်း၊ တရုတ်ထဲမှာ အဖမ်းအဆီးရှိခဲ့ခြင်းနှင့် ကင်းလှည့်စောင့်ကြည့်နေခြင်းများကြောင့် မူဆယ်ဆန်စပါးကုန်စည်ဒိုင်သို့ နှစ်ဖက်ကုန်သည် အလာကျဲပါးနေပြီး အရောင်းအဝယ်မှာလည်း အတော်ကျဲပါးနေကာ ဖေဖော်ဝါရီလ ၄ ရက်နေ့ နောက်ပိုင်း ဆန်ဈေးနှုန်းစာရင်း မထွက်နိုင်သေးကြောင်း၊ ဖေဖော်ဝါရီ ၁၃ ရက်နေ့ မူဆယ်ရှိ ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၆၅ ဒသမ ၂၈ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် ၁ ဒသမ ၃၅ ကျပ်ဈေးဆက်တက်ခဲ့ကြောင်း၊ ယခုအပတ်အတွင်း ပြည် တွင်းနယ်စုံမှ မူဆယ်သို့ ဆန် ၁၆၁၃၀ တန်ခန့်ဝင်ရောက်ခဲ့ပြီး ယခင်တစ်ပတ်ထက် ဆန်တန် ၂၃၀၀ ခန့် ပိုမိုဝင်ရောက်ခဲ့သော် လည်း အရောင်းအဝယ်မှာ ပိုပါးလာနေကြောင်း၊ ရန်ကုန်မှ မူဆယ်သို့ ဆန်တင်ဆောင်ခမှာ တစ်တန်ကို ၇၈၀၀၀ ကျပ် ခန့်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် ၂၂၀၀၀ ကျပ်ခန့်သိသာစွာ ဈေးပြန်ကျခဲ့ကြောင်း၊ တရုတ်နှစ်ကူးခါနီးလို့ အရောင်းအဝယ်များ ကျဲပါးလာကာ မူဆယ်သို့တင်ပို့ရန် ကုန်လည်းပါးနေလို့ ကားခပါ ဈေးပြန်ကျရတာဖြစ်ကြောင်း၊ မူဆယ်ဆန်ဈေးကွက် ရှေ့အလားအလာမှာ လာမည့်တစ်ပတ်အတွင်းမှာ တရုတ်နှစ်သစ်ကူးရက်ရှိနေခြင်းကြောင့် လုပ်ငန်းများရပ်နားကြမည်ဖြစ်၍ ဆန်အရောင်းအဝယ်များလည်း နားနေဦးမည်ဖြစ်ကြောင်း မူဆယ်ဆန်ဈေးကွက်မှကြားသိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲ ပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်အထိ တန်ချိန် ၁၅၂၄၅၈၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၄၈ သန်းကျော်ရရှိနေကာ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၅၆၂၁၄၀ ကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၁၈၇ သန်းကျော် ပိုမိုတင်ပို့ထားနိုင်တာ တွေ့ရပါတယ်။ ဆန်ဈေးကွက်ရှေ့အလားအလာအနေဖြင့် ဆန်ဈေးနှုန်းနှင့် အရောင်းအဝယ်မှာ ပုံမှန်လေးသာ ဆက်သွားနိုင်ပြီး နိုင်ငံရေးနှင့်အခြားပယောဂများကြောင့် ဆန်ဈေးကွက်အပေါ် ထူးခြားစွာပြောင်းလဲမှုမျိုး မဖြစ်နိုင်ပါကြောင်း ဆန်ဈေးကွက်နှင့် ကုန်စည်ဒိုင်မှ သိရှိရသမျှကို တင်ပြလိုက်ပါတယ်။

**သန်းအေး-ဆန်စပါး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၂-၂-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၃၂ | ၄၃၁ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၂၃ | ၄၂၁ | ▽ | ၃၅၅ | ၃၅၅ | □ | ၃၉၅ | ၃၉၅ | □ | ၃၄၅ | ၃၄၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၄၀၂ | ၄၀၁ | ▽ | ၃၂၅ | ၃၂၀ | ▽ | ၃၆၀ | ၃၆၀ | □ | ၃၁၀ | ၃၀၅ | ▽ |
| ပေါင်းဆန် | ၄၀၅ | ၄၀၅ | □ | - | - | - | ၃၉၀ | ၃၉၀ | □ | ၃၉၅ | ၃၇၅ | ▽ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၂-၂-၂၀၁၅ ဒေါ်လာ/တန်

| | တောင်အမေရိက | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၉၅ | ၄၈၀ | ▽ | ၅၉၅ | - | - | ၅၉၅ | - | - |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၈၅ | ၄၇၀ | ▽ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၁၃-၂-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၃၉၅၀ | □ | ၁၆၀၀၀ | □ | ၆၄၄၀ | □ | ၃၂၀၀၀ | □ |
| ပုသိမ် | ၃၉၅၆ | □ | ၁၆၀၀၀ | □ | ၆၅၇၁ | □ | ၂၈၀၀၀ | □ |
| ပဲခူး | ၃၆၅၀ | △ | ၁၅၀၀၀ | □ | ၅၇၀၀ | □ | ၂၅၅၀၀ | △ |
| ရွှေဘို | ၄၇၀၀ | □ | ၁၆၅၀၀ | □ | ၈၇၅၀ | △ | ၂၉၀၀၀ | □ |
| စစ်တွေ | ၃၈၅၀ | □ | ၁၅၀၀၀ | □ | ၆၀၀၀ | □ | ၂၃၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၃၀၀ | □ | ၁၆၅၀၀ | □ | - | - | ၃၅၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၃၅၅၀ | □ | ၁၆၃၀၀ | △ | - | - | ၂၇၅၀၀ | △ |
| မန္တလေး | ၄၇၀၀ | □ | ၁၈၅၀၀ | □ | - | - | ၂၈၀၀၀ | □ |
| မကွေး | ၅၂၀၀ | □ | ၁၇၅၀၀ | □ | - | - | ၃၃၀၀၀ | □ |
| မော်လမြိုင် | ၃၆၈၀ | □ | ၁၄၀၀၀ | □ | ၆၄၀၀ | □ | ၂၃၀၀၀ | □ |
| လွိုင်ကော် | ၆၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မြိတ် | ၃၈၀၀ | □ | ၁၇၅၀၀ | □ | - | - | ၃၁၀၀၀ | □ |
| ဘားအံ | ၃၅၀၀ | □ | ၁၅၀၀၀ | □ | - | - | ၂၈၀၀၀ | □ |
| တောင်ကြီး | - | - | ၁၈၀၀၀ | □ | - | - | ၃၄၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# ဆန်နဲ့ ဆန်ကွဲ တင်ပို့မှု လျော့ကျ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်နဲ့ လွယ်ဂျယ်စခန်းမှ ဖေဖော်ဝါရီ ပထမပတ်မှာ ကန်ဒေါ်လာ ၅ ဒသမ ၆၉၆ သန်းဖိုးရှိ ဆန်တန်ချိန် ၁၅၅၇၅ တန်ကျော် တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က တင်ပို့မှုရှိခဲ့တဲ့ ချင်းရွှေဟော်စခန်းမှ ယခုတစ်ပတ်မှာ မတင်ပို့နိုင်ခဲ့ပါဘူး။ မူဆယ် (၁၀၅)မိုင်မှ ကန်ဒေါ်လာ ၄ ဒသမ ၆၄၆ သန်းတန်ဖိုးရှိ ငစိန်ဆန် ၈၇၂၃ တန်နဲ့ ဧည့်မထဆန် ၃၈၅၃ တန်ခန့် တင်ပို့ခဲ့ပြီး ယခင်သီတင်းပတ် တင်ပို့မှုထက် တန် ၁၁၀၀၀ လျော့နည်းခဲ့ပါတယ်။

လွယ်ဂျယ်စခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၀၅၀ သန်းဖိုးရှိဧည့်မထ တန် ၃၀၀၀ တင်ပို့ပြီး ယခင်သီတင်းပတ်ထက် တန် ၂၀၀၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ချင်းရွှေဟော်စခန်းမှ ယခင်ရက်သတ္တပတ်က ၁၅၄၁ တန်တင်ပို့ခဲ့ပြီး ယခု တစ်ပတ်မှာ တင်ပို့မှုမရှိခဲ့ပါဘူး။

ဆန်ကွဲတင်ပို့မှုကိုကြည့်မယ်ဆိုပါကလည်း ယခုသီတင်းပတ်မှာ ကန်ဒေါ်လာ ၂ ဒသမ ၆၆၁ သန်းဖိုးရှိ ဆန်ကွဲ ၈၂၀၀ တန်သာ တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်ထက် ၄၅၂၄ တန် လျော့နည်းခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုများမှာ မူဆယ် (၁၀၅)မိုင်မှ တန် ၇၂၀၀ နဲ့ လွယ်ဂျယ်မှ တန် ၁၀၀၀ ဖြစ်ပါတယ်။

ကောက်ညင်းဆန်ကိုလည်း မူဆယ်မှ တန် ၂၅၀၊ ကန်ဒေါ်လာ သုည ဒသမ ၁၂၀ သန်းဖိုးသာ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုထက် ထက်ဝက်ခန့်လျော့ကျခဲ့ပါတယ်။

**ယဉ်ယဉ်အေး MIRT (DCCA)**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၃-၂-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၆/၂ | ၁၃/၂ | ပြောင်းလဲမှု | ၆/၂ | ၁၃/၂ | ပြောင်းလဲမှု | ၆/၂ | ၁၃/၂ | ပြောင်းလဲမှု | ၃၀/၁ | ၆/၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၃၃၁ | ၁၃၇၆ | ▲ | ၁၂၁၇ | ၁၂၆၇ | ▲ | ၁၂၁၅ | ၁၃၅၀ | ▲ | ၁၃၅၀ | ၁၂၁၅ | ▼ |
| ၂ | ပဲစင်းငုံ | ၁၃၇၀ | ၁၄၄၄ | ▲ | ၁၂၈၂ | ၁၃၈၃ | ▲ | ၁၃၃၀ | ၁၃၈၀ | ▲ | ၁၂၈၅ | ၁၄၀၅ | ▲ |
| ၃ | ပဲတီစိမ်း | ၁၇၀၀ | ၁၇၀၀ | ■ | ၁၆၄၄ | - | - | ၁၅၇၉ | - | - | ၁၇၆၃ | ၁၇၄၀ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၁၀၀၀ | ၉၇၀ | ▼ | - | - | - | - | - | - | ၇၃၆ | ၇၅၈ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၀၀၀ | ၁၀၃၀ | ▲ | ၁၀၃၃ | ၉၆၇ | ▼ | - | - | - | - | ၇၆၃ | - |
| ၆ | ထောပတ်ပဲ | ၁၃၀၀ | ၁၁၃၀ | ▼ | - | - | - | ၁၀၀၀ | ၈၆၈ | ▼ | ၁၀၅၃ | ၉၄၇ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၃-၂-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွန်ဘိုင်း | | | ဒေလီ | | |
| | | ၅/၂ | ၁၃/၂ | ပြောင်းလဲမှု | ၅/၂ | ၁၂/၂ | ပြောင်းလဲမှု | ၅/၂ | ၁၂/၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၇၉၀ | ၈၃၀ | ▲ | ၈၈၁ | ၉၂၉ | ▲ | ၁၀၀၂ | ၉၆၁ | ▼ |
| ၂ | ပဲစင်းငုံ | ၈၁၀ | ၈၇၀ | ▲ | ၈၇၃ | ၉၀၁ | ▲ | ၈၆၉ | ၉၂၉ | ▲ |
| ၃ | ပဲတီရွှေဝါ | ၁၀၀၀ | ၁၀၀၀ | ■ | ၁၁၈၈ | ၁၁၆၉ | ▼ | ၁၂၉၃ | ၁၂၄၉ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၄၅၀ | ၄၅၀ | ■ | ၅၉၀ | ၅၉၇ | ▲ | ၅၃၇ | ၅၄၅ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၄.၁၄) မှ |
| | (၃၁.၁.၁၅)ထိ | (၇.၂.၁၅)ထိ | (၇.၂.၁၅) ထိ |
| မတ်ပဲ | ၇၉၄၉ | ၆၁၈၆ | ၄၃၆၁၁၆ |
| ပဲတီစိမ်း | ၅၃၀၆ | ၃၉၇၅ | ၁၁၉၇၉၄ |
| ပဲစင်းငုံ | ၉၄၀၉ | ၆၀၀၀ | ၁၇၃၆၃၁ |
| ကုလားပဲ | ၈၁၉ | ၇၇၂ | ၁၀၃၃၈ |
| ပဲလွန်းဖြူ | ၁၅၀၄ | ၆၉၉ | ၂၉၈၅၆ |
| မြေထောက်ပဲ | ၁၂၀ | ၅၁ | ၇၉၄၂ |

## ပြည်စားတော်ပဲ လက်လီသာ အရောင်းအဝယ်ဖြစ်ပေမယ့် ဈေးကောင်းရ

ပြည်ဈေးကွက်အတွင်းမှာ အခြားပဲများကဲ့သို့ လက်လီ၊ လက်ကား အရောင်းအဝယ်သွက်ပေမယ့် ဈေးအမြင့်နဲ့ ဒေသတွင်း လက်လီသမားများဖြင့်သာ အဝယ်ရှိတဲ့ ပဲကတော့ စားတော်ပဲသီးနှံဖြစ်ပါတယ်။

စားတော်ပဲသီးနှံမှာ ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးထွက်ရှိမှုလည်း အနည်းငယ်သာရှိခဲ့ပြီး အခြားတိုင်းသို့ တင်ပို့နိုင်ခြင်းမရှိခဲ့ပါ။ ပဲဈေးကတော့ ဈေးကွက်အတွင်းမှာ နှစ်စဉ် ဈေးကောင်းရလျက်ရှိပြီး ယခင်နှစ်မှာလည်း တစ်တင်း ၂၅၀၀၀ ကျပ်ဖြင့် လက်လီသာရောင်းချရလို့ တစ်ရက် ၁၀ အိတ် -၁၅ အိတ်ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

ခင်ဆွေဝင်း-ပြည်

စီးပွားရေးလုပ်ငန်းရှင်များသို့

ဂျာနယ်တွင် ကြော်ငြာကိစ္စများနှင့်ပတ်သက်၍ သုတေသနနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲ ညွှန်ကြားရေးမှူးကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ကြော်ငြာထည့်ရန် မေတ္တာရပ်ခံသည့်စာဖြင့် ကြော်ငြာတာဝန်ခံဝန်ထမ်း ဒေါ်မြင့်ဇင်ညွန့်ကိုယ်တိုင် ကြော်ငြာများ လက်ခံလျက်ရှိပါသည်။ ညွှန်ကြားရေးမှူး၏ မေတ္တာရပ်ခံစာ မပါဘဲ၊ ကြော်ငြာလာရောက်လက်ခံပါက အောက်ပါဖုန်းနံပါတ်များသို့ အသိပေးအကြောင်းကြားပါရန်မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း - ၀၁ - ၃၇၁ ၀၂၃ ၊ ၂၅၁ ၁၉၇ ၊ ၂၅၂ ၀၁၇

# ဖေဖော်ဝါရီ ဒုတိယပတ် ပြည်ပဲမျိုးစုံဈေးကွက်တွင် မတ်ပဲနှင့် ပဲစင်းငုံဈေးမြင့် အရောင်းအဝယ်သွက်

ဖေဖော်ဝါရီ ဒုတိယပတ်တွင် ပြည်ပဲမျိုးစုံဈေးကွက်မှာ ဆောင်းပဲသစ်များ ဆက်လက်ဝင်ရောက်လာသော်လည်း ပဲတီစိမ်းသီးနှံကတော့ ပဲအဝင်ပါးပြီး လက်ကျန်လည်းမရှိသလောက်ဖြစ်တဲ့အတွက် ဈေးကွက်အတွင်းမှာ အရောင်းအဝယ်အေးပြီး အခြားပဲများကတော့ နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိခဲ့ပါတယ်။ မတ်ပဲ၊ ပဲစင်းငုံသီးနှံများမှာ ဈေးလည်းမြင့်လာသလို တစ်ရက်အိတ် ၃၀၀ ကျော်ထိ အရောင်းအဝယ်သွက်နေပါတယ်။ကုလားပဲသီးနှံကတော့ ဈေးငြိမ်နေပြီး အိတ် ၂၀၀ ကျော် ၃၀၀ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

မတ်ပဲသီးနှံမှာ ပန်းတောင်း၊ ပေါက်ခေါင်း၊ ပေါင်းတလည်မြို့နယ်များမှ အဝင်များလာပြီး ပဲဈေးမှာလည်း ယခင်တစ်ပတ်က တစ်တင်း ၂၅၈၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တင်း ၂၆၄၀၀ ကျပ်ထိ ဈေးမြင့်လာခဲ့ပါတယ်။ လှော်သမားအဝယ်သိပ်မရှိဘဲ ရန်ကုန်ဝယ်လက်မှ နေ့စဉ် အိတ် ၂၅၀ ကျော် ၃၀၀ အထိ ဝယ်ယူလျက်ရှိပါတယ်။ ယခုနှစ်မတ်ပဲဈေးမှာ ယခင်နှစ်က ကာလတူဈေးထက်ဈေးပိုရနေတာကို တွေ့ရပါတယ်။ ယခင်နှစ်က ဖေဖော်ဝါရီလအတွင်း ပဲသစ်ပေါက်ဈေးနှုန်းမှာ တစ်တင်း ၁၈၅၀၀ ကျပ်ခန့်သာ ရှိခဲ့ပါတယ်။

ပဲစင်းငုံသီးနှံမှာ ဒေသတွင်းမြို့နယ်များဖြစ်သော ပန်းတောင်း၊ သဲကုန်း၊ ရွှေတောင်၊ ပေါက်ခေါင်းဖက်မှ ဝင်ရောက်ခဲ့လို့ တစ်ရက် အိတ် ၄၀၀ ကျော်ထိ အဝင်များခဲ့ပါတယ်။ ဝယ်လက်ကတော့ ရန်ကုန်ဝယ်လက်မှ နေ့စဉ် ဝယ်ယူနေလို့ အိတ် ၄၀၀ ကျော်နေ့စဉ် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးမှာလည်း ယခင်တစ်ပတ်ထက် တစ်တင်း တစ်ထောင်ကျပ်ခန့် ဈေးပိုလာလို့ ယခုတစ်ပတ် ပဲစင်းငုံဈေးမှာ တစ်တင်း ၂၇၂၀၀ ကျပ်ဖြင့် ဈေးမြင့်တက်ခဲ့သလို အရောင်းအဝယ်လည်း အခြားပဲများထက် ပိုသွက်ခဲ့တယ်လို့ သိရပါတယ်။

ကုလားပဲသီးနှံမှာ ပဲသစ်ဝင်ရောက်မှု နည်းနေတဲ့အတွက် ပဲဟောင်းရော ပဲသစ်ပါ နှစ်မျိုးလုံး အရောင်းအဝယ်ဖြစ်နေပါတယ်။ ခွဲစက်သမား အဝယ်နေ့စဉ် ရှိကာ တစ်ရက်အိတ် ၂၀၀ မှ ၃၀၀ ကျော် အရောင်းဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ တစ်တင်း ၁၅၅၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသလို ကုလားပဲဈေးနှုန်းက ယခင်နှစ်ဈေးနှင့်လည်း ကွာခြားမှုမရှိခဲ့တာကို တွေ့ရပါတယ်။ ယခင်နှစ်က ဖေဖော်ဝါရီလ ပဲဈေးမှာလည်း တစ်တင်း ၁၅၅၀၀ ကျပ်သာ ရရှိခဲ့ပါတယ်။

ပဲကြီးသစ်များ အနည်းငယ်ဝင်ရောက်မှုရှိလာပေမယ့် ဈေးနှုန်းကတော့ (ရွှေကျွန်း) တစ်တင်း ၂၁၅၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၀၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေခဲ့ပါတယ်။ ပဲဟောင်းလက်ကျန်များလည်း ရှိခဲ့လို့ ဒေသတွင်းပဲကြော်ဖိုသမားများဖြင့် နေ့စဉ် အိတ် ၂၀၀ ကျော်ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲလွန်းဖြူသီးနှံကတော့ အခြားပဲများကဲ့သို့ အရောင်းအဝယ်သိပ်မသွက်ဘဲ တစ်ရက်အိတ် ၃၀ ကျော်သာ ဒေသတွင်း လက်လီသမားဝယ်ယူမှုရှိခဲ့ပါတယ်။ ပဲဈေးနှုန်းမှာ ယခင်တစ်ပတ်ထက် ဈေးပိုလာလို့ တစ်တင်း ၁၉၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။

ခင်ဆွေဝင်း-ပြည်



## ရန်ကုန်ဝယ်လက် အဝယ်ရှိပေမယ့် ပြည်ဘိုကိတ်ဈေးလျှော့ခဲ့

ပြည်ပဲဈေးကွက်မှာ ယခုဖေဖော်ဝါရီ ဒုတိယတစ်ပတ်တွင် ဘိုကိတ်ပဲသစ်ဈေးအနည်းငယ်ပြန်လျှော့သွားပြီး ရန်ကုန်ဝယ်လက်သမားကတော့ နေ့စဉ်အဝယ်ရှိနေတာကို တွေ့ရပါတယ်။ ပဲအဝင်မှာလည်း ယခင်တစ်ပတ်ထက် အနည်းငယ်လျှော့သွားလို့ တစ်ရက်အိတ် ၅၀ မှ ၁၀၀ ကြားသာ ပန်းတောင်းနှင့် ကံမဘက်မှ ဝင်ရောက်လျက်ရှိခဲ့ပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်း ၁၄၈၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်နှစ် ကာလတူဈေးထက်လည်း ဈေးလျှော့နေတာကို တွေ့ရပါတယ်။ ယခင်နှစ်က ဖေဖော်ဝါရီ ဒုတိယပတ်ဈေးနှုန်းမှာ တစ်တင်း ၁၅၅၀၀ ကျပ်ခန့်ရရှိခဲ့တယ်လို့ သိရပါတယ်။

ခင်ဆွေဝင်း-ပြည်

## ပြည်ပဲတီစိမ်းဈေးအမြင့်နဲ့ လက်ကျန်ပြတ်



ယခုတစ်ပတ် ပြည်ပဲဈေးကွက်မှာ ပဲတီစိမ်းအဝင်မရှိတော့သလို ပဲလက်ကျန်လည်း မရှိသလောက်ဖြစ်ခဲ့လို့ အရောင်းအဝယ်ပါးသွားပြီလို့ သိရပါတယ်။

ပဲတစ်တင်း ၃၃၀၀၀ ကျပ်နဲ့ လက်ကျန်ပြတ်သွားပြီး ယခုနှစ် ဈေးနှုန်းမှာ ယခင်နှစ်လိုပဲ ဈေးကောင်းရခဲ့တဲ့အတွက် ပဲစိုက်တောင်သူများ ထိုက်သင့်တဲ့ အကျိုးအမြတ်ရရှိခဲ့တယ်လို့သိရပြီး ယခင်နှစ်ကလည်း ပဲတစ်တင်း ၃၁၀၀၀ ကျပ် ပတ်လည်ရရှိခဲ့သလို ဖေဖော်ဝါရီလဆန်းမှာ လက်ကျန်ပြတ်သွားခဲ့ပါတယ်။

ပဲတီစိမ်းသီးနှံအား မန္တလေးဝယ်လက်မှ ထွက်ရှိလာသမျှ ဝယ်ယူကြပြီး သီးနှံပေါ်ချိန်တွင်သာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး မတ်ပဲကဲ့သို့ တစ်နှစ်တာလုံး အရောင်းအဝယ်ဖြစ်မှု မရှိခဲ့ဘူးလို့ သိရပါတယ်။

ခင်ဆွေဝင်း-ပြည်

# ပခုက္ကူကုန်စည်ဒိုင်ရဲ့ ၂၀၁၅ ဖေဖော်ဝါရီလအရောင်းအဝယ်

ဖေဖော်ဝါရီလ ဒုတိယပတ် ပခုက္ကူကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ သီးနှံတွေအနေနဲ့ အမယ်စုံ အရောင်းအဝယ်ဖြစ်တယ်လို့ ပြောရမှာပါ။ အရောင်းအဝယ်ဖြစ်တဲ့ သီးနှံတွေအနေနဲ့ ပဲစင်းငုံနီ၊ ပဲတီစိမ်း၊ ကုလားပဲဖြူ ပဲလွန်းပြာ၊ စွန်တာနီ (ကျွန်း)၊ ပြောင်းဖူးစေ့ (စီပီ)၊ ပဲယင်း (ယော)၊ ပဲယင်း (မြစ်ခြေ)၊ နှမ်းဖြူ နှမ်းနက် (ဂွ)၊ မြေပဲတောင့်၊ မြေပဲဆန် စတာတွေ ဖြစ်ပါတယ်။

**ပဲစင်းငုံနီ** ဖေဖော်ဝါရီ ၁ ရက်မှာ တစ်ပိဿာ ၁၂၇၅ ကျပ်၊ (တစ်တင်း ၂၅၅၀၀ ကျပ်) အရောင်းအဝယ်ကနေ ဖေဖော်ဝါရီ ၁၂ ရက်မှာ တစ်ပိဿာ ၁၄၂၀ ကျပ် (တစ်တင်း ၂၈၄၀၀ ကျပ်) ထိ ကြားရက်တွေထဲမှာပဲ တက်ရိပ် တဖြည်းဖြည်း မြင့်လာပြီး၊ တစ်တင်း ၂၈၄၀၀ ကျပ်ထိ ရောက်ခဲ့တာဆိုတော့ တက်ဈေးများနဲ့ အရောင်းအဝယ်ဖြစ်နေတာကို တွေ့ရပါတယ်။

ဒိုင်မှာတင် အိတ် ၁၀၀၀၊ ၂၀၀၀ ဈေးပြတ်ပြီး အရောင်းအဝယ် ဖြစ်နေတာပါ။ ခါတိုင်းက ဒိုင်မှာ အိတ်ရာဂဏန်းပဲ ဈေးဖြတ်ပြီး အပြင်မှာ ထပ်မံရောင်းကြ၊ ဝယ်ကြပေမယ့် အခုအနေအထားမှာတော့ ဒိုင်မှာကို အိတ်ထောင်နဲ့ချီပြီး အရောင်းအဝယ် ဖြစ်နေတာဆိုတော့ ရန်ကုန်လက်တွေရဲ့ အော်ဒါ၊ ကုမ္ပဏီတွေရဲ့ အော်ဒါ အင်အားများနေတယ်ဆိုတဲ့ သဘောပါ။ ပစ္စည်းကလည်းရှိနေ၊ ကုမ္ပဏီလက်တွေရဲ့ အော်ဒါကလည်းများ၊ ဒေသခံလှောင်လက်များအနေနဲ့ ထုတ်သင့်ပြီလား၊ ဆက်လှောင်ရမလားဆိုတဲ့ အနေအထားမှာ ဇယ်ဇယ်တုန်းကသင်ခဲ့ရတဲ့ စာတစ်ပုဒ်လို ဖြစ်နေပါတယ်။ ကစားမလား၊ နားမလားဆိုတာကိုပါး ဘယ်လိုပဲဖြစ်ဖြစ် ပဲစင်းငုံနီအနေနဲ့ကတော့ အောင်ပန်း ပန်လျက်ရှိနေတယ်ဆိုတာကတော့ အမှန်ပါ။

**ပဲတီစိမ်း** ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် တစ်ပိဿာ ၁၆၄၂ ကျပ်၊ တစ်တင်း ၃၁၂၀၀ ကျပ်၊ ဖေဖော်ဝါရီ ၁၂ ရက်မှာလည်း တစ်ပိဿာ ၁၆၄၂ ကျပ်၊ တစ်တင်း ၃၁၂၀၀ ကျပ် ဈေးအတက်အကျမရှိဘဲ ဈေးတန့်နေတယ်လို့ ပြောရမှာပါ။ ပုံမှန်အရောင်းအဝယ်ရှိနေပြီး၊ မန္တလေး၊ ရန်ကုန်မှထွက်သလို လှောင်လက်များကလည်း ကိုင်နေတယ်လို့ သိရပါတယ်။

**ကုလားပဲဖြူ** ဖေဖော်ဝါရီ ၁ ရက် တစ်ပိဿာ ၈၁၅ ကျပ်၊ တစ်တင်း ၁၅၅၀၀ ကျပ်၊ ဖေဖော်ဝါရီ ၁၂ ရက် တစ်ပိဿာ ၈၂၆ ကျပ်၊ တစ်တင်း ၁၅၇၀၀ ကျပ်၊ တစ်တင်း အပေါ် ၁၀၀ ကျပ်၊ ၂၀၀ ကျပ်အကွာနဲ့ အရောင်းအဝယ် ဖြစ်နေပါတယ်။ လှောင်လက်၊ ခွဲစက်တွေ မှျဆွဲနေတယ်လို့ သိရပါတယ်။

**ပဲလွန်းပြာ** ဖေဖော်ဝါရီ ၁ ရက်မှာ တစ်ပိဿာ ၇၄၀ကျပ်၊တစ်တင်း ၁၄၈၀၀ ကျပ်၊ ဖေဖော်ဝါရီ ၁၂ ရက် တစ်ပိဿာ ၆၈၅ ကျပ်၊ တစ်တင်း ၁၃၇၀၀ ကျပ်၊ ပဲလွန်းပြာအနေနဲ့ အဝင်နည်းသလို အရောင်းအဝယ်လည်း ရက်ခြားဖြစ်ပါတယ်။ ဒေသခံလှောင်လက်တချို့ ဆွဲလျက်ရှိပြီးဈေးဟာ အကျဘက်မှာ ရှိနေတာကို တွေ့ရပါတယ်။

**စွန်တာနီ** (ကျွန်း) တစ်ပိဿာ ၇၄၂ ကျပ်၊ တစ်တင်းကို ၁၄၁၀၀ ကျပ်၊ တစ်ပိဿာ ၇၄၇ ကျပ်၊ တစ်တင်းကို ၁၄၂၀၀ ကျပ်၊ စွန်တာနီကျွန်းဟာ ရေကျ မြေနုကျွန်းတွေပေါ်မှာစိုက်တဲ့ ကျွန်းဘက်ကထွက်တဲ့ ကုန်ပစ္စည်းဟာ အတက်အကျနည်းစွာနဲ့ လှောင်လက်များဆွဲနေကြကြောင်းပါ။

**ပြောင်းဖူးစေ့** စီပီတစ်ပိဿာ ၃၅၅ ကျပ်၊ တစ်တင်း ၆၄၀၀ ကျပ်၊ တစ်ပိဿာ ၃၅၀ ကျပ်၊ တစ်တင်း ၆၃၀၀ ကျပ် ဈေးအတက်အကျ သိပ်မရှိဘဲ တိရစ္ဆာန်အစားအစာအဖြစ် ဆွဲကြပြီး မန္တလေးကို ဆက်ထွက်တယ်လို့ သိရပါတယ်။

**ပဲယင်း (ယော)** တစ်ပိဿာ ၈၉၀ ကျပ်၊တစ်တင်းကို ၁၇၈၀၀ကျပ်၊ ပဲယင်း (မြစ်ခြေ) တစ်ပိဿာ ၈၇၅ ကျပ်၊ တစ်တင်းကို ၁၇၅၀၀ ကျပ်၊ ဒေသခံလှောင်လက်၊ ကြာဇံစက်သမားတို့ ဆွဲတယ်လို့ သိရပြီး ဈေးနှုန်းအနေနဲ့ အတက်အကျ သိပ်မရှိတာကို တွေ့ရပါတယ်။

**နှမ်းဖြူ** တစ်ပိဿာ ၁၉၀၆ ကျပ်၊ တစ်တင်းကို ၂၈၆၀၀ ကျပ်၊ နှမ်းနက် (ဂွ) တစ်ပိဿာ ၂၃၃၃ ကျပ်၊ တစ်တင်းကို ၃၅၀၀၀ ကျပ် လှောင်လက်များဆွဲကြပြီး မန္တလေး၊ တရုတ်ဘက်ဆက်ထွက်တယ်လို့ သိရပါတယ်။

**မြေပဲတောင့်** တစ်ပိဿာ ၁၂၅၀ ကျပ်၊ ၁၃၅၀ ကျပ်၊ ၁၄၅၀ ကျပ်ဈေးမှာ အရောင်းအဝယ်ဖြစ်ပြီး မြေပဲဆန် (ဆီဆန်) တစ်ပိဿာ ၁၈၅၀ ကျပ်၊ ၁၉၅၀ ကျပ်၊ မြေပဲဆန် (လုံးဆန်) ၂၁၅၀ ကျပ်၊ ၂၂၅၀ ကျပ် စောစောပိုင်းက မြေပဲဆန်သမားများ တစ်ပိဿာအပေါ် ၃၀၀ ကျပ်မှ ၅၀၀ ကျပ်အထိ ထိုးကျသွားတဲ့အတွက် အတော် ကသိကအောက်ဖြစ်သွားခဲ့ပါတယ်။ ယခုအနေအထားမှာတော့ မဆိုးပါဘူးဆိုတဲ့အသံတွေ ကြားနေရပါတယ်။ ဘာပဲပြောပြော ပခုက္ကူကုန်စည်ဒိုင်ရဲ့ ၂၀၁၅ ဖေဖော်ဝါရီလလယ် အရောင်းအဝယ်များကတော့ စုံစုံလင်လင် အရောင်းအဝယ်ဖြစ်နေတာကို တွေ့ရပါတယ်။ကုန်ဈေးနှုန်းရဲ့ သဘာဝအရ ရောင်းလိုအား ဝယ်လိုအားဆိုတဲ့အပေါ် မူတည်လို့ ဈေးနှုန်းဆိုတာ တက်ခြင်းကျခြင်းဖြစ်တတ်တဲ့ သဘောတရားတစ်ခုပါ။ဒီအနေအထားမှာတော့ အထိနာသူ အထိသာသူဆိုတာ ပြောပလောက်အောင်မရှိဘဲ အရောင်းအဝယ်ပန်းများ ဆက်လက်ပွင့်လန်းနေကြောင်းပါ။

**မြင့်ဦး-ပခုက္ကူ**

# ဖေဖော်ဝါရီ ဒုတိယပတ် မုံရွာကုန်စည်ဒိုင် ပဲဈေးကွက် ပဲမျိုးစုံအရောင်းသွက်နေ

မုံရွာကုန်စည်ဒိုင် ဖေဖော်ဝါရီ ပဲဈေးကွက်မှာ Export သီးနှံအနေနဲ့ ပဲစင်းငုံနီအရောင်းအဝယ် ဆက်လက်အားကောင်းနေခဲ့ရာ ယခုတစ်ပတ်မှာ တစ်တင်း ၂၈၀၀၀ ကျပ်ထိ အမြင့်ဆုံးရောက်ခဲ့ပြီး ရန်ကုန်နဲ့ လှောင်လက်ဝယ်လိုအား ဆက်လက်ကောင်းနေတာကြောင့် တစ်ရက်အိတ် တစ်သောင်းဝန်းကျင် အရောင်းအဝယ်ဖြစ်လျက်ရှိတယ်လို့ ကုန်စည်ဒိုင်ရပ်ကွက်က သိရပါတယ်။

ယခုတစ်ပတ် ပဲတီစိမ်းဈေးကွက်မှာတော့ စိမ်းသေး တစ်မျိုးသာဒိုင်မှာ ပဲလက်ကျန်များခဲ့ပြီး တစ်တင်း ၃၀၅၀၀ ကျပ်ဈေးမှာ ငြိမ်နေကာ ပုံမှန် မန်း၊ ရန်ကုန်ဝယ်လက်ရှိတယ်လို့ ဆိုပါတယ်။ စိမ်းကြီးဈေးကွက်အနေနဲ့ ပဲဝင်ရောက်မှုအပေါ် ဝယ်လိုအားရှိပေမယ့် နေ့စဉ် ဒိုင်ဈေးဖွင့်ခြင်းမရှိ ယခုတစ်ပတ်မှာ တစ်တင်း ၃၀၀၀၀ ကျပ်ဈေးငြိမ်နေကာ တစ်ပတ်အတွင်း ပဲတီစိမ်းမျိုးစုံ အိတ် ၈၀၀ မှ ၁၀၀၀ ကြားအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ကုန်သည်ရပ်ကွက်က သိရပါတယ်။

ဝယ်လိုအားကောင်းမွန်သွက်လက်လာတဲ့အတွက် ယခုတစ်ပတ် မတ်ပဲဈေးကွက်မှာ တစ်တင်း ၂၇၀၀၀ ကျပ်ထိ အမြင့်ဆုံးပေါက်ဈေးဖြစ်ခဲ့သလို ရန်ကုန်ဝယ်လက်ဆွဲအားကောင်းလို့ တစ်ရက်အိတ် ၇၀၀ မှ ၁၀၀၀ ကြားနေ့စဉ် အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ သိရပါတယ်။ ပဲကြီးလိုင်းမှာတော့ ယခုတစ်ပတ်အတွင်း ကုန်းပဲကြီးအဝင်များပြီး ဒေသသုံး ဝယ်လိုအားနည်းနေတာကြောင့် တစ်တင်း ၁၆၅၀၀ ကျပ်ထိ အနိမ့်ဆုံး ဈေးဖြစ်ပေါ်ခဲ့ကာ ဒေသတွင်း လုပ်ငန်းသုံးထက် လှောင်လက်ဝယ်လိုအားက အသင့်အတင့်ရှိခဲ့တယ်လို့ သိရပါတယ်။

စွန်တာနီဈေးကွက်မှာတော့ ယခုနှစ်မှာ စိုက်ဧကတွေ တိုးချဲ့ခဲ့ကြလို့ ပဲအထွက်ပိုလာသလို ပြည်ပဈေးကွက်က ဝယ်လိုအားမရှိသေးတဲ့အတွက် ဆက်လက်ဈေးအေးလျက်ရှိရာ ယခုတစ်ပတ်အတွင်း တစ်တင်း ၁၄၅၀၀ ကျပ်ဈေးမှာ ငြိမ်နေပြီး ပြည်တွင်းသုံးဝယ်လက်အသင့်အတင့်ရှိလို့ တစ်ရက်အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ကုန်သည်ရပ်ကွက်က ဆိုပါတယ်။

ကုလားပဲအုပ်စု ယခုတစ်ပတ်ဈေးကွက်မှာ ပို့ကုန်ဝယ်လက်မရှိပေမယ့် လှောင်လက်ဝယ်လိုအား ပုံမှန်ရှိခဲ့တဲ့ အတွက် ဈေးအနည်းငယ်မာလာခဲ့ရာ V2 တစ်တင်း ၁၆၂၀၀ ကျပ်နဲ့ ၉၂၉ တစ်တင်း ၁၅၇၀၀ ကျပ်အသီးသီး ပေါက်ဈေးဖြစ်နေပြီး အရောင်းအဝယ်အားဖြင့် ကုလားပဲမျိုးစုံ တစ်ရက်အိတ် ၇၀၀ မှ ၁၀၀၀ ကြားပုံမှန်ဖြစ်နေတယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယအပတ် မန်းကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်တဲ့ ပဲ၊ ပြောင်း၊ နှမ်းများရဲ့ဈေးနှုန်းနဲ့ပမာဏ

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယအပတ် မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း) မှာ ပဲ၊ ပြောင်း၊ နှမ်းအမျိုးမျိုးရောင်းဝယ်မှုအခြေအနေ ဈေးနှုန်းအတက်အကျမှာ -

| စဉ် | သီးနှံအမည် | ဖေဖော်ဝါရီလ ပထမပတ် | | ဖေဖော်ဝါရီလ ဒုတိယပတ် | |
|---|---|---|---|---|---|
| | | နိမ့် | မြင့် | နိမ့် | မြင့် |
| ၁ | ပဲတီစိမ်း | ၁၅၁၁ | ၁၆၅၃ | - | - |
| ၂ | ပဲတီစိမ်းရွှေဝါ | ၁၈၆၇ | ၁၉၃၈ | - | ၁၉၃၈ |
| ၃ | ပဲလွန်းဖြူ | ၁၀၀၀ | ၁၀၈၃ | ၉၆၇ | ၁၀၆၇ |
| ၄ | ပဲကြီး | ၉၉၅ | ၁၂၆၇ | ၁၀၅၀ | ၁၀၈၆ |
| ၅ | ပဲပုပ် (ရှမ်း) | ၈၆၄ | ၉၀၁ | ၈၄၅ | ၉၀၁ |
| ၆ | ပဲပုပ် (ဗမာ) | ၈၆၄ | ၈၈၃ | ၈၃၃ | ၈၄၅ |
| ၇ | ပဲယင်း | ၈၅၀ | ၉၀၀ | - | ၈၃၃ |
| ၈ | မြေထောက်ပဲ | ၁၁၁၁ | ၁၁၄၈ | ၁၀၇၄ | ၁၁၁၁ |
| ၉ | မတ်ပဲ | ၁၂၁၇ | ၁၂၃၃ | ၁၂၆၇ | ၁၃၀၀ |
| ၁၀ | ပဲစင်းငုံနီ | ၁၂၇၈ | ၁၂၈၃ | ၁၃၈၃ | ၁၃၉၂ |
| ၁၁ | ပဲစင်းငုံရွှေ (ဖြူ) | ၁၂၉၂ | ၁၃၀၀ | ၁၃၈၉ | ၁၄၁၇ |
| ၁၂ | ကုလားပဲဖြူကြီး | ၇၃၄ | ၇၅၁ | ၇၅၁ | ၈၁၂ |
| ၁၃ | ကုလားပဲထိုင်ဝမ် | ၇၀၂ | ၇၁၁ | ၇၁၁ | ၇၆၄ |
| ၁၄ | ပြောင်းဖူးစေ့ (ရှမ်း) | ၃၈၀ | ၃၈၅ | ၃၇၄ | ၃၈၀ |
| ၁၅ | ပြောင်းဖူးစေ့ (ဗမာ) | - | - | ၃၆၇ | ၃၇၀ |
| ၁၆ | ပြောင်းဖူးစေ့ (ယဏ) | ၃၈၀ | ၃၈၅ | ၃၇၄ | ၃၈၀ |
| ၁၇ | အထွက်တိုးပြောင်း | ၃၄၉ | ၄၀၆ | ၃၅၈ | ၄၀၆ |
| ၁၈ | ဆန်ပြောင်း | ၃၉၇ | ၄၀၅ | ၄၀၅ | ၄၁၄ |
| ၁၉ | နှမ်းဖြူ | ၂၁၁၁ | ၂၄၄၄ | ၂၀၆၇ | ၂၂၄၄ |
| ၂၀ | နှမ်းညို | ၂၀၆၇ | ၂၀၈၉ | - | ၂၀၀၀ |
| ၂၁ | နှမ်းနက် | ၂၁၁၁ | ၃၂၂၂ | ၂၀၀၀ | ၃၇၇၈ |
| ၂၂ | နှမ်းနက် (စမုံ) | ၄၅၁၁ | ၄၅၃၃ | ၄၄၄၄ | ၄၄၈၉ |
| ၂၃ | ပန်းနှမ်း | ၁၁၃၃ | ၁၁၄၄ | ၁၁၃၃ | ၁၁၅၆ |
| ၂၄ | မြေပဲဆန် | ၂၂၀၀ | ၂၃၅၀ | ၂၁၅၀ | ၂၂၀၀ |

တရုတ် (ပြည်ပ) ဝယ်ယူမှုအားကောင်းတဲ့ ပဲတီစိမ်းကြီးဈေးဖွင့်ပေမယ့် ပစ္စည်းရှားပါးတာကြောင့် အရောင်းအဝယ်အေးပါတယ်။ ပဲတီစိမ်းရွှေဝါ ယခင်တစ်ပတ်နဲ့ ယခုတစ်ပတ် ဈေးကွာဟမှုမရှိဘဲ တစ်ပိဿာ ၁၉၃၈ ကျပ် (တစ်တန် ၁၁၈၆၈၁၂ ကျပ်) နဲ့ နေ့စဉ် ၃ တင်းအိတ် ၆၀၀ ခန့်၊ ပဲလွန်းဖြူ ယခင်တစ်ပတ်ဈေးအောက် အနည်းငယ်ရောက်ရှိပေမယ့် ကွာဟချက် ကျဉ်းမြောင်းပါတယ်။ ယခုတစ်ပတ်မှာ ပဲလွန်းဖြူတစ်ပိဿာ ၁၀၆၇ ကျပ် (တစ်တန် ၆၅၃၄၂၀ ကျပ်) နဲ့ နေ့စဉ် ၃ တင်းအိတ် ၂၅၀ ခန့်၊ ပဲကြီးတစ်ပိဿာ ၁၀၈၆ ကျပ် (တစ်တန် ၆၆၅၀၅၆ ကျပ်) နဲ့ နေ့စဉ် ၃ တင်းအိတ် ၅၀၀ ကျော်၊ ပဲပုပ် (ရှမ်း) တစ်ပိဿာ ၉၀၁ ကျပ်နဲ့ ယခင်အပတ်နဲ့ ဈေးတူပြီး၊ ပဲပုပ် (ဗမာ) တစ်ပိဿာ ၈၄၅ ကျပ် (တစ်တန် ၅၁၇၄၇၀ ကျပ်) နဲ့ ဈေးအနည်းငယ်အေးပေမယ့် ပုံမှန်အရောင်းအဝယ်ရှိကြောင်း သိရပါတယ်။

ပဲယင်း တစ်ပိဿာ ၈၃၃ ကျပ် (တစ်တန် ၅၁၀၁၂၁ ကျပ်) နဲ့ ဈေးအနည်းငယ်အေးသလို မြေထောက်ပဲလည်း တစ်ပိဿာ ၁၁၁၁ ကျပ် (တစ်တင်း ၆၈၀၃၆၅ ကျပ်)နဲ့ ဈေးအနည်းငယ်အေးပေမယ့် ပုံမှန်အရောင်းအဝယ်ရှိကြောင်း သိရပါတယ်။

ပြည်ပ (အိန္ဒိယ) နဲ့ ရန်ကုန်ဝယ်လက် ဆွဲအားရှိနေတာကြောင့် ဈေးအနည်းငယ်မာနေတဲ့ မတ်ပဲ၊ ပဲစင်းငုံနီနဲ့ ပဲစင်းငုံရွှေ (ဖြူ) မှာ အရောင်းအဝယ်သွက်လက်နေပါတယ်။ ယခုတစ်ပတ်မှာ မတ်ပဲ တစ်ပိဿာ ၁၃၀၀ ကျပ် (တစ်တန် ၇၉၆၁၀၇ ကျပ်) နဲ့ နေ့စဉ် ၃ တင်းအိတ် ၈၀၀ ခန့်၊ ပဲစင်းငုံနီတစ်ပိဿာ ၁၃၉၂ ကျပ် (တစ်တန် ၈၅၂၄၄၇ ကျပ်)၊ ပဲစင်းငုံရွှေ (ဖြူ) တစ်ပိဿာ ၁၄၁၇ ကျပ် (တစ်တန် ၈၆၇၇၅၇ ကျပ်) နဲ့ ပဲစင်းငုံနှစ်မျိုးပေါင်း ၃ တင်းအိတ် ၁၀၀၀ ကျော်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ထို့အတူ ကုလားပဲများလည်း ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်မာလာပါတယ်။ ကုလားပဲဖြူလုံးကြီးတစ်ပိဿာ ၈၁၂ ကျပ် (တစ်တန် ၄၉၇၂၆၁ ကျပ်)၊ ကုလားပဲထိုင်ဝမ်တစ်ပိဿာ ၇၆၄ ကျပ် (တစ်တန် ၄၆၇၈၆၆ ကျပ်) နဲ့ နှစ်မျိုးပေါင်း ၃ တင်းအိတ် ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ပစ္စည်းအဝင်နည်းလို့ အရောင်းအဝယ်ဖြစ်မှု လျော့ကျသွားတဲ့ ပြောင်းဖူးစေ့များ ဈေးနှုန်းသိသိသာသာ ပြောင်းလဲမှုမရှိဘဲ ပြောင်းဖူးစေ့ (ရှမ်း) တစ်ပိဿာ ၃၈၀ ကျပ် (တစ်တန် ၂၃၂၇၀၈ ကျပ်)၊ ပြောင်းဖူးစေ့ (ဗမာ) တစ်ပိဿာ ၃၇၀ ကျပ် (တစ်တန် ၂၂၆၅၈၄ ကျပ်) ပြောင်းဖူးစေ့ (စီပီ) တစ်ပိဿာ ၃၈၀ ကျပ် (တစ်တန် ၂၃၂၇၀၈ ကျပ်)နဲ့ အဆိုပါ ပြောင်းဖူးစေ့ ၃ မျိုးပေါင်းနေ့စဉ် အိတ် ၂၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

နှမ်းရောင်စုံရဲ့ ဈေးနှုန်းများမှာ နှမ်းဖြူ တစ်ပိဿာ ၂၂၄၄ ကျပ် (တစ်တန် ၁၃၇၄၂၀၃ ကျပ်)၊ နှမ်းညိုတစ်ပိဿာ ၂၀၀၀ ကျပ် (တစ်တန် ၁၂၂၄၇၈၀ ကျပ်) နှမ်းနက် တစ်ပိဿာ ၃၇၇၈ ကျပ်၊ (တစ်တန် ၂၃၁၃၆၀၉ ကျပ်)၊ နှမ်းနက် (စမုံ) တစ်ပိဿာ ၄၄၈၉ ကျပ် (တစ်တန် ၂၇၄၉၀၁၈ ကျပ်)၊ ပန်းနှမ်းတစ်ပိဿာ ၁၁၅၆ ကျပ် (တစ်တန် ၇၀၇၉၂၃ ကျပ်) နဲ့ နှမ်း ၅ မျိုးပေါင်း နေ့စဉ် ၃ တင်းအိတ် ၂၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။ **စိုးအောင်-မန္တလေး**

## နနွင်း



### ရှမ်းနနွင်းအသစ် ဈေးကွက်ထဲစဝင်

ရှမ်းနနွင်းအသစ်တွေလည်း ဈေးကွက်မှာစပြီးဝင်လာစပြုနေပါပြီ။ မတ်လကုန်၊ ဧပြီလဆိုရင်တော့ လှိုင်လှိုင်ကြီးဝင်လာတော့မှာဖြစ်ပါတယ်။ အရင်နှစ်တွေက နနွင်းရောင်းအားက လုံးဝမကောင်းခဲ့ပါဘူး။ ပြည်တွင်းသုံးအတွက်သာ အဝယ်ရှိပြီး၊ နနွင်းစိုက် တောင်သူတွေကလည်း နနွင်းက အလုပ်မဖြစ်တာကြောင့် တခြားသီးနှံတွေကိုပြောင်းပြီး အရောင်းအဝယ်လုပ်ခဲ့ရပါတယ်။ ၂၀၁၄ နှစ်ကုန်ပိုင်းခန့်ကစပြီး အရောင်းအဝယ် နည်းနည်းသွက်လာသလို ဒီနှစ်မှာလည်း အရောင်းအဝယ်က ပုံမှန်ဖြစ်နေပါတယ်။

ဟိုပုံးနနွင်းလည်း ဒီတစ်ပတ်ကစပြီး ဈေးကွက် ကိုဝင်လာပါတယ်။ ရာသီဥတုကြောင့် (၃) နှုန်းနည်းပြီး ၊ သိပ်လည်း မထွက်ဘူးလို့ ဒေသခံတွေထံက သိရပါတယ်။ ဟိုပုံးနနွင်းအသစ်က တစ်ပိဿာကို ၁၀၀၀ ကျပ် ပတ်လည်ဈေးရှိနေပါတယ်။ လက်ကျန်နနွင်းဟောင်းတွေလည်း ပိဿာချိန် ၁ သိန်းကျော်ခန့် ကျန်ရှိနေသေးတယ်လို့လည်းသိရပါတယ်။ အခုနောက်ပိုင်းမှာ နနွင်းကို ကျန်းမာရေးအတွက် အထောက်အကူပြုတဲ့ သီးနှံအဖြစ်လူသိများလာလို့၊ ဆေးဝါးကုန်ကြမ်းအဖြစ် အသုံးပြုဖို့အတွက် ပြည်တွင်း၊ ပြည်ပကပါ ဝယ်ယူမှုရှိလာပါတယ်။

ဟိုပုံးနနွင်းကိုတော့ ရန်ကုန်နဲ့ တောင်ကုတ်ဝယ်လက်တွေက အဓိကဝယ်ယူနေတယ်လို့လည်း သိရပါတယ်။ ဟိုပုံးနနွင်းကို ဝယ်သူတွေက အကြိုက်တွေ့ပါတယ်။ အရည်အသွေးကောင်းတာကြောင့် အသစ်က တစ်ပိဿာ ၁၀၀၀ ကျပ် ပတ်လည်မှာရှိပြီး အဟောင်းကတော့ ၁၄၇၅ ကျပ် ဈေးပေါက်နေပါတယ်။ ပင်လောင်းစ၊ အင်းလေးစတွေလည်း ထွက်နေပြီဖြစ်ပေမယ့် ဝယ်သူတွေက အကြိုက်သိပ်မတွေ့ပါဘူး။ ပင်လောင်းစက အရည်အသွေးညံ့ပြီး အဝါ၊ အနီ၊ အပြာစတဲ့ အရောင်တွေထွက်လို့ အကြိုက်နည်းတာကြောင့် တစ်ပိဿာကို ၁၀၅၀ ကျပ်၊ အင်းလေးစကတော့ ၁၂၅၀ ကျပ်နဲ့ ဈေးပိတ်သွားတယ်လို့လည်း သိရှိရပါတယ်။

**ဧခိုင်-တောင်ကြီး**

### စင်ကာပူ၊ မလေးရှားနဲ့ ဩစတြေးလျနိုင်ငံများသို့ နနွင်းတင်ပို့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၆၁၁၄၅ ဒသမ ၉၅ တန်ဖိုးရှိနနွင်း ၇၇ ဒသမ ၂၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံကို ၅၅ ဒသမ ၂၅ တန်၊ မလေးရှားနိုင်ငံကို ၁၉ ဒသမ ၉၈ တန်၊ ဩစတြေးလျနိုင်ငံကို ၁ ဒသမ ၉၈ တန်အသီးသီးတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်မှာ နနွင်းတန်ချိန် နှစ်ရာ့ရှစ်ဆယ်ကျော်ထိတင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်မှာ နနွင်းတင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

## မန်ကျည်း

### ဒီတစ်ပတ်ပါကစ္စတန်နဲ့ အာရပ်နိုင်ငံကိုသာ မန်ကျည်းတင်ပို့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်သီတင်းပတ်အတွင်း မန်ကျည်း ၇၈၆ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ပါကစ္စတန်နိုင်ငံကို ၅၄၄ တန်နဲ့ အာရပ်နိုင်ငံကို ၂၄၂ တန်တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်တင်ပို့မှုမှာ ပါကစ္စတန်နိုင်ငံကို အများဆုံးတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်တင်ပို့မှုနဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ၁၅၂ ဒသမ ၅၀ တန်တင်ပို့မှုပိုခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၃၇၅၂၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## ချင်း

### ရှမ်းချင်းဈေးကွက် ပြည်တွင်းသုံးနဲ့ လက်လီအတွက်သာ အရောင်းရှိ

ဟိုပုံးချင်း (စို) တွေလည်း ဈေးကွက်မှာ အတော်အသင့်ဝင်ရောက်လာပါပြီ။ ဟိုပုံးချင်းက အရည်အသွေး ကောင်းပေမယ့် အစိုက်နည်းလို့ အထွက်လည်းနည်းပါတယ်။ ဒီတစ်နှစ်၊ နှစ်နှစ်မှာ ပြည်ပဝယ်လိုအားနည်းပြီး ပြည်တွင်းသုံးသာရှိလို့ အရောင်းအဝယ်ကလည်း ပုံမှန်သာဖြစ်နေပါတယ်။ ပြည်ပဝယ်လက်မရှိတော့ ဈေးကလည်း ထင်သလောက် မကောင်းတာကြောင့် ခြံရှင်တွေအတော်များများကလည်း မဖော်ကြသေးပါဘူး။

ဟိုပုံးချင်းကလည်း ပြည်တွင်းသုံးနဲ့ လက်လီဈေးကွက်အတွက်သာ ရောင်းရတယ်လို့လည်းသိရပါတယ်။ ဈေးမကောင်းဘူးလို့ဆိုပေမယ့် ဒီဈေးနဲ့လည်း ချင်းခြောက်ကို မလုပ်နိုင်ကြဘူးလို့ ဆိုပါတယ်။ ဟိုပုံးချင်းဈေးကွက်မှာ ပယ်ချင်းတောင် တစ်ပိဿာ ၄၀၀ ကျပ်ဈေးရှိပါတယ်။ ဒီနှစ်က ရှမ်းပြည်နယ်မှာ ဒီဇင်ဘာလလောက်ထိ မိုးရွာခဲ့တာကြောင့် သီးနှံတွေအတော်များများလည်း ပျက်စီးဆုံးရှုံးခဲ့ပါတယ်။ ချင်းတက်တွေလည်း အခက်ကြီးလုံးတွေ အထွက်နည်းပြီး (စက) လို့ခေါ်တဲ့ ချင်း (လတ်စ)တွေသာ အထွက်များပါတယ်။

ဟိုပုံးချင်းဈေးကွက်မှာတော့ ပယ်ချင်းက တစ်ပိဿာ ၄၀၀ ကျပ်၊ စက (လတ်စ) က ၆၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့လည်းသိရပါတယ်။ အထွက်နည်းတဲ့ အခက်ကြီး/လုံးတွေက တစ်ပိဿာကို ၇၀၀ ကျပ်၊ ၈၀၀ ကျပ်ဈေးရှိပါတယ်။

ချင်းခြောက်ကတော့ လက်ကျန် လုံးဝမရှိတော့ဘူးလို့ ဟိုပုံးချင်းဈေးကွက်က သိရပါတယ်။ အောင်ပန်းဈေးကွက်မှာလည်း ချင်း (စို) တစ်ပိဿာ ၃၀၀ ကျပ်မှ ၈၀၀ ကျပ်ဈေးရှိပြီး အရောင်းအဝယ်ကလည်း အေးနေတယ်လို့သိရပါတယ်။ ချင်းခြောက်ကတော့ တစ်ပိဿာကို ၁၅၀၀ကျပ်မှ ၁၉၀၀ကျပ်ဈေးပေါက်နေပါတယ်။

**ဧခိုင်-တောင်ကြီး**

### ပြည်ချင်းဈေးကွက်အဝင်များပြီး အရောင်းအဝယ်အေး

ပြည်ဈေးကွက်သို့ အောင်ပန်းချင်းများ ယခုတစ်ပတ်မှာ ပိဿာ ၃၀ ဝင် အိတ် ၂၅၀ ခန့်နဲ့အဝင်ရှိပြီး၊ အရောင်းအဝယ်မှာလည်း တစ်နေ့ ပိဿာချိန် ၂၀၀ ခန့်နဲ့ အရောင်းအဝယ်အေးနေပါတယ်။

ဈေးနှုန်းမှာ ချင်းတစ်ပိဿာ (ရှယ်) ၈၀၀ကျပ်-၉၀၀ ကျပ်၊ (ဂွန်) ၆၀၀ ကျပ်-၇၀၀ ကျပ်နဲ့ ဈေးအနည်းငယ်ကျ ဆက်ကျနေပါတယ်။ ပြည်ဈေးကွက်မှတစ်ဆင့် ရခိုင်ပြည်နယ်နဲ့ ဧရာဝတီတိုင်းဒေသကြီးသို့ စားသုံးမှုအဖြစ် တစ်နေ့ကို ပိဿာချိန် ၂၅၀ ခန့် တင်ပို့မှုရှိတယ်လို့သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**



| ၉-၂-၂၀၁၅ မှ ၁၃-၂-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| Sr.No. | Forms | Copies | Total Value (US$) |
| 1 | Form A | 159 | 9,397,139.537 |
| 2 | Form D | 52 | 3,225,080.580 |
| 3 | Form E | 84 | 11,500,053.160 |
| 4 | Korea GSP | 4 | 156,078.630 |
| 5 | Form AK | 43 | 2,237,483.068 |
| 6 | Form AJ | 3 | 125,478.000 |
| 7 | Form AI | 25 | 831,799.910 |
| 8 | DFTP | 1 | 4,937.000 |
| Grand Total | | 371 | 27,478,049.885 |

## ကြက်သွန်နီ

### အိန္ဒိယသုတေသီတို့က ကြက်သွန်မျိုးကောင်းတီထွင်

အိန္ဒိယနိုင်ငံ ကြက်သွန်နီနဲ့ ကြက်သွန်ဖြူသုတေသနဦးစီးဌာန (Directo rate Onion and Garlic Research- DoGR) လက်အောက်ရှိ အိန္ဒိယလယ်ယာစိုက်ပျိုးရေး သုတေသနကောင်စီ (Indian Council of Agriculture Research-ICAR) က ကြက်သွန်နီ အမျိုးအစားသစ်တစ်မျိုးကို ထုတ်ပြန်ကြေညာခဲ့ကြောင်း Pune Mirror သတင်းမှာ ဖော်ပြပါတယ်။

ကြက်သွန်နီ အမျိုးအစားကို ဘီမာဆာဖက် (Bhima Safed) လို့ခေါ်ပြီး အခွံက အဖြူရောင်ဖြစ်ပါတယ်။ မိုးရာသီစိုက်(အောက်တိုဘာ-နိုဝင်ဘာ)သီးနှံ အဖြစ် စိုက်ပျိုးဖို့ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံမှာ ဘီမာရှူဘရာ (Bhima Shubra) ဆိုတဲ့မျိုးကိုတီထွင်ပြီးနောက် ယခုမျိုးက ဒုတိယအကြိမ်မြောက် အဖြူရောင်ကြက်သွန်နီမျိုး ဖြစ်ပါတယ်။

ဒီအမျိုးအစားက ချက်ချင်းစားသုံးဖို့သင့်တော်တဲ့မျိုးဖြစ်သလို ကြက်သွန်မှုန့်နဲ့ ဟင်းခတ်အမွှေးအကြိုင်လုပ်တဲ့လုပ်ငန်းတွေအတွက်လည်း သင့်တော်တဲ့မျိုးဖြစ်ကြောင်း DoGR သိပ္ပံပညာရှင်တွေက ပြောပါတယ်။ လက်ရှိစိုက်ပျိုးနေတဲ့ အမျိုးအစားတွေထက်လည်း ထွက်နှုန်းကောင်းတဲ့မျိုးဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံက နှစ်စဉ်ကြက်သွန်နီတန်ချိန် ၁၆ သန်းမှ ၁၇ သန်းထိ ထွက်ရှိပြီး ဒီထွက်ရှိမှုရဲ့ ၅၀ ရာခိုင်နှုန်းက ဆောင်းရာသီ (ဧပြီ-မေ)စိုက်သီးနှံတွေ ဖြစ်ပါတယ်။ ၃၀ ရာခိုင်နှုန်း က မိုးနှောင်း(ဇန်နဝါရီ-ဖေဖော်ဝါရီ)နဲ့ ၂၀ ရာခိုင်နှုန်းက မိုးရာသီမှာစိုက်တဲ့ သီးနှံတွေဖြစ်ပါတယ်။

"ဒီရလဒ်က ၁၀ နှစ်ပြင်းပြင်းထန်ထန်သုတေသနပြုပြီးမှ ရရှိတဲ့ရလဒ်ဖြစ်ပါတယ်။ ဒီမျိုးကို ထုတ်လုပ်ပြီးကြောင်း မကြေညာခင် နေရာအနှံ့မှာ လေးနှစ်စမ်းသပ်စိုက်ပျိုးထားပြီးဖြစ်ပါတယ်" လို့ DoGR ညွှန်ကြားရေးမှူး ဂျိုဂိုပါးက ပြောပါတယ်။

ဒီမျိုးသစ်ကို ချပ်တီဂတ်၊ ဂူဂျရတ်၊ ကာနာတာကာ၊ မာဒယာပရာဒက်၊ မဟာရသျှတ္တရ၊ ဩရိဿ၊ ရာဂျာစသန်နဲ့ တမီနာဒူးပြည်နယ်တွေမှာ စိုက်ပျိုးဖို့သင့်တော်တယ်လို့ ဆုံးဖြတ်ထားပါတယ်။ ဘီမာဆာဖက်က (ရက် ၁၁၀-၁၂၀)အတွင်း ရိတ်သိမ်းနိုင်တဲ့အမျိုးအစားဖြစ်ပြီး အဖြူရောင်ဘဲဥပုံနဲ့ ဂရမ် ၇၀ နဲ့ ၈၀ အကြား အလေးချိန်စီးပါတယ်။ ဒေသအသီးမှာ စိုက်ပျိုးစမ်းသပ်ချက်အရ တစ်ဟက်တာကို ပျမ်းမျှ ၁၈၅ ကွမ်တယ်ရှိပါတယ်။

မိုးစိုက်ကြက်သွန်နီထုတ်လုပ်မှုကို တစ်ဧကမှာ ၄တန်ကနေ ၁၀ တန် အထိ ထုတ်လုပ်နိုင်ဖို့ DoGR ကကြိုးပမ်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီလိုထုတ်နိုင်မယ်ဆိုရင် ကြက်သွန်နီဖြန့်ဖြူးမှုက အောက်တိုဘာကနေ ဇန်နဝါရီအထိအဆင်ပြေ လာနိုင်ပါတယ်။

**ဉာဏ်တင်**



# ကယားပြည်နယ်က ကြက်မအဖြေတိုက်ခြင်း

|မောင်မောင်အေး-လှိုင်ကော်|

ငယ်ငယ်တုန်းကတည်းက အကျင့်တစ်ခုရှိတယ်။ ဘယ်အတန်းမှာပဲ ဖြစ်ဖြစ် စာမေးပွဲတစ်ခုဖြေပြီးရင် အဖြေပြန်တိုက်တတ်တဲ့အကျင့်၊ ဒါနဲ့ပတ်သက်ပြီး သူငယ်ချင်းတွေကြားမှာ အမျိုးမျိုးကွဲပြားကြတယ်။ အဖြေပြန်တိုက်တတ်တဲ့သူကလည်း ကိုယ်ဖြေခဲ့တဲ့အဖြေဟာ မှန်မမှန်၊ မမှန်ဘူးဆိုရင်လည်း ဘယ်နေရာကစပြီး ကိုယ်မှားသွားတယ်။ နောင် ဒီလိုမဖြစ်အောင် ရှောင်ရမယ်ဆိုတဲ့ သင်ခန်းစာယူတဲ့သူရှိသလို၊ စာမေးပွဲဖြေပြီးရင်ပြီးတာပဲ။ ပြန်ပြင်လို့ရတာမှ မဟုတ်တာ။ အကောင်းဆုံးလုပ်ခဲ့တာပဲ။ ပြန်ကြည့်ရင်ပြန်ပူပန်နေရမယ်။ နောက်ဘာသာတွေကိုပဲ အာရုံစိုက် ကျက်မှတ်သင့်တယ်ဆိုတာကတစ်မျိုး၊ နှစ်ဖက်လုံး သူ့ဆင်ခြေနဲ့သူ၊ သူ့အကြောင်းပြချက်နဲ့သူတော့မှန်နေတာပဲ။ ဒါပေမယ့် ဖြေပြီးရင်ပြန်ပြီး အဖြေမှန်မမှန်ပြန်တိုက်တဲ့အုပ်စုထဲမှာ ကိုယ်ပါမိနေတာကတော့ ဝန်ခံပါတယ်။

ဒီအကျင့်ကလည်း ကျောင်းသားအရွယ်လွန်မြောက်လို့ ဝန်ထမ်းဘဝထဲအထိပါလာခဲ့တယ်။ ကိုယ်ပြောတာကို ဘယ်လောက်သဘောပေါက်နားလည်သလဲ။ ကိုယ်ရေးတဲ့စာကို ဘယ်နှစ်ယောက်လောက် သတိပြုမိပြီး၊ မှတ်သားမိပါ့မလဲ။ ကိုယ်လုပ်တဲ့လုပ်ဆောင်ချက်ဟာ ဘယ်အတိုင်းအတာအကွာအဝေးအထိ အကျိုးသက်ရောက်ခဲ့သလဲဆိုတာမျိုးပေါ့။

နေ့စဉ်ဖြတ်သန်းရတဲ့ ဝန်ထမ်းဘဝမှာ ကျောင်းသားဘဝကပါတဲ့ အလေ့အကျင့်ဟာ တော်တော်အသုံးကျလှပါတယ်။ ဘဝသင်ခန်းစာတွေလည်းရပါတယ်။ ဘယ်အလုပ်မျိုးလုပ်မိရင် ဘယ်လိုမျိုးခံစားရတယ်။ ဘယ်အလုပ်မျိုးဟာ ဆိုးကျိုးရတယ်ဆိုတာမျိုးပေါ့။ ဥပမာ-ဘယ်လောက်အားနဲ့ပဲသုံးသုံး ဝါဂွမ်းလိုပစ္စည်းမျိုးဟာ ပစ်သူနဲ့ အဝေးကြီး မရောက်နိုင်ဘူးဆိုတာမျိုး၊ လေအောက်ကနေ သဲကိုဆုပ်ပြီး ပစ်လိုက်ရင် ကိုယ့်အပေါ်ပဲပြန်ကျတတ်တယ် ဆိုတာမျိုး၊ ခေါင်းကိုမော့ပြီး တံတွေးထွေးရင် ကိုယ့်မျက်နှာပေါ် ပြန်ကျတတ်တယ်ဆိုတာမျိုး၊ စက္ကူကိုလုံးချေပြီးပစ်ရင် လိုရာမရောက်ဘဲအတွင်းမှာ လေးလံတဲ့ခဲလို ပစ္စည်းထည့်ပြီးပစ်မှ ကိုယ်နဲ့ဝေးဝေးရောက်တယ်ဆိုတာမျိုး၊ တောင်ကမ်းပါးယံကြားမှာ တစ်စုံတစ်ရာကို မကျေနပ်လို့ဆဲဆိုရေရွက်

> မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းကို
> အတော်များများစိတ်ဝင်စားကြတယ်။
> ဘယ်တော့ဖွင့်မလဲနဲ့
> ဘယ်အထိသွားလို့ရမလဲ
> စိတ်ဝင်စားကြတယ်။

လိုက်ရင် ပဲ့တင်သံနဲ့ ကိုယ့်ကိုကိုယ် ပြန်ဆဲမိနေသလိုမျိုး၊ လေးလံတဲ့ပစ္စည်းပဲဆိုပြီး၊ ကိုယ်နဲ့ဝေးရာကို အားနဲ့လွှဲပြီးပစ်လိုက်ပေမယ့် Bumer-ang လိုပစ္စည်းဖြစ်နေရင် ကိုယ့်ဆီပျံဝဲလာတတ်တာမျိုး၊ ဒီလိုနဲ့ ဘဝစာမေးပွဲဖြေလိုက်ရင်း အဖြေပြန်တိုက်လိုက်ရင်းနဲ့ပဲ ၃၆၅ ရက်တွေကုန်ဆုံးလာလိုက်တာ အကြိမ် ၆၀ တောင်ပြည့်တော့မယ်။

ခုလည်းပဲ ကယားပြည်နယ်လို ဒေသကျဉ်းကျဉ်းလေးထဲမှာ အလှည့်ကျလာတော့မန္တဲ့ဘဲ ပထမဆုံးအကြိမ် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနဆိုပြီး နောင်အရှည်တည်တံ့သောဌာ ကယားပြည်နယ်နေ့ပွဲမှာ ပြခန်းတစ်ခု ဖွင့်လှစ်ပြသမိခဲ့တယ်။

ပြပွဲလာရဟန်းရှင်လူ ပြည်သူအများကလည်း လူအမျိုးမျိုး၊ စိတ်အထွေထွေဆိုသလို၊ အမြင်အမျိုးမျိုးနဲ့ ကြည့်ကြ၊ ရှုကြ၊ လေ့လာကြ၊ မေးမြန်းကြပါတယ်။

ကယားပြည်နယ်မှာရှိတဲ့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကို စိတ်ဝင်စားကြတယ်။ ကယားမှာနေပေမယ့် အပြင်မှာ မြင်တွေ့နေကျ ရှုမျှော် ခင်းဓါတ်ပုံတွေကို တမေ့တမောငေးတတ်ကြတယ်။

လယ်ယာထွက်ကုန်ပစ္စည်းတွေဟာ ပွဲရုံတွေထဲမှာနေ့စဉ်တွေ့မြင်နေပေမယ့်လည်း လက်နဲ့တို့၊ ထိ၊ ဆကြည့်ချင်ကြတယ်။ စက်မှုလက်မှု ထုတ်ကုန်ပစ္စည်းတွေကိုလည်း စိတ်ဝင်စားသူများတယ်။ အဓိက ဈေးကွက်အနေအထား ကိုမေးမြန်းကြတယ်။ သစ်သားပန်းပုတွေဖြစ်တဲ့ ကယန်းပျိုမေရုပ်ထုတွေကိုလည်း ချစ်စရာကောင်းလို့ ဖောင်းနေတဲ့ ပါးလေးတွေကိုပွတ်သွားကြတယ်။ သစ်ခွပန်းပုံတွေကိုလည်း စိတ်ဝင်စားကြတယ်။ ရုံးစာကြည့်တိုက်က စာအုပ်တွေပြထားတာကိုလည်း ရောင်းမလားလို့မေးကြတယ်။ ပြည်နယ်အတွင်းထွက်ရှိတဲ့ တွင်းထွက်ရတနာ၊ သတ္တုခဲတွေကိုလည်း စိတ်ဝင်စားသူများပါတယ်။

မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းကို အတော်များများစိတ်ဝင်စားကြတယ်။ ဘယ်တော့ဖွင့်မလဲနဲ့ ဘယ်အထိ သွားလို့ရမလဲ စိတ်ဝင်စားကြတယ်။ ဖွင့်တဲ့အခါ ဘာတွေရောင်းလို့၊ ဘာတွေဝယ်မယ်ဆိုတာလည်း စိတ်ထဲမှာ စီစဉ်ပြီးဖြစ်ပုံရတယ်။

စားသုံးသူအခွင့်အရေး အကာအကွယ်ပေးရေးပြတဲ့နေရာမှာ ကျောင်းသူကျောင်းသားတွေကို အများဆုံး အုပ်စုလိုက်ရှင်းပြရတယ်။ နားဝင်ပုံရပါတယ်။ ပိုးသတ်ဆေးဓါတ်ကြွင်းနဲ့ အာဖလာတောက်ဆင်မှိုဆိပ်အကြောင်း အဓိကထားပြီးရှင်းပြပါတယ်။ စားသုံးသူနဲ့ စီးပွားရေးလုပ်ငန်းရှင်တို့ရဲ့ အခွင့်အရေးနဲ့တာဝန်များရှင်းပြပြီး ကျောင်းဈေးတွေမှာ အပေါစား၊ အမြင်လှပအောင် တမင်ဖန်တီးထားတဲ့ရောင်စုံကြွပ်ရွ၊ အလွယ်စာ၊ အမှိုက်စာတွေကို ရှောင်ရှားကြဖို့ တွင်တွင်မှာဖြစ်တယ်။

ငယ်ငယ်ကလို စာမေးပွဲဖြေပြီး ပြဌာန်းစာအုပ်တွေ၊ လေ့ကျင့်ခန်းစာအုပ်တွေ ပြန်လှန်ပြီး အဖြေတိုက်စရာမလို၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနပြခန်းရဲ့ထိရောက်မှု၊ အကျိုးသက်ရောက်မှုကို ပြပွဲနောက်ပိုင်းတစ်ပတ်အတွင်း မိတ်ဆွေတွေကြားထဲမှာ ကြားသိနေရပါတယ်။

ကျွန်တော့်သမီး ခင်ဗျားတူမ ဘွဲ့ရအလုပ်လက်မဲ့ကတော့ ကယားပြည်နယ်ခရီးသွား ဖွံ့ဖြိုးမှုလုပ်ငန်းကို ယုံကြည်တယ်၊ ဒေသခံဧည့်လမ်းညွှန်သင်တန်းတက်မယ်။ အင်္ဂလိပ်စကားပြောသင်တန်းတက်မယ်လို့ တောင်းဆိုနေတယ်လို့ တစ်ဦးကပြောတယ်။

မိတ်ဆွေ ကုန်သည်တစ်ဖွဲ့ကတော့ မယ်စဲ့နယ်စပ်ကုန်သွယ်ရေးဖွင့်တော့မယ်။ အဲဒီဘက်မှာ ကုန်စည်အဝင်အထွက်အတွက် ကုန်လှောင်ရုံတွေဆောက်ဖို့ မြေနေရာသွားကြည့်ကြတယ်။ စက်သုံးဆီပန့်ဆိုင်ဖွင့်မယ်ဆိုတဲ့ သူလည်းပါသွားတယ်။

တိုင်းရင်းသားမိတ်ဆွေတွေကလည်း ကိုယ့်တိုင်းရင်းသားရိုးရာဓလေ့၊ အစားအသောက်ချက်ပြုတ်မှု၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ထုံးတမ်းစဉ်လာတွေကို နိုင်ငံခြားသားတွေလာရင် စနစ်တကျပြသပြီး ဝင်ငွေရအောင်ယူသင့်တယ်လို့ သိမြင်သွားတယ်။

ကိုယ်တိုင်ပို့ကုန်သွင်းကုန်လုပ်ချင်တဲ့ ကုန်သည်တစ်ဦးကလည်း တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင် ITC ဘယ်လိုလုပ်ရမယ်။ ဘာတွေရောင်းပြီး ဘာတွေဝယ်လို့ရမလဲမေးလာတာနဲ့ ညွှန်ကြားချက်မိတ္တူတစ်စောင်ကူးပေးပြီး ကုန်ပစ္စည်းအမယ်စာရင်းတွေနဲ့ ရှင်းပြလိုက်ရတယ်။

မိတ်ဆွေ ကျောင်းဆရာကလည်း ကလေးတွေ မုန့်ဈေးတန်းမှာ အချိန်ပိုကြာလာကြကြောင်း၊ မုန့်ထုပ်တွေကို ဖင်ပြန်ခေါင်းပြန်ကြည့်ပြီး အမေးအမြန်းထူလာကြကြောင်း၊ စိတ်မချရတဲ့မုန့်တွေကို ဘယ်လောက်ပဲကြိုက်ကြိုက် ဝယ်မစားတော့ဘူးလို့ ပြောသံကြားရကြောင်း ကြားသိရတယ်။

ခြံတစ်ခြံမှာ ကြက်ခြံနဲ့ဘဲခြံရှိကြတယ်။ ကြက်ဖ၊ ဘဲထီး၊ ကြက်မဒန်းမ၊ ဘဲမ အစုံရှိတာပေါ့။ ဘဲမကတော့ ဥတဲ့အချိန်မှာ တွေ့ကရာရေစပ်မှာ ဥချတတ်တယ်။ နေရာသတ်သတ်မှတ်မှတ်မရှိဘူး။ ဥကတော့ ထွားတယ်။ ဘာအသံဗလံမှ မကြားရဘူး။ ကြက်မဒန်းမကတော့ ဒီလိုမဟုတ်ဘူး။ ဥတော့မယ့်အရေးကို အရပ်ကူပါ၊ လူဝိုင်းပါ၊ ဘယ်သံရော၊ ညာသံရော၊ ငယ်သံပါအောင် ထက်အောက်စုန်ဆန် ယောက်ယက်ခတ်ပြီးမှ ဥငယ်ကလေးတစ်လုံးကို သူ့ကြက်တင်းထဲမှာပဲ ဥတတ်တယ်။

စာမေးပွဲပြီးရင် အဖြေတိုက်သလို၊ အလုပ်သေးသေးကို ကြီးကြီးလုပ်ပြီး ပြန်ဆန်းစစ်ရမှာဖြစ်ပါတယ်။ ခုလည်း . . ကယားပြည်နယ်က ကြက်မဒန်းမ ဆူညံနေပြန်ပြီ။ မေးကြည့်လိုက်တော့ "အဖြေတိုက်နေတာပါတဲ့" . . . ။

## ခာတ်ဆီ/ဒီဇယ်

# ခာတ်ဆီ၊ ဒီဇယ်တန်ချိန် ခုနစ်ရာ့ကိုးဆယ်ကျော်ဝင်

ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၃၇၄၇၉၉၀ ဒသမ ၆၀ တန်ဖိုးရှိ ခာတ်ဆီ ၁၅၂ ဒသမ ၂၆၇ တန်နဲ့ ကန်ဒေါ်လာ ၆၁၈၇၄၁၇၂ ဒသမ ၉၆ တန်ဖိုးရှိ ဒီဇယ် ၆၃၈ ဒသမ ၃၇၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှတင်သွင်းဖို့ သွင်းကုန်လိုင်စင်လျှောက်ထားခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အတွင်း ခာတ်ဆီအဝင် ၁၀၂ ဒသမ ၁၅၅ တန် အဝင်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၅၀ ဒသမ ၁၁၂ တန်အဝင်ပိုခဲ့ပြီး ဒီဇယ် က ယခင်တစ်ပတ်မှာ ၃၂၉ ဒသမ ၉၉ တန် ဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၃၀၈ ဒသမ ၃၈၉ တန်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ခာတ်ဆီရော ဒီဇယ်ပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ဖေဖော်ဝါရီ ၂ ရက်မှ ၆ ရက်အတွင်း ရောင်းချနေတဲ့ ခာတ်ဆီ၊ ဒီဇယ်ဈေးများက ဒီတစ်ပတ် တောင်ကြီးနဲ့ မော်လမြိုင်မှာ ဈေးကျလာပြီး ရန်ကုန်မှာ ဈေးငြိမ်တယ်လို့ သိရပါတယ်။ ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ခာတ်ဆီပီပါဈေးများမှာလည်း ယခင်တစ် ပတ်ဈေးနဲ့ နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဒီဇယ်ရော ခာတ်ဆီပါဈေး အနည်းငယ်ကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။

ရန်ကုန်ဈေးကွက် ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာတော့ ခာတ်ဆီဈေးငြိမ်နေပြီး အောက်တိန်း၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ခာတ်ဆီတစ်လီတာ ၈၁၄ ကျပ်၊ ဒီဇယ် ၆၈၀ ကျပ်၊ အောက်တိန်း ၅၈၀ ကျပ်နဲ့ အဆင့်မြင့်ဒီဇယ် ၇၃၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ခာတ်ဆီဈေးမှာ ဖေဖော်ဝါရီ ၉ ရက်နေ့ဓါတ်ဆီဝယ်ဈေး တစ်ပီပါ ၁၆၅၀၀၀ ကျပ်၊ရောင်းဈေး တစ်ပီပါ ၁၆၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ပြီး ၁၂ ရက်မှာ ဝယ်ဈေး ၁၇၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၇၂၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ ဖေဖော်ဝါရီ ၉ ရက် မှာ ဝယ်ဈေး ၁၁၆၀၀၀ကျပ်၊ ရောင်းဈေး ၁၁၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်ပတ်လုံး ဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန်ဝယ်ဈေး၊ ရောင်းဈေးများမှာတော့ ဓါတ်ဆီဈေးက ဝယ်ဈေး တစ်ဂါလန် ၂၈၀၀ ကျပ်ဖြစ်ပြီး ရောင်းဈေး ၃၀၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၅၀၀ ကျပ်ဝယ်ပြီး ၂၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဓါတ်ဆီ၊ ဒီဇယ်အရောင်း အဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

မန္တလေးဈေးကွက်မှာ ခာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဈေးရော အပြင်လက်လီဆိုင်များမှာ ရောင်းချနေတဲ့ဈေးမှာ ဒီတစ်ပတ် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ခာတ်ဆီတစ်လီတာ ၈၄၇ ကျပ်၊ အောက်တိန်း ၆၆၀ ကျပ်၊ ဒီဇယ် ၆၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၉၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဖေဖော်ဝါရီ ၉ ရက် ဒီဇယ်ဝယ်ဈေးမှာ ၁၂၁၀၀၀ ကျပ်၊ရောင်းဈေး ၁၂၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၁၂ ရက်နေ့မှာ ဝယ်ဈေး ၁၂၃၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၆၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ခာတ်ဆီဈေးမှာ ဖေဖော်ဝါရီ ၉ ရက်က ဝယ်ဈေး ၁၄၉၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ ယှဉ်ရင် ဒီတစ်ပတ်မှာ ခာတ်ဆီရော ဒီဇယ်ပါဈေးအနည်းငယ်ပြန်တက်လာတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များရဲ့ တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၂၀၀ ကျပ်၊ ခာတ်ဆီ ၃၈၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

မော်လမြိုင်ဈေးကွက်မှာ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ခာတ်ဆီမှာဈေးငြိမ်ပြီး ဒီဇယ်နဲ့ အောက်တိန်းမှာဈေးကျပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ခာတ်ဆီတစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၁၅၀ ကျပ်၊အောက်တိန်း ၂၉၂၅ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခာတ်ဆီတစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၁၅၀ ကျပ်၊အောက်တိန်း ၂၉၂၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

တောင်ကြီးဈေးကွက်မှာ ခာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ခာတ်ဆီဈေးအနည်းငယ်ပြန်မြင့်လာပြီး ဒီဇယ်ဈေးမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဆိုင်ဈေးတက်လာသလို ပြင်ပလက်လီဆိုင်များရဲ့ဈေးမှာလည်း အနည်းငယ်တက်လာတယ်လို့ သိရပါတယ်။ဒီတစ်ပတ် ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ဈေးမှာ ခာတ်ဆီတစ်ဂါလန် ၂၆၀၀ ကျပ်၊ ဒီဇယ် ၂၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခာတ်ဆီ ၃၀၀၀ ကျပ်၊ ဒီဇယ် ၂၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**သီတာဝင်း-MIRT-DOT**

# မြန်မာ့ရွှေဈေး ဆက်လက်ကျဆင်း

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းကတည်းက ကျဆင်းလျက်ရှိသည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင် လည်း ဆက်လက်ကျဆင်းလျက်ရှိ ကြောင်း သိရသည်။ ကမ္ဘာ့ရွှေဈေးကျ ဆင်းလာမှုနှင့်အတူ လိုက်ပါကျဆင်းလာခြင်းဖြစ်သကဲ့သို့ တရုတ်နှစ်သစ်ကူးကာလသို့လည်း ရောက်ရှိလာသဖြင့် ဈေးများ ကျဆင်းနေရခြင်းဖြစ်ကြောင်း ရွှေကုန်သည်အသိုင်းအဝိုင်းမှ သိရသည်။

"မြန်မာ့ရွှေဈေးက ပြီးခဲ့တဲ့တစ်ပတ်ကတည်းက ကျနေတာ။ ဒီတစ်ပတ်မှာလည်း ဆက်ပြီးကျနေတုန်းပဲ။ ကမ္ဘာ့ရွှေဈေးကျလာလို့ မြန်မာ့ ရွှေ ဈေးကျဆင်းလာရသလို တရုတ်နှစ်သစ်ကူးကာလကလည်း နီးလာတဲ့အတွက် ပိတ်ရက်တွေဖြစ်လာတော့ ဈေးကကျလာတယ်။ ဒါက ပုံမှန်ဖြစ် နေကျပဲ။ နှစ်တိုင်းလိုလိုတရုတ်နှစ်သစ်ကူးကာလကို ရောက်လာပြီဆိုရင် ဈေးကျတတ်တာထုံးစံလိုပဲ။ နှစ်သစ်ကူးပိတ်ရက်တွေကလည်းများတော့ ဈေးက ဆက်ကျမယ်လို့ ထင်ပါတယ်" ဟု ရွှေကုန်သည်တစ်ဦးက သုံးသပ်ပြခဲ့သည်။

ထို့ပြင် ဒေါ်လာအားကောင်းလာမှုကြောင့်လည်း ကမ္ဘာ့ရွှေဈေးကျဆင်းလာရခြင်းဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။ မြန်မာ့ရွှေဈေးသည် ဖေဖော်ဝါရီ ၉ ရက်က ကျပ် ၆၈၉၀၀၀ ရှိခဲ့ရာမှ ဖေဖော်ဝါရီ ၁၃ရက်တွင် ကျပ် ၆၈၆၅၀၀ သို့ ကျဆင်းလာခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည်လည်း ဖေဖော်ဝါရီ ၉ ရက်က ၁၂၃၆ ဒေါ်လာရှိခဲ့ပြီး ဖေဖော်ဝါရီ ၁၃ရက်တွင် ၁၂၂၇ ဒေါ်လာသို့ ကျဆင်းသွားခဲ့သည်။

**မယ်သီတာ**

# ငွေလဲနှုန်းများ အနည်းငယ်မြင့်တက်လာ

ယခုတစ်ပတ်အတွင်း ငွေလဲလှယ်နှုန်းများသည် အနည်းငယ်မြင့်တက်လာခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြင်ပငွေဈေးကွက်တွင်သာမက သိမ်ဖြူငွေလဲဈေးကွက်တွင်ပါ ဈေးနှုန်းများ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ဗဟိုဘဏ်မှ ယခုတစ်ပတ်အတွင်း သတ်မှတ်လိုက်သည့် ရည်ညွှန်းငွေလဲနှုန်းမှာ ဖေဖော်ဝါရီ ၉ ရက်က ၁၀၂၅ ကျပ်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၃ ရက်တွင် ၁၀၂၆ ကျပ်သို့ မြင့်တက်လာခဲ့သည်။

ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲနှုန်းထားများ အနည်းငယ်မြင့်တက်လာမှုနှင့်အတူ ပုဂ္ဂလိကဘဏ်များ၏ ငွေလဲစင်တာများနှင့် ပြင်ပငွေလဲစင်တာများတွင် ငွေလဲနှုန်းများ အနည်းငယ်မြင့်တက်လာခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

"နိုင်ငံတကာမှာ ဒေါ်လာဈေးအားကောင်းလာတဲ့အတွက် ခုလို အနည်းငယ်ဈေး မြင့်တက်လာရတာပါ။ ဈေးတက်တယ်ဆိုပေမယ့်လည်း အရောင်းအဝယ်က ပုံမှန်အတိုင်းပါပဲ။ တရုတ်နှစ်သစ်ကူးကာလလည်းဖြစ်နေတော့ ဈေးကွက်က ခန့်မှန်းလို့မရဘူးဖြစ်နေတယ်" ဟု အနော်ရထာလမ်းပေါ်ရှိ ငွေလဲစင်တာတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

သိမ်ဖြူငွေလဲစင်တာတွင် ဖေဖော်ဝါရီ ၉ရက်က ရောင်းဈေး ၁၀၃၀ကျပ်၊ ဝယ်ဈေး ၁၀၂၅ကျပ်ရှိခဲ့ပြီး ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၃ ရက်အထိ ရောင်းဈေး ၁၀၃၄ ကျပ်၊ ဝယ်ဈေး ၁၀၂၈ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိသည်။

ပြင်ပငွေလဲစင်တာများတွင် ဖေဖော်ဝါရီ ၉ ရက်က ရောင်းဈေး ၁၀၃၃ ကျပ်၊ ဝယ်ဈေး ၁၀၂၉ ကျပ်ရှိခဲ့ရာမှ ဖေဖော်ဝါရီ ၁၁ ရက်တွင် ရောင်းဈေး ၁၀၃၅ကျပ်၊ ဝယ်ဈေး ၁၀၃၁ ကျပ်သို့ မြင့်တက်လာခဲ့ကာ ဖေဖော်ဝါရီ ၁၃ ရက်တွင် ရောင်းဈေး ၁၀၃၇ ကျပ်၊ ဝယ်ဈေး ၁၀၃၃ကျပ်သို့ ဆက်လက်မြင့်တက်ခဲ့သည်။

**မယ်သီတာ**



## Currency Exchange Rate

February 13, 2015
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.29 |
| BDT | Bangladesh Taka | 77.39 |
| CAD | Canada Dollars | 1.25 |
| CNY | China Yuan Renminbi | 6.24 |
| EUR | Euro | 0.88 |
| HKD | Hong Kong Dollars | 7.75 |
| INR | India Rupees | 62.12 |
| IDR | Indonesia Rupiahs | 12765.39 |
| JPY | Japan Yen | 118.81 |
| MYR | Malaysia | 3.58 |
| PKR | Pakistan Rupees | 101.43 |
| PHP | Philippines Pesos | 44.26 |
| RUB | Russia Rubles | 64.87 |
| SGD | Singapore Dollars | 1.35 |
| KRW | South Korea Won | 1098.52 |
| LKR | Sri Lanka Rupe | 132.17 |
| THB | Thailand Baht | 32.61 |
| GBP | United Kingdom Pounds | 0.65 |
| VND | Vietnam Dong | 21326.51 |

*Source : xe.com*

## World Gold Price

February, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 9 | 1234 | 1235 | 1236 |
| 10 | 1239 | 1240 | 1240 |
| 11 | 1220 | 1218 | 1221 |
| 12 | 1218 | 1218 | 1220 |
| 13 | 1225 | 1225 | 1225 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 9-2- 2015 | 689.00 | 689.00 |
| 10-2- 2015 | 689.50 | 689.30 |
| 11-2- 2015 | 689.00 | 689.00 |
| 12-2- 2015 | 687.50 | 687.50 |
| 13-2- 2015 | 686.00 | 686.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဖေဖော်ဝါရီလ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 9 | 6 .25 | 32.60 | 77.77 | 62.12 |
| 10 | 6. 24 | 32.65 | 77.80 | 62.34 |
| 11 | 6 .24 | 32.67 | 77.81 | 62.50 |
| 12 | 6 .24 | 32.73 | 77.76 | 62.43 |
| 13 | 6.24 | 32.61 | 77.39 | 62.12 |

## Energy NYMEX 13-2-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 52.06 | 0.85 | 1.66 |
| Brent Crude Futr (USD/bbl) | 57.05 | 2.39 | 4.37 |
| Gasoline Rbob Fut (Cent/gal) | 161.94 | 2.39 | 1.50 |
| Natural Gas Futr (USD/MMBtu) | 2.72 | 0.01 | 0.26 |
| Heating Oil Futr (Cent/gal) | 193.79 | 2.42 | 1.26 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 9-February | 16.70 | 21696.44 | 1850.46 | 5729.47 | 1222.00 |
| 10-February | 17.02 | 2166.53 | 1840.83 | 5725.66 | 1219.00 |
| 11-February | 16.79 | 2131.81 | 1803.65 | 5686.91 | 1191.00 |
| 12-February | 16.75 | 2165.86 | 1816.42 | 5790.18 | 1198.00 |
| 13-February | 16.95 | 2174.37 | 1824.93 | 5861.86 | 1204.00 |

Source:kitco.com

## ဘိလပ်မြေ

### ထိုင်း-အိန္ဒိယနဲ့ စင်ကာပူမှ ဘိလပ်မြေတင်သွင်း

ကန်ဒေါ်လာ ၁၀၂၇၅၄၄၅ တန်ဖိုးရှိ ဘိလပ်မြေ ၆၃၂၃၄ ဒသမ ၁၄၁ တန်ကို ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်သီတင်းတစ်ပတ်အတွင်း ရေကြောင်းလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ ၅၇၇၇၀ ဒသမ ၆၁၄ တန်၊ အိန္ဒိယမှ ၁၄၀၀ တန်နဲ့ စင်ကာပူမှ ၄၀၆၃ ဒသမ ၅ တန်တင်သွင်းခဲ့ပါတယ်။ ဝင်လာတဲ့တံဆိပ်အမျိုးအစားများမှာ ဆင်၊ စိန်၊ SCG၊ RAMCO အစရှိတဲ့ တံဆိပ်များဝင်လာခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှအများဆုံးဝင်လာခဲ့ပြီး ဆင်တံဆိပ်က အဝင်အများဆုံးဖြစ်တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ ယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၁၅၂၉၉ တန်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ယခင်တစ်ပတ်ကဲ့သို့ အရောင်းအဝယ်သွက်နေဆဲဘိလပ်မြေ

ဒီတစ်ပတ်ဘိလပ်မြေဈေးကွက်အခြေအနေများမှာ-

ဖေဖော်ဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၇ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ခြောက်သောင်းသုံးထောင်ကျော်ရှိခဲ့ တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် လေးသောင်း ခုနစ်ထောင်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ တန်ချိန် တစ်သောင်း ငါးထောင့်နှစ်ရာကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်ဘိလပ်မြေအဝင်မှာ တန်ချိန် တစ်သောင်းသုံးထောင်ခုနစ်ရာကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန်တစ်သောင်းခုနစ်ထောင်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် တစ်ထောင့်ခြောက်ရာခြောက်ဆယ်ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှအဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှအဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်ဘိလပ်မြေဈေးကွက်အခြေအနေများမှာ-

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်မှာ အရောင်းသွက်ပေမယ့် ဈေးအပြောင်းအလဲသိပ်မရှိဘူးလို့ သိရပါတယ်။ ဈေးကွက်ထဲမှာတော့ ယခင်တစ်ပတ်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်တဲ့ ဈေးက ဆင်(ထိုင်း) ၅၁၀၀ ကျပ်၊ မြင်းခေါင်း ၄၂၀၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၆၅၀ ကျပ်၊ စိန် ၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မကွေးဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာအရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ယခင်တစ်ပတ်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အပါချီ ၅၃၀၀ ကျပ်၊မက်စ်(မြန်မာ) ၅၃၀၀ ကျပ်၊ ဆင်(ထိုင်း) ၆၆၅၀ ကျပ်၊မြင်းခေါင်း ၅၂၀၀ ကျပ်၊ ဆင်(မြန်မာ)၄၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိတယ်လို့ သိရပါတယ်။ အရောင်းအဝယ်ကောင်းပေမယ့် ဆင်က ဈေးအနည်းငယ်ကျလာပြီး စိန်က ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန် ၅၅၀၀ ကျပ်၊ ဆင် ၅၆၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### ထိုင်း၊ ဗီယက်နမ်နဲ့ စင်ကာပူနိုင်ငံမှ မြေဆီများဝင်

ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၅၅၁၂၂၀ တန်ဖိုးရှိ မြေဩဇာ ၁၉၀၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်ထိုင်းနိုင်ငံမှ ၆၆၀ တန်၊ ဗီယက်နမ်မှ တန် ၁၀၀ နဲ့ စင်ကာပူမှ ၁၁၄၈ တန်တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံမှ အများဆုံးဝင်လာခဲ့တယ်လို့ သိရပါတယ်။ စင်ကာပူနဲ့ ဗီယက်နမ်နိုင်ငံမှ ကွန်ပေါင်းမြေဩဇာများဝင်သလို ထိုင်းနိုင်ငံမှ အမိုးနီးယမ်းဆာလဖိတ်များဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ယှဉ်ရင် ၂၈၉၉ တန်အဝင်လျော့ ခဲ့တယ်လို့ သိရပါတယ်။

### ဒီတစ်ပတ်မှာလည်း ရာသီအေးအေးနဲ့ ဈေးကွက်အေးနေဆဲ

ဖေဖော်ဝါရီလ ၁ ရက်မှ ဖေဖော်ဝါရီလ ၇ ရက်အတွင်း ပြည်တွင်းကိုရေလမ်းမှ မြေဩဇာတန်ချိန် တစ်ထောင့်ကိုးရာကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် လေးထောင်ရှစ်ရာကျော် ရှိခဲ့တာကြောင့် ယခင်တစ်ပတ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် နှစ်ထောင့်ရှစ်ရာကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှယခုတစ်ပတ် မြေဩဇာအဝင်မှာ တန်ချိန် တစ်သောင်းသုံးထောင့်ခုနစ်ရာကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် တစ်သောင်းငါးထောင့်သုံးရာကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် တစ်ထောင်ခြောက်ရာ့ခြောက်ဆယ်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ မန္တလေး၊ တောင်ကြီး၊ မကွေးမှာ မြေဩဇာဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်မြေဩဇာအရောင်းအေးပြီး ဒီတစ်ပတ်မှာ ဈေးလည်းငြိမ်နေတယ်လို့သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးနှုန်းတွေမှာပုလဲ-အသေး ၄၆% (ရွှေတုံး၊ရွှေပျား၊ရွှေတောင်-တရုတ်) ၁၉၀၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ၃၄၀၀၀ ကျပ်၊ကွန်ပေါင်း (ပန်းရောင်) (ထိုင်း) ၂၈၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း)၂၈၀၀၀ ကျပ်၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ၁၈၅၀၀ ကျပ် ၊ တီစူပါ၁၆% (မြားကမ္ဘာ-တရုတ်)၁၁၅၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာက ဒီတစ်ပတ်မှာအရောင်းအဝယ် အေးသလို ဈေးလည်းငြိမ်နေတယ်လို့သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ ယူရီးယား(ပန်းဖူး-တရုတ်) ၁၉၃၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၁၈၆၀၀ ကျပ်၊ ယူရီးယား(ကမ္ဘာလုံး-တရုတ်) ၁၈၆၀၀ ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၉၈၀၀ ကျပ်၊ တီစူပါ ၁၆%(တရုတ်) ၁၀၇၀၀ ကျပ်၊ တီစူပါ (၁၅း၁၅း၁၅-တရုတ်) ၃၅၀၀၀ ကျပ်၊ ဓာတ်ဆား(တရုတ်) ၁၂၅၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၃၅၀၀ ကျပ်၊ ယူရီးယား(ယူအေအီး) ၁၉၅၀၀ ကျပ်၊ မြားကမ္ဘာ ၁၄၃၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရ ပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေဩဇာကဒီတစ်ပတ်မှာ အရောင်းအဝယ် အေးသလို မြေဩဇာဈေးတွေ ကျလာတယ်လို့ သိရပါတယ်။ ယူရီးယားက ငါးရာကျပ်ဈေးကျသလို တီစူပါက လေးရာကျပ် ဈေးကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ၁၆၉၀၀ ကျပ်၊ ယူရီးယား(ပန်းဖူး-တရုတ်)၁၇၄၀၀ ကျပ်၊ တီစူပါ(GSSP ၁၆%-တရုတ်) ၉၁၀၀ ကျပ်၊ တီစူပါ(GSSP ၁၂%-တရုတ်) ၈၁၀၀ ကျပ်၊ ကွန်ပေါင်း(၁၀း၁၀း၅) ၁၁၉၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီတစ်ပတ် မြေဩဇာက စိုက်ပျိုးချိန် မရောက်သေးတာကြောင့် အရောင်းအဝယ်က အေးသလို ဈေးကလည်း ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃(အပြာ၊အစိမ်း) ၁၃၁၀၀ ကျပ်၊ ဆင်(၁၀း၁၀း၅) ၁၃၂၀၀ ကျပ်၊ အာမို(၁၀း၁၀း၅) ၁၅၀၀၀ကျပ်၊ အာမို (၁၅း၁၅း၁၅) ၃၃၀၀၀ ကျပ်၊ အာမို (၁၆း၁၆း၈) ၃၁၂၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၁၈၄၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၁၈၀၀၀ ကျပ်၊ အောင်ကမ္ဘာ (၁၀း၁၀း၅) ၁၆၀၀၀ ကျပ်၊ပိုတက် ၂၂၈၀၀ ကျပ်၊ တောင်သူမ ၁၃၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နှံ့ဆီနှံ့စိမ်း

### မာရီဂိုးနဲ့ ဒွန်းနို့ဆီဝင်

ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၄၉၁၀၀ တန်ဖိုးရှိ နို့ဆီ ၂၂၆ ဒသမ ၅၂၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မာရီဂိုးနို့ဆီ ၄ တန်နဲ့၊ ဒွန်းနို့ဆီ ၂၂၂ ဒသမ ၅၂၈ တန် ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ယှဉ်ရင် ၆၅၃ တန် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ကန်ဒေါ်လာ ၁၇၇၈၇၅ တန်ဖိုးရှိ နို့မှုန့် ၆၀ ဒသမ ၃၃၉ တန်လည်း ဒီတစ်ပတ်မှာတင်သွင်းခဲ့ပါတယ်။ နယူးဇီလန်မှ ၅၁ တန်နဲ့ စင်ကာပူမှ ၉ ဒသမ ၃၃၉ တန် ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ ယှဉ်ရင် ဒီတစ်ပတ်မှာ ၅၀ ဒသမ ၁၀၈ တန် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၃၁/၁ မှ ၆/၂ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၄/၁ မှ ၃၀/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၄၂၃၈.၀၀ | ၂၄၆၈.၅၀ | (+) ၁၇၆၉.၅၀ |
| ၂။ | လွယ်ဂျယ် | ၉၉၀.၀၀ | ၅၇၂.၀၀ | (+) ၄၁၈.၀၀ |
| ၃။ | ချင်းရွှေဟော် | ၄၀၀.၀၀ | - | (+) ၄၀၀.၀၀ |
| ၄။ | ကန်ပိုက်တီး | ၃၇၀၀.၀၀ | ၂၃၅၆.၃၀ | (+) ၁၃၄၃.၇၀ |
| ၅။ | တာချီလိတ် | ၁၅၀၀ .၀၀ | ၃၀၀၀.၀၀ | (-) ၁၅၀၀.၀၀ |
| ၆။ | မြဝတီ | ၁၄၁၅.၀၀ | ၁၆၈၀.၅၀ | (-) ၂၆၅.၅၀ |
| ၇။ | ကော့သောင်း | ၁၁၄၀၅.၄၃ | ၆၈၇၄.၇၅ | (+) ၄၅၃၀.၆၈ |
| ၈။ | မြိတ် | ၇၇၅.၀၀ | ၂၀၀.၀၀ | (+) ၅၇၅.၀၀ |
| ၉။ | မော်တော | - | ၁၂၅.၀၀ | (-) ၁၂၅.၀၀ |
| | စုစုပေါင်း | ၂၄၄၂၃.၄၃ | ၁၇၂၇၇.၀၅ | (+) ၇၁၄၆.၃၈ |

မြင့်မြင့်မာ MIRT (DCCA)

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၃၁/၁ မှ ၆/၂ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၄/၁ မှ ၃၁/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၂၇၅၃.၉၆၀ | ၁၄၃၆၀.၀၀၀ | (-) ၁၆၀၆.၀၄၀ |
| ၂။ | လွယ်ဂျယ် | - | - | - |
| ၃။ | ချင်းရွှေဟော် | ၂၄၃.၅၀၀ | ၄၈၁.၂၅၀ | (-) ၂၃၇.၇၅၀ |
| ၄။ | တာချီလိတ် | - | - | - |
| ၅။ | မြဝတီ | ၄၁၄.၀၀၀ | ၅၄၃.၇၈၀ | (-) ၁၂၉.၇၈၀ |
| ၆။ | ကော့သောင်း | ၃၁၁.၆၁၈ | - | (+) ၃၁၁.၆၁၈ |
| ၇။ | မြိတ် | - | - | - |
| ၈။ | ရိုဒ် | - | - | - |
| | စုစုပေါင်း | ၁၃၇၂၃.၀၇၈ | ၁၅၃၈၅.၀၃၀ | (-) ၁၆၆၁.၉၅၂ |

တင်တင်ထွန်း MIRT (DCCA)

# နှမ်း/ ပဲပုပ်

## နှမ်းတင်ပို့မှု အနည်းငယ်လျော့

ဖေဖော်ဝါရီလ ပထမပတ်မှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်စခန်းမှ ကန်ဒေါ်လာ ၂ ဒသမ ၆၀၆ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၁၄၉၆ တန် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်နဲ့ ချင်းရွှေဟော်မှ နှမ်းရောင်စုံ ၃၂၃၃ တန်ကျော် တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ် နှမ်းတင်ပို့မှု ၁၇၃၇ တန်ခန့် လျော့နည်းသွားခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာတော့ ယခင်သီတင်းပတ်က နှမ်းဖြူဈေး တစ်တန်ကို ၂၁၃၆၃၁၁ ကျပ်မှ ၂၁၄၅၁၀၃ ကျပ်သို့လည်းကောင်း၊ နှမ်းနက်တစ်တန်ကို ၂၂၁၈၂၇၉ ကျပ်မှ ၂၂၂၇၄၀၇ ကျပ်သို့လည်းကောင်း ဈေးမြင့်တက်လာတာတွေ့ရပါတယ်။

"ကုန်စည်ဒိုင်ဈေးကွက်ကို တရုတ်တွေ စိတ်ကြိုက်ဈေးကစားပြီး တရုတ်ယွမ်ငွေနဲ့ မြန်မာကျပ်ငွေပြဿနာဖြစ်လို့ သူတို့ငွေဈေးကျသွားရင် ဝယ်ချင်မှဝယ်တယ်။ ဝယ်ပြီးသားဖြစ်လည်း ဖျက်ချင်ဖျက်ပစ်တယ်။ ဈေးကွက်က သူတို့တက်ဆိုတက်၊ ကျဆိုကျဖြစ်နေတာ"လို့ မန္တလေးကုန်စည်ဒိုင်အဖွဲ့ဝင်တစ်ဦးက ပြောပါတယ်။ ယခုသီတင်းပတ်ရဲ့ စခန်းအလိုက် တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံတွေကတော့-

တန်ချိန်-ကိန်းပြည့်

| နှမ်းအမျိုးအစား | မူဆယ် | ချင်းရွှေဟော် |
|---|---|---|
| နှမ်းဖြူ | - | ၄၈၈ |
| နှမ်းနက် | - | ၈၉၀ |
| နှမ်းညို | ၃၅ | - |
| နှမ်းဖြူ (အခွံချွတ်) | ၇၈ | - |
| နှမ်းလျော် | ၅ | - |

မော်မော်အောင် MIRT (DCCA)

## ပြည်နှမ်းဈေးကွက် ဈေးအနည်းငယ်ပြန်လျှပ်

ယခုတစ်ပတ် ပြည်ဈေးကွက်မှာ နှမ်းအဝင်နည်းသွားသဖြင့် နှမ်းဈေးအနည်းငယ်ပြန်တက်လာပါတယ်။

မြန်အောင်၊ ကြံခင်းဘက်မှ တစ်နေ့ကို နှမ်းအိတ် ၅၀၀ ခန့်သာ အဝင်ရှိပြီး၊ အဝယ်အနည်းငယ်ပြန်ဖြစ်နေလို့ ဈေးပြန်လှုပ်လာပါတယ်။

ရေသွင်းနှမ်း (နွေနှမ်း) စိုက်ပျိုးချိန်ဖြစ်လို့ နှမ်းလက်ကျန်နည်းသွားချိန်အနီးရော၊ အနက်ပါ ဈေးပြန်မြင့်လာပြီး နှမ်းနီတစ်တင်း ၃၀၀၀၀ ကျပ်နဲ့ နှမ်းနက်တစ်တင်း ၃၅၀၀၀ ကျပ်နဲ့ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်ပြန်မြင့်လာတာ တွေ့ရပါတယ်။

ဝေဝေမင်း-ပြည်



## ပြည်ပဲပုပ်ဈေးငြိမ်ပြီး လှောင်လက်သမားအချို့ဝယ်ယူလျက်ရှိ

ပြည်ပဲပုပ်ဈေးနှုန်းအနေဖြင့် လဆန်းမှာ ဈေးပြန်မြင့်တက်လာပေမယ့် ယခုတစ်ပတ်မှာတော့ ၎င်းဈေးအတိုင်း ဈေးငြိမ်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲအဝင်ပါးသွားလို့ အိတ် ၁၀၀ ခန့်သာ အဝင်ရှိပြီး လှောင်လက်သမား အချို့ဝယ်ယူနေတာကို တွေ့ရပါတယ်။

ယခင်နှစ် ဖေဖော်ဝါရီလအတွင်းက ပဲပုပ်ဈေးမှာ ၁၉၇၀၀ ကျပ်ရရှိခဲ့တာကြောင့် ယခုနှစ်ဈေးကတော့ ယခင်လများနှင့်ယှဉ်ရင် ၁၆၀၀၀ ကျပ်ခန့်သို့ ဈေးမြင့်တက်လာတယ်ဆိုသော်လည်း ယခင်နှစ်ဈေးကို မမီခဲ့တဲ့အတွက် တချို့တောင်သူတွေက ထွက်ရှိသမျှပဲအားလုံးကို ထုတ်ရောင်းချမှုမရှိသေးဘဲ ဆက်လက်သိုလှောင်ထားတယ်လို့ သိရပါတယ်။ လက်လီသမားများကတော့ နေ့စဉ်အဝယ်ရှိနေတဲ့ အရောင်း အဝယ်ဖြစ်မှု ပုံမှန်ဖြစ်ခဲ့ပါတယ်။

ခင်ဆွေဝင်း-ပြည်

# စားအုန်းဆီ

## မလေးရှားစားအုန်းဆီ ဇန်နဝါရီလတင်ပို့မှု ခုနစ်လအတွင်း အနိမ့်ဆုံးသို့ကျဆင်း

စွမ်းအင်ဈေးနှုန်းများကျဆင်းမှုနဲ့ ကမ္ဘာ့ဟင်းရွက်ဆီဝယ်လိုအားကျဆင်းမှုကြောင့် ဇန်နဝါရီအတွင်း မလေးရှားနိုင်ငံရဲ့ စားအုန်းဆီတင်ပို့မှုက ခုနစ်နှစ်အတွင်း အနိမ့်ဆုံးကို ရောက်ရှိခဲ့ကြောင်း၊ ဘီရီကော်ဒါဝက်ဘ်ဆိုဒ်သတင်းမှာ ဖော်ပြပါတယ်။

စားအုန်းဆီရောင်းချမှုက ဒီဇင်ဘာနဲ့ နှိုင်းယှဉ်ရင် ၂၂ ရာခိုင်နှုန်းကျဆင်းပြီး မက်ထရစ်တန် ၁ ဒသမ ၁၈ သန်းရှိခဲ့ကြောင်း၊ မလေးရှားစားအုန်းဆီ ဘုတ်အဖွဲ့ (MPOB) က ကွာလာလမ်ပူမြို့မှာ ဖေဖော်ဝါရီ ၁၂ ရက်ကပြောပါတယ်။

ယခုကျဆင်းမှုက ၂၀၀၈ ခုနှစ် ဇန်နဝါရီနောက်ပိုင်း အများဆုံးကျဆင်းတာဖြစ်ပြီး ၂၀၁၁ ခုနှစ်နောက်ပိုင်း တင်ပို့မှုအနည်းဆုံးဖြစ်ကြောင်း MPOB အဖွဲ့က ထုတ်ပြန်တဲ့ စာရင်းတွေအရ တွေ့ရပါတယ်။

ဖေဖော်ဝါရီ ၆ ရက်ကထုတ်ပြန်ခဲ့တဲ့ ဘလွမ်းဘတ်စစ်တမ်းအရ အလယ်အလတ်ခန့်မှန်းချက်က ၁၅ ရာခိုင်နှုန်းဖြစ်ပြီး တန် ၁ ဒသမ ၂၉ သန်းရှိပါတယ်။ တင်သွင်းမှုက သုည ဒသမ ၅ ရာခိုင်နှုန်းကျဆင်းပြီး ၈၉၉၀၈ တန်ရှိခဲ့ပါတယ်။

ရေနံဈေးနှုန်းကျဆင်းမှုနဲ့ ပဲပုပ်အထွက် ထူးထူးကဲကဲမြင့်တက်မှုက ဇီဝလောင်စာဆီချက်လုပ်ရာမှာ စားအုန်းဆီသုံးစွဲမှုကိုကျဆင်းစေတဲ့အတွက် အစားအစာနဲ့ ဇီဝလောင်စာအဖြစ်အသုံးပြုတဲ့ စားအုန်းဆီဈေးနှုန်းက ၂၀၁၄ ခုနှစ်အတွင်းမှာ ၁၄ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။

ဇန်နဝါရီလအတွင်း ပဲပုပ်ဆီဈေးက ခြောက်နှစ်အတွင်း အနိမ့်ဆုံးဈေးထိ ကျဆင်းခဲ့ပါတယ်။ ဒါကြောင့် အစားထိုးသီးနှံအဖြစ် ပဲပုပ်ရဲ့ ဆွဲဆောင်မှုက မြင့်တက်ခဲ့ပါတယ်။ ဝယ်လိုအားက ပဲပုပ်ဆီဘက်ကို ပြောင်းသွားနိုင်တယ်လို့ DBS ဘဏ်က ခန့်မှန်းပါတယ်။

ကွာလာလမ်ပူရှိ ဘာဘာမလေးရှားကုန်စည်ဒိုင်မှာ စားအုန်းဆီ အကြိုရောင်းဈေးက သုည ဒသမ ၇ ရာခိုင်နှုန်းကျဆင်းပြီး တစ်တန်ကို ၂၃၀၀ ရင်းဂစ် (၆၄၂ ဒေါ်လာ) နှုန်းရှိခဲ့ပါတယ်။ ပဲပုပ်ဆီဈေးက ဇန်နဝါရီ ၂၉ ရက်မှာ တစ်ပေါင်ကို ၂၉ ဒသမ ၃၂ ဆင့်ထိ ကျဆင်းခဲ့ရာ ၂၀၀၈ ခုနှစ် ဒီဇင်ဘာနောက်ပိုင်း အနိမ့်ဆုံးဈေးဖြစ်ခဲ့ပါတယ်။

UNT



## ပြည်တွင်းဆီဈေးနှုန်းများ (၁၃-၂-၂၀၁၅)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၃၂၀၀ | ၃၂၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၅၅၀ | ၁၅၅၀ | □ |
| ရန်ကုန် | ၄၀၀၀ | ၄၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၃၃၅ | ၁၃၂၅ | ▽ |
| မန္တလေး | ၃၅၀၀ | ၃၄၀၀ | ▽ | ၃၈၀၀ | ၄၅၀၀ | △ | ၁၄၃၀ | ၁၄၃၀ | □ |
| ပဲခူး | ၂၆၀၀ | ၂၆၀၀ | □ | ၅၄၀၀ | ၅၂၀၀ | ▽ | ၁၃၆၀ | ၁၄၀၀ | △ |
| မကွေး | ၃၆၀၀ | ၃၂၀၀ | ▽ | ၄၆၀၀ | ၄၂၀၀ | ▽ | ၁၄၃၀ | ၁၄၃၀ | □ |
| မုံရွာ | ၃၅၀၀ | ၃၅၀၀ | □ | ၃၈၀၀ | ၃၆၀၀ | ▽ | ၁၄၇၀ | ၁၄၇၀ | □ |
| စစ်တွေ | ၃၄၀၀ | ၃၄၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt-dtp*

## စားအုန်းဆီဈေးနှုန်းများ (၉-၂-၂၀၁၅ မှ ၁၃-၂-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၉-၂-၂၀၁၅ | ၇၂၅ |
| (၂) | ၁၀-၂-၂၀၁၅ | ၇၂၀ |
| (၃) | ၁၁-၂-၂၀၁၅ | ၇၂၀ |
| (၄) | ၁၃-၂-၂၀၁၅ | ၇၁၀ |

Source: ဆီကုန်သည်များအသင်း

## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၃-၂-၂၀၁၅ US$/Ton

| အမျိုးအစား | ဖေဖော်ဝါရီလ ပထမပတ် | ဖေဖော်ဝါရီလ ဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၄၀.၅၀ | ၆၅၆.၀၀ | △ |
| RBD P.Olein | ၆၃၀.၀၀ | ၆၆၀.၀၀ | △ |
| RBD P.Strarin | ၆၃၀.၅၀ | ၆၄၆.၀၀ | △ |

*Source: econ.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၃ - ၂ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx Earning)/ 612 | ၁၂၀၁.၉၀ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x Earning)/612 | ၃.၀၀ |
| Bill စရိတ် | (CIF x 0.50% x Earning )/612 | ၆.၀၁ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၆၃ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၆၉.၀၄ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၄၀.၆၀ |
| ဆိပ်ကမ်းကပ်ခ | (3x Earning )/ 612 | ၅.၀၈ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၃၃၈.၀၇ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ(၁၃-၂-၂၀၁၅)နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၁၀ ဒေါ်လာ၊ FOB ၆၈၅ ဒေါ်လာနှင့် Earning ဈေး ၁၀၃၆ကျပ်)ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။
၂။ (၁၃-၂-၂၀၁၅)နေ့ ဝယ်ယူပြီးနောက်(၁၀)ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ဒေါ်လာဈေး ၁၀၂၈ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ဆန်အမြောက်အမြားပိုလျှံနေခြင်းကို တိုက်ဖျက်ရန် ထိုင်းနိုင်ငံက ထုတ်လုပ်မှုလျှော့ချ

ထိုင်းနိုင်ငံသည် ပြည်တွင်း၌ ဆန်ပိုလျှံမှုကို လျှော့ချရန်နှင့် ဈေးနှုန်းများ မြှင့်တင်နိုင်ရန်အတွက် ထုတ်လုပ်မှု လျှော့ချရန်စီစဉ်လျက် ရှိပါသည်။ လယ်သမားများအနေဖြင့် စပါးအစားကြံ ပြောင်းလဲစိုက်ပျိုးစေရေး အတွက် အတိုးနှုန်း သက်သာသော ချေးငွေအပါအဝင်မက်လုံးများဖြင့် တိုက်တွန်းအားပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

အစားထိုးသီးနှံများ စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ အကောင်းဆုံးနည်းပညာများကို စိုက်ပျိုးသူများအား သင်ကြားပေးနိုင်ရန် ကြိုးပမ်းမည်ဆိုပါက အောင်မြင်နိုင်မှု ရာခိုင်နှုန်းများမည်ဖြစ်ကြောင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် သီးနှံအများစုသည် စပါးထက်စွန့်စားရမှုများသောကြောင့် လယ်သမားများအား စွန့်စားရမှုဆိုင်ရာ စီမံဆောင်ရွက်မှု နည်းလမ်းများကို ပံ့ပိုးပေးရန် အရေးကြီးကြောင်း စိုက်ပျိုးရေးအဖွဲ့ ဗန်ကောက်အခြေစိုက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ (FAO) မှ စီးပွားရေးပညာရှင် Mr.David Dawe ကပြော ကြားခဲ့ပါသည်။

ပြည်တွင်းစားသုံးမှု၊ ပြည်ပတင်ပို့မှုတို့နှင့် ဟန်ချက်ညီစေရန်စပါးထုတ်လုပ်မှုကို လျှော့ချရန် ရည်ရွယ်ထားကြောင်း၊ လယ်ယာစိုက်ပျိုးရေးဒုတိယဝန်ကြီးMr.Apichat ကပြောကြားခဲ့ပါသည်။ ဆန်ထုတ်လုပ်မှုကို ၂၀၁၆-၂၀၁၇ သီးနှံရာသီတွင် တန်ချိန် ၃၃ ဒသမ ၇ သန်းအထိ လျှော့ချရန် ရည်မှန်းထားပါသည်။ ပျမ်းမျှအားဖြင့် ပြီးခဲ့သည့် ၆ နှစ်အတွင်း ဆန်ထုတ်လုပ်မှုသည် တန်ချိန် ၃၅ ဒသမ ၁ သန်း ရှိခဲ့ပါသည်။

အစိုးရအနေဖြင့် စိုက်ပျိုးမြေရိုင်သုည ဒသမ ၄ ╨ရိုင် ခန့် (ဧကလေးသောင်း) ၌ ခြောက်သွေ့ရာသီအတွင်း စပါးစိုက် ပျိုးခြင်းမပြုရန် ရည်ရွယ်ထားပါသည်။ စီမံကိန်းအရထုတ်လုပ်ရန် ရည်ရွယ် ထားသည့် တန်ချိန် ၃၃ ဒသမ ၇ သန်း သည် ၂၀၀၉-၂၀၁၀ ရာသီ၌ ထွက်ရှိခဲ့သည့် ပမာဏခန့်ဖြစ်ကြောင်း၊ ခန့်မှန်း ထားသည့် ပိုလျှံမှုသည် ၂၀၁၆-၂၀၁၇ ရာသီ၌တန်ချိန် ၁ ဒသမ ၁ သန်းသို့ လျော့နည်းသွားမည်ဖြစ်ပြီး ၂၀၁၉-၂၀၂၀ ရာသီတွင်တန်ချိန် ၂ သန်းသို့ ကျဆင်းသွားမည်ဖြစ်ကြောင်း သိရှိရပါ သည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကိုရီးယားနိုင်ငံတွင် ဒေါက်တာဘွဲ့ ရရှိထားသူများ၏ ထက်ဝက်ခန့်မှာ တရုတ်လူမျိုးများဖြစ်

ကိုရီးယားသမ္မတနိုင်ငံတွင် Ph.D ဒေါက်တာဘွဲ့ရ နိုင်ငံခြားသားများ၏ ထက်ဝက်ခန့်မှာတရုတ်လူမျိုးများဖြစ် ကြသည်။ ဇန်နဝါရီလ ၂၆ ရက်နေ့က Korea Research Institute for Vocational Education & Training က ထုတ်ဝေသောစာရင်းအရ ၂၀၁၃ ခုနှစ် ဩဂုတ်လမှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဒေါက်တာဘွဲ့ ရရှိခဲ့သည့် နိုင်ငံခြားသား ၇၅၃ ဦးတွင် ၃၃၃ ဦး (၄၄ ဒသမ ၈ ရာခိုင်နှုန်း)သည် တရုတ်နိုင်ငံမှဖြစ်ကြသည်။ ယင်းတို့အနက်မှ အိန္ဒိယမှ ၇၅ ဦး (၁၀ ဒသမ ၁ ရာခိုင်နှုန်း)၊ ဗီယက်နမ်မှ ၇၂ ဦး (၉ ဒသမ ၇ရာခိုင်နှုန်း)နှင့် ပါကစ္စတန်မှ ၃၆ ဦး (၄ ဒသမ ၈ ရာခိုင်နှုန်း) တို့ဖြစ်ကြသည်။

ဘာသာရပ်များအနေဖြင့် အင်ဂျင်နီယာဘာသာရပ်တွင် အများဆုံးဖြစ်ပြီး ၃၀ ဒသမ ၉ ရာခိုင်နှုန်း၊ သဘာဝသိပ္ပံဘာသာတွင် ၂၇ ရာခိုင်နှုန်း၊ လူမှုသိပ္ပံတွင် ၁၄ ဒသမ ၉ ရာခိုင်နှုန်း၊ လူမှုဗေဒတွင် ၁၂ ဒသမ ၉ ရာခိုင်နှုန်းနှင့် ဆေးပညာဘာသာရပ် တွင် ၉ ရာခိုင်နှုန်းတို့ အသီးသီးဖြစ်ကြသည်။ ဒေါက်တာဘွဲ့ရသူများတွင် အမျိုးသမီးဦးရေ ပိုများပြီး ၄၆၄ ဦး(၆၁ ဒသမ ၆ ရာခိုင်နှုန်း) ဖြစ်ကြသည်။ အဘယ်ကြောင့် ကိုရီးယားတွင် Ph.D ဘွဲ့ယူသနည်းဆိုသည့် မေးခွန်းအပေါ် တွင် ဓာတ်ခွဲခန်း Lab များအပါအဝင် သုတေသနပြုလုပ်ရန် အကောင်းဆုံး ပတ်ဝန်းကျင်ဖြစ်သည်ဟု ၃၇ ဒသမ ၆ ရာခိုင်နှုန်း ကဖြေဆိုပြီး၊ သုတေသန ဌာနများနှင့် ကော်ပိုရေးရှင်းများတွင် အလုပ်ရရှိကြသည့် Ph.D ကျောင်းသား အရေအတွက်မှာ ဘွဲ့ရစုစုပေါင်း၏ ထက်ဝက်ကျော် ၅၄ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့သည်။ ထို့အပြင် ကိုရီးယားတွင် အလုပ်ရှိကြသော နိုင်ငံခြားသား Ph.D ဘွဲ့ရ စုစုပေါင်း ၁၄၆ ဦးအနက်မှ ၄၄ ဦး (၃၀ ဒသမ ၁ ရာခိုင်နှုန်း) သည် ကိုရီးယားတွင် ကာလကြာရှည်နေထိုင်လိုကြောင်း ဖြေကြားခဲ့ကြသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# လာအိုနိုင်ငံအား အီးယူက ယူရိုသန်း ၆၀ ခန့်ကူညီပေးသွားမည်

၂၀၁၄-၂၀၁၅ ခုနှစ်ကာလအတွင်း လာအိုနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်ကူညီပံ့ပိုးနိုင်ရန် ယူရို သန်း ၆၀ ခန့် သုံးစွဲသွားရန် လျာထားကြောင်း ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ဥရောပကော်မရှင်က ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။ လာအိုနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အီးယူသည် အခြေခံပညာရေး၊ အစားအစာနှင့် အာဟာရဓာတ်ဖူလုံရေး၊ ကောင်းမွန်သော အုပ်ချုပ်မှုခိုင်မာလာစေရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးစသည့် ကဏ္ဍများကို ကူညီထောက်ပံ့ပေးမည် ဖြစ်ပါသည်။

လာအိုနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဆင့်မှ ရုန်းထွက်နိုင်ရန် ရည်မှန်းချက် ချမှတ်ထားပါသည်။ အီးယူသည် လာအို၏ အဆိုပါရည်မှန်းချက် အကောင်အထည်ဖော်နိုင်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကူညီပံ့ပိုးပေးသွားမည် ဖြစ်ပါသည်။

လာအိုနိုင်ငံ၏ ကျေးလက်ဒေသများတွင် ဆင်းရဲမှု တိုက်ဖျက်ရေးကို ပံ့ပိုးပေးရန်နှင့် အစားအစာနှင့် အာဟာရဓာတ်ဖူလုံရေးကိုတိုးတက်စေရန်အတွက် ကျေးလက်ဒေသ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးသည် မရှိမဖြစ် အရေးပါလှပါသည်။ ထို့ကြောင့် အီးယူသည် ရေရှည်ခံစိုက်ပျိုးရေး၊ အစားအစာနှင့် အာဟာရဓာတ်ဖူလုံရေးစသည့် ကဏ္ဍများတွင် ဘဏ္ဍာ ငွေပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။ အာဟာရဓာတ်အလွန်အမင်းချို့တဲ့ လျက်ရှိသော ဆင်းရဲသည့် လူ့အဖွဲ့အစည်းများအနေဖြင့် အရည်အသွေးကောင်းသော အစားအစာများ တစ်နှစ်ပတ်လုံး ရရှိနိုင်စေရေးကိုလည်း အီးယူက ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မပေါက်ကွဲသေးသော စစ်လက်နက်ပစ္စည်းများ ရှင်းလင်းဖယ်ရှားရေးနှင့် ပတ်သက်၍ အီးယူသည် လာအိုနိုင်ငံအား ဆက်လက်ပံ့ပိုးသွားမည် ဖြစ်ပါ သည်။

ထို့ပြင် အခြေခံပညာရေးကို လူတိုင်းတန်းတူညီမျှ ရရှိနိုင်စေရေး အတွက်လည်း အီးယူသည် လာအိုနိုင်ငံအား ကူညီပံ့ပိုးပေးမည် ဖြစ်ပါသည်။ လာအိုနိုင်ငံတွင် ပိုမိုကောင်းမွန်သောပညာ သင်ကြားရေးနှင့် သင်ယူရေး ကိရိယာများရရှိနိုင်မှု တိုးတက်လာစေခြင်းဖြင့် ပညာရေးဆိုင်ရာ အရည်အသွေးများ မြင့်မားစေရေးကို အီးယူက အဓိကဦးတည်ဆောင်ရွက်မည် ဖြစ်ပါသည်။

ကောင်းမွန်သောအုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေး စသည့်ကဏ္ဍရပ်များနှင့် ပတ်သက်၍ အီးယူသည် လူထုပါဝင်နိုင်မှု တိုးတက်ကျယ်ပြန့်လာစေခြင်း၊ အရပ်ဘက်လူ့အဖွဲ့အစည်း ပါဝင်ဆောင်ရွက်နိုင်သည့် ပတ်ဝန်းကျင်တစ်ရပ်အား ဖန်တီးရေးကို ပံ့ပိုးပေးခြင်း၊ လူ့အခွင့်အရေးများနှင့် တရားဥပဒေစိုးမိုးရေးတို့အား မြှင့်တင်ဆောင် ရွက်ခြင်းစသည့် နည်းလမ်းများကို အဓိကဦးတည်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ အီးယူသည်လာအိုနိုင်ငံကို ဆက်လက်ကူညီ ထောက်ပံ့နိုင်ရန် အဆိုပါဘဏ္ဍာငွေများအား လျာထားသတ်မှတ်ပေးခြင်း ဖြစ်ပါသည်။ လာအိုနိုင်ငံအနေဖြင့် အဆိုပါနှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ကူညီထောက်ပံ့မှုများအပြင် အခြားသောအီးယူ၏ အကြောင်းအရာအလိုက်နှင့် ဒေသအလိုက် အစီအစဉ်များအရ ကူညီ ထောက်ပံ့မှုများကိုလည်း ဆက်လက်ရရှိမည်ဖြစ်ပါသည်။ အကြောင်းအရာအလိုက်နှင့် ဒေသအလိုက်အစီအစဉ်များတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ၊ အရပ်ဘက်လူ့အဖွဲ့အစည်း၊ ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှု၊ လူသားနှင့် လူမှုရေးရာဖွံ့ဖြိုးတိုးတက်မှု၊ အစားအစာဖူလုံရေး၊ ရေရှည်တည်တံ့မှုရှိသောစွမ်းအင်နှင့် ကုန်သွယ်ရေး စသည်တို့ ပါဝင်ပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

## လန်ဒန်မြို့တွင် Myanmar Investment Summit ကျင်းပမည်

မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများအား ဥရောပနှင့် ဗြိတိန်ကုမ္ပဏီများအား သိရှိစေလိုသည့် ရည်ရွယ်ချက်ဖြင့် UK Trade and Investment နှင့် UK-ASEAN Business Council တို့၏ပံ့ပိုးကူညီမှုနှင့်အတူ City & Finan cial Global သည် Myanmar In-vestment Summit အား ဖေဖော် ဝါရီ ၁၉ ရက်တွင် ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့၌ ကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# ရေနံဈေးကျ၍ ဇန်နဝါရီလ ပို့ကုန် ကျဆင်းလာကာ ဒေါ်လာ ၄၅ ဒသမ ၄ ဘီလီယံသာရှိ

ကမ္ဘာ့ရေနံဈေးနှုန်းများ ကျဆင်းခြင်းကြောင့် ကိုရီးယား၏ ရေနံဓာတု ထုတ်ကုန်ပစ္စည်းများ ပြည်ပတင်ပို့မှု ကျဆင်းသွားခဲ့၍ ဇန်နဝါရီလအတွင်း ပြည်ပပို့ကုန်ပမာဏ ကျဆင်းခဲ့သည်။ ဇန်နဝါရီလအတွင်း ပြည်ပပို့ကုန်တန်ဖိုး သည် ဒေါ်လာ ၄၅ ဒသမ ၃၇ ဘီလီယံသာရှိ၍ ယခင်လကထက် သုည ဒသမ ၄ ရာခိုင်နှုန်းကျဆင်းကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနက ဖေဖော်ဝါရီလ ၁ ရက်နေ့က ထုတ်ပြန်ခဲ့သည်။ ရေနံဓာတုထုတ်ကုန် ပစ္စည်းများ ပြည်ပတင်ပို့မှုကို ဖယ်ထုတ်ထားပါက အခြားကုန်ပစ္စည်းများ ပြည်ပတင်ပို့မှုသည် ၆ ဒသမ ၆ ရာခိုင်နှုန်း တက်လာကြောင်း သိရသည်။

အမှန်တစ်ကယ်မှာ ရေနံနှင့်ရေနံ ဓာတုထုတ်ကုန်များ ပြည်ပတင်ပို့မှု ပမာဏသည် ၁၃ ဒသမ ၂ ရာခိုင် နှုန်းနှင့် ၄ ဒသမ ၂ ရာခိုင်နှုန်း အသီးသီး တက်လာခဲ့ သော်လည်း ရေနံဈေးနှုန်း တောက်လျှောက် ကျဆင်းခဲ့သဖြင့် ကုန်ပစ္စည်းတန်ဖိုးများမှာမူ ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံ (-၃၈ ဒသမ ၅ ရာခိုင်နှုန်း) နှင့် ဒေါ်လာ ၈၀၀ မီလီယံ (-၁၉ ဒသမ ၈ ရာခိုင်နှုန်း) အသီးသီး ကျဆင်းခဲ့သည်။ ကျန်ကုန်ပစ္စည်းများ ဖြစ်သည့် ရေယာဉ်နှင့်ပတ်သက်သည့် ကုန်ပစ္စည်းများ (၆၂ ဒသမ ၅ ရာခိုင်နှုန်း)၊ ကွန်ပျူတာများ (၁၅ ဒသမ ၂ ရာခိုင်နှုန်း)၊ တစ်ပိုင်းလျှပ်ကူးပစ္စည်း များ (၁၃ ဒသမ ၇ ရာခိုင်နှုန်း)၊ အထွေထွေစက်မှုကုန်များ (၆ ဒသမ ၉ ရာခိုင်နှုန်း) တို့အသီးသီးတိုးတက်တင် ပို့နိုင်ခဲ့သည်။ စမတ်ဖုန်းများ တင်ပို့နိုင်မှုသည် Apple Inc. နှင့် တရုတ်ပြိုင်ဘက်များ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့၍ ယခင်လထက်စာလျှင် ၁ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ သံမဏိ ပစ္စည်းများသည် (-၂ ဒသမ ၄ ရာခိုင် နှုန်း)၊ မော်တော်ကားပစ္စည်းများ (-၄ ဒသမ ၁ ရာခိုင် နှုန်း) တို့အသီးသီး ကျဆင်းခဲ့သည်။ ဒေသအလိုက် ကြည့်လျှင် ရုရှားတွင် စီးပွားရေးပြဿနာများ ရှိ၍ ရုရှားနှင့် အီးယူတို့သို့ တင်ပို့နိုင်မှု ကျဆင်းခဲ့ကြောင်း သိရသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ဘင်္ဂလားဒေ့ရှ်နိုင်ငံအား အီးယူက ဆက်လက်ကူညီပံ့ပိုးသွားမည်

၂၀၁၄-၂၀၂၀ ကာလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်ကူညီပံ့ပိုးနိုင်ရန် ယူရို သန်း ၆၉၀ ခန့် သုံးစွဲသွားရန် လျာထားကြောင်း ၂၀၁၄ ခုနှစ်အတွင်း ဥရောပကော်မရှင်က ကြေညာချက် ထုတ်ပြန်ခဲ့ပါသည်။

လွန်ခဲ့သောနှစ်များတွင် အီးယူသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ပညာရေး၊ လူမှုရေးဆိုင်ရာကိန်းဂဏန်းအချက်အလက်များ ကောက်ခံခြင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ကျန်းမာရေးကဏ္ဍပြုပြင်ပြောင်းလဲရေး စသည့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ နည်းလမ်းမျိုးစုံအပေါ် ကူညီပံ့ပိုးမှု ပေးခဲ့ပါသည်။ ၂၀၀၇-၂၀၁၃ ကာလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံအား အီးယူ၏ ကူညီထောက်ပံ့မှုပမာဏ စုစုပေါင်းမှာ ယူရို သန်း ၄၀၃ ခန့်ရှိခဲ့ပါသည်။ ၂၀၁၄-၂၀၂၀ ကာလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံအား ဘဏ္ဍာငွေ ထောက်ပံ့မှုပေးနိုင်ရန် အီးယူ၏ လျာထားချက်မှာ ဒီမိုကရေစီအစိုးရခိုင်မာလာစေရေး (ယူရိုသန်း ၁၀၃-၁၃၈၊ စုစုပေါင်းထောက်ပံ့ငွေ၏ ၁၅ ရာခိုင်နှုန်း - ၂၀ ရာခိုင်နှုန်း)၊ အစားအစာနှင့် အာဟာရဓာတ် ပြည့်ဝဖူလုံရေး (ယူရိုသန်း ၂၇၆-၃၁၀၊ စုစုပေါင်း ထောက်ပံ့ငွေ ၏ ၄၀ ရာခိုင်နှုန်း- ၄၅ ရာခိုင်နှုန်း) ပညာရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး (ယူရိုသန်း ၂၇၆-၃၁၀၊ စုစုပေါင်း ထောက်ပံ့ငွေ၏ ၄၀ ရာခိုင်နှုန်း-၄၅ ရာခိုင်နှုန်း) နှင့် အခြားသော ပံ့ပိုးမှုနည်းလမ်းများ (ယူရို၇သန်း၊ စုစုပေါင်း ထောက်ပံ့ငွေ၏ ၁ ရာခိုင် နှုန်း) တို့ဖြစ်ကြပါသည်။

**ဖြူနှင်းဝတ်ရည်၊**
**မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# ထိုင်းဝန်ကြီးချုပ်၏ ဂျပန်နိုင်ငံခရီးစဉ်က ဂျပန်နှင့်ထိုင်းတို့၏ ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တက်စေမည်

ဂျပန်နိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ကျယ်ပြန့်စွာဆောင်ရွက်ရန်ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ ဂျပန်နိုင်ငံခရီးစဉ်အတွင်း ဂျပန်နိုင်ငံနှင့် ထိုင်းတို့လက်မှတ်ရေးထိုးမည့်နားလည်မှုစာချွန်လွှာကို ဖေဖော်ဝါရီ ၃ ရက်နေ့၌ အစိုးရအဖွဲ့မှ အတည်ပြုခဲ့ပါသည်။ နားလည်မှုစာချွန်လွှာတွင် ထားဝယ်စီမံကိန်း၊ ရထားလမ်းသစ် တည်ဆောက်ခြင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း စသည်တို့တွင် ပူးပေါင်းဆောင်ရွက်မှုကို အသားပေးထားကြောင်း သိရှိရပါသည်။

ဂျပန်နိုင်ငံအနေဖြင့် ထားဝယ်စီမံကိန်းတွင် ပါဝင်ရန်မကြာသေးခင်ကကျင်းပခဲ့သည့်အစည်းအဝေး၌သဘောတူ ခဲ့ပြီးဖြစ်ကြောင်း၊ ထားဝယ်နှင့်ထိုင်းနယ်စပ်ကိုဆက်သွယ်ပေးမည့် ၁၃၈ ကီလိုမီတာကားလမ်းတည်ဆောက်ရေးအတွက်အတိုးနှုန်းသက်သာသောကာလရှည်ချေးငွေ (Soft Loan) ထုတ်ချေးပေးဖွယ်ရှိကြောင်း၊ ထို့ပြင် ဂျပန်နိုင်ငံသည် ထားဝယ်အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးရေးကုမ္ပဏီ (Dawei SEZ Development Co.DSEZ) တွင် စီးပွားဖက်အဖြစ်ပါဝင်ဆောင်ရွက်ရန် သဘောတူပြီးဖြစ်ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် DSEZ ကို မတည်ရင်းနှီးမြှုပ်နှံငွေဘတ် ၁၂ သန်းဖြင့်ထိုင်းနိုင်ငံ၌ ကုမ္ပဏီမှတ်ပုံတင်၍တည်ထောင်ခဲ့ပါသည်။ ထို့ပြင်ဆိပ်ကမ်း၊ ကားလမ်း၊ရထားလမ်း၊ လျှပ်စစ်ဓါတ်အားပေးစက်ရုံများ၊ ရေပေးဝေရေး၊ စက်မှုဇုန်များ၊ ဆက်သွယ်ရေးစသည်တို့ကို စီမံခန့်ခွဲရန်အထူးကုမ္ပဏီကိုမြန်မာနိုင်ငံ၌ မှတ်ပုံတင်တည်ထောင်ရန်သဘောတူခဲ့ပါသည်။

ဂျပန်နိုင်ငံဝန်ကြီးချုပ်ကလည်း ထိုင်းနိုင်ငံ၏အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးအတွက်ဂျပန်နိုင်ငံ၏အဆင့်မြင့်နည်းပညာများ၊ အသိပညာများ၊ အလားတူစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများဖြင့် ပံ့ပိုးကူညီရန်ကတိပြုခဲ့ပါသည်။ ဒေသတွင်းဆက်သွယ်မှုကိုမြှင့်တင်ခြင်းနှင့် ထိုင်းနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရထားလမ်းပို့ဆောင်ရေးသည် ကြီးမားစွာအရေးပါကြောင်း နှစ် နိုင်ငံစလုံးမှယူဆကြပါသည်။

ဂျပန်-ထိုင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအပါအဝင်စီးပွားရေးအရဆက်ဆံမှုပိုမိုအားကောင်းလာရေးဆောင်ရွက်ရန် ထပ်လောင်းအတည်ပြုခဲ့ကြပါသည်။ ကုန်စည်နှင့်ဝန်ဆောင်မှုများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ယှဉ်ပြိုင်မှုစွမ်းအားမြှင့်တင်ရေး စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုပိုမိုအားကောင်းလာစေရန် ဆောင်ရွက်ကြမည် ဖြစ်ပါသည်။

ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးပရာယွတ်၏ (လာမည့်ရက်သတ္တပတ်တွင်သွားရောက်မည့်) ဂျပန်နိုင်ငံခရီးစဉ်အတွင်း ထိုင်းကုန်သည်ကြီးများအသင်းနှင့် ထိုင်းစက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ထိုင်းဘဏ်လုပ်ငန်းရှင်များအသင်းတို့သည် ဂျပန်နိုင်ငံ၌ထိုင်းနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများမြှင့်တင်ရန် ဂျပန်နိုင်ငံပြည်ပကုန်သွယ်ရေးအဖွဲ့ (Japan External Trade Organization-JETRO) နှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးကြမည် ဖြစ်ပါသည်။

ထိုင်းနိုင်ငံ ဝန်ကြီးချုပ်သည် ဂျပန် - ထိုင်းစီးပွားရေးဖိုရမ်အဖွဲ့နှင့် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ် (Japan Business Federation/ Keidanren)တို့နှင့်တွေ့ဆုံရန်စီစဉ်ထားကြောင်းသိရှိရပါသည်။

**ရီရီမွန်၊**
**စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

■

# ထိုင်းနိုင်ငံက ပါကစ္စတန်၊ တူရကီ နိုင်ငံတို့နှင့် FTA ဆွေးနွေးမှု ပြန်လည်စတင်မည်

ထိုင်းနိုင်ငံသည် ပါကစ္စတန်၊ တူရကီနိုင်ငံတို့နှင့်လွတ်လပ်စွာကုန်သွယ်မှုဒေသ (FTA) တည်ထောင်ရေး ဆွေးနွေးညှိနှိုင်းမှုများကို ပြန်လည်စတင်ဆောင်ရွက်မည်ဖြစ်ပါသည်။ စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညှိနှိုင်းမှုဦးစီးဌာနမှ ဆွေးနွေးညှိနှိုင်းမှုဆိုင်ရာအသေးစိတ်အချက်အလက်များကို ဝန်ကြီး မစ္စတာချတ်ချိုင့်သို့ တင်ပြထားပြီး ဖြစ်ပါသည်။

ပါကစ္စတန်နှင့် တူရကီနိုင်ငံတို့ သည် ဖွံ့ဖြိုးလာသောနိုင်ငံများ(သို့မဟုတ်) ထွန်းသစ်စဈေးကွက်များ (emerging markets) ဖြစ်ကြောင်း၊ အဆိုပါနိုင်ငံများသည် ထိုင်းနိုင်ငံနှင့်လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူစာချုပ်ချုပ်ဆိုရန် စိတ်အားထက်သန်လျက်ရှိကြောင်း ကုန်သွယ်ရေးညှိနှိုင်းမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာသာဝပ်ချိုင်းက ပြောကြားခဲ့ပါသည်။

ပါကစ္စတန်နိုင်ငံအနေဖြင့် ၎င်း၏ စက်မှုကုန်ထုတ်လုပ်ငန်းများအထူးသဖြင့် စားသောက်ကုန်ပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိုင်းနိုင်ငံ၏ ကူညီမှုကိုရယူလိုကြောင်း၊ ပါကစ္စတန်သည် ထိုင်းနိုင်ငံ၏ အရေးပါသော ကုန်သွယ်ဖက်နိုင်ငံများအနက် တစ်နိုင်ငံဖြစ်သကဲ့သို့ အဓိကပို့ကုန်ဈေးကွက်လည်းဖြစ်ကြောင်းသိရှိရပါသည်။

၂၀၁၃ ခုနှစ်က ထိုင်း-ပါကစ္စတန် နှစ်နိုင်ငံကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၄ ဘီလီယံရှိခဲ့ကြောင်း၊ ထိုင်းနိုင်ငံကုန်ပစ္စည်းများ ပါကစ္စတန်နိုင်ငံ သို့ တင်ပို့မှုသည်အမေရိကန်ဒေါ်လာ သန်း ၉၄၀ ဖြစ်ပြီး၊ ပါကစ္စတန်ကုန်ပစ္စည်းများအရ ထိုင်းနိုင်ငံမှတင်သွင်းမှုသည် အမေရိကန်ဒေါ်လာ ၉၉ သန်းဖြစ်ပါသည်။ ပါကစ္စတန်နိုင်ငံသို့ အဓိကတင်ပို့သည့် ကုန်စည်များမှာ ကားနှင့်အပိုပစ္စည်း များ၊ ဓါတုပစ္စည်းများ၊ ရော်ဘာထုတ်ကုန်များ၊ သံနှင့်သံမဏိ၊ စက်ယန္တရား များနှင့်အပိုပစ္စည်းများ စသည်တို့ဖြစ်ပါသည်။

ထိုင်းနိုင်ငံနှင့်ပါကစ္စတန် နှစ်နိုင်ငံတို့သည်နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ၂၀၁၃ ခုနှစ် ပူးတွဲကုန်သွယ်ရေးကော်မတီဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လတွင် ပါကစ္စတန်နိုင်ငံ၌ ကျင်းပခဲ့သောပူးတွဲကုန်သွယ်ရေး ကော်မတီ၏ ပထမအကြိမ်အစည်းအဝေး၌ နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်နိုင်ရန်အတွက် ထိုင်း-ပါကစ္စတန် လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူစာ ချုပ် ချုပ်ဆိုရန် သဘောတူခဲ့ကြပါသည်။

တူရကီနိုင်ငံသည်လည်း အီးယူနှင့် အရှေ့အလယ်ပိုင်းဈေးကွက်များသို့ ဝင်ရောက်နိုင်ရန် စတင်ဝင်ရောက် သည့်ဈေးကွက်အဖြစ်ရှိနေသောကြောင့် ထိုင်းနိုင်ငံ၏ ပြည်ပတင်ပို့မှုအတွက် အရေးပါသောဈေးကွက်တစ်ခုဖြစ်ပါသည်။ တူရကီသို့ အဓိကတင်ပို့လျက်ရှိသည့် ကုန်ပစ္စည်းများမှာ စားသောက်ကုန်၊ ရေခဲသေတ္တာ၊ ပလပ်စတစ်၊ ကား နှင့်အပိုပစ္စည်းများ၊ ရော်ဘာထုတ်ကုန်များဖြစ်ပြီး တူရကီနိုင်ငံမှတင်သွင်းလျက် ရှိသောကုန်ပစ္စည်းများမှာစကျင်ကျောက်၊ ကျောက်မျက်ရတနာများ၊ လက်ဝတ်ရတနာများ၊ အဝတ်အထည်များ ဖြစ်ပါသည်။

၂၀၁၃ ခုနှစ်၌ ထိုင်း-တူရကီနှစ် နိုင်ငံကုန်သွယ်မှုသည် အမေရိကန်ဒေါ် လာ ၁ ဒသမ ၄၃ ဘီလီယံရှိခဲ့ကြောင်း၊ ထိုင်းနိုင်ငံမှ တူရကီနိုင်ငံသို့ တင်ပို့မှု သည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁ ဘီလီယံဖြစ်ပြီး၊ ထိုင်းနိုင်ငံသို့ တူရကီနိုင်ငံမှ တင်သွင်းမှုသည် အမေရိကန် ဒေါ်လာ ၃၁၉ သန်းဖြစ်ပါသည်။

လူဦးရေသန်း ၈၀ ခန့်ရှိသော တူရကီနိုင်ငံသည် ဥရောပနှင့်အာရှကို ဆက်သွယ်ပေးသည့် မဟာဗျူဟာကျသောနေရာအဖြစ်တည်ရှိပါသည်။ သို့ဖြစ်ရာ တူရကီနိုင်ငံသည် ထိုင်းနိုင်ငံ အတွက် အီးယူ၊ ဥရောပအရှေ့ပိုင်း၊ အရှေ့အလယ်ပိုင်းဒေသ၊ အာဖရိက စသည့် ဈေးကွက်များသို့ ဝင်ရောက်နိုင်ရန် အထောက်အကူပြုသည့် ဈေးကွက်ဖြစ်နိုင်ကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘန်ကောက်မြို့**

# ဖွံ့ဖြိုးမှုအနည်းဆုံးအာရှနိုင်ငံများမှ အီးယူ၏ဆန်တင်သွင်းမှုတိုးတက်လာ

GSP(EBA) အစီအစဉ်အရဖွံ့ဖြိုးမှုအနည်းဆုံး အာရှနိုင်ငံများမှ အီးယူ၏ ဆန်တင်သွင်း မှုသည် ၂၀၁၄-၂၀၁၅ ဈေးကွက်နှစ် (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လအထိ) ၏ ပထမငါးလတွင် တန်ချိန်၁၀၆၆၄၉ ခန့်ရှိခဲ့ပါသည်။ ထို့ကြောင့် ယခင်နှစ်ကာလတူဖြစ်သော ၂၀၁၃-၂၀၁၄ ဈေးကွက်နှစ် (၂၀၁၃ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအထိ)၊ ပထမငါးလတွင် အဆိုပါနိုင်ငံများမှ အီးယူ၏ဆန်တင်သွင်းမှု တန်ချိန် ၁၀၆၁၅၇ ခန့်နှင့် နှိုင်းယှဉ်ပါက အနည်းငယ်တိုးတက်လာပါသည်။

၂၀၁၄-၂၀၁၅ ဈေးကွက်နှစ်တွင် အီးယူသည် ဖွံ့ဖြိုးမှုအနည်းဆုံးအာရှနိုင်ငံများအနက် ကမ္ဘောဒီးယားနိုင်ငံမှ ဆန်များကိုအဓိကတင်သွင်းခဲ့ပြီး ဖွံ့ဖြိုးမှု အနည်းဆုံးအာရှနိုင်ငံများမှ စုစုပေါင်း တင်သွင်းမှု၏ ၈၀ ရာခိုင်နှုန်းခန့်ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဈေးကွက်နှစ်၏ ပထမငါးလတွင် ကမ္ဘောဒီးယားနိုင်ငံမှ အီးယူ၏ဆန် တင် သွင်းမှုသည် တန်ချိန် ၈၅၂၈၀ ခန့်ရှိရာလွန်ခဲ့သောနှစ်ကာလ တူ(တန်ချိန် ၉၉၀၈၇) နှင့် နှိုင်းယှဉ်ပါက ကမ္ဘောဒီးယားနိုင်ငံမှ အီးယူ၏တင်သွင်းမှုသည် ၁၄ ရာခိုင်နှုန်း ခန့်ဆင်းသွားခဲ့ ပါသည်။

၂၀၁၄-၂၀၁၅ ဈေးကွက်နှစ်တွင် အီးယူသည် ဖွံ့ဖြိုးမှုအနည်းဆုံးအာရှနိုင်ငံများအနက် မြန်မာနိုင်ငံမှဆန်များကို ဒုတိယအများဆုံးတင်သွင်းခဲ့ပြီး ဖွံ့ဖြိုးမှုအနည်းဆုံးအာရှနိုင်ငံများမှ စုစုပေါင်းတင်သွင်းမှု၏ ၁၈ ရာခိုင်နှုန်း ခန့်ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဈေးကွက်နှစ်၏ပထမငါးလတွင် မြန်မာနိုင်ငံမှ အီးယူ၏ဆန်တင်သွင်းမှုသည် တန်ချိန် ၁၉၂၈၄ ခန့်ရှိခဲ့ရာလွန်ခဲ့သောဈေးကွက်နှစ်ကာလတူ (တန်ချိန် ၄၉၆၈) နှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံမှ အီးယူ၏ တင်သွင်းမှုသည် ၄ ဆခန့်မြင့်တက်ခဲ့ပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# မြန်မာ့သနပ်ခါးရနံ့ ကမ္ဘာအနှံ့ မွှေးကြိုင်

မြင့်ဦး - ပခုက္ကူ



ဖေဖော်ဝါရီလ ၇ ရက် စနေနေ့ ၉း၃၀ နာရီအချိန် မြိုင်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမမှာ မြိုင်မြို့နယ် ကိုယ်စားပြု သနပ်ခါးစိုက်ပျိုး ထုတ်လုပ်တင် ပို့ရောင်းချသူများဖွဲ့စည်းဖို့ အပြီးသတ် ပဏာမ အစည်းအဝေးတစ်ရပ်ပြုလုပ်ခဲ့ပါတယ်။ အစည်း အဝေးကိုမြိုင်မြို့နယ်အတွင်းမှ သနပ်ခါးစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူ ၁၄၉ ဦးတက် ရောက်ခဲ့ပါတယ်။ တစ်ခါရေစကြိုမြို့နယ်သနပ်ခါး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း မှ ဒု-ဥက္ကဋ္ဌ ဒေါက်တာကျော်ငွေနဲ့အဖွဲ့လည်း တက်ရောက်ကြပြီး သနပ်ခါးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းဖွဲ့ဖို့ညီနောင် အသင်းသဘောနဲ့ လာရောက် အကူအညီပေး၊ လာအားပေးတာလို့လည်း ပြောပါတယ်။

အစည်းအဝေးမှာ မြိုင်မြို့နယ် အထွေ ထွေအုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်က အဖွင့် အမှာစကားပြောကြားရာမှာ “ သနပ်ခါးဆိုတာ မြန်မာလူမျိုးမှန်သမျှ မည်သူမျှကင်းလွတ် သည်မရှိကြောင်း၊ ငယ်စဉ်ကာလ ကလေးအရွယ် မှစလို့ မိဘများဟာ မိမိတို့ရဲ့ ကလေးကို ရေချိုး သနပ်ခါးလိမ်းပေးရင်း လက်ခလယ်ကလေးနဲ့ ကော်ပြီး ပါးစပ်ထဲခွံ့တတ်ကြောင်း၊ မြိုင်၊ ရေစကြို၊ ပခုက္ကူဆိုတာ ရှင်မတောင်ရဲ့ ဘေးပတ်လည် မှာ ရှိနေတာဆိုတော့ အဲဒီဒေသတွေရဲ့ ထွက် ကုန်ဖြစ်နေတာကြောင့် အသင်းအဖွဲ့ဖြစ်အောင် ထူထောင်ပေါင်းစည်းပြီး အောင်မြင်အောင် ဆောင်ရွက်ရမှာဖြစ်ကြောင်း ပြောကြားပါတယ်။

တစ်ကယ်လုပ်မယ့်သူကို အမှုဆောင် ရွေးချယ်ဖို့လိုကြောင်း၊ နောက်မကွေးတိုင်း ဒေသကြီး မြိုင်လွှတ်တော်ကိုယ်စားလှယ် ဦးစောဝင်းကလည်း ကိုယ့်ဒေသကထွက်ရှိတဲ့ ထွက်ကုန်သနပ်ခါးကို အသင်းအဖွဲ့ဖွဲ့စည်းပြီး အောင်မြင်အောင် ဆောင်ရွက်ဖို့လိုကြောင်း၊ လိုအပ်သည့် အကူအညီများကို ကြိုးစား ဆောင်ရွက် ဖြည့်ဆည်းသွားမှာဖြစ်ကြောင်း ပြောကြားပါတယ်။ အဲဒီနောက် ပခုက္ကူခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ခရိုင်ဦးစီး မှူး ဦးသန်းဦးက အသင်းအဖွဲ့ဖွဲ့စည်းဖို့၊ အသင်း အဖွဲ့ဖွဲ့စည်းရင် ရရှိမည့်အကျိုးကျေးဇူး၊ အသင်း အဖွဲ့ရဲ့ စည်းမျဉ်းစည်းကမ်းဥပဒေ လုပ်ထုံး လုပ်နည်းစသည်တို့ကို ရှင်းလင်းပြောကြား ပါတယ်။

ရေစကြိုမြို့နယ် သနပ်ခါးစိုက်ပျိုး ထုတ် လုပ်ရောင်းဝယ်သူများအသင်း ဒု- ဥက္ကဋ္ဌ ဒေါက်တာကျော်ငွေက စစ်ကိုင်းတိုင်းဒေသ ကြီး အရာတော်မြို့နယ် သနပ်ခါးစိုက်ပျိုးထုတ် လုပ် ရောင်းဝယ်သူများအသင်း ဖွဲ့စည်းမှုနှင့် သနပ်ခါး မူပိုင်ခွင့် ဆွေးနွေးပွဲမှာ တက်ရောက် ခဲ့တဲ့ အစည်းအဝေးအတွေ့အကြုံများကို ရှင်း လင်းပြောကြားပြီး သနပ်ခါးစိုက်ပျိုးထုတ်လုပ် ရောင်းဝယ်သူ မြိုင်အသင်းအဖွဲ့ ဖွဲ့စည်းပြီးရင် ညီနောင်အသင်းအဖွဲ့များဖြစ်သည်နှင့်အညီ အချင်းချင်းရိုင်းပင်းကူညီ ညှိနှိုင်းဆွေးနွေးပူး ပေါင်းဆောင်ရွက်သွားကြဖို့ ထပ်မံပြောကြား ပါတယ်။

တစ်ဆက်တည်း မြိုင်မြို့နယ် သစ်တော ဦးစီးမှူး ဦးဝင်းနိုင်ဦးကလည်း အသင်းအဖွဲ့ဖွဲ့ စည်းပြီးရင် အသင်းသားများရဲ့ စိုက်ပျိုးထား သော ဧကအလိုက် (သို့ ) စိုက်ပျိုးထားသော အကျယ်အဝန်းရှိသလောက် သစ်တောဌာန မှာ လာရောက်မှတ်ပုံတင်ကြဖို့၊ ကာလဘယ် လောက်အကြာမှာ သနပ်ခါးဘယ်လောက် ထွက်ရှိလာမယ်ဆိုတာ အနီးစပ်ဆုံး တွက်ချက် လာကြဖို့၊ သနပ်ခါးကို သစ်တော ထွက်ပစ္စည်း ဟု သတ်မှတ်ထားကြောင်း လာရောက်မှတ်ပုံ တင်ရာမှာ အဲဒီအတွက်ငွေကြေး တစ်စုံတစ်ရာ မှကုန်ကျမည်မဟုတ်ဘဲ သစ်တောဌာနမှ ကူညီ ဆောင်ရွက်ပေးမှာဖြစ်ကြောင်း၊ ရှင်းလင်း ပြောကြားပါတယ်။ သနပ်ခါးစိုက်ပျိုး ထုတ်လုပ် ရောင်းဝယ်သူများကလည်း သိလိုတာ မရှင်း လင်းတာ နားမလည်တာများကို ပြန်လည် ဆွေးနွေးမေးမြန်းကြပါတယ်။

ပခုက္ကူခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီး ဌာန ခရိုင်ဦးစီးမှူး ဦးသန်းဦးက အသင်းအဖွဲ့ အစည်းတစ်ခုရဲ့ အကျိုးကျေးဇူးဟာ ယခုပဲ လက်တွေ့ခံစားရပြီဖြစ်ကြောင်း၊ အသင်းအဖွဲ့ အကျိုးကျေးဇူးကြောင့် ယခုလို သစ်တောဦးစီး ဌာနမှ အကူအညီပေးနေတာ လက်တွေ့အကျိုး ခံစားရပြီဖြစ်ကြောင်း၊ အသင်းအဖွဲ့ဖွဲ့စည်း ရာတွင် ဒေသစုံနေရာစုံက စိုက်ပျိုးထုတ်လုပ် သူ တင်ပို့သယ်ယူသူ ရောင်းဝယ်ဖောက်ကား သူ အလွှာစုံပါအောင် အများဆန္ဒနှင့်အညီ ယာယီအသင်းကို အမှုဆောင် ၂၉ ဦးဖြင့် ဖွဲ့စည်းပြီးအသင်းရဲ့ ဥပဒေစည်းမျဉ်း စည်းကမ်း များရေးဆွဲခဲ့ကြောင်း အများသဘောတူပြီဆို မှ အသင်းကို အောင်မြင်စွာဆောင်ရွက်နိုင် အောင် အမှုဆောင်များကို အတည်ပြု ရွေး ချယ်မှာဖြစ်ကြောင်း သဘောတူကြပြီး အစည်း အဝေးကို ၁၂း၃၀ နာရီမှာ အောင်မြင်စွာ ကျင်းပခဲ့ကြောင်းသတင်းရရှိပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့ နယ်မှ စတင်လှုပ်ရှားခဲ့တဲ့ သနပ်ခါးမူပိုင်ခွင့် နှင့် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်းဖွဲ့စည်းရေးမှသည် မကွေးတိုင်းဒေသ ကြီး ရေစကြိုမြို့နယ်မှ ပထမခြေလှမ်းစလှမ်းခဲ့ ပြီးနောက် မြိုင်မြို့နယ်က ဆက်လက်လှုပ်ရှားခဲ့ တာဆိုတော့ ဒုတိယခြေလှမ်းလို့ပြောရင်မမှား နိုင်ပါဘူး၊ နောင်လည်းမြန်မာ့သနပ်ခါး (ရှင်မ တောင်၊ ရွှေဘို) ဟာ ခြေလှမ်းစိတ်စိတ်နဲ့ ဆက်လက်လှုပ်ရှားလာကြတော့မှာကို တွေ့ မြင်နေရပါတယ်။

မြန်မာ့သနပ်ခါးရနံ့. . . ကမ္ဘာအနှံ့ မွှေးကြိုင်နိုင်ပါစေ။

# ခိုင်မာကျယ်ပြန့်လာတဲ့ ကျောက်ကာယွန်းထည်ဈေးကွက်

ရှေးနှစ်ပေါင်းများစွာကတည်းက ထွန်းကားခဲ့တဲ့ မြန်မာ့ယွန်း ထည်လုပ်ငန်းဟာ ပုဂံ၊ မန္တလေး၊ အင်းဝ၊ ဝက်သဲ (မောင်းထောင်) ကျောက်ကာစတဲ့ ဒေသ ၅ ခုမှာ ဆက်လက်အမွေခံကာ ရိုးရာမပျက် ထုတ်လုပ်လျက်ရှိကြပါတယ်။ အဲဒီဒေသ ၅ ခုထဲက တစ်ခုဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ကျောက်ကာ (မြောက်ရွာ) မှာ လည်း ရိုးရာယွန်းထည်လုပ်ငန်းကို ရှေးယခင်ကတည်းက အဆင့်ဆင့် ပညာလက်ဆင့်ကမ်း ဆောင်ရွက်ခဲ့ကြကာ ယနေ့အခါ လုပ်ငန်းရှင် ၂၂ ဦးနဲ့ လုပ်သား ၅၅ ဦးအထိ ကျယ်ပြန့်လာပြီး၊ ယွန်းထည်လုပ်ငန်း အစုအဖွဲ့တစ်ခုအဖြစ် အရှိန်မြင့်ကာ အသေးစားကုန်ထုတ်လုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တဖက်တစ်လမ်းကနေ ပံ့ပိုးလုပ်ဆောင် နိုင်ခဲ့တာတွေ့ရပါတယ်။

ကျောက်ကာယွန်းထည်ကို အခြေခံအားဖြင့် အမှတ်တရအလှ ပြ ပစ္စည်းအဖြစ်နဲ့ အသုံးပြုရတဲ့ပစ္စည်း အဆင့်များအဖြစ် နှစ်မျိုးနှစ် စားထုတ်လုပ်လျက်ရှိပြီး၊ အခြားယွန်းဒေသများနဲ့မတူဘဲ ကိုယ်ပိုင် ဟန်နဲ့ ထုတ်လုပ်လျက် ရှိတာမို့ နိုင်ငံခြားသားများ စိတ်ဝင်စားကြိုက် နှစ်သက်မှု တိုးမြင့်လာတယ်လို့ ယွန်းထည်လုပ်ငန်းစု ဥက္ကဋ္ဌဖြစ်တဲ့ ငွေကြယ်စင်ယွန်းထည်လုပ်ငန်းပိုင်ရှင်ဖြစ်သူ ဦးစိုးမိုးကျော်ကပြော ပါတယ်။

ယွန်းထည်ပစ္စည်းတစ်ခုပြုလုပ်ဖို့ အစမှအဆုံးထိ အနည်းဆုံး လုပ်ငန်း ၁၃ ခုရှိသလို လုပ်သား ၁၃ ဦး လိုအပ်ပါတယ်။ ထို့အတူ ယွန်းထည်ပစ္စည်း မည်သည့်အရွယ်အစားမျိုးကိုဖြစ်စေ ထုတ်လုပ်မှု အနည်းဆုံး ခြောက် လ၊ ရှစ် လမှ တစ် နှစ်ထိရှိတယ်လို့ဆိုပါတယ်။ ဒါကြောင့် တန်ဖိုးမြင့်ပစ္စည်းအမျိုးအစားများကို အော်ဒါအရသာ ကြိုတင်ထုတ် လုပ်ပြီး ကုန်ပစ္စည်းများကိုတော့ ပုံမှန်ထုတ်လုပ်မှုရှိတ ယ်လို့သိရပါတယ်။ ယွန်းထည်ထုတ်လုပ်ဖို့ ကုန်ကြမ်းများဖြစ်တဲ့ မဲတင်းခ ဝါး၊ ကျွန်းလွှစာမှုန့်၊ သစ်စေး၊ ဟင်္သာပြဒါး၊ ရောင်စုံဆေးမှုန့်၊ ဒစ်စကိုရွှေ၊ ကော်ပတ်၊ သဘော်ဆေး များကို ဒေသအသီးသီးကနေ ပါဝင်အသုံးပြု ရကာ၊ ဆွမ်းအုပ်၊ မင်္ဂလာပွဲပြင်အုပ်၊ ဆွမ်းတော်တင်မိုက် ဆိုင်အုပ်၊ စော်ဘွားသုံး တိုးနယားခြေ မိုက်ဆိုင်အုပ်၊ ကွမ်းတောင်ကိုင် လက်ပွေ့အုပ်၊ လက်ဖက်အုပ်၊ စားပွဲတင်ကွမ်းအစ်၊ ထမင်းချိုင့်၊ ရေခွက်၊ ရေမှုတ်၊ ဗျတ်အမျိုးမျိုး၊ သုံးချောင်းထောက် ဒေါင်းလန်း၊ ဒေါက်အစုံပါ ယွန်းပန်းချီကား၊ စီးကရက်ဗူး၊ ပြာခွက်၊ စားပွဲတင် တစ်ရှူးစက္ကူဗူး၊ စကော၊ ပြည်တောင်း၊ သောက်ရေအိုးအဖုံး၊ ဇီးကွက် ရုပ်နဲ့ ကလေးကစားစရာ သုံးဆင့်ချိုင့်များအထိ ကုန်ကြမ်းအမျိုးပေါင်း များစွာ ထုတ်လုပ်လျက်ရှိပါတယ်။

ကုန်ချောပစ္စည်း တန်ဘိုးအနေနဲ့ အနည်းဆုံး ၁၀၀၀ ကျပ်မှ ၂ ဒသမ ၅ သိန်းကျပ်ခန့်အထိ ပစ္စည်း အဆင့်အတန်းပေါ်မူတည်ပြီး သတ်မှတ်ရောင်းချလျက်ရှိကာ ၂၉ လက်မအမြင့်ရှိတဲ့ ဆွမ်းချိုင့် တစ်လုံးကို အနည်းဆုံး ၁ ဒသမ ၅ သိန်း၊ ၂ သိန်းထိရှိပြီး၊ ယွန်းလက် ဖက်ရည်အိုး (ဗျက်+ပုဂံ ၄ လုံး) တစ်စုံရဲ့ တန်ဖိုးဟာ ကျပ် ၂ ဒသမ ၂၅ သိန်းရှိတယ်လို့ လုပ်ငန်းရှင် ဦးစိုးမိုးကျော်ကပြောပါတယ်။ အခု လို ကုန်ချောပစ္စည်းများ တန်ဖိုးမြင့်မားသလို လုပ်ငန်းရှင်များအနေနဲ့ လုပ်ငန်းအရှိန်အဟုန်မပျက် လည်ပတ်ဖို့အတွက် ငွေကြေးအရင်း အနှီး ခက်ခဲမှုရှိကာ မုံရွာမြို့နယ်၊ ကုန်သွယ်ရေးဦးစီးဌာနနဲ့ချိတ်ဆက် ပြီး၊ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၊ ဇေယျာပဒေသာဖောင်ဒေးရှင်းကနေ လုပ်ငန်းရှင် ၂၂ ဦးအတွက် ကျပ်သိန်း ၂၃၀၊ ယွန်းလုပ်ငန်း ၅၀ ဦး အတွက် ကျပ် သိန်း ၅၀၊ စုစုပေါင်း ကျပ်သိန်း ၂၈၀၊ ပထမအကြိမ် ထုတ်ချေးပေးခဲ့ပြီး ဒုတိယ အကြိမ်အဖြစ် ၂၀၁၄ ခု ဒီဇင်ဘာလ ၁၈ ရက်နေ့က လုပ်ငန်းရှင် ၂၂ ဦးအတွက် ကျပ်သိန်း ၃၃၅ သိန်းနဲ့ ယွန်း လုပ်သား ၅၅ ဦးအတွက် ကျပ်သိန်း ၁၁၀ စုစုပေါင်း ကျပ် ၄၄၅ သိန်း ထုတ်ချေးပေးခဲ့ရာ လုပ်ငန်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင် နိုင်ခဲ့တယ်လို့ လုပ်ငန်းရှင်များကပြောပါတယ်။

ကျောက်ကာယွန်းထည်ရဲ့ ဈေးကွက်အားဖြင့် ပြည်တွင်းဈေး ကွက်အနေနဲ့ ကျောက်ကာရွှေဂူနီဘုရားကြီး ဈေးဆိုင်ခန်းများမှာ နှစ် ပေါက်ရောင်းချသလို ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ ပြည်၊ တောင်ငူ၊ ပုသိမ်၊ ဟင်္သာတ၊ ရေး၊ မြိတ်၊ မော်လမြိုင်၊ သထုံ၊ ကျောက်မဲ၊ သီပေါ၊ သံတွဲ၊ နေပြည်တော်တို့ကိုဖြန့်ချိပြီး ပြည်ပဈေးကွက်အနေနဲ့ မြဝတီနယ်စပ် မှတစ်ဆင့် ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိပြီး၊ ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များ ဒေသသို့လာရောက် ဝယ်ယူမှုများလည်း အဆက် မပြတ်ရှိတယ်လို့ အဆိုပါလုပ်ငန်းရှင်များကပြောပါတယ်။

ဒီလိုပြည်တွင်းဈေးကွက်များသို့ တင်ပို့ရောင်းချမှုရှိသလို ကုန် သွယ်မှုမြှင့်တင်ရေးဦးစီးဌာနရဲ့ ချိတ်ဆက်မှုနဲ့ ဒေသထွက်ကုန်ပြပွဲများ အိန္ဒိယနိုင်ငံ ဆန်းရှိုင်းကုမ္ပဏီပြပွဲများသို့ပါ အခါအားလျော်စွာ ပြသ နိုင်ခြင်းဖြင့် ဈေးကွက် ဈေးနှုန်းပိုမိုကျယ်ပြန့်လာကာ အခွင့်အလမ်းနဲ့ ဒေသရဲ့တစ်ဦးချင်းဝင်ငွေတွေကို ပိုမိုတိုးတက်စေတဲ့ အသေးစား ကုန်ထုတ်လုပ်ငန်းတစ်ခုအဖြစ် အောင်မြင်စွာရပ်တည်လျက်ရှိပါ ကြောင်း . . . ။

**ထွန်းလှိုင်-မုံရွာ**

# မြန်မာ့စွမ်းအင်ကဏ္ဍ အထောက်အကူပြုဘက်စုံလွှမ်းခြုံသော သယံဇာတစီမံခန့်ခွဲမှုအလုပ်ရုံဆွေးနွေးပွဲကျင်းပ




မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်း (Renewable Energy Association Myanmar- REAM) နှင့် ထိုင်းနိုင်ငံ အခြေစိုက် Mekong Energy and Ecological Network - MEE Net အဖွဲ့အစည်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် "မြန်မာ့စွမ်းအင်ကဏ္ဍ အထောက်အကူပြုဘက်စုံလွှမ်းခြုံသော သယံဇာတ စီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲ" (Myanmar Power Sector Capacity Building on Integrated Resources Planning Workshop) ကို ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် နေပြည်တော်တံ့ဂပူရီ ဟိုတယ်တွင် ကျင်းပခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ အရာထမ်းများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်၊ မြန်မာ့အစိမ်းရောင်ကွန်ရက် (MGN) မှ တာဝန်ရှိသူများနှင့် ဆွေးနွေးပွဲကို ဦးဆောင်ကျင်းပသော မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်း (REAM) & MEE-Net မှ တာဝန်ရှိသူများ၊ စုစုပေါင်း ၃၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

ဆွေးနွေးပွဲကို နံနက် ၈း၃၀ နာရီတွင် စတင်ကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်၊ REAM မှ ဦးအောင်မြင့်နှင့် MEE-Net မှ ဒါရိုက်တာ Witoon Permpongsachareon တို့က အမှာစကားများ ပြောကြားခဲ့ပါသည်။

ဆွေးနွေးပွဲကို နှစ် ပိုင်းခွဲ ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲ ပထမပိုင်းတွင် ထိုင်းနိုင်ငံ၏ စွမ်းအင်ရရှိမှု အခြေအနေများကို MEE + Net မှ ဒါရိုက်တာ Witoon Permpongsachareon က "Lessons Learned from Thailand's Power Sector Planning" စာတမ်းဖြင့်လည်းကောင်း၊ Ms. Chuenchom Sangarasri Greacen က လျှပ်စစ်ရရှိနိုင်မည့်စီမံကိန်းများ ရရှိလာသောလျှပ်စစ်များကို ချိတ်ဆက်သုံးစွဲမှုနှင့် ဦးဆောင်အဖွဲ့အစည်းများအပိုင်းမှ ဆောင်ရွက်ရမည့် အခြေခံစနစ်များ၊ စီမံခန့်ခွဲမှုများအကြောင်းကို "Planning Objectives, Constraints and Framework for Accountability" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဘက်စုံလွှမ်းခြုံသော သယံဇာတစီမံခန့်ခွဲမှု ( Integrated Resource Planning - IRP) အကြောင်းကို Pacific Northwest, USA မှ Power Sector Planning များပေါ် အခြေခံ၍ "Integrated Resource Planning: a Best Practice case from the Pacific Northwest, USA" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးပွဲ ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ၂၀၃၀ ခုနှစ်တွင် မြန်မာနိုင်ငံ၌ လျှပ်စစ်ဓါတ်အား ၃၀၀၀ MW ရရှိရေးအတွက် သဘာဝဓါတ်ငွေ့၊ ရေအားလျှပ်စစ်၊ ကျောက်မီးသွေး၊ ဆိုလာ၊ ဇီဝဒြပ်ထု၊ လေစွမ်းအင်တို့မှ ထုတ်ယူမည့် ဦးစားပေးအစီအစဉ်များ၊ စွမ်းအင်ဆိုင်ရာ ပေါ်လစီအကြံပြုချက်များ၊ လျှပ်စစ်ထုတ်ယူရာတွင် ကုန်ကျမည့် ကုန်ကျစရိတ်များ၊ အခက်အခဲများအကြောင်းကို ဆွေးနွေးခဲ့ကြပြီး။

ဆွေးနွေးပွဲကို ညနေ ၅း၀၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

**TMK (DOTP)**



# Hurun Best of the Best Awards 2015 အခမ်းအနားတွင် Huawei Mate7 မှ Smartphone Best New Arrival ဆုကို ဆွတ်ခူးရရှိ

ရှန်ဟိုင်းတွင်ကျင်းပခဲ့သည့် (၁၁) ကြိမ်မြောက် Hurun နည်းပညာပစ္စည်း အကောင်းဆုံးဆုပေးပွဲတွင် Huawei ၏ စမတ်ဖုန်းအသစ်တစ်ခုဖြစ်သော Mate 7 က ၂၀၁၅ခုနှစ်၏အကောင်း ဆုံးစမတ်ဖုန်းအသစ်ဆုကို ချီးမြှင့်ခြင်း ခံခဲ့ရသည်။

အဆိုပါအခမ်းအနားတွင် ဇိမ်ခံ ပစ္စည်းအမျိုးအစား ၁၀၀ ကျော်ဖြစ်သည့် ကား၊ နာရီ၊ ဖက်ရှင်တံဆိပ်များ နှင့် လက်ဝတ်ရတနာ၊ ရွက်လှေ၊ သင်္ဘော၊ ဂျက်လေယာဉ်၊ ပုဂ္ဂလိက ဘဏ်လုပ်ငန်းအစရှိသည့်ဇိမ်ခံပစ္စည်း များကို ဆုများချီးမြှင့်ခဲ့ပြီး Huawei Mate 7 အနေဖြင့် အရောင်းရအမြန်ဆုံး၊ အကျော်ကြားဆုံး၊ တိုးတက်မှုအမြန်ဆုံးစသည့်ဂုဏ်ပုဒ်များကြောင့် အဆိုပါဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ကြောင်း Huawei Consumer BG ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Huawei အမှတ်တံဆိပ်သည် သုံးစွဲသူများအတွက် အဆင့်မြင့်၊ အရည်အသွေးမြင့်သည့်စမတ်ဖုန်းတစ် ခုဖြစ်သည့်အတွက် Mate 7 သည် Hurun ၏ အဆင့်မီဇိမ်ခံပစ္စည်း အမှတ်တံဆိပ်တွင် ပါဝင်နေခြင်းဖြစ်ကြောင်း၊ Huawei ၏အရည်အသွေးမြင့်ပစ္စည်းများ ထုတ်လုပ်သည့်နည်းဗျူဟာကြောင့် ယခုကဲ့သို့ အောင်မြင်မှုကိုရရှိခဲ့ခြင်းဖြစ်သည်ဟု Huawei Consumer BG Handset Product Line ၏ ဥက္ကဋ္ဌ မစ္စတာကီဗင်ဟိုက ပြောကြားခဲ့သည်။

Mate 7 ကို စတင်မိတ်ဆက်သည့် ၂၀၁၄ခုနှစ်စက်တင်ဘာလမှယနေ့အထိ ကမ္ဘာတစ်ဝန်းတွင် အလုံးရေနှစ်သန်းကျော်ကို ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

**MTD**

# မြန်မာနိုင်ငံ၏အွန်လိုင်းဈေးကွက်တွင် ကျန်းမာရေးပစ္စည်းများ အရောင်းသွက်လာ

မြန်မာနိုင်ငံ၏ အွန်လိုင်းဈေးကွက်အတွင်း ကျန်းမာရေးအထောက်အကူပြုပစ္စည်းများသည် ရောင်းလိုအား မြင့်တက်လာသည်နှင့်အမျှ ဝယ်ယူလိုသူများ၏ လိုအပ်ချက်များသည်လည်း မြင့်တက်လာကြောင်း မြန်မာနိုင်ငံ၏ အွန်လိုင်းမားကက်တစ်ခုဖြစ်သည့် Ads.com.mm ၏သတင်းထုတ်ပြန် ချက်များအရ သိရသည်။

မြန်မာနိုင်ငံအတွင်း ကျန်းမာရေး လိုက်စားမှု မြင့်တက်လာမှုနှင့်အတူ လူငယ်ပိုင်းအများစုသည် အသားအရေ ထိန်းသိမ်းမှုနှင့်ဆက်စပ်နေသော အလှကုန်ပစ္စည်းများသည်လည်းကောင်း၊ ဆံကေသာနှင့်ပတ်သက်သောပစ္စည်းများသည်လည်းကောင်း ဈေးကွက်အတွင်း ဝယ်လိုအား အလွန်အမင်းမြင့်တက်လျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် မြန်မာပြည်တွင်း တွင် အွန်လိုင်းဈေးကွက်များ အရှိန်အဟုန်ဖြင့် တိုးတက်လာသည်နှင့်အမျှ အွန်လိုင်းဈေးကွက်များမှ အလှကုန်နှင့် ကျန်းမာရေးပစ္စည်းများသည် အွန်လိုင်းတွင် ဈေးဝယ်သူတို့၏ သည်းခြေကြိုက်ကဏ္ဍတစ်ခုဖြစ်လာခဲ့သည်။

အပြင်ဈေးကွက်တွင် ရှာဖွေရခက်ခဲသောပစ္စည်းများကို အွန်လိုင်းများတွင် Pre Order ဖြင့် အလွယ်တကူ မှာယူနိုင်သည် Branded ပစ္စည်းကို စွဲလန်းသူတို့အတွက် ဈေးဝယ်ရအလွန်လွယ်ကူသော အခွင့်အရေးသစ်တစ်ခုဖြစ်လာခဲ့သည်။

မြန်မာပြည်တွင်းအဆင့်မြင့် Branded ပစ္စည်းများသည် အပြင်ဈေးကွက်တွင် ဝယ်ယူရခက်ခဲသောကြောင့်သော်လည်းကောင်း၊ သွားလာရခက်ခဲသော နေရာများတွင်သာ Branded ပစ္စည်းများကို ရောင်းချနေသောကြောင့် အွန်လိုင်းဈေးကွက်၏အလှကုန်နှင့်ကျန်းမာရေးပစ္စည်းများသည် အွန်လိုင်းဈေးကွက်အတွင်း ဖက်ရှင်ကဏ္ဍနှင့်အပြိုင် တိုးတက်လာကြောင်း တွေ့ရသည်။

အဆိုပါ Ads.com.mm ၏ Head of Public Relations ဖြစ်သူ Mr Elijah Htang က "ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကျန်းမာရေးလိုက်စားတဲ့ လူတွေ များတာကတစ်ပိုင်း၊ အမျိုးသမီးတွေ ကြားထဲမှာဆို မယ်ပြိုင်ပွဲတွေလည်း တဖြည်းဖြည်း မြင့်တက်လာတာနဲ့အမျှ ကျွန်တော်တို့နိုင်ငံက လူတွေက အလှအပဆိုင်ရာ တစ်ခုတည်းကိုသာမဟုတ်ဘဲ ကျန်းမာရေးနဲ့ပတ်သက်တာတွေကို လေ့လာလိုက်စားမှုမြင့်တက်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ ကျန်းမာခြင်းကို လိုက်စားမှုမြင့်တက်လာတာဟာ နိုင်ငံအတွက်လည်း အရမ်းကောင်းပါတယ်။ ကျွန်တော်တို့ဝက်ဘ်ဆိုက်မှာ Pre Order Service ပေးတဲ့ လူတွေပါရှိတဲ့ အတွက် Health and Beauty Category က အရင်နှစ်ကထက် သုံးဆလောက်မြင့်တက်လာပါတယ်"ဟု ပြောကြားခဲ့သည်။

အဆိုပါဝက်ဘ်ဆိုက်၌ကျန်းမာရေးနှင့် အလှအပဆိုင်ရာကဏ္ဍတွင် ကျန်းမာရေးနှင့်ပတ်သက်သောပစ္စည်းပေါင်း ၄၀၀ ကျော်နှင့် အလှအပပိုင်းပစ္စည်း ဆိုင်ရာပေါင်း ၃၅၀ကျော်ကို ရှာဖွေဝယ်ယူနိုင်ကြောင်း သိရသည်။

**MTD**

Commodity Exchange News
Vol: 15, No.7 Monday Feb 16 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၆-၂-၂၀၁၅)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီ အိန္ဒိယအဝယ်သွက်လို့ ဈေးသိသာစွာမြင့်လာ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (RC) ကို အိန္ဒိယဝယ်လက်က ဈေးကွက်စဖွင့်ချိန်မှာတစ်တန်ကို ၈၁၁၀၀၀ ကျပ်ဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ပေမယ့် နောက်ပိုင်းရက်တွေမှာ အိန္ဒိယဝယ်လက်က ဈေးပေးအဝယ်ရှိခဲ့သလို ဝယ်လိုအားပါ သွက်လာလို့ ဈေးတရိပ်ရိပ်မြင့်တက်လာပြီး ဈေးကွက်ပိတ်ချိန်မှာတော့ တစ်တန်ကို ၈၃၇၀၀၀ ကျပ်အထိ ဈေးဆက်လက်မြင့်တက်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ပဲစင်းငုံနီ (RC) ကို အိန္ဒိယဝယ်လက်က ဈေးကွက်စဖွင့်ချိန်မှာ တစ်တန်ကို ၈၄၇၀၀၀ ကျပ်ဈေးဖြင့် စတင်အဝယ်ရှိခဲ့ရာက နောက်ပိုင်းရက်တွေမှာ ဝယ်လိုအားသွက်လာတာကြောင့် ဈေးတဖြည်းဖြည်းမြင့်တက်လာပြီး ဈေးကွက်ပိတ်ချိန်မှာတော့ တစ်တန်ကို ၈၆၃၀၀၀ ကျပ်အထိ ဈေးကောင်းရရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။



## မူဆယ်ဈေးကွက်မှာ ပြောင်းကို တရုတ်ဝယ်လိုအားလျော့

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ်နယ်စုံမှ ပြောင်းဝင်ရောက်မှုက တစ်ပတ်အတွင်း တန်ချိန် ၂၄၀၀၀ ခန့် ဝင်ရောက်ခဲ့လို့ အဝင်ပုံမှန်ရှိပေမယ့် တရုတ်နှစ်သစ်ကူးပွဲနီးလာလို့ တရုတ်ကုန်သည်များ ပြန်သွားတာကြောင့် အဝယ်လျော့သွားကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ၅၀ ကီလို တစ်အိတ်ကို အနိမ့်ဆုံး ၈၇ ယွမ်မှ အမြင့်ဆုံး ၉၁ ယွမ်ဈေးအတွင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မန္တလေးဈေးကွက်မှာ ပဲစင်းငုံနီဈေးစွာ ပဲတီစိမ်းကို တရုတ်ဝယ်လိုအား ပုံမှန်ရှိ

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီကို ရန်ကုန်အဝယ်သွက်တာကြောင့် ယခင်အပတ်နဲ့နှိုင်းယှဉ်ပါက ဈေးသိသာစွာမြင့်လာပြီး တစ်ပိဿာကို ၁၃၃၃ ကျပ် (တစ်တန်ကို ၈၁၆၃၁၅ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၂၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးအနေဖြင့် ဈေးအနည်းငယ် ကျလာပေမယ့် တရုတ်ဝယ်လက်ကတော့ တစ်ပိဿာ ၁၆၅၃ ကျပ် (တစ်တန်ကို ၁၀၁၂၂၈၀ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၁၀၀၀ ခန့်ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲပုပ်ကို တရုတ်ဝယ်လိုအား လျော့လာပေမယ့် ပြည်တွင်းဝယ်လိုအားကတော့ ပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၉၀၀ ကျပ်(တစ်တန်ကို ၅၅၁၁၅၁ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## လားရှိုးဈေးကွက်မှာ ပြောင်းအဝင်များ၊ တရုတ်ဝယ်လိုအား ပုံမှန်ရှိ

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းနယ်အဝင်များလာသလို တရုတ်ဘက်ကလည်း ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၄၀၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၁၈ သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မုံရွာဈေးကွက်မှာ ပဲစင်းငုံနီဈေးမာ၊ မတ်ပဲပုံမှန်အရောင်းအဝယ်ဖြစ်

မုံရွာဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီ (သစ်) အဝင်များလာပြီး Export အတွက်ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ဈေးပေးအဝယ်ရှိသလို ဝယ်လိုအားပါများလာတာကြောင့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးသိသာစွာမြင့်လာပြီး တစ်ပိဿာကို ၁၃၃၅ ကျပ် (တစ်တန်ကို ၈၁၇၅၄၀ ကျပ်) ဈေးနဲ့ အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို ရန်ကုန်ဝယ်လက်နှင့် ဒေသတွင်း ပဲခွဲစက်များက ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၂၆၀ ကျပ်(တစ်တန်ကို ၇၇၁၆၁၁ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၄၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပြည်ဈေးကွက်တွင် ပဲစင်းငုံနီ အမြင့်ဈေးနဲ့ အရောင်းအဝယ်သွက်၊ ပဲလွန်းဖြူ အဝင်လျော့

ပြည်ဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီ(သစ်)တွေ ဈေးကွက်ထဲဝင်ရောက်မှုများလာသလို ရန်ကုန်ဝယ်လက်နဲ့လှောင်လက်တချို့ကလည်း ဝယ်လိုအားကောင်းတာကြောင့် ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာ ၁၃၆၀ ကျပ် (တစ်တန်ကို ၈၃၂၈၅၀ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၁၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ မတ်ပဲ(သစ်)တွေအနေဖြင့်ဈေးကွက်သို့ပုံမှန်ဝင်ရောက်နေသလို ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၃၀၀ ကျပ် (တစ်တန်ကို ၇၉၆၁၀၇ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲလွန်းဖြူ(သစ်)တွေ အဝင်လျော့လာသလို ရန်ကုန်ဝယ်လက်လည်း အဝယ်အေးပြီး ဒေသတွင်း လက်လီသမားအချို့သာ ဝယ်ယူမှုအနည်းငယ်ရှိခဲ့လို့ တစ်ပိဿာကို ၉၂၅ ကျပ်(တစ်တန်ကို ၅၆၆၄၆၀ ကျပ်)ဈေးနဲ့ အိတ် ၅၀ မှ ၁၀၀ ကြားသာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မကွေးဈေးကွက်မှာ နှမ်းမျိုးစုံပုံမှန်အရောင်းအဝယ်ဖြစ် ပဲစင်းငုံနီဈေးစွာ၊ ကုလားပဲ(သစ်)ဈေးကောင်းရ

မကွေးဈေးကွက်မှာ ဒီတစ်ပတ် နှမ်းမျိုးစုံကို ရန်ကုန်-မန္တလေးဝယ်လက်နှင့် ဒေသတွင်းဆီစက်တွေက ဝယ်လိုအားပုံမှန်ရှိသလို ရောင်းသူကုန်သည်တွေကလည်း ဝယ်ဈေးကြိုက်လို့ အရောင်းအ ဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် နှမ်းနီတစ်ပိဿာ ၂၃၆၀ ကျပ်၊ နှမ်းဖြူတစ် ပိဿာ ၂၆၇၀ ကျပ်၊ နှမ်းနက်စမုံတစ်ပိဿာ ၄၀၉၀ ကျပ်၊ နှမ်းနက်ရိုးရိုးတစ်ပိဿာ ၂၈၄၅ ကျပ်ဈေးဖြင့် နှမ်းမျိုးစုံတစ်ရက်ကို အိတ် ၈၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ (သစ်)တွေ ဈေးကွက်သို့အဝင်များလာသလို Export အတွက်ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအားသွက်တာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာ ၁၃၄၀ ကျပ်(တစ်တန်ကို ၈၂၀၆၀၂ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။

## ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးမာ ပဲလွန်းဖြူ ပုံမှန်အရောင်းအဝယ်ဖြစ်

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ(သစ်)တွေ ဈေးကွက်သို့ ပုံမှန်ဝင်ရောက်သလို Export အတွက်အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း အဝယ်ပြန်လိုက်လာလို့ ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါကဈေးမြင့်လာပြီး တစ်ပိဿာကို ၁၃၃၀ ကျပ်(တစ်တန်ကို ၈၁၄၄၇၈ ကျပ်)ဈေးနဲ့ တစ်ရက်ကို အိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲလွန်းဖြူ(သစ်) ကိုလည်း ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၉၇၅ ကျပ်(တစ်တန်ကို ၅၉၇၀၈၀ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၃၅၀ ခန့် ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။

## တောင်ကြီးဈေးကွက်မှာ ပြောင်းကို ရန်ကုန်-မန္တလေး ပုံမှန်အဝယ်ရှိ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းကို ရန်ကုန်-မန္တလေးဝယ်လက်နှင့် ဒေသတွင်းအစာစပ်လုပ်ငန်းရှင်များက ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၃၅၅ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## ရေစကြိုဈေးကွက်မှာ ပြောင်းနဲ့ ပဲပုပ် ပုံမှန်အရောင်းအဝယ်ဖြစ်

ရေစကြိုဈေးကွက်မှာ ဒေသထွက်ပြောင်းကို ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၃၅၀ ကျပ်ဈေးဖြင့် နေ့စဉ်အိတ် ၈၀၀ မှ ၁၀၀၀ ကြား ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ဒေသထွက်ပဲပုပ်ကိုလည်း ဝယ်လက်တွေက တစ်ပိဿာကို ၈၂၅ ကျပ်ဈေးဖြင့် (တစ်တန်ကို ၅၀၅၂၂၁ ကျပ်) အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီဈေးမြင့် ကုလားပဲဖြူလုံးကြီး ပုံမှန်အရောင်းအဝယ်ဖြစ်

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်အဝယ်သွက်တာကြောင့် ဈေးမြင့်လာပြီးတစ်ပိဿာ ၁၃၄၅ ကျပ် (တစ်တန်ကို ၈၂၃၆၆၄ ကျပ်) ဈေးနဲ့တစ်ပတ် အတွင်း အိတ် ၃၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကို ဒေသတွင်းပဲခွဲစက်တွေက ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၈၂၆ ကျပ်(တစ်တန်ကို ၅၀၅၈၃၄ ကျပ်) ဈေးနဲ့ တစ်ရက်ကိုအိတ် ၂၅၀ ခန့်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီ အရောင်းအဝယ်သွက်လို့ ဈေးမြင့်၊ ပဲတီစိမ်း အရောင်းအဝယ်ပါး

အောင်လံဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီ (သစ်)တွေ ဈေးကွက်ထဲ အဝင်လှိုင်နေသလို Export အတွက်အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအားသွက်တာကြောင့် ယခင် အပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၃၅၀ ကျပ် (တစ်တန်ကို ၈၂၆၇၂၆ ကျပ်)ဈေးနဲ့ တစ်ရက်ကို အိတ် ၁၀၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကတော့ နယ်အဝင်လျော့သွားသလို မန္တလေးဝယ်လက်ကလည်း ဝယ်လိုအား ပါးသွားလို့ ဈေးအေးနေပြီး တစ်ပိဿာကို ၁၆၇၅ ကျပ်(တစ်တန်ကို ၁၀၂၅၇၅၃ ကျပ်)ဈေးဖြင့် နေ့စဉ်အိတ် ၂၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



# ထိုင်း-မြန်မာတံတားသစ်နဲ့ အထူးစီးပွားရေးဇုန်

ထိုင်းအစိုးရဟာ တာ့ခ်ခရိုင်မှာ ထူထောင်တဲ့ အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုက်လျောညီတွေဖြစ်စေဖို့ မိုးရေးမြစ်ကိုဖြတ်၍ ထိုင်းနဲ့ မြန်မာနိုင်ငံကို ဆက်သွယ်မယ့် တံတားတစ်စင်း တည်ဆောက်ဖို့ ထိုင်းဘတ်ငွေ သန်း ၃၀၀ ကို ခွဲဝေချထားပေးခဲ့ပါတယ်။ ဇန်နဝါရီလအတွင်းမှာ ထိုင်းအစိုးရဟာ မဲဆောက်၊ မဲရာမက်နဲ့ ဖော့ဖရား ပြည်နယ်များရှိ ခရိုင် ၁၄ ခုမှာ အထူးစီးပွားရေးဇုန်တစ်ခုထူထောင်သွားရန် သတ်မှတ်ထားခဲ့ပါတယ်။ တံတားတည်ဆောက်မှုပြီးစီးသွားပါက နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုဟာ သိသိသာသာ တိုးတက်လာမယ်လို့ မျှော်မှန်းထားပါတယ်။ ဒါ့အပြင် မဲဆောက်ဒေသဟာ အရှေ့အနောက် စီးပွားရေးစင်္ကြံ (East-West Economic Corridor -EWEC ) ရဲ့ ဝင်ပေါက်တစ်ခုဖြစ်နေတဲ့အတွက် အဲဒီဒေသနဲ့ဆက်စပ်နေတဲ့ ဒေသတွေမှာ အထူးစီးပွားရေးဇုန်တွေ တည်ဆောက်ရတာဖြစ်တယ်လို့ ဆိုပါတယ်။

တာ့ခ်ခရိုင်မဲဆောက်ရှိ Ban Wang Takhien ကျေးရွာတံတားဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ လာရောက်စစ်ဆေးကြည့်ရှုခဲ့တဲ့ ထိုင်းဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Wisut Srisuphan က တံတားတည်ဆောက်ရေးလုပ်ငန်းခွင်ကို လာရောက်ခြင်းဖြစ်သလို အထူးစီးပွားရေးဇုန်ထူထောင်ရန် အခြေခံအဆောက်အဦး လိုအပ်ချက်များကိုလည်း လာရောက်ကြည့်ရှုခြင်းဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

မဲဆောက်နယ်စပ်ကုန်သွယ်ရေးဟာ ယမန်နှစ်က ဘတ် ဘီလီယံ ၆၀ ဆောင်ရွက်နိုင်ခဲ့ပြီး ယခုတံတား ပြီးစီးပါက နှစ်ဆထိတိုးလာနိုင်မယ်လို့ ပြောပါတယ်။ လက်ရှိ နှစ်လမ်းသွား မြဝတီ-မဲဆောက်တံတားဟာ ယာဉ်များနဲ့ ကျပ်သိပ်နေပေမယ့် ယခုဆောက်နေတဲ့တံတားသစ်ဟာ လေးလမ်းသွား တံတားသစ်ကြီးဖြစ်တယ်လို့ သိရပါတယ်။ ထိုင်းနိုင်ငံဟာ အရှေ့အနောက် စီးပွားရေးသင်္ကြံရဲ့ ကီလိုမီတာ ၇၀၀ ခန့်ကို ပိုင်ဆိုင်ထားတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။

**တိမ်ကင်းစင်**

# ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ (၆၈) နှစ်မြောက် ရှမ်းပြည်နယ်နေ့ပြပွဲ ကျင်းပပြုလုပ်



ဖေဖော်ဝါရီ ၇ ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့သော " (၆၈) နှစ်မြောက် ရှမ်းပြည်နယ်နေ့" အခမ်း အနားကို ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ အဝေရာကုန်းသာယာကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

ထိုအခမ်းအနားကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပေါင်းစုံ ယဉ်ကျေးမှုအဖွဲ့များ၊ NGO အဖွဲ့များ၊ ကျောင်းသူကျောင်းသားများနှင့် ပြည်သူများ တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ပေးပို့သောသဝဏ်လွှာအား ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းမှ ပေးပို့သောသဝဏ်လွှာအား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ထံမှပေးပို့သော သဝဏ်လွှာအား ရှမ်းပြည်နယ် ဘဏ္ဍာရေးဝန်ကြီးကလည်းကောင်း ဖတ်ကြားတင်ပြခဲ့ပါသည်။

အခမ်းအနားတွင် ဓမ္မစကူးလ်ပြခန်း၊ ကျန်းမာရေးဝန်ကြီးဌာနပြခန်း၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ပြခန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြခန်း၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနပြခန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနပြခန်း၊ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြခန်း၊ လျှပ်စစ်နှင့် ဓာတ်အားဖြန့်ဖြူးရေးဝန်ကြီးဌာနပြခန်း၊ ရှမ်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ပြခန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပြခန်း၊ ရှမ်းပြည်နယ်မီးသတ်တပ်ဖွဲ့ပြခန်း၊ သစ်တောရေးရာဝန်ကြီးဌာနမှဦးစီး၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပြခန်း၊ သစ်တောဦးစီးဌာနပြခန်းနှင့် မြန်မာ့သစ်လုပ်ငန်းပြခန်း၊ ကုန်းလမ်းပို့ဆောင်ရေးဝန်ကြီးဌာနပြခန်း၊ ပညာရေးဝန်ကြီးဌာန ပြခန်း၊ စက်မှုလက်မှုဝန်ကြီးဌာန ပြခန်းများ ဖွင့်လှစ်ပြသခဲ့ပြီး အဆိုပါကွင်း၌ မုန့်စားပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ အစရှိသည့် အားကစားပြိုင်ပွဲများလည်း ကျင်းပပြုလုပ်ခဲ့ပါသည်။

ထိုပြခန်းများအား ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်လံကြည့်ရှုခဲ့ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပတ်သက်သော ကုန်သွယ်မှုအခြေအနေ၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်း များကို စားသုံးသူရေးရာဦးစီးဌာ ပြည်နယ်ဦးစီးမှူး ဦးစိုးအောင်က လှည့်လည်ကြည့်ရှုသူများ၏ မေးမြန်းမှုများမှ သိလိုသော အကြောင်းအရာ အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။ **စိုးအောင် (ရှမ်းပြည်နယ်)**

# မြန်မာ့ရေထွက်ကုန်လုပ်ငန်းကဏ္ဍတွင် ဒတ်ချ်စီးပွားရေးလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံတော့မည်

ရေချို၊ ရေငန်နဲ့ ငါးမွေးမြူရေးလုပ်ငန်းတို့မှ ဖမ်းဆီးရမိတဲ့ ငါးပုစွန်များကို ဝန်ကြီးဌာန ဦးဆောင်စီမံမှုနဲ့ ဈေးကွက်ဝင် စံချိန်စံညွှန်းများနဲ့ ကိုက်ညီတဲ့ ငါးပုစွန်များကို တရုတ်၊ ထိုင်း၊ စင်ကာပူ၊ ကူဝိတ်၊ မလေးရှား၊ ဆော်ဒီအာရေဗျ၊ ဂျပန်၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ဘင်္ဂလားဒေ့ရှ်နဲ့ ဗြိတိန်နိုင်ငံတို့သို့ အများဆုံးတင်ပို့ လျက်ရှိပါတယ်။

မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနရဲ့ ဦးဆောင်ကြီးကြပ်မှုနဲ့ ငါးပုစွန်များ ဖမ်းဆီးမွေးမြူပြီး ပြည်တွင်းစားသုံးမှုနဲ့ နိုင်ငံတကာဈေးကွက်သို့ စနစ်တကျတင်ပို့နိုင်ရေး ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ ငါးပုစွန်အစာထုတ်လုပ်ရောင်းချ ရောင်းဝယ်သူများ အသင်းနဲ့ ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများအသင်းတွေကို ဖွဲ့စည်းလုပ်ဆောင်လျက်ရှိပါတယ်။

အစိုးရအနေနဲ့ နိုင်ငံတော်ရဲ့ ရေထွက်ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိရာမှ နယ်သာလန်နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်တော့မှာဖြစ်ပါတယ်။

နယ်သာလန်နိုင်ငံမှ မြန်မာ့ရေထွက်ကုန်ကဏ္ဍမှာ ရင်းနှီးမြှုပ်နှံ ရန် စိတ်ပါဝင်စားကြတဲ့ ဒတ်ချ်ရေထွက်ကုန်လုပ်ငန်းရှင်များ ကိုယ်စားလှယ်အဖွဲ့ဟာ ဇန်နဝါရီလအတွင်းက မြန်မာနိုင်ငံကို လာရောက်ခဲ့ကြပြီး မွေးမြူရေး ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသို့ လုပ်ငန်းလုပ်ဆောင်ခွင့် အဆိုပြုလွှာကို လာရောက်လျှောက်ထားခဲ့ကြတယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံဟာ ရေထွက်ကုန်များနဲ့ ပတ်သက်လျှင် အလားအလာကောင်းများစွာရှိပြီး မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ ရေထွက်ကုန်ကဏ္ဍတွေကို လုပ်ဆောင်နိုင်တဲ့ အခွင့်အလမ်းများစွာ ရှိကြပါတယ်။ ဒါပေမယ့် နိုင်ငံတကာ ဈေးကွက်ဝင်အဆင့်အတန်း စံချိန်စံညွှန်းပြည့်မီရန်အတွက် လိုအပ်ချက်များရှိနေကြပြီး ပြည်ပသို့ ရေထွက်ကုန်တင်ပို့ရာမှာ အခက်အခဲများစွာနဲ့ ရင်ဆိုင်နေကြရပါတယ်။ နယ်သာလန်အဖွဲ့က တင်ပြထားတဲ့လုပ်ငန်းအဆိုပြုလွှာမှာ ငါးများ စတင်ဖမ်းဆီးသည်မှ အအေးခန်းမှာ သိုလှောင်တဲ့အဆင့်ထိ လုပ်ငန်းများလုပ်ဆောင်ရန် ကိစ္စရပ်များထည့်သွင်း ဖော်ပြထားတဲ့အပြင် ပြည်ပသို့တင်ပို့မှုကိုလည်း လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

မြန်မာ့ငါးလုပ်ငန်းရှင်များကတော့ နိုင်ငံတကာအဖွဲ့အစည်းများကို ကြိုဆိုလိုသော်လည်း ဈေးကွက်ဝေစုနေရာကို ယူသွားမှာကိုတော့ စိုးရိမ်လျက်ရှိနေတယ်လို့ဆိုပါတယ်။

မြန်မာ့ပင်လယ်ပြင် ကမ်းရိုးတန်းမှ ဖမ်းဆီးရမိသော ငါးပုစွန်ထုတ်လုပ်မှုဟာ အာဆီယံဒေသတွင်းမှာ အဆင့် ၄ နေရာမှာရှိပြီး ကမ္ဘာမှာ အဆင့် ၁၄ မှာရှိနေပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ရေချိုငါးဖမ်းလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၁၂၀ သန်းရရှိရေး လျာထားချက် ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ကန်ဒေါ်လာ ၈၆ သန်းကျော်တန်ဖိုးရှိ ငါးပုစွန်တန်ချိန် ၇၉၀၀၀ ကျော်တင်ပို့နိုင်ခဲ့ပါတယ်။

**တိမ်ကင်းစင်**

# မုံရွာမြို့ကုန်စည်ပြပွဲသို့ ကသာခရိုင် ဒေသထွက်ကုန်ပစ္စည်းများဝင်ရောက်ပြသ

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အထိမ်းအမှတ်အဖြစ် မုံရွာမြို့၊ မြို့တော်ခန်းမမှာ ကျင်းပပြုလုပ်တဲ့ ကုန်စည်ပြပွဲသို့ ကသာမြို့နယ်ထွက် မိုးတားလေးငါးချဉ်၊ အင်းတော်မှ တမလန်းနှင့် ပြုလုပ်ထားသည့် ပက်လက်ကုလားထိုင်၊ စားပွဲ စသည့်လူသုံးကုန်ပစ္စည်းများ၊ ဝန်းသိုမှ ဝါးခမောက်၊ ကောလင်းမှ ရေစိမ်ခေါက်ဆွဲ၊ ဗန်းမောက်နှင့် ပင်လည်ဘူးမှ သဘာဝပျားရည်နှင့် ပန်းပုလုပ်ငန်းများဝင်ရောက်ပြသကြပါတယ်။

" ခုလို ဒေသထွက်ပစ္စည်းတွေကို နေရာဒေသအနှံ့အပြားကသိဖို့ဆိုတာ ကျွန်တော်တို့ အင်အားနဲ့တင် ဖြစ်မလာနိုင်ပါဘူး။ ဒီလိုတစ်ပေါင်းတည်း၊ တစ်စည်းတည်း၊ တစ်နေရာထဲမှာ ဒေသစုံကနေ ပစ္စည်းမျိုးစုံ ကြည့်ရှု ရောင်းချနိုင်ဖို့အတွက် ကုန်စည်ပြပွဲတွေကို ကျင်းပပြုလုပ်ပေးတဲ့ သက်ဆိုင်ရာ အဖွဲ့အစည်းအားလုံးကို ကျွန်တော်တို့ လုပ်ငန်းရှင်တွေအနေနဲ့ အများကြီး ကျေးဇူးတင်ရမှာပါ။ အရင်တုန်းက ဒေသတွင်း နီးစပ်ရာလောက်တင် ရောင်းချရတာကို၊ ခုတော့ မြို့နယ်ကနေ ခရိုင်၊ ခရိုင်ကနေ တိုင်း၊ တိုင်းကနေတိုင်းပြင်ပ ဈေးကွက်ထိ မျှော်လင့်လို့ ရသွားတာပေါ့ဗျာ၊ နောက်နောင်တွေမှာလည်း ဖိတ်ကြားပေးပါ၊ ဝင်ရောက်ပြသသွားမှာပါလို့" ပြပွဲတွင် ပါဝင်ပြသသူတစ်ဦးက ပြောပြပါတယ်။ **စွမ်းရည်-ကသာ**

## ပင်လယ်ငါးရှဉ့် ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီလ ၃၁ ရက်မှ ဖေဖော်ဝါရီလ ၆ ရက်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၀၀၉ သန်းတန်ဖိုးရှိ ပင်လယ်ငါးရှဉ့် ၅တန်ကျော် တင်ပို့နိုင်ခဲ့သဖြင့် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၃ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဇန်နဝါရီလတစ်လလုံးမှာတော့ တန်ချိန် ၁၁ တန်ကျော်၊ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၂၁ သန်း တင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ် MIRT (DCCA)**

## ဝါဂွမ်းတင်ပို့မှုနဲ့အတူ လဲမှို့ပါ မူဆယ်မှတင်ပို့

ဖေဖော်ဝါရီလ ပထမပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ၄၄၆ သန်းတန်ဖိုးရှိတဲ့ ငွေချည် (၆) ဝါ ၂၀၂ တန်ခွဲ တင်ပို့ခဲ့သလို ကန်ဒေါ်လာ သုည ဒသမ ၉၁၆ သန်းတန်ဖိုးရှိတဲ့ လဲမှို့ ၁၀၉၁ တန်ကိုလည်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်ကနေ တင်ပို့ခဲ့ပါတယ်။ ငွေချည် (၆)ဝါကိုတော့ တရုတ်နိုင်ငံက ပုံမှန်ဝယ်ယူမှုရှိပါတယ်။

**မော်မော်အောင် MIRT (DCCA)**

## တရုတ်ပြည်သို့ တစ်သျှူးငှက်ပျောတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီလ ၃၁ ရက်မှ ဖေဖော်ဝါရီလ ၆ရက်တာကာလအတွင်း ကန်ဒေါ်လာ ၁ ဒသမ ၀၂၄ သန်းတန်ဖိုးရှိတဲ့ တစ်သျှူးငှက်ပျောတန်ချိန် ၇၀၀၀ ကို တင်ပို့ခဲ့ပါ တယ်။ ကချင်ပြည်နယ်ဒေသထွက်တစ်သျှူးငှက်ပျောတစ်တန်ရဲ့ မိမိဘက် ပေါက်ဈေးဟာ ကျပ်တစ်သိန်းခွဲဖြစ်ပြီး ဇန်နဝါရီလလယ်က တန်ချိန် ၆၂၀၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

## ဇန်နဝါရီလအတွင်း မြိတ်နယ်စပ်မှ ကင်းမွန်မျိုးစုံတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိမြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၂၆၅ သန်းတန်ဖိုးရှိ ကင်းမွန် မျိုးစုံဖြစ်သော ကင်းမွန်ခြောက် ၃၇ တန်ကျော်၊ ကင်းမွန် ၉ တန်ကျော်၊ ကင်းမွန်ခေါင်း ၁ တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အပြင် ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၅၆၀၆ တန်ကျော်၊ ငါးမှုန့် ၁၆၅၀ တန်၊ ကဏန်းပျော့ ၅၅ တန်ကျော်၊ ရေငန် ပုစွန်တန် ၈၀ နီးပါး၊ ကဏန်းနီတန် ၉၀ နီးပါး၊ ပုစွန် ၇၄ တန်ကျော်၊ ငါးအသားလွှာ ၂၄ တန်၊ ပုစွန်ခြောက် ၃ တန်ကျော်၊ ရေခူခြောက် ၇ တန်နီးပါး၊ ငါးခြောက် ၂ တန်ကျော်၊ ကဏန်းသေးအသေ ၅ တန်ကျော်နဲ့ သဲကဏန်း ၃ တန်ကျော်တို့ကိုလည်း တင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်MIRT(DCCA)**

## အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ စစ်တွေနယ်စပ်ကုန်သွယ်မှုလျော့နည်း

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေနယ်စပ်ကုန်သွယ်ရေး စခန်းသည် ဇန်နဝါရီလတွင် ပို့ကုန် ကန်ဒေါ်လာ သုည ဒသမ ၄၃၅ သန်း၊ သွင်းကုန် ကန်ဒေါ်လာ သုည ဒသမ ၀၀၃ သန်းနဲ့ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သုည ဒသမ ၄၃၈သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အနီးစပ်ဆုံး ကာလဖြစ်တဲ့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလနဲ့ နှိုင်းယှဉ်ပါက ပို့ကုန်ရော သွင်းကုန်ပါ လျော့နည်းခဲ့သဖြင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သုည ဒသမ ၂၀၈ သန်း လျော့နည်းခဲ့ပြီး ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါကလည်း ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သုည ဒသမ ၈၀၈ သန်း လျော့နည်းခဲ့ပါတယ်။

ထိုကဲ့သို့ အနီးစပ်ဆုံး ကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ကုန်သွယ်မှုပမာဏ လျော့နည်းရခြင်းမှာ ဒေသတည်ငြိမ်အေးချမ်းမှုနဲ့ လုံခြုံမှုတိုးတက်ကောင်းမွန်လာသော်လည်း နှစ်ဖက်နိုင်ငံရဲ့ ကုန်သည်လုပ်ငန်းရှင်များမှာ ကုန်သွယ်မှုပြုလုပ်ရန် ယုံကြည်မှုအားနည်းနေသေးခြင်း၊ တစ်ဖက်နိုင်ငံနဲ့ကုန်သွယ်ရာမှာ ရောင်းသူဈေးကွက်မရှိဘဲ ဝယ်သူဈေးကွက်သာဖြစ်နေခြင်း၊ အဓိကတင်ပို့တဲ့ရေထွက်ကုန်ပစ္စည်းများဖြစ်တဲ့ ရေချိုငါးများမှာလည်း ပြည်မမှ မှာယူတင်ပို့နေရ၍ လမ်းခရီးတွင် ကြာမြင့်မှုများကြောင့် ငါးများမှာ လတ်ဆတ်မှုမရှိတဲ့အတွက် ဈေးကောင်းမရရှိခြင်း၊ အခြားဈေးကွက်မရှိ၍ ဘင်္ဂလားဒေ့ရှ်တစ်ခုတည်းကိုသာ ထွက်ပေါက်ရှိတဲ့ အတွက် ဝယ်သူဈေးကွက်သာဖြစ်နေခြင်းတို့ကြောင့် ကုန်သွယ်မှုပမာဏ လျော့နည်းရတာဖြစ်ပါတယ်။

လာမယ့်ကာလမှာ ကုန်သွယ်မှုတိုးတက်ရေးအတွက် သက်ဆိုင်ရာဆက်စပ်ဌာနများ၊ ကုန်သည်လုပ်ငန်းရှင်များနဲ့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊ ခိုင်မာတဲ့ဈေးကွက်ရရှိရန်အတွက် အခြားနိုင်ငံများသို့ ဈေးကွက်ထိုးဖောက်ဆောင်ရွက်ခြင်းနဲ့ ပြည်မမှ မှာယူတင်ပို့မယ့်အစား ရခိုင်ပြည်နယ်အတွင်း ငါးပုစွန်မွေးမြူရေးလုပ်ပြီး တင်ပို့ခြင်းတို့လုပ်ဆောင်နိုင်လျှင်ကုန်သွယ်မှုတိုးတက်နိုင်မယ်လို့ ခန့်မှန်းရပါတယ်။

**တင်တင်ထွန်း MIRT (DCCA)**

## ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းမှ တစ်သျှူးငှက်ပျော၊ ပြောင်းနဲ့ ကြိမ်တို့ယမန်နှစ်ကာလတူထက် ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းရဲ့ ဇန်နဝါရီလအဓိကပို့ကုန်များမှာ တစ်သျှူးငှက်ပျော၊ ပြောင်းနဲ့ ကြိမ်တို့ဖြစ်ကြပါတယ်။ အဓိကသွင်းကုန်ကတော့ ဆောက်လုပ်ရေးပစ္စည်းများနဲ့ ယာဉ်ယန္တရားများဖြစ်ကြပါတယ်။ ဇန်နဝါရီလမှာ ပို့ကုန် ကန်ဒေါ်လာ ၁ ဒသမ ၀၈၂ သန်း၊ သွင်းကုန် ကန်ဒေါ်လာ ၈ ဒသမ ၃၈၃ သန်းဆောင်ရွက်နိုင်ခဲ့သဖြင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၉ ဒသမ ၄၆၅ သန်း ဆောင်ရွက်နိုင် သဖြင့် ယမန်နှစ်အလားတူကာလထက် ပို့ကုန် ကန်ဒေါ်လာ သုည ဒသမ ၈၃၇ သန်းနဲ့ သွင်းကုန် ကန်ဒေါ်လာ ၅ ဒသမ ၈၈၆ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့တယ်လို့ ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းမှ သိရပါတယ်။ ပို့ကုန်ပိုင်းမှာ ယမန်နှစ်ကာလတူထက် ပိုမိုရခြင်းမှာ တစ်သျှူးငှက်ပျော ပိုမိုတင်ပို့နိုင်ခြင်းကြောင့်ဖြစ်ပြီး သွင်းကုန်ပိုင်းမှာလည်း ယာဉ်ယန္တရားနဲ့ ဆောက်လုပ်ရေးပစ္စည်းများ ပိုမိုတင်သွင်းနိုင်ခဲ့တဲ့အတွက်လို့ သိရပါတယ်။

အနီးစပ်ဆုံးကာလနဲ့ နှိုင်းယှဉ်ရာမှာတော့ ကုန်သွယ်မှုပမာဏ အနည်းငယ်ကျခဲ့ပါတယ်။ ထိုကဲ့သို့ ကျဆင်းရခြင်းကတော့ ဇန်နဝါရီလတွင် ဖားကန့်ဒေသမှာ တိုက်ပွဲများဖြစ်ပွားနေမှုကြောင့် ယာဉ်ယန္တရားများနဲ့ လူသုံး/အိမ်သုံးပစ္စည်းများသွားလာရန် ခက်ခဲတဲ့အတွက်လို့သိရပါတယ်။ ပို့ကုန်ပိုင်းမှာလည်း သတ္တုတင်ပို့နိုင်ခြင်း မရှိဘူးလို့လည်း သိရပါတယ်။

**MIRT (DCCA)**

## စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းမှ လယ်ယာထွက်ကုန် ပိုမိုတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေနယ်စပ် ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီလမှာ ကန်ဒေါ်လာ သုည ဒသမ ၁၂၈ သန်းတန်ဖိုးရှိလယ်ယာထွက်ကုန် ၈၈၂တန်ကျော်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံးဖြစ်တဲ့ ဒီဇင်ဘာလမှာတော့ ကန်ဒေါ်လာ သုည ဒသမ ၀၅၅ သန်းတန်ဖိုးရှိတဲ့ လယ်ယာ ထွက်ကုန် ၅၂၁ တန် တင်ပို့ခဲ့တဲ့ အတွက် ယခုလနဲ့ ယခင်လ နှိုင်းယှဉ်ပါက ကန်ဒေါ်လာ သုည ဒသမ ၀၇၃ သန်း တန်ချိန် ၃၆၁ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ဇန်နဝါရီလရဲ့ အများဆုံးတင်ပို့ခဲ့တဲ့ လယ်ယာထွက်ကုန်ပစ္စည်းများကတော့ မန်ကျည်းစေ့ ၇၇၈ တန်၊ ဇီးသီးခြောက် ၅၆ တန်၊ မန်ကျည်းဖတ် ၂ တန်ကျော်နဲ့ နနွင်းတက် ၄၆ တန်တို့ ဖြစ်ကြပါတယ်။

ဇန်နဝါရီလမှာ အခြားတင်ပို့ခဲ့တဲ့ ရေထွက်ကုန်ပစ္စည်းများကတော့ ရေချိုငါး (ငါးမြစ်ချင်း၊ ငါးခေါင်းပွ) ၂၂၄ တန်၊ ငါးသေတ္တာခြောက် ၂ တန်ကျော်၊ ငါးနီတူခြောက် ၁၀ တန်နဲ့ စက်မှုကုန်ချောဖြစ်တဲ့ ဆီးယိုထုပ် ၁၅၉ တန် တို့ကိုလည်း တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**တင်တင်ထွန်း MIRT (DCCA)**

## မြိတ်နှင့်ကော့သောင်းနယ်စပ်တို့မှ ငါးမှုန့်နှင့် ရေဘဝဲတို့ပိုမိုတင်ပို့နိုင်

မြန်မာ-ထိုင်းနယ်စပ်ရှိ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီလ ၃၁ ရက်မှ ဖေဖော်ဝါရီလ ၆ ရက် အတွင်း ကန်ဒေါ်လာ သုည ဒသမ ၆၄၃ သန်းတန်ဖိုးရှိငါးမှုန့် တန် ၈၃၀ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်က တင်ပို့နိုင်ခြင်းမရှိတဲ့အတွက် ယခင်တစ်ပတ်ထက် တန် ၈၃၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဇန်နဝါရီလအတွင်းမှာလည်း တန်ချိန် ၁၆၅၀ တန်၊ တန်ဖိုး ကန်ဒေါ်လာ ၁ ဒသမ ၁၁၅ သန်း တင်ပို့နိုင်ခဲ့ပါတယ်။

ဒါ့အပြင် ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှလည်း ဇန်နဝါရီလ ၃၁ ရက်မှ ဖေဖော်ဝါရီလ ၆ ရက် အတွင်း ကန်ဒေါ်လာ သုည ဒသမ ၀၀၆ သန်းတန်ဖိုးရှိ ရေဘဝဲ ၃တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အပြင် ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၈၉၈ တန်ကျော်၊ ပုစွန် ၇ တန်ကျော်၊ ကင်းမွန် ၁၃ တန်ကျော်နဲ့ ပင်လယ်ငါးရှဉ့် ၅ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရေဘဝဲကီလိုအနည်းငယ်သာ တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ၃ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ် MIRT (DCCA)**

## ကော့သောင်းနယ်စပ်နဲ့ မြိတ်နယ်စပ်မှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ နယ်စပ်စခန်းများဖြစ်သော မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းနဲ့ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ဇန်နဝါရီလ ၃၁ ရက်မှ ဖေဖော်ဝါရီလ ၆ ရက် အတွင်း ကန်ဒေါ်လာ ၃ ဒသမ ၈၈၁ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၃၃၈၇ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၅၁၅ တန်နီးပါး ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

နယ်စပ်စခန်းများအလိုက် လုပ်ငန်းဆောင်ရွက်မှုများမှာ မြဝတီ ကုန်သွယ်ရေး ဇုန်အနေနဲ့ ကန်ဒေါ်လာ သုည ဒသမ ၀၉၈ သန်းတန်ဖိုးရှိငါးမျိုးစုံ ၅၁ တန်ကျော်၊ ကဏန်း ၆ တန်ကျော်နဲ့ ပုစွန် ၂ တန်ကျော်တင်ပို့ ခဲ့သဖြင့် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက တန် ၈၀ နီးပါးလျော့နည်းခဲ့ပါတယ်။

ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၈၁၀ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၈၉၈ တန်ကျော်၊ ပုစွန် ၇ တန်ကျော်၊ ကင်းမွန် ၁၃ တန်ကျော်၊ ပင်လယ်ငါးရှဉ့် ၅ တန်ကျော်နဲ့ ရေဘဝဲ ၃ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၃၉၆ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၂၃၉၉ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၁၃၅၂ တန်ကျော်၊ ရေငန်ပုစွန် ၈၃ တန်ကျော်၊ ကင်းမွန် ၃၇ တန်ကျော်၊ ငါးအသားလွှာ ၄၈ တန်၊ ငါးမှုန့်တန် ၈၃၀၊ ပုစွန်ခြောက် ၂တန်ကျော်၊ ကဏန်းနီ ၁၈ တန်၊ ကဏန်းပျော့ ၂၃ တန်ကျော်၊ ပုစွန် ၂ တန်ကျော်နဲ့ သဲကဏန်း အနည်းငယ်တင်ပို့နိုင်ခဲ့သဖြင့် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၁၉၈ တန်ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ် MIRT (DCCA)**

# မြဝတီမှ ကော့ကရိတ်သို့သွားရောက်မည့် ခရီးသည်တင်ယာဉ်များနဲ့ ကုန်တင်ယာဉ်များအား ရွှေ့တန်း အမှတ် (၄) စစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်မှူးမှ ပိတ်ဆို့တားဆီးစစ်ဆေး

ဖေဖော်ဝါရီလ ၈ ရက် နံနက် ၅ နာရီခွဲမှာ ရွှေ့တန်းအမှတ် (၄) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှူးမှ တံတားကျိုးဂိတ်တွင် မြဝတီမှ ကော့ကရိတ်သို့သွားရောက်မယ့် ခရီးသည်ယာဉ်များနဲ့ ကုန်တင်ယာဉ်အားလုံးကို စစ်ဆေးပြီး တံတားကျိုး ရှောင်ကွင်းလမ်းနဲ့ နားခိုနိုင်တဲ့နေရာများမှာ တပ်အင်အားချထားပိတ်ဆို့ တားဆီးစစ်ဆေးခဲ့ရပါတယ်။ နံနက် ၁၀ နာရီမှာ စစ်ဆေးတဲ့နေရာသို့ဝင်ရောက်လာခြင်းမရှိဘဲ လမ်းဘေးမှာ ရပ်ထားသဖြင့် စိစစ်ရာမှာ ဂျူတီ/လိုင်စင်မပါသောယာဉ်များဖြစ်နေတဲ့အတွက် မြဝတီကုန်သွယ်ရေးဇုန်သို့ ဆက်သွယ်အကြောင်းကြားပြီး မြဝတီကုန်သွယ်ရေးဇုန် OSS ပူးပေါင်းအဖွဲ့မှ အကောက်ခွန်ဦးစီးဌာန တာဝန်ခံအဖွဲ့နဲ့အတူ အမှတ်(၄)စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်အဖွဲ့နဲ့ ပူးပေါင်းပြီး ဂျူတီ/လိုင်စင်ပါရှိမှု ရှိမရှိ စိစစ်ခဲ့ကြပါတယ်။

ဖေဖော်ဝါရီလ ၉ ရက် နံနက် ၁ နာရီခွဲမှာကုန်သွယ်ရေးဇုန်သို့ဝင်ရောက်ခြင်းမရှိဘဲ ရှောင်ကွင်းလမ်းမှ ထွက်ခွာလာတဲ့ လိုင်စင်ဂျူတီမပါရှိတဲ့ Hilux နှစ်စီး၊ ၆ ဘီးယာဉ် ၄၉ စီး၊ ၁၀ ဘီးယာဉ် တစ်စီး၊ ၁၂ ဘီးယာဉ် ၁၂ စီး၊ စုစုပေါင်း ၆၄ စီးအား မြဝတီကုန်သွယ်ရေးဇုန်အတွင်းခေါ်ယူထားပြီး ဝ၉ း ဝဝ ချိန်မှ စတင်၍ OSS အဖွဲ့ဝင်ဌာနများ၊ ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနဲ့ အမှတ် (၄) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ တပ်ကိုယ်စားလှယ်များပါဝင်တဲ့အဖွဲ့နဲ့ ဖွင့်ဖောက်စစ်ဆေးမှုပြုလုပ်ခဲ့တယ်လို့ သတင်းရရှိပါတယ်။ စစ်ဆေးတွေ့ရှိရတဲ့ပစ္စည်းတွေကတော့ စားသောက်ကုန် ( စားဆီ၊ ခေါက်ဆွဲခြောက်၊ အချိုမှုန့်၊ နို့ဆီ၊ နို့စိမ်း၊ နို့ကတ်မျိုးစုံ၊ မုန့်ပုံးမျိုးစုံ၊ ကော်ဖီမစ်၊ အိုဗာတင်း၊ ဒူးမက်နို့မှုန့်၊ Royal D ဖျော်ရည်ထုပ်၊ ကြက်သားမှုန့်၊ ငရုတ်ဆီ၊ ကောက်ညှင်းကွမ်းသီးခြင်း၊ အချိုရည်မျိုးစုံ၊ အုန်းနို့ဘူး)၊ အရက်၊ ဘီယာ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ (ဘိလပ်မြေ၊ ကြွေပြား၊ သုတ်ဆေး၊ သင်နာ၊ အုတ်ရိုက်သံ၊ အိမ်မိုးပြား၊ သံမှို၊ အိမ်ရိုက်သံ၊ အမိုးရိုက်သံ၊ လွှ၊ ပတ္တာ၊ သစ်သားပေါလစ်ရှ်၊ သစ်ခွဲသားအရွယ်စုံ၊ ပျဉ်းကတိုးအရွယ်စုံ၊ စက်ဆီချောဆီ (အင်ဂျင်ဝိုင်၊ ဂီယာဝိုင်၊ချောဆီ၊ဘရိတ်ဆီ၊ ဟိုက်ဒြောလစ်ဆီ၊ မော်တာဆီ၊ ဓါတ်ဆီ)၊ အိမ်သုံးပစ္စည်းများ (လျှပ်စစ်ပန်ကာ၊ ဒယ်အိုး၊ ထမင်းအိုး၊ ရေခဲသေတ္တာ၊ Gasအိုး၊ ပလတ်စတစ်ဖျာ၊ ဆပ်ပြာမှုန့်၊ အဝတ်လျှော်ရာတွင်သုံးသော အမွှေးရည်)၊ ယာဉ်ယန္တရား (ကရိန်း၊ ထရော်လာဂျီ လက်ကိုင်နဲ့ ဆက်စပ်ပစ္စည်းများ)၊ လုပ်ငန်းသုံး (ဓာတ်မြေဩဇာ၊ ဂုန်နီအိတ်ခွံ၊ ပလတ်စတစ်အိတ်) များကို စစ်ဆေးတွေ့ရှိထားတယ်လို့ သိရပါတယ်။

**DCCA DCCA**

# တန်ဖိုးကြီး နိုင်ငံခြားဖြစ်အရက်များအပါအဝင် အိမ်သုံးကုန်များစွာနဲ့ ကုန်တင် ၁၂ ဘီးယာဉ်အား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်း

တစ်ဖက်နိုင်ငံမှ တရားမဝင်အကောက်ခွန်မဲ့တင်သွင်းထားသောကုန်ပစ္စည်းများ၊ ကန့်သတ်တားမြစ်ကုန်များအား သထုံ-ကျိုက်ထို-ပဲခူး-ရန်ကုန်လမ်းကြောင်းအတိုင်း ဒေသထွက်အဖြစ်ကြေညာပြီး တရားမဝင်သယ်ဆောင်မှုများရှိနေကြောင်း သတင်းများရရှိတဲ့အတွက် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကွပ်ကဲမှုရုံး (ရန်ကုန်) ရဲ့ ညွှန်ကြားချက်အရ ပဲခူးတိုင်း၊ ဝေါမြို့နယ် ညောင်ခါးရှည်မှာ ယာယီအခြေပြု၍ စားသုံးသူအကာအကွယ်ပေးရေးနဲ့ တရားမဝင်ကုန်သွယ်မှုတားဆီးရေးတာဝန်ဆောင်ရွက်နေသော Mobile Team လရ-၂ အဖွဲ့ဟာ စနစ်တကျစစ်ဆေးမှုများကို ပြုလုပ်လျက်ရှိနေပါတယ်။

ဖေဖော်ဝါရီ ၇ ရက်နေ့ နံနက်ပိုင်းမှာ ဒေသသုံးကုန်ပစ္စည်းများတင်ဆောင်ဝင်ရောက်လာတဲ့ ဖူဆို ၁၂ ဘီးယာဉ်အား စစ်ဆေးရာမှာ တရားမဝင်အကောက်ခွန်မဲ့ပစ္စည်းများ၊ ကန့်သတ်တားမြစ်ထားသော တန်ဖိုးကြီး နိုင်ငံခြားဖြစ်အရက်များ၊ ကွမ်းစားဆေးရွက်ဘူးများ ပါရှိလာတဲ့အတွက် ပဏာမစစ်ဆေးခဲ့ပြီးနောက် အသေးစိတ် ဖွင့်ဖောက်စစ်ဆေးရန် လုံခြုံရေးအခြေအနေအရလည်းကောင်း၊ ပစ္စည်းပျောက်ဆုံးပျက်စီးမှုမရှိစေရန်လည်းကောင်း၊ ဗဟိုကော်မတီကွပ်ကဲမှုရုံး ရန်ကုန်သို့ ဦးစီးအရာရှိတစ်ဦးဦးစီးသောအဖွဲ့နဲ့ ဖေဖော်ဝါရီလ ၇ ရက်နေ့မှာ ရန်ကုန်ဆူးလေမြေပြင်ချစစ်ဆေးရေးသို့ လာရောက်ခဲ့ပါတယ်။

ဆူးလေမြေပြင်ချစစ်ဆေးရေးမှာ Mobile Team အဖွဲ့စုံနဲ့ အသေးစိတ်စစ်ဆေးရာမှာ ဖူဆိုယာဉ်ပေါ်မှ Chivas Regal (နှစ်ချို့)၊ Chivas Brothers (နှစ်ချို့)၊ Caribbeam Rum ၊ Nectar Imperial ၊ Whisky ( Scott ၊ Jennesses၊ Single Malt ၊ Bourbon ၊ Blender Scoth) France Wine ၊ White Wine၊ Coffee Liquar စတဲ့ ဘီယာ၊ ဝိုင်၊ ဝီစကီမျိုးစုံ ၄၉၃၈ လုံး၊ ကွမ်းစားဆေးရွက်ကြီး (ကွမ်းစားဆေး) (1 x 10 x30) 100 wm၊ ဆမ်ဆောင်းအမှတ်တံဆိပ်ဖုန်စုပ်စက် လေးလုံး၊ မိုက်ကရိုဝေ့ဖ်မီးဖို ၂၃ လုံး၊ LED TV ၃၂ လက်မ ၂၀ လုံးနဲ့ ၄၂ လက်မ ၇၃ လုံးနဲ့အတူ ဇာပိတ်လိပ် ၃၂၂ ကီလိုဂရမ်ကျော်ကိုလည်း သိမ်းဆည်းရမိခဲ့တယ်လို့ သတင်းရရှိပါတယ်။ သိမ်းဆည်းရမိကုန်ပစ္စည်းများနဲ့အတူ ပစ္စည်းများတင်ဆောင်လာတဲ့ ဖူဆို ၁၂ ဘီး ယာဉ်ကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲ ဖွင့်လှစ်နေကြောင်းသိရပါတယ်။

**DCCA**

# ဂေါ်ဒန်ဆိပ်ကမ်းနံဘေးမသင်္ကာဖွယ်ရာ စုပုံထားတဲ့ ကျောက်အိတ်များတွေ့



ဇန်နဝါရီလ ၂၆ ရက်နေ့ နံနက် ၁၀နာရီ၁၅မိနစ်ခန့်မှာ မန္တလေး Mobile Team ရွှေကြက်ယက်ဆိပ်ကမ်းနယ်မြေမှာ တာဝန်ထမ်းဆောင်လျက်ရှိသော Mobile Team မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ဒုရဲမှူးဦးဆောင်သော အဖွဲ့ဟာ ဆိပ်ကမ်းတစ်လျှောက် လှည့်လည်စစ်ဆေးစဉ်ဂေါ်ဒန်ဆိပ်ကမ်းနံဘေးမှာ မသင်္ကာဖွယ်ရာစုပုံထားတဲ့ ကျောက်အိတ်များတွေ့ရှိရကြောင်း သတင်းပေးပို့ချက်အရ Mobile Team မန္တလေးတာဝန်ခံ ညွှန်ကြားရေးမှူးဦးစီးတဲ့အဖွဲ့ သွားရောက်စစ်ဆေးခဲ့ပါတယ်။

ထိုသို့ စစ်ဆေးရာမှာ ပီနန်အိတ်ကိုးအိတ်နဲ့ ထည့်သွင်းထားတဲ့ ကျောက်စိမ်းလို့ယူဆရတဲ့ ရေမဆေးကျောက် ၃၃၀ ကီလိုခန့်အား စစ်ဆေးတွေ့ရှိတဲ့အတွက် မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးမှတစ်ဆင့် လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲများဖွင့်လှစ်ရန် မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနသို့ အပ်နှံပြီးဖြစ်တယ်လို့သတင်းရရှိပါတယ်။ ကျောက်စိမ်းလို့ယူဆရတဲ့ ကျောက်စိမ်းတုံးများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ် ၃၃ ဒသမ ၆၀၀ သိန်းရှိတယ်လို့ သိရပါတယ်။

**DCCA**

# မော်တောင်းကျေးရွာအနီးရှောင်ကွင်းလမ်းမှ ပစ္စည်းမျိုးစုံ သိမ်းဆည်းရမိ

မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်စခန်းထုတ်နုတ်အင်အား Mobile Team မှ ဒုတိယညွှန်ကြားရေးမှူး ဦးစီးတဲ့အဖွဲ့သည် ဇန်နဝါရီလ ၂၁ နဲ့ ၂၂ ရက်နေ့များတွင် မော်တောင်းကျေးရွာအနီး ရှောင်ကွင်းလမ်းမှာ စုပုံထားတဲ့ နာရီမျိုးစုံ၊ ဂဏန်းပေါင်းစက်၊ အရက်ဖာ၊ မူလီနဲ့ မူလီခေါင်း၊ ဖုန်းအင်တာနာတိုင်၊ မော်တော်ဆိုင်ကယ် ဆောင်းဘောက်စ်၊ ကားခြေနင်း၊ EVD၊မော်တော်ကားစပီကာ၊ကားကူရှင်အစွပ်၊ ဖုန်းအားသွင်းစက်၊ Motor Car Stereo Cover Solar ၊ ကားရှေ့မီးကာဗာ၊ ကားတံခါး၊ လက်ကိုင်ကာဗာ၊ ကားဘန်ဘာထိပ်၊ ကားမှန်နေကာ၊ Solar with Power Bank ၊ Engine Cleaner ၊ နားကြပ်နှင့် အားသွင်းကြိုးခေါင်း၊ Leather Polish Spray စတဲ့ တရားမဝင် အကောက်ခွန်မဲ့ ပစ္စည်းခန့်မှန်းတန်ဖိုးကျပ်သိန်း ၂၈၁ ဒသမ ၅၄၅ အား သိမ်းဆည်းရမိတဲ့အတွက် အကောက်ခွန်လုပ်ထုံးလုပ်နည်းနဲ့အညီ အမှုတွဲဖွင့် အရေးယူထားပြီးဖြစ်ပါတယ်။

**DCCA DCCA**

# မှန်လုံယာဉ်ပေါ်မှ အပင်ပိုးသတ်ဆေးနဲ့ အထည်ထုပ်များသိမ်းဆည်းရမိ

အေးရှားဝေါလ်တိုးဂိတ်အနီး ပြည်ထောင်စုလမ်းမကြီးပေါ်မှ ဇန်နဝါရီလ ၁၉ ရက်နေ့ နံနက် ဝ၆း၃ဝ ချိန်တွင် မူဆယ် Mobile Team အဖွဲ့မှ ဦးစီးအရာရှိ ဦးစီးတဲ့အဖွဲ့သည် Hiace မှန်လုံယာဉ်အမှတ် (8J/xxxx) အားစစ်ဆေးရာ ယာဉ်ပေါ်တွင် တရားမဝင်ပိုင်ရှင်မဲ့တင်ဆောင်လာတဲ့တရုတ်နိုင်ငံထုတ်အပင် ပိုးသတ်ဆေး၊ အပင်အားဆေး၊ ပိုးသတ်ဆေးနဲ့ အထည်ထုပ်စုစုပေါင်း ၁၉ မျိုး ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၂၈ ဒသမ ၇၆၅ ခန့် ကို သိမ်းဆည်းရမိတဲ့အတွက် အကောက်ခွန်လုပ်ထုံးလုပ်နည်းနဲ့အညီ အမှုတွဲဖွင့်အရေးယူထားတယ်လို့ သိရ ပါတယ်။

**DCCA**

# မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန် ရှဲလ်ဆီဆိုင်အနီးရှောင်ကွင်းလမ်းမှ လူသုံးအိမ်သုံးပစ္စည်း ၃၄ မျိုးခန့်တွေ့ရှိသိမ်းဆည်း

မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်စခန်းထုတ်နုတ်အင်အား Mobile Team အဖွဲ့မှ ဒုညွှန်မှူးဦးစီးတဲ့အဖွဲ့သည် ဇန်နဝါရီ ၂၂ ရက် နံနက် ဝ၆း၃၅ ချိန်တွင် မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန် ရှဲလ်ဆီဆိုင်အနီး ရှောင်ကွင်းလမ်းမှ ဖိနပ်အိတ် (ကျား/မ လူကြီးကလေးဆိုဒ်စုံ) ၊ စောင်ထုပ်၊ အထည်မျိုးစုံ၊ ဓာတ်ဘူး၊ ကြွေပုဂံလုံးနဲ့ ကြွေပန်းအိုးစတဲ့ လူသုံးအိမ်သုံးပစ္စည်း ၃၄ မျိုးတို့ကို သိမ်းဆည်းရမိခဲ့တယ်လို့ သတင်းရရှိပါတယ်။ သိမ်းဆည်းရမိအကောက်ခွန်မဲ့ လူသုံးအိမ်သုံးပစ္စည်းများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်သိန်း ၄၂ ဒသမ ၂၄၆ ခန့် ဖြစ်ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနဲ့အညီ အမှုတွဲဖွင့် အရေးယူထားတယ်လို့ သိရပါတယ်။

**DCCA**




မြန်မာနိုင်ငံရဲ့အိမ်ခြံမြေဈေးကွက်ဟာ ၂၀၁၃-၁၄ခုနှစ်တွေမှာ မိုးပျံပူ ဖောင်းတစ်လုံးကို လေထဲလွှတ်တင်လိုက်သလို တရွေ့ရွေ့နဲ့ မြင့်တက်လာခဲ့ပါတယ်။ အဲဒီလိုမြင့်တက်မှုတွေဟာ အိမ်ရာစီမံကိန်းတွေ၊ မြို့သစ်စီမံကိန်းတွေကြောင့် ဖြစ်ရသလို သို့လောသို့လောစီမံကိန်းတွေကြောင့်လည်း ဈေးတွေမြင့်တက်ရတာ ဖြစ်တယ်လို့ အိမ်ခြံမြေဈေးကွက်ကို လေ့လာနေသူတွေက သုံးသပ်ခဲ့ကြပါတယ်။

နိုင်ငံတော်အစိုးရသစ်တာဝန်ယူပြီးကာလတစ်လျှောက်မှာ နိုင်ငံခြားရင်းနှီးမြှုပ် နှံသူတွေဟာ မြန်မာ့မြေပေါ်မှာ ရင်းနှီးမြှုပ်နှံဖို့အတွက် အတော်လေးကို လက်တွန့်နေခဲ့ကြပါတယ်။ အဲဒီလို လက်တွန့်ရတဲ့အကြောင်းက မြေယာဈေးကြီးမြင့်မှုကြောင့်ရယ်၊ မြေယာပြဿနာတွေရယ်ကြောင့်ပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံတစ်ဝန်းလုံးမှာမြေယာပြဿနာတွေဟာ နေရာတိုင်းလိုလို ဖြစ်ပေါ်နေတာကြောင့်လည်း သူတို့လက်တွန့်တာမဆန်းဘူးလို့ ဆိုရမှာပါ။

ဒါပေမယ့်လည်း ၂၀၁၄ခုနှစ် နှစ်ကုန်ပိုင်းမှာတော့ အိမ်ခြံမြေဈေးကွက်တွေဟာ အေးစက်လို့သွားပါတော့တယ်။ စီမံကိန်းတွေလုပ်မယ်လို့ ကြေညာထားတဲ့ နေရာတွေမှာ ဝယ်ယူထားတဲ့သူတွေဟာ ပိုက်ဘောတွေမိပြီး ဈေးကွက်တွေ ပျက်ကုန်ခဲ့ကြတာကို မျက်ဝါးထင်ထင် မြင်တွေ့နေရပြီဖြစ်ပါတယ်။

ဥပမာအနေနဲ့ပြောရရင် ကြည့်မြင်တိုင်မြို့နယ်ရဲ့ ဟိုဘက်ကမ်းသည်ဘက်ကမ်းကို တံတားထိုးပြီး မြို့သစ်တည်ဆောက်မယ်ဆိုတဲ့ စီမံကိန်းကြောင့် အဲဒီနေရာကို ရင်းနှီးမြှုပ်နှံမှုတစ်ခုသဖွယ် အသုံးချပြီး မြေကွက်တွေ လယ်ကွက်တွေ လိုက်လံဝယ်ယူခဲ့ကြတဲ့သူတွေဟာ နေ့စဉ်လိုလို အများအပြားရှိခဲ့တာကို သိရှိကြမှာပါ။

အဲဒီနေရာမှာရှိတဲ့မြေကွက်၊ လယ်ကွက်တွေကို လိုက်လံဝယ်ယူတဲ့သူတွေဟာ မြန်မာနိုင်ငံသားဆိုတာထက် တရုတ်နိုင်ငံသားတွေများတယ်လို့ ဒေသခံတွေရဲ့ ပြောကြားချက်အရသိရပါတယ်။

“ကျွန်တော်တို့နေရာကိုလာပြီးဝယ်ကြတဲ့သူဌေးတွေက မြန်မာလူမျိုးတွေ နည်းတယ်။ အများအားဖြင့် မြန်မာစကားလုံးဝ မပြောတတ်တဲ့ တရုတ်တွေ လာဝယ်ကြတယ်။ သူတို့က မြန်မာတွေပေးတဲ့ဈေးထက်ပိုပြီးတော့ပေးတယ်။ ဒီမှာ မြို့သစ်ဖြစ်လာရင် ကျွန်တော်တို့ ဒေသတွေ ဖွံ့ဖြိုးလာမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လယ်တွေယာတွေကို ရောင်းကြတာပါ”လို့ တွံတေးမြို့နယ်မှ ဒေသခံတစ်ဦးက ပြောကြားခဲ့ပါတယ်။

၂၀၁၅ခုနှစ်အရောက်မှာတော့ အိမ်ခြံမြေဈေးကွက်ဟာ တဖြည်းဖြည်းနဲ့ အေးစက်မှန်းမသိ အေးစက်လာခဲ့ပါတယ်။ အဲဒီလို အေးစက်လာတာဟာ အိမ်ခြံမြေဈေးကွက် ပူဖောင်းပေါက်တော့မယ့် အနေအထားတစ်ခုကို ရောက်ရှိလာတော့မယ်ဆိုတဲ့ နိမိတ်ဖြစ်မယ်လို့ အိမ်ခြံမြေဈေးကွက်ကျွမ်းကျင်သူတွေက သုံးသပ်ထားပါတယ်။

အဲဒါကလည်းအကြောင်းရှိပါတယ်။ ၂၀၁၅ခုနှစ်အောက်တိုဘာလမှာစတော့ ဈေးကွက်စတင်တော့မယ်လို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ထုတ်ပြန်ကြေညာလိုက်လို့ပဲ ဖြစ်ပါတယ်။ စတော့ဈေးကွက်နဲ့ ရင်းနှီးကျွမ်းဝင်မှုမရှိသေးတဲ့ မြန်မာနိုင်ငံအတွက်တော့ စတော့ဈေးကွက်ဟာ အစိမ်းသက်သက်သာဖြစ်နေပါသေးတယ်။

စတော့ဈေးကွက်ကို ထူထောင်နိုင်ဖို့အတွက် ၁၉၉၆ခုနှစ်ကတည်းက စတင်လုပ်ဆောင်ခဲ့ပေမယ့်လည်း အကောင်အထည်ဖော်နိုင်ခဲ့ခြင်းမရှိပါဘူး။ အဲဒီအချိန်ကာလဟာ မြန်မာနိုင်ငံမှာ စစ်အုပ်ချုပ်ရေးကာလဖြစ်နေတဲ့အတွက် စီးပွားရေးပိတ်ဆို့မှုဒဏ်ကို ခံစားနေရတဲ့အချိန်လည်းဖြစ်ပါတယ်။ ဈေးကွက်ပေါ်ထွန်းမှုတွေ များစွာ နောက်ကျခဲ့ရသလို စီးပွားရေးအရလည်း ချွတ်ခြုံကျခဲ့ရတဲ့ ကာလတစ်ခုကိုလည်း ရောက်ရှိခဲ့ပါတယ်။

အစိုးရသစ်ပေါ်ထွန်းလာပြီးနောက်ပိုင်းမှာတော့ စတော့ဈေးကွက်ကို ပြန်လည်ဖွင့်လှစ်နိုင်ဖို့အတွက် ကြိုးပမ်းခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မေလအတွင်းမှာ စတော့ဈေးကွက် စတင်နိုင်ဖို့အတွက် Daiwa Securities၊ Tokyo Stock Exchange တို့နဲ့အတူ စတော့ဈေးကွက်ပေါ်ထွန်းလာရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နဲ့ အဆိုပါစတော့အိတ်ချိန်းတို့ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ဘဏ္ဍာရေးစနစ်များကြောင့် စတော့ဈေးကွက်ဖွင့်လှစ်နိုင်ရေးမှာ မလွယ်ကူလှသေးကြောင်းကိုလည်း လေ့လာသူတွေက ဝေဖန်လျက်ရှိနေပါတယ်။

စတော့ဈေးကွက်ဖွင့်လှစ်ဖို့ တာစူလာတဲ့အတွက် အိမ်ခြံမြေဈေးကွက်တွေဟာ အေးစက်လာခဲ့ပြီး အိမ်ခြံမြေဈေးကွက်မှာ ရင်းနှီးမြှုပ်နှံသူတွေဟာ စတော့ဘက်ကိုခြေဦးလှည့်ဖို့ပြင်လာခဲ့ကြပါတယ်။

ရင်းနှီးမြှုပ်နှံသူတွေဟာ အိမ်ခြံမြေဈေးကွက်နဲ့စတော့ရှယ်ယာဈေးကွက်တို့မှာ ရင်းနှီးမြှုပ်နှံလေ့ရှိပါတယ်။ နိုင်ငံတကာမှာတော့ စတော့ရှယ်ယာဈေးကွက်မှာသာ ရင်းနှီးမြှုပ်နှံလေ့ရှိပြီး အိမ်ခြံမြေလုပ်ငန်းမှာတော့ စီးပွားရေးလုပ်ငန်းအများစုကသာ ရင်းနှီးလေ့ရှိတယ်လို့ ဆိုပါတယ်။ မြန်မာနိုင်ငံမှာတော့ စတော့ဈေးကွက်ပေါ်ထွန်းခြင်းမရှိသေးတဲ့အတွက် အိမ်ခြံမြေဈေးကွက်မှာသာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ကြတာဖြစ်တယ်လို့ ဆိုပါတယ်။

ပြည်တွင်းရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ စတော့ဈေးကွက်မှာ ပြောင်းလဲရင်းနှီးမြှုပ် နှံခြင်းဖြင့် အိမ်ခြံမြေဈေးနှုန်းများ ကျဆင်းမှုကို ဖြစ်နိုင်စေပေမယ့် ထွန်းသစ်စဈေးကွက်တစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံအပေါ်မှာတော့ ဈေးကွက်လိုအပ်ချက်များ ပြားတဲ့အတွက် အိမ်ခြံမြေဈေးကွက် ဆက်လက်ဖွံ့ဖြိုးနေဦးမှာဖြစ်တယ်လို့ ဆိုပါတယ်။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားရေးဦးစီးဌာနရဲ့ထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဟာ ၂၀၁၄ခုနှစ်ဇူလိုင်လအတွင်း အမေရိကန် ဒေါ်လာ ၂၅၆သန်းရှိပြီး ဩဂုတ်လအတွင်း နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၁၂၀၀ ကျော်ရှိတယ်လို့ သိရပါတယ်။

စတော့ဈေးကွက်မှာ မည်ရွေ့မည်မျှ ရင်းနှီးမြှုပ်နှံကြမည်ကို မသိရှိရသေးဘဲ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများအနေဖြင့် အဆိုပါစတော့ရှယ်ယာဈေးကွက်တွေမှာ ဝင်ရောက်ရင်းနှီးမြှုပ်နှံနိုင်ခွင့်မရှိသဖြင့် စတော့ရှယ်ယာဈေးကွက်တွင် ပြည်တွင်းမှ လုပ်ကိုင်လိုသူများအား ကျောထောက်နောက်ခံပြုပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်လာနိုင်တာကို သတိပြုရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံတွင်းတွင် လာရောက်ရင်းနှီးမြှုပ်နှံကြမယ့်သူများအနေနဲ့ အိမ်ခြံမြေဈေးကွက်မှလွဲ၍ တခြားရင်းနှီးမြှုပ်နှံစရာ နည်းပါးတဲ့ မြန်မာနိုင်ငံမှာ စတော့ရှယ်ယာဈေးကွက်ကြီးတစ်ခု ပေါ်ပေါက်လာစေရေးကို ကြိုဆိုလျက်ရှိကြပါတယ်။

> “မြန်မာနိုင်ငံတွင်းတွင် လာရောက်ရင်းနှီးမြှုပ်နှံကြမယ့်သူများ အနေနဲ့ အိမ်ခြံမြေဈေးကွက်မှလွဲ၍ တခြားရင်းနှီးမြှုပ်နှံစရာ နည်းပါးတဲ့ မြန်မာနိုင်ငံမှာ စတော့ရှယ်ယာဈေးကွက်ကြီးတစ်ခု ပေါ်ပေါက်လာစေရေးကို ကြိုဆိုလျက်ရှိကြပါတယ်။

ပုံမှန်အားဖြင့် အိမ်ခြံမြေဈေးကွက်ဟာ တည်ငြိမ်တဲ့ ဝင်ငွေကို ရရှိနိုင်တဲ့အတွက် အဲဒီဈေးကွက်ကို ကာလတစ်ခုအထိ ပိုင်ဆိုင်ထားကြတာပဲ ဖြစ်ပါတယ်။ စတော့ဈေးကွက်မှာတော့ အိမ်ခြံမြေဈေးကွက်ထက် အမြတ်အစွန်းပိုမိုရရှိနိုင်သလို အရှုံးလည်းများနိုင်တာကို သတိပြုရမှာဖြစ်ပါတယ်။

စတော့ဈေးကွက်နဲ့ အိမ်ခြံမြေဈေးကွက်နှစ်ခုကို နှိုင်းယှဉ်ကြည့်ပါက အိမ်ခြံမြေဈေးကွက်ဟာ ငွေဖြစ်လွယ်မှုမရှိသလို ငွေပြန်ပေါ်ရန်အတွက်လည်း အချိန်ကြာမြင့်စွာ စောင့်ရမှာဖြစ်ပါတယ်။ စတော့ဈေးကွက်ကတော့ ငွေဖြစ်လွယ်မှုမြန်သလို ငွေ ပြန်ပေါ်ရန်အတွက်လည်း အချိန်အနည်းငယ်သာ ပေးရမှာဖြစ်တဲ့အတွက် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများအနေနဲ့ စတော့ဈေးကွက်မှာသာ ရင်းနှီးမြှုပ်နှံလိုကြတာဖြစ်ပါတယ်။

ဒါပေမယ့် အိမ်ခြံမြေဈေးကွက်မှာ ရင်းနှီးမြှုပ်နှံခြင်းဟာ ၁၀နှစ်မှ နှစ် ၂၀ အတွင်းတွင် စတော့ရှယ်ယာများထက် အကျိုးအမြတ်ပိုမိုရရှိနိုင်တယ်လို့ Russell အဖွဲ့ရဲ့ အစီရင်ခံစာမှာဖော်ပြထားပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို စတင်ဝင်ရောက်ခွင့်ပေးလိုက်တဲ့အချိန်ကစပြီး ဈေးကွက်လိုအပ်ချက်ထက် ဈေးကစားသူတို့ရဲ့ လက်ဝယ်မှာ အိမ်ခြံမြေဈေးများဟာ တရိပ်ရိပ် မြင့်တက်လာခဲ့ရပါတယ်။ တစ်ခါတစ်ရံဘူးမျှ မစဉ်းစားခဲ့မိတဲ့ဈေးနှုန်းများ ဖြစ်ပေါ်လာခဲ့ပါတယ်။ ပါးစပ်ထဲတွင် ရှိသည့်ဈေးကို ငွေထုပ်ပိုက်ပြီး ငွေလက်ငင်းချေတဲ့စနစ်ကြောင့်လည်း အိမ်ခြံမြေဈေးကွက်တွေ အဆမတန်မြင့်တက်လာရတာဖြစ်တယ်လို့ ဈေးကွက်ကျွမ်းကျင်သူတွေက ဆိုပါတယ်။

၂၀၁၃ခုနှစ်နဲ့ ၂၀၁၄ခုနှစ်အတွင်းမှာ မြန်မာနိုင်ငံမှာရှိတဲ့မြို့ကြီးတော်တော် များများရဲ့ အိမ်ခြံမြေဈေးကွက်ဟာ ကြောက်ခမန်းလိလိ မြင့်တက်လာခဲ့ပါတယ်။ ဒါပေမယ့် ၂၀၁၄ခုနှစ် နှစ်ကုန်ပိုင်းလောက်မှာတော့ အဆမတန်မြင့်တက်ခဲ့တဲ့ဈေးတွေဟာ တဖြည်းဖြည်းနဲ့ အကျဘက်ကို ဦးတည်လာခဲ့ပါတယ်။

၂၀၁၅ခုနှစ်ရဲ့နှစ်ဦးပိုင်းကာလကစတင်ပြီး အေးစက်လာခဲ့တဲ့ အိမ်ခြံမြေဈေးကွက်ဟာ ဖေဖော်ဝါရီလထဲကို ရောက်ရှိလာတဲ့အထိ အရောင်းအဝယ်များ အေးစက်နေဆဲဖြစ်တယ်လို့ ဆိုပါတယ်။ ရန်ကုန်မြို့တွင်း တိုက်ခန်းများတွင်လည်း အရောင်းထက် အငှားက ပိုများနေတယ်လို့ အိမ်ခြံမြေရောင်းဝယ်ရေးကိုယ်စားလှယ်တစ်ဦးက ဆိုပါတယ်။

မြို့သစ်မြေကွက်များလည်း အရောင်းထိုင်းသွားသလို ငွေပေါ်လိုသူများကတော့ အရှုံးခံပြီး ရောင်းကြတယ်လို့လည်း ဆိုပါတယ်။ အထူးသဖြင့် ကွန်ဒိုတိုက်ခန်းများ၊ ကြိုပွိုင့်များမှာ အဝယ်ထက် အရောင်းက ပိုများလာကြောင်း၊ ရောင်းလိုသူ ကသာ တစ်နေ့တစ်ခြားများပြားနေပြီး ဝယ်လိုသူ ရှားပါးနေကြောင်း၊ အဝယ်ရှားပါးနေတဲ့အတွက် ငွေလိုသူတွေဟာ ရတဲ့ဈေးနဲ့ထုတ်ရောင်းနေကြတယ်လို့ ဒဂုံမြို့သစ်မြောက်ပိုင်းမှ အိမ်ခြံမြေပွဲစားတစ်ဦးက ပြောကြားခဲ့ပါတယ်။

၂၀၁၅ခုနှစ် နှစ်ကုန်ပိုင်းမှာ စတော့ဈေးကွက်ပေါ် ထွန်းလာရင် အိမ်ခြံမြေဈေးတွေ ကျလာနိုင်တယ်ဆိုတဲ့စကားကြောင့် တချို့သော ရင်းနှီးမြှုပ်နှံသူများဟာ အနည်းငယ်အရှုံးခံပြီး ရောင်းခဲ့ကြတယ်လို့ ဆိုပါတယ်။

“ခုရက်ပိုင်းမှာ မြေသီးသန့်ဝယ်တာထက် အိမ်ရောမြေရောတွဲပြီး ဝယ်တဲ့သူပဲ ရှိတယ်။ ပြန်ရောင်းတဲ့သူတွေကလည်း မြေသီးသန့်ရောင်းတဲ့သူတွေပဲများတယ်။ သူတို့က ငွေပိုနေလို့ ရင်းနှီးမြှုပ်နှံထားကြတာလေ။ ခုတော့ ဈေးကျတော့မယ့် အရိပ်အယောင်တွေ တွေ့လာရလို့ ပြန်ရောင်းကြတာ။ ခုလိုမျိုးဆိုရင်တော့ အိမ်ခြံ မြေဈေးကွက် ပျက်တော့မယ့် လက္ခဏာပဲ”ဟု အိမ်ပွဲစားတစ်ဦးဖြစ်တဲ့ ဒေါ်အေးက ပြောကြားခဲ့ပါတယ်။

“မြန်မာနိုင်ငံမှာ စတော့ဈေးကွက်ဖြစ်ပေါ်လာခဲ့ရင်တောင်မှ အိမ်ခြံမြေဈေးကွက်အပေါ် သက်ရောက်မှုသိပ်မရှိနိုင်ပါဘူး။ ပေါ်ထွန်းစဈေးကွက်တစ်ခုအနေနဲ့ ရင်းနှီးမြှုပ်နှံသူတွေက စောင့်ကြည့်ကြဦးမှာပါ”လို့ House.com.mm မှ Country Manager ဖြစ်သူ Jan Sommerfeld က သုံးသပ်ပြောကြားခဲ့ပါတယ်။

ဒါကြောင့် အိမ်ခြံမြေဈေးကွက်ကိုရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ လက်ရှိအလုပ်မှာပဲ မွေ့ပျော်နေမလား၊ စတော့ဈေးကွက်ဘက်ကို ခြေဦးလှည့်မလားဆိုတာကို စဉ်းစားကြဖို့သင့်ပါပြီ။

# မကွေးမြို့ နှမ်းအမှုန့်ကြိတ်စက်ရုံမှ ထုတ်လုပ်သော နှမ်းမှုန့်များ

# တောင်ကိုရီးယားနိုင်ငံသို့တင်ပို့





မကွေးမြို့မှ သုံးမိုင်အကွာ ဆားတိုင်ကန်ကျေးရွာအနီးရှိ ခုနစ်ဧကကျယ်ဝန်းသော မြေကွက်ပေါ်တွင် ဒေသထွက်နှမ်းများကို အမှုန့်ကြိတ်ကာ တောင်ကိုရီးယားနိုင်ငံသို့တင်ပို့သည့် အမှုန့်ကြိတ်စက်ရုံတစ်ရုံ တည်ဆောက်ထားသည်ကို တွေ့ရသည်။

“ဒီစက်ရုံကို မြန်မာပညာရှင်များနဲ့ တည်ဆောက်ထားပါတယ်။ ဒေသထွက်နှမ်းတွေကို အမှုန့်ကြိတ်ပြီး တောင်ကိုရီးယားကို Export လုပ်ပါတယ်။ ကြိတ်တဲ့နှမ်းအမျိုးအစားကတော့ သူတို့ရဲ့ အော်ဒါမှာတဲ့အတိုင်း အဖြူ၊ အနက်၊ အနီမျိုးစုံကြိတ်ပါတယ်။ ပထမအဆင့်အနေနဲ့ နှမ်းကိုဖုန်ခါတယ်။ ပြီးရင် ရေဆေးကန်ထဲထည့်ရေဆေးပေါ့။ နောက်စတီးလ်ကန်တွေနဲ့ ရေစစ်တယ်။ ပြီးတော့ စတီးလ်အိုးကြီးတွေနဲ့ လှော်တယ်။ အပူချိန်အားဖြင့် ၉၀ ဒီဂရီကျော် လှော်ရတယ်။ ကျက်ပြီဆိုရင် အအေးခံတယ်။ အအေးခံပြီးတော့ ပြန်သန့်ရတယ်။ နောက်အမှုန့်ကြိတ်တယ်။ ပါကင်ထုပ်ပြီး နိုင်ငံခြားပို့တယ်” ဟု နှမ်းအမှုန့်ကြိတ်စက်ရုံပိုင်ရှင် ဦးဖိုးနီက ပြောသည်။

“တစ်ထုပ်ကို ၂၅ ကီလို၊ ၂၀ ကီလို ရှိတယ်။ တစ်တန်ကိုတော့ ကီလို ၁၀၀၀ ထည့်ရတယ်။ လောလောဆယ် ရောင်းတဲ့ဈေးက နှမ်းနက်ဈေးက အမြင့်ဆုံးပဲ။ လက်ရှိမှာအနက်မှုန့်ဟာ အကောင်းဆုံးဆိုရင် တစ်တန်ကို ဒေါ်လာ ၂၇၀၀၊ ၂၈၀၀ ရှိတယ်။ အဖြူကဒေါ်လာ ၂၁၀၀-၂၂၀၀ ရှိတယ်။ အနီက ဒေါ်လာ ၁၉၀၀-၁၉၅၀ ရှိပါတယ်။ ဈေးနှုန်းကတော့ အရှင်ပါပဲ။ ရောင်းသူဝယ်သူ ဈေးညှိရတာပေါ့။ ဈေးမကိုက်ရင်လည်း မပို့နိုင်ဘူး။ တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုတည်ဆောက်ပြီး စာချုပ်စာတမ်းနဲ့ လုပ်ကြပါတယ်။ ကျွန်တော်တို့ပို့လိုက်တဲ့ နှမ်းအမှုန့်ကို ဟိုမှာသူတို့က ဆီမွှေးကြိတ်တယ်။ သူတို့နိုင်ငံက အဓိကစားတာက ဆီမွှေးပဲ။ ဆီမွှေးမပါရင် မပြီးဘူး။ မရှိမဖြစ်တဲ့ အစားအသောက်ပေါ့” ဟု သူက ဆက်ပြောသည်။






၂၀၁၄ ခုနှစ်တွင် နှမ်းအမှုန့်ကြိတ် လုပ်ငန်းတွင်ကျယ်စွာကောင်းခဲ့သည်။ ကွန်တိန်နာအစီး ၁၅၀ ခန့်ထုတ်နိုင်ခဲ့သည်။ ၂၀၁၅ ခုနှစ်သို့ ရောက်သောအခါ ဗီယက်နမ်နှင့် အာဖရိကနိုင်ငံမှထွက်သည့် နှမ်းကဈေးချို၍ မဝယ်တော့သဖြင့် အမှာအော်ဒါနည်းခဲ့သည်။ ၂၀၁၄ခုနှစ်တုန်းက အဆက်မပြတ်လုပ်ရပြီး တစ်ရက်မှ မနားရကြောင်း သူကပြောသည်။ “အခုချိန်မှာတော့ တစ်လမှာ ကွန်တိန်နာ သုံးလေးလုံးပဲရတယ်။ သူတို့က ရာသီမရှိဘူး။ သူတို့နိုင်ငံရဲ့ ဝယ်လိုအားပေါ်မှာ မူတည်တယ်။ ကျွန်တော်တို့အနေနဲ့က ကမ္ဘာ့ဈေးကွက်ကိုကြည့်ပြီးတော့ ယှဉ်ရတာဖြစ်တယ်။ ကိုယ့်နိုင်ငံကဈေးကြီးရင် တခြားနိုင်ငံ ရောက်သွားမှာပဲ။ အဲဒီအခါ ကျွန်တော်တို့မှာ အလုပ်မဖြစ်တော့ဘူး။ ကမ္ဘာ့ဈေးကွက်နဲ့ညှိပြီးတော့ လုပ်ရတာပေါ့ဗျာ။ နှမ်းပေါ်ခါစတုန်းက မြန်မာပြည်မှာ နှမ်းဈေးတက်တယ်။ နှမ်းဈေးတက်တော့ သူတို့မှာတဲ့ အော်ဒါ မပေးနိုင်ဘူး။ ဒီတော့ အိန္ဒိယနဲ့ ဗီယက်နမ်တို့ဘက်လှည့်သွားတယ်။ အဲဒီအချိန်တုန်းက ကျွန်တော်တို့နိုင်ငံ မှာသာတက်တာ၊ ဗီယက်နမ်နဲ့ အိန္ဒိယမှာ မတက်ဘူး။ အဲဒီနိုင်ငံတွေက ထိုးရောင်းလိုက်တော့ ကျွန်တော်တို့ဘက်ကို အမှာနည်းသွားတာပေါ့။ ယခင်က အင်ဂျင်စက်နဲ့လည်ရတာ တစ်နေ့ကို ဒီဇယ်ဖိုးငွေကျပ်တစ်သိန်းလောက်ကုန်တယ်။ ခုတော့ ကိုယ်ပိုင်ထရန်စဖော်မာ တစ်ခုထောင်လိုက်တယ်။ လောင်စာအတွက်ကတော့ မြေပဲခွံနဲ့ ဆီးခွဲခြမ်း သုံးတယ်။ မြေပဲခွံမီးက နှမ်းအရောင်အလှဆုံးပဲ။ ၂၀၁၄ ခုနှစ်အတွက် ကုန်သွယ်ခွန်အဖြစ် နိုင်ငံတော်ကို ငွေကျပ်သိန်း ၁၄၀၀ ကျော်ဆောင်ပြီးပြီ။ စက်ရုံမှာ အလုပ်သမား ၃၀ လောက်ရှိတယ်။ ရွာနီးချုပ်စပ်က လူတွေကိုလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ပေးနိုင်ခဲ့ပါတယ်” ဟု သူကရှင်းပြသည်။

**နေလင်းသူရိန်**

## ပြောင်း

### ဖေဖော်ဝါရီလဆန်းမှာ တရုတ်နယ်စပ်မှ ပြောင်းဖူးစေ့ ကန်ဒေါ်လာ ၉ သန်းကျော်ဖိုးတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်စခန်းမှ ဖေဖော်ဝါရီလ ပထမပတ်မှာ ကန်ဒေါ်လာ ၉ ဒသမ ၄၅၀ သန်းတန်ဖိုးရှိတဲ့ ပြောင်းဖူးစေ့ ၃၃၇၄၉ တန်ကျော်တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ၃၁၂၂၆ တန်သာ တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်ရဲ့ ပြောင်းတင်ပို့မှု ၂၅၂၃ တန်ကျော် ပိုမိုလာပါတယ်။

ဖေဖော်ဝါရီလ တတိယပတ်မှာ ကျရောက်မယ့် တရုတ်နှစ်သစ်ကူးပွဲတော်ကလည်း နီးလာတာကြောင့် ယခုလိုပြောင်းတင်ပို့မှုတွေပိုမိုလာတာလို့ သိရပါတယ်။ မူဆယ်ကုန်စည်ဒိုင်ရဲ့ ပြောင်းတစ်တန် ဈေးဟာ ယခင်တစ်ပတ်က ၂၇၇၂၉၅ ကျပ်ရှိရာမှ ယခုတစ်ပတ်မှာတော့ ၂၇၈၄၃၆ ကျပ်သို့ဈေးအနည်းငယ် မြင့်တက်လာပါတယ်။

တရုတ်နှစ်သစ်ကူးပွဲနီးလာလို့ အချို့ကုန်သည်တွေ အဝယ်ရပ်နားမှုရှိသလို ဈေးကွက် အခြေအနေကိုတွက်ချက်ဝယ်ယူမှုရှိနေကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်တန်ကို ၁၇၄၀ယွမ်ဖြင့် အရောင်းအဝယ်ရှိကြောင်း မူဆယ် ပဲ၊ ပြောင်း၊ နှမ်းကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင် MIRT (DCCA)**



### အီသနောဈေးနှုန်း ကျဆင်းမှုကြောင့် ပြောင်းစိုက်တောင်သူတို့ ရင်ပူစရာဖြစ်

အီသနောဈေးနှုန်းတွေ ကျဆင်းမှုကြောင့် ပြောင်းရပ်ဝန်းမှာ စိတ်ပူစရာ တစ်မျိုးတိုးခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စု အိုင်အိုဝါပြည်နယ်ရှိ အပတ်စဉ် လက်ငင်းဈေးကွက်မှာ အီသနောဈေးက နိုဝင်ဘာလ ကုန်က တစ်ဂါလံကို ၂ ဒသမ ၄၂ ဒေါ်လာနှုန်းရှိခဲ့ရာမှ ဇန်နဝါရီလလယ် မှာတစ်ဂါလံကို ၁ ဒသမ ၂၇ ဒေါ်လာနှုန်းထိ ကျဆင်းခဲ့ကြောင်း အီလီနွိုက် တက္ကသိုလ်လယ်ယာ စိုက်ပျိုးရေးစီးပွားရေးပညာရှင် စကော့အာဝင်းကပြောပါတယ်။

"အီသနောဈေးကို ကွန်တော်စပြီး ကောက်ယူစာရင်းပြုစုခဲ့တဲ့ ၂၀၀၇ ခုနှစ်နောက်ပိုင်းမှာ ဒီဈေးနှုန်းက အနိမ့်ဆုံးဈေးနှုန်းဖြစ်ပါတယ်"လို့ အာဝင်းက ပြောပါ တယ်။

ဈေးနှုန်း ဒီလောက်ကျနေရင် အီသနောထုတ်လုပ်သူတွေအတွက် အကျိုးအမြတ် မရှိနိုင်ပါဘူး။ အကျိုးအမြတ်နည်းလို့ အီသနောထုတ်လုပ်သူတွေက ထုတ်လုပ်မှုကိုလျှော့ချလိုက်ရင် ပြောင်းအသုံးနည်းသွားတဲ့အတွက် ဈေးတွေထပ်ပြီး ကျလာနိုင်စရာရှိပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ ထွက်ရှိတဲ့ ပြောင်းရဲ့ သုံးပုံတစ်ပုံကို အီသနောထုတ် လုပ်ရာမှာ အသုံးပြုပါတယ်။

ဈေးနှုန်းတွေကျလာတာကြောင့် ပြောင်းစိုက်တောင်သူတွေက ၂၀၁၅ ခုနှစ်မှာ လျှော့စိုက်ဖို့စဉ်းစားလာကြပါ တယ်။ လာမယ့် နှစ်လအတွင်း ပြောင်းဈေးတွေ တက်မလာဘူးဆိုရင်တော့ ပြောင်းစိုက်ဧက ၄ သန်းလောက်ကို ပဲပုပ် ပြောင်းစိုက်ဖို့ စဉ်းစားထားကြောင်း မကြာမီက အသံလွှင့်ခဲ့တဲ့ "U.S Farm Report" အစီအစဉ်မှာ Blue Reef Agri Maketing အေဂျင်စီမှ ချစ်ပ် နယ်လင်ဂျာက ပြောပါတယ်။

အီသနောထုတ်လုပ်ရေးကဏ္ဍကတော့ ၂၀၁၅ ခုနှစ်မှာ ပြည်တွင်းသုံးစွဲမှု ပိုမိုလာလိမ့်မယ်လို့ အကောင်းဘက်ကကြည့်ပြီး ခန့်မှန်းထားပါတယ်။ ဓာတ်ဆီဈေးနှုန်းတွေ ကျဆင်းလာတဲ့အတွက် လူတွေက ယာဉ်တွေကိုပိုမို မောင်းနှင်လာကြသလို ဆီစားများတဲ့ SUV ကားကြီးတွေကိုပိုမိုဝယ်ယူလာလိမ့်မယ်လို့ အီသနောထုတ်လုပ်သူတွေက ခန့်မှန်းထားပါတယ်။ ချီကာဂိုအခြေစိုက် ADM နဲ့တခြား အီသနောထုတ်လုပ်သူတွေက E.15 လို့ခေါ်တဲ့ အီသနော ၁၅ ရာခိုင်နှုန်းပါတဲ့ ဓာတ်ဆီကိုသုံးဖို့ ဓာတ်ဆီဆိုင်တွေကို အားပေးလှုံ့ဆော်လျက်ရှိပါတယ်။ အပြည်ပြည်ဆိုင်ရာ ဈေးကွက်မှာလည်း အီသနောဝယ်လိုအားက မြင့်တက်နေပါတယ်။ ၂၀၁၄ ခုနှစ်မှာ အီသနောတင်ပို့မှုက ၂၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါတယ်။ ဒါပေမယ့် အီသနောလုပ်ငန်းကရတဲ့ အကျိုးအမြတ်က နိုဝင်ဘာကစပြီး ကျဆင်းလာခဲ့တာ ဇန်နဝါရီလအတွင်းကဆိုရင် အရှုံးပင်ပြခဲ့တယ်လို့ အာဝင်းက ပြောပါတယ်။

## ရော်ဘာ

### ဖေဖော်ဝါရီလဆန်းမှာ ပင်လယ်ရေကြောင်းမှရော်ဘာပိုမိုတင်ပို့

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဖေဖော်ဝါရီ ပထမပတ်မှာ မလေးရှားနဲ့ စင်ကာပူနိုင်ငံသို့ ရော်ဘာ ၇၆၄ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ကန်ဒေါ်လာ သုည ဒသမ ၉၈၁ သန်းဖိုးရရှိပြီး၊ ယခင်ရက်သတ္တပတ်ထက် ၅၃၂ တန်ပိုမိုတင်ပို့နိုင်ခဲ့တာတွေ့ရပါတယ်။နိုင်ငံအလိုက်တင်ပို့နိုင်မှုတွေကတော့ မလေးရှားနိုင်ငံကို RSS 3 ၆၁၈ တန် RSS 5 ၂၃ တန် နီးပါး၊ စင်ကာပူနိုင်ငံကို RSS 3 ၁၂၃ တန်ကျော် တင်ပို့ခဲ့တာဖြစ်ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာဈေးများအနည်းငယ်တက်လာကြောင်း သိရှိရပါတယ်။ ဒါကြောင့် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာဈေးလည်း တစ်တန်လျှင် ဒေါ်လာ ၅၀ ခန့်မြင့်တက်လာပါတယ်။ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းကထုတ်ပြန်ထားတဲ့ ရော်ဘာဈေးများကတော့-

| | | |
|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၄၅၀-၁၅၅၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၄၀၀-၁၅၀၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၅၀-၁၄၅၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၀၀-၁၄၀၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၅၀-၁၃၅၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၅၀-၁၄၅၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၀၀-၁၄၀၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၀၀-၁၃၀၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၅၀-၁၂၅၀** |

ဖြစ်ပါတယ်။

**ယဉ်ယဉ်အေး MIRT (DCCA)**

### နယ်စပ်စခန်းများမှ ရော်ဘာတန် ၈၀၀ ကျော်တင်ပို့

မြန်မာ့ရော်ဘာကိုနယ်စပ်စခန်းများမှ တင်ပို့ရာတွင် မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန် ချင်းရွှေဟော်နဲ့ လွယ်ဂျယ်စခန်းများမှ အများဆုံးတင်ပို့လျက်ရှိပြီး တာချီလိတ်နဲ့ မြိတ်စခန်းများမှလည်း တင်ပို့မှုရှိပါတယ်။ ဖေဖော်ဝါရီလ ပထမပတ်မှာတော့ ကန်ဒေါ်လာ ၁ ဒသမ ၁၀၉ သန်းဖိုးရှိ ရော်ဘာ ၈၁၉ တန်ကျော်ကို တင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ် ၁၀၅ မိုင်မှ ကန်ဒေါ်လာ ၁ ဒသမ ၀၀၅ သန်းဖိုးရှိ ရော်ဘာ ၇၂၉ တန်ကျော် တင်ပို့ခဲ့ပြီး အဆင့်လိုက်တင်ပို့မှုများမှာ RSS-3 ၅၂၈ တန်ကျော်၊ MSR -20 ၁၃၄တန်ကျော်နဲ့ MSR -20 ၆၇ တန် တင်ပို့ခဲ့ပါတယ်။ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၂၀၀ ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ချင်းရွှေဟော်စခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၁၀၄ သန်းဖိုးရှိ MSR -50 တန် ၉၀ တင်ပို့ခဲ့ပြီး ယခင်သီတင်းပတ်ထက် တန် ၁၂၀ လျော့နည်းခဲ့ပါတယ်။

ယခုသီတင်းပတ်မှာ ရော်ဘာဈေးများဆက်လက်ကျဆင်းလာကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရှိရပါတယ်။ ကုန်စည်ဒိုင်မှ ယခုတစ်ပတ်ပေါက်ဈေးများကို ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ဖော်ပြလိုက်ပါတယ်-

| | မိမိဘက်(ကျပ်/တန်) | | | | တစ်ဖက်နိုင်ငံ(ဒေါ်လာ/တန်) | | | |
|---|---|---|---|---|---|---|---|---|
| | ယခု | ယခင် | ပြောင်းလဲမှု | ရာခိုင်နှုန်း | ယခု | ယခင် | ပြောင်းလဲမှု | ရာခိုင်နှုန်း |
| RSS 3 | ၁၄၂၄၁၁၅ | ၁၄၆၇၄၅၉ | ၄၃၃၄၄ ▽ | ၃ | ၁၃၉၄ | ၁၄၄၀ | ၄၆ ▽ | ၃ |

**ယဉ်ယဉ်အေး MIRT (DCCA)**

### ရေနံစိမ်းနဲ့ ငွေလဲနှုန်းအပြောင်းအလဲကြောင့် ယခုတစ်ပတ် မလေးရှား ရော်ဘာဈေးကွက် လှုပ်လှုပ်ရှားရှားဖြစ်

ရေနံစိမ်းနဲ့ ငွေလဲနှုန်း အပြောင်းအလဲများကြောင့် ယခုတစ်ပတ်မှာ မလေးရှားရော်ဘာဈေးကွက် လှုပ်လှုပ်ရှားရှားဖြစ်နေရပါတယ်လို့ ရော်ဘာကုန်သည်တစ်ဦးက ပြောကြားလိုက်ပါတယ်။ ရော်ဘာဈေးဟာ အခြားကုန်စည်များရဲ့ အခြေအနေပေါ်မူတည်ပြီး အပြောင်းအလဲဖြစ်နေကြောင်း၊ ယခုတစ်ပတ်ကုန်ဆုံးချိန်မှာတော့ မျှော်မှန်းထားတာထက် ရော်ဘာဈေးကွက် အခြေအနေ ကောင်းမွန်နေကြောင်း၊ အထူးသဖြင့် ရင်းဂစ်ဈေး အပြောင်းအလဲကလည်း အကျိုးသက်ရောက်စေကြောင်း ဖေဖော်ဝါရီ ၉ ရက်က ဘီနာမာသတင်းဌာနနဲ့ ရော်ဘာကုန်သည်တို့ တွေ့ဆုံမေးမြန်းစဉ် ပြောကြားလိုက်တာ ဖြစ်ပါတယ်။

အင်္ဂါနေ့ဟာ အချုပ်အခြာအာဏာပိုင်နေ့နဲ့ Thaipusam ရုံးပိတ်ရက်ဖြစ်တဲ့အတွက် တနင်္လာနေ့မှာ ရော်ဘာဈေးပိတ်တယ်လို့ သိရပါတယ်။ သောကြာအခြေခံ ရက်သတ္တပတ်မှ မလေးရှားရော်ဘာဘုတ်အဖွဲ့က တရားဝင်သတ်မှတ်ပေးတဲ့ ရော်ဘာဈေးတွေကတော့ တာယာလုပ်မယ့် SMR 20 တစ်ကီလိုဂရမ်ကို ၄၉၅ စင်ပေါက်ပြီး Latex ဝမ်းပုံစနစ်ဈေးက ၃၇၁ ဒသမ ၅ စင်ဖြစ်ပါတယ်။

ဈေးကွက်ထဲမှာ တရားမဝင်ပေါက်ဈေးတွေကတော့ ၁ ကီလိုဂရမ်ကို SMR 20 က ၄ ဒသမ ၅ စင်နဲ့ Latex ဝမ်းပုံ ၁၂ ဒသမ ၅ စင် အသီးသီးမြင့်တက်ခဲ့ပြီး SMR 20 ၁ ကီလိုဂရမ်ကို ၄၉၅ ဒသမ ၅ စင်၊ Latex ဝမ်းပုံ ၃၇၅ ဒသမ ၅ စင် အသီးသီးဈေးပေါက်ခဲ့တယ်လို့ ဘီနာမာသတင်းမှာ ဖော်ပြထားပါတယ်။

**CMK**

### အနီးစပ်ဆုံးကာလထက် ဇန်နဝါရီလမှာ တရုတ်မှ ရော်ဘာတင်သွင်းမှုကျဆင်း

၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်းမှာ တရုတ်နိုင်ငံမှ သဘာဝရော်ဘာနဲ့ Latex အပါအဝင် Synthetic ရော်ဘာတု တန်ချိန် ၃၅၀၀၀၀ တင်သွင်းခဲ့ပြီး အနီးစပ်ဆုံးကာလဖြစ်တဲ့ ဒီဇင်ဘာလမှာ တန်ချိန် ၄၁၀၀၀၀ တင်သွင်းခဲ့တဲ့အတွက် ၁၄ ရာခိုင်နှုန်းကျော်တင်သွင်းမှု လျော့နည်းခဲ့ပါတယ်။

**CMK**



# ၂၀၁၄ ခုနှစ်အတွက် ကုလားပဲဖြူလုံးကြီး ဈေးသုံးသပ်ချက်

ကျော်မြင့်

မြန်မာနိုင်ငံ၏ ရေမြေသဘာဝအခြေခံအရ မြန်မာနိုင်ငံ အလယ်ပိုင်းမိုးနည်း ရပ်ဝန်းဒေသတွင် ကုလားပဲကို ဆောင်းရာသီကာလအတွင်း စိုက်ပျိုးကြသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၁၂-၂၀၁၃ ခုနှစ်စာရင်းများအရ တစ်နိုင်ငံလုံးအတိုင်းအတာအရ ကုလားပဲစုစုပေါင်းစိုက်ဧကမှာ ၈ ဒသမ ၉၄ သိန်းရှိသည်ဟုခန့်မှန်းထားပြီး မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်း ရပ်ဝန်းဒေသတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ဧက ၄ ဒသမ ၄ သိန်းကျော်၊ မကွေးတိုင်းဒေသကြီးမှ ဧက ၂ဒသမ ၁ သိန်းကျော်နှင့် မန္တလေးတိုင်းဒေသကြီးမှ ဧက ၂သိန်းကျော်၊ စုစုပေါင်းဧက ၈ ဒသမ ၆ သိန်းကျော်စိုက်ပျိုးသဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအပေါ်တွင် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသသည် ၉၆ ရာခိုင်နှုန်းထိ ပါဝင်လျက်ရှိသည်။ ပြည်တွင်းပဲခွဲစက်များမှ ကုလားပဲဖြူလုံးကြီးကို ဝယ်အားရှိသည့်အပြင် ကုလားပဲခွဲခြမ်း၊ ကုလားပဲမှုန့်ကိုစားသုံးသူများမှ ဝယ်အားရှိကြသည်။ ပြည်ပတင်ပို့ရောင်းချသူများကလည်း ကုလားပဲဖြူလုံးကြီးကို ဝယ်အားရှိကြသည်။

**ပြည်ပသို့တင်ပို့မှု။** ၂၀၁၂-၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံသည် ကုလားပဲဖြူလုံးကြီးကို ပြည်ပပို့ကုန်အဖြစ် တန်ချိန် ၄၆၉၀၇ တင်ပို့ခဲ့ပြီး ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၃၄ ဒသမ ၃၈၈ သန်းရှိသည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းများအရသိရှိရသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာတွင် ပဲမျိုးစုံအများဆုံးထုတ်လုပ်ပြီး၊ ပြည်ပမှ ပဲမျိုးစုံ အများဆုံးတင်သွင်းသည့်နိုင်ငံဖြစ်သည်။ ဒီဇင်ဘာလ ၂၆ ရက်နေ့ အိန္ဒိယအစိုးရက ထုတ်ပြန်သည့် အချက်အလက်များအရ အိန္ဒိယနိုင်ငံ သည် ကုလားပဲစိုက်ဧက ၇ ဒသမ ၇၈ ဟက်တာသန်းပေါင်းရှိပြီး ပြီးခဲ့သည့်နှစ်က ဟက်တာသန်းပေါင်း ၉ ဒသမ ၀၆ ရှိခဲ့သည်။ ကုလားပဲစိုက်ဧရိယာကျဆင်းလာသဖြင့် ပြည်ပမှ ကုလားပဲတင်သွင်းခွန် ကင်းလွတ် ခွင့်ကိုလာမည့် မတ်လကုန်ထိ တိုးချဲ့ထားသည်ဟု အိန္ဒိယအစိုးရက ကြေညာဖော်ပြထားသည်။

**ပုံ-၁။ ကုလားပဲကူးသန်းရောင်းဝယ်စီးဆင်းမှု (Trade flow)**




ပုံ-၁ တွင်ဖော်ပြသည့်အတိုင်း မြန်မာနိုင်ငံ အလယ်ပိုင်းမိုးနည်း ရပ်ဝန်းဒေသသည် ကုလားပဲအဓိက စိုက်ပျိုးထွက်ရှိသည့်ဒေသဖြစ်သည်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသမှ ကုလားပဲကို ရန်ကုန်မြို့သို့ သယ်ယူပြီး ပင်လယ်ရေကြောင်းဖြင့် ပြည်ပသို့ တင်ပို့ရောင်းချကြသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်တွင် ကုလားပဲခွဲခြမ်း၊ ကုလားပဲမှုန့်ကို စားသုံးသူများဝယ်အားရှိသဖြင့် ကုလားပဲခွဲခြမ်းစက်များသည် ပြည်တွင်းစားသုံးမှုအတွက် အရေးပါသည့် အလတ်စား၊ အသေးစားစက်မှုလုပ်ငန်းများဖြစ်ကြသည်။

မန္တလေးကုလားပဲဖြူလုံးကြီးဈေးကို၊ ၅-နှစ် ပျမ်းမျှ ကုလားပဲဖြူလုံးကြီး လအလိုက်ပျမ်းမျှဈေးအဖြစ် တွက်ချက်ပြီးလည်းကောင်း၊ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ် လအလိုက်ပျမ်းမျှဈေးအဖြစ် တွက်ချက်၍လည်းကောင်း ယှဉ်တွဲဖော်ပြထားပါသည်။

၂၀၁၄ ခုနှစ် မန္တလေး ကုလားပဲဖြူလုံးကြီးဈေးသည် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် လ အလိုက် ပျမ်းမျှဈေးအောက်တွင် ရောက်ရှိသည့်အပြင် ၅-နှစ် ပျမ်းမျှကုလားပဲ ဖြူလုံးကြီးလအလိုက် ပျမ်းမျှဈေးအောက်သို့ပါ ရောက်ရှိသွားခဲ့သည့် အတွက် ၂၀၁၄ ခုနှစ် မန္တလေးကုလားပဲဖြူလုံးကြီးဈေးသည် အခြေ အနေမကောင်းဟု ပြောဆိုဖော်ညွှန်းရမည်ဖြစ်ပါသည်။

**ပုံ-၂။ မန္တလေးတွင် ၅-နှစ်ပျမ်းမျှကုလားပဲဖြူလုံးကြီးလအလိုက် ပျမ်းမျှဈေး၊ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်လအလိုက်ပျမ်းမျှဈေး**




တစ်နှစ်ပတ်လုံးပျမ်းမျှအခြေအနေကိုစိစစ်ပါက မန္တလေး ကုလားပဲဖြူလုံးကြီး ဈေးသည် ၂၀၁၄ ခုနှစ်တွင် တစ်တန်ကို ၄၇၃ ကန်ဒေါ်လာရှိခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် တစ်တန်ကို ၅၉၃ ဒေါ်လာရှိခဲ့သောကြောင့် မန္တလေးကုလားပဲဖြူလုံးကြီး ၂၀၁၄ ခုနှစ်ဈေးသည် ၂၀၁၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်းဈေးလျော့နည်းသွားသည်ကို စိစစ်တွေ့ရှိရသည်။ လအလိုက် မန္တလေးကုလားပဲဖြူလုံးကြီးဈေး ပြောင်းလဲမှုကို 12-month moving average price နှင့် ယှဉ်တွဲ၍ ပုံ-၃ တွင် ရေးဆွဲဖော်ပြထားပါ သည်။ 12-month moving average price အရ ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်ထိ မန္တလေးကုလားပဲဖြူလုံးကြီး ဆက်တိုက် ဈေးမြင့်လာခဲ့ပြီး ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိ မန္တလေး ကုလားပဲဖြူလုံးကြီးဈေးသည် အကျဘက်သို့ ဦးတည်သွားခဲ့သည်။

**ပုံ-၃။ မန္တလေးကုလားပဲဖြူလုံးကြီးလအလိုက် ပျမ်းမျှဈေး ပြောင်းလဲမှု ၆-နှစ် ပျမ်းမျှ ကုလားပဲဖြူလုံးကြီးဈေးနှင့် (12-month moving average price ) (၂၀၀၈ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိ)**




ဇာစ်မြစ်။ www.etrademyanmar.com

၂၀၀၈ ခုနှစ်၊ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့သည် ၆ နှစ် ပျမ်းမျှဈေးအောက်သို့ ရောက်ရှိလာကြောင်း စိစစ်တွေ့ရှိရပါသည်။ တစ်နည်းအားဖြင့် ကုလားပဲဖြူလုံးကြီး ဈေးသိသာစွာကျဆင်းလာခဲ့သည့် အခြေအနေဖြစ်ပါသည်။ ပုံ-၃ ကိုကြည့်ရှုရန် ဖြစ်ပါသည်။

**ပုံ-၄။ နှစ်အလိုက်မန္တလေးကုလားပဲဖြူလုံးကြီး ပျမ်းမျှဈေး ပြောင်းလဲမှု(၂၀၀၈ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိ)**




**ဇယား-၁။ မန္တလေးကုလားပဲဖြူလုံးကြီး လအလိုက်ပျမ်းမျှဈေး (၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ခုနှစ်)**

| လအမည် | မန္တလေးကုလားပဲဖြူလုံးကြီး လအလိုက်ပျမ်းမျှဈေး (ကန်ဒေါ်လာ ။တန်) | |
|---|---|---|
| | ၂၀၁၃ | ၂၀၁၄ |
| ဇန် | ၆၁၆ | ၅၁၅ |
| ဖေ | ၆၂၃ | ၅၀၅ |
| မတ် | ၆၃၂ | ၅၁၄ |
| ဧ | ၆၇၄ | ၅၁၅ |
| မေ | ၆၄၇ | ၄၉၆ |
| ဇွန် | ၅၉၅ | ၄၇၆ |
| ဇူလိုင် | ၅၅၄ | ၄၇၇ |
| ဩဂုတ် | ၅၇၉ | ၄၆၉ |
| စက် | ၅၅၈ | ၄၅၅ |
| အောက် | ၅၅၉ | ၄၂၀ |
| နို | ၅၃၉ | ၄၁၅ |
| ဒီ | ၅၁၂ | ၄၂၄ |
| တစ်နှစ်ပတ်လုံး ပျမ်းမျှ | ၅၉၁ | ၄၇၃ |

| ခုနှစ် | နှစ်အလိုက်မန္တလေး ကုလားပဲဖြူလုံးကြီးဈေး (တန် ။ကန်ဒေါ်လာ) | နှစ်အလိုက် ပြောင်းလဲမှု % |
|---|---|---|
| ၂၀၀၈ | ၃၀၇ | |
| ၂၀၀၉ | ၄၄၇ | ၄၅. ၆ |
| ၂၀၁၀ | ၆၅၁ | ၄၅. ၇ |
| ၂၀၁၁ | ၇၇၅ | ၁၈. ၉ |
| ၂၀၁၂ | ၇၀၀ | -၉. ၆ |
| ၂၀၁၃ | ၅၉၁ | -၁၅. ၆ |
| ၂၀၁၄ | ၄၇၃ | -၂၀. ၀ |

ဇာစ်မြစ်။ www.etrademyanmar.com

နှစ်အလိုက်မန္တလေးကုလားပဲဖြူလုံးကြီးဈေးကို လေ့လာပါက ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်ထိ သုံးနှစ်ဆက်တိုက်ဈေးမြင့်လာခဲ့ပြီး ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိ သုံးနှစ် ဆက်တိုက်ဈေးကျလာခဲ့သည်။ ၂၀၁၄ ခုနှစ်တွင်ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်ထက် ၂၀ ရာခိုင်နှုန်းထိဈေးကျလာခဲ့သည်။ ရောင်းဝယ်သူများက ကုလားပဲတွင် ကုလားပဲဖြူလုံးကြီး၊ ကုလားပဲဝါလုံးကြီး၊ ကုလားပဲဟော်လန်ဟူ၍ ခွဲခြားရောင်းဝယ်ကြသည်။ ကုလားပဲတွင် ကုလားပဲဖြူလုံးကြီးသည် အခြားကုလားပဲများထက်ဈေးမြင့်လေ့ရှိသည်။

**ဇယား-၂။ ကုန်စည်ဒိုင်အလိုက်ကုလားပဲအမျိုးအစားအလိုက် အရောင်း အဝယ်ဖြစ်သောဈေး**

| ကုလားပဲ အမျိုးအစား | တစ်ပိဿာ= ကျပ် (spot price) ( ၂၀၁၅ခုနှစ် ဇန်နဝါရီလ ၂၃ ရက်) | | | | |
|---|---|---|---|---|---|
| | မန္တလေး | မုံရွာ | ပခုက္ကူ | မြင်းခြံ | ပြည် |
| ကုလားပဲဖြူလုံးကြီး | ၈၁၂-၈၂၁ | ၈၂၆ | ၈၁၁ | ၇၈၀-၈၀၀ | |
| ကုလားပဲဝါလုံးကြီး၊ | | | | ၇၅၀-၇၇၅ | |
| ကုလားပဲဟော်လန် | | | | | ၇၆၅-၇၇၅ |
| ကုလားပဲထိုင်ဝမ် | ၇၄၇-၇၅၆ | | | | ၇၇၃ |

လက်ရှိအခြေအနေတွင် ပဲတီစိမ်းသည် ဈေးအမြင့်ဆုံးဖြစ်ပြီး ကုလားပဲသည် ဈေးအနိမ့်ဆုံးဖြစ်သည်။ မတ်ပဲ၊ ပဲစင်းငုံအနီသည် ကုလားပဲထက်ဈေးပိုမြင့်သည်။ပုံ-၅ ကိုကြည့်ရှုရန်ဖြစ်ပါသည်။

**ပုံ-၅။ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံအနီနှင့် ကုလားပဲတစ်နှစ်ပတ်လုံး ပျမ်းမျှဈေး နှိုင်းယှဉ်ချက် (၂၀၁၄ ခုနှစ်)**




ဇာစ်မြစ်။ www.etrademyanmar.com

# ITC ကတ်နဲ့ ရိဒ်နယ်စပ်မှ ဇန်နဝါရီလတွင် ပို့ကုန်သွင်းကုန် ကျပ်သန်းပေါင်း ၉၀ ကျော် ကုန်သွယ်နိုင်

ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ITC ကတ်ထုတ်ပေးနိုင်မှု ၃ ဦးရှိပြီး ပို့ကုန် ကျပ်သန်းပေါင်း ၆၀ ကျော်ကုန်သွယ်မှုပြုနိုင်ခဲ့ပါတယ်။ သွင်းကုန်အနေဖြင့် ကျပ် ၃၄ သန်းကျော်တင်သွင်း နိုင်တာတွေ့ရပါတယ်။ ITC ကတ်နဲ့ ပို့ကုန်တင်ပို့ခဲ့တဲ့ပစ္စည်းကတော့ မုန့်မျိုးစုံဖြစ်ပြီး သွင်းကုန်ပစ္စည်းတွေကတော့ လုပ်ငန်းသုံးကုန်ကြမ်းများဖြစ်တဲ့ နိုင်လွန်ချည်နဲ့ ချည်ဆိုးဆေးတို့အပြင် အားဖြည့်အချိုရည်ပါတင်သွင်းနိုင်တာ တွေ့ရပါတယ်။ ရိဒ်နယ်စပ်ကုန်သွယ်ရေးမှ ITC ကတ်နဲ့ ကုန်သွယ်ခွင့်ကို ၂၀၁၃ ခုနှစ် ဧပြီလမှ စတင်ခွင့်ပြုပေးခဲ့ပြီး စတင်ခွင့်ပြုချိန်မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလထိ ကျပ်သန်းပေါင်း ပို့ကုန် ၁၄ ဒသမ ၉၉၉ နဲ့ သွင်းကုန် ၁၇၇ ဒသမ ၁၈၆ ကုန်သွယ်ပြီးဖြစ်တာ တွေ့ရပါတယ်။ နယ်စပ်စခန်း ၁၂ ခုမှ ITC ကတ်နဲ့ စတင်ခွင့်ပြုချိန်မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလထိ ကုန်သွယ်မှုပမာဏ ကျပ်သန်းပေါင်း ၇၃၀၀ ကျော် ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

**ခင်မိုးသူ MIRT (DCCA)**

# လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း (စိန့်ဂျွန်း)တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပ



ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းသော အစားအစာများ ရွေးချယ်ဝယ်ယူ စားသုံးတတ်စေရန် နိုင်ငံတော်မှ ချမှတ်ထားသည့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့် ပတ်သက်သည့်အသိပညာဗဟုသုတများ ရရှိစေရန်အတွက် ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံစားသုံးသူကြိုတင်ကာကွယ်ရေး အသင်းတို့နှင့် ပူးပေါင်း၍ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း(စိန့်ဂျွန်း)၊ စွမ်းအားခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပခဲ့ပါသည်။

ဟောပြော ဆွေးနွေးပွဲတွင် လမ်းမတော်မြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာကြီး ဦးကိုကိုနိုင်က ခေတ်နဲ့အညီ နည်းပညာများ တိုးတက်လာသဖြင့် စားသုံးရန် ပစ္စည်းအသစ်အဆန်းများ၊ လှပစွာ ထုပ်ပိုး၍ကြာရှည်ခံအောင် ပြုလုပ်ထားသော စားသောက်ကုန်များကြောင့် အတွေ့အကြုံနုနယ်ပြီး အရာရာ ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိသေးသော ကျောင်းသား/ကျောင်းသူများမှ ဘေးဥပဒ်အန္တရာယ်မရှိသည့် စားသောက်ကုန်ပစ္စည်းများအား ရွေးချယ်စားသုံးတတ်စေရန် လာရောက်ဟောပြောဆွေးနွေး အသိပညာပေးခြင်းကို သေချာစွာမှတ်သားလိုက်နာကြရန် အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးဦးမင်းသိန်းက စားသုံးသူများကို အကာအကွယ်ပေးရန် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းပြီးမှုအခြေအနေ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူများ၏ အမှန်တကယ်နစ်နာမှု၊ မကျေနပ်မှုများကို တိုင်ကြားနိုင်ရန် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် ဈေးကွက်များ၌ လုံခြုံစိတ်ချရမှုမရှိသော ကုန်ပစ္စည်းများ ရောင်းချမှု မရှိစေရေးအတွက် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းပြီးမှုအခြေအနေ၊ ပြည်ပမှ တင်သွင်းသော ကုန်ပစ္စည်းများတွင် တရားဝင်မှတ်ပုံတင်ထားသော၊ စံချိန်စံညွှန်း ပြည့်မီသည့် စားသောက်ကုန်များကို ဝယ်ယူစားသုံးရန်၊ စားသောက်ကုန်၊ ဆေးဝါးများတွင်ပါရှိသည့် ညွှန်ကြားချက်များကို သေချာစွာဖတ်ရှု၍ လိုက်နာရန်၊ ထုတ်လုပ်/ကုန်ဆုံးရက်စွဲ မပါရှိသော အစားအသောက်များ၊ အသင့်စား စားသောက်ကုန်များ၊ ဖတ်ရှု၍နားမလည်သော စာသားများဖြင့်ရေးသားထားသော အစားအသောက်များ စားသုံးခြင်းမှ ရှောင်ကြဉ်ကြရန်နှင့် ဥပဒေတွင်ပါရှိသည့် စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များကို အသေးစိတ်ရှင်းလင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ဆက်လက်၍ လမ်းမတော်မြို့နယ် ကျန်းမာရေးဆရာဝန်ဒေါက်တာဒေါ်သန်းသန်းချစ်က လုံခြုံစိတ်ချရမှု မရှိသည့် အစားအစာများအန္တရာယ်နှင့် အဟာရပြည့်ဝသော အစားအစာများ ရွေးချယ်စားသုံးခြင်းဖြင့် မိမိကျန်းမာရေးကိုကိုယ်တိုင်စောင့်ရှောက်နိုင်ကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ ဦးစီးအရာရှိ ဒေါက်တာဆုသဉ္ဇာအောင်က ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်စားသောက်ရန်အတွက် လိုက်နာဆောင်ရွက် ရမည့် အချက်ငါးချက်နှင့် သန့်ရှင်းလတ်ဆတ်သော အစားအသောက်များကို ရွေးချယ်စားသုံးရမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံစားသုံးသူကြိုတင်ကာကွယ်ရေးအသင်း အတွင်းရေးမှူး ဒေါ်ခင်စန္ဒာကလည်း ကျန်းမာသက်ရှည်သော လူသားများဖြစ်ရန် အစားအသောက်များကို ရွေးချယ်ဝယ်ယူစားသုံးရာတွင် ဆောင်ရန်/ရှောင်ရန်များအကြောင်း အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပါသည်။

အဆိုပါဟောပြောဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ) မှ ဦးစီးအရာရှိ၊ မြို့နယ်ကျန်းမာရေးဆရာဝန်၊ မြန်မာနိုင်ငံစားသုံးသူ ကြိုတင်ကာကွယ်ရေးအသင်း အတွင်းရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးလက်ထောက်အမှုဆောင်အရာရှိ၊ အထက(၁) မှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ/ဆရာမများ၊ အခြေခံပညာကျောင်းပေါင်း ၉ ကျောင်းမှ ကျောင်းအုပ် ဆရာကြီး/ ဆရာမကြီးများ၊ ကျောင်းသား/ကျောင်းသူများ၊ စုစုပေါင်း ၃၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**ချောဥမ္မာနိုင်(စားသုံးသူ)ရန်ကုန်**



# စားသုံးသူပြည်သူများ၏ နစ်နာမှုများနှင့် တိုင်ကြားမှုများအကြောင်းဆွေးနွေး

ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်းဦးစီးမှူး ဦးခမ်လျန်စွမ်းနှင့် ဝန်ထမ်းများသည် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ရွှေဘိုခရိုင်၊ ဝက်လက်မြို့ စည်ပင်သာယာဈေးကော်မတီရုံးခန်း၌ စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲအခမ်းအနားသို့ ဈေးကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ ဈေးသူ/ဈေးသားများ၊ စည်ပင်သာယာဝန်ထမ်းများ အပါအဝင် စုစုပေါင်း ၅၀ ဦး တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဦးစီးမှူးက စားသုံးသူရေးရာဌာနအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေး ပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပြီး စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကိုလည်း ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဥပဒေတွင် အခန်းပေါင်း ၁၂ခန်းဖြင့် ပုဒ်မ ၃၁ ခုပါရှိကြောင်းနှင့် ဈေးသူဈေးသားများ သိရှိနားလည်နိုင်ရန် ဥပဒေပါ အခန်း ၁၁၊ ပုဒ်မ ၂၃ နှင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၅သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်ဖြစ်ကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပုဒ်မ ၁၆အရ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန်နှင့် စားသုံးသူများ၏ အငြင်းပွားမှုဆိုင်ရာကိစ္စများ ဖြေရှင်းနိုင်ရေးအတွက် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း ခရိုင်၊ မြို့နယ်အဆင့် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းသွားမည်ဖြစ်ပြီး ၎င်းစားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အောက်တွင် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးကော်မတီနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီဟူသော ကော်မတီနှစ်ရပ် ရှိပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ဆက်လက်၍ တိုင်းဦးစီးမှူးက စားသောက်ကုန်များနှင့်ပတ်သက်၍ ဥပမာပေးဆွေးနွေးရာတွင် ငှက်ပျောသီးဝယ်ယူမည်ဆိုပါက ဝယ်ယူသူက အမှည့်လိုချင်လျှင် ဆိုင်ရှင်က လိုချင်သည့်ရက်မှည့်အောင် ဆေးဖြင့်ပြုလုပ်ပေးခြင်းများရှိပါကြောင်း၊ ၎င်းဆေးသည် စားသုံးသူများကို အန္တရာယ်ဖြစ်စေနိုင်သည့်အတွက် အသုံးမပြုသင့်ကြောင်း၊ ငါးပိငါးခြောက်ဆိုင်ပိုင်ရှင် တစ်ဦး၏ ပြောကြားချက်အရ ငါးပိကို စားသုံးသူများအကြိုက် အရောင်လှစေရန် အရောင်ဆိုးဆေးများ အသုံးပြုပြီး ရောင်းချရာ အကျိုးအမြတ်များစွာ ရရှိသော်လည်း မိမိမှ စားသုံးသူနစ်နာမှုများကို သိရှိလာပြီး အရောင်ဆိုးဆေးများ အသုံးမပြုဘဲ ရောင်းချရာ မိမိဆိုင်မှာ အရောင်းအဝယ်မဖြစ်ဘဲ ဆိုးဆေးများ အသုံးပြုပြီး ရောင်းချသော အခြားဆိုင်များက အရောင်းအဝယ်ဖြစ်ကြောင်း၊ အရောင်ဆိုးဆေးအသုံးပြုပြီး ရောင်းချခြင်းသည် စားသုံးသူ၏ လိုအပ်ချက်အရဖြစ်ပြီး မိမိအတွက် အကျိုးအမြတ်ရရှိသော်လည်း စားသုံးသူနစ်နာမှုရှိသည့်အတွက် မပြုလုပ်သင့်ကြောင်း၊ ဈေးသူဈေးသားတစ်ဦးခြင်း လိုက်နာမှသာ တစ်ဈေးလုံးအန္တရာယ်ကင်းသော စားသောက်ကုန်များ ဖြစ်လာမှာဖြစ်ကြောင်း၊ သံသယရှိသော စားသောက်ကုန်များတွေ့ရှိပါက နမူနာပေးပို့ပြီး FDAတွင် စစ်ဆေးပေးသွားမည်ဖြစ်ကြောင်း၊ စားသုံးသူအငြင်းပွားမှု ပြဿနာဖြစ်ပေါ်လာပါကလည်း စားသုံးသူတိုင်ကြားမှု ပုံစံများဖြင့် စနစ်တကျ တိုင်ရမည်ဖြစ်ကြောင်း၊ စားသုံးသူတိုင်ကြားမှုပုံစံကိုလည်း dccasagaing facebook တွင် တင်ထားပါကြောင်း၊ ဆက်လက်၍လည်း လူစည်ကားရာ ရုံးများ၊ ကျောင်းများ၊ ဈေးများတွင်လည်း ဖြန့်ဝေသွားမည်ဖြစ်ကြောင်း အကျယ်တဝင့် ဆွေးနွေးပြောကြားသွားပါသည်။

**နှင်းနှင်းခိုင် (မုံရွာ)**

# ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ပုဇွန်တောင်မြို့နယ် ပုဇွန်တောင်ဈေးတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးကွင်းဆင်းဆောင်ရွက်

ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သည့် စားသုံးကုန်ပစ္စည်းများ ဝယ်ယူစားသုံးနိုင်ရေးကို ရည်ရွယ်၍ ကွင်းဆင်းအသိပညာပေးမှုများ ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ် ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်း ဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများ သည် ရန်ကုန်တောင်ပိုင်းခရိုင်၊ စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးမှ ဌာနစုမှူး၊ ပုဇွန်တောင် မြို့နယ် စည်ပင်သာယာရေးကော်မတီဝင်၊ မြို့နယ်စည်ပင် လက်ထောက်အုပ်ချုပ်ရေးမှူး၊ ပုဇွန်တောင်ဈေး တာဝန်ခံနှင့်ဝန်ထမ်းများ၊ ဈေးသာယာရေးအဖွဲ့ ဝင်များ၊ ဈေးမိ၊ ဈေးဖများနှင့် ပူးပေါင်း၍ ဖေဖော် ဝါရီလ ၅ရက်နေ့တွင် ရန်ကုန်တိုင်း ဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ပုဇွန်တောင်မြို့နယ် (ပုဇွန် တောင်ဈေး)ရှိ ဈေးရောင်းချသည့်သူ ဈေးသည် များအား ဈေးကော်မတီရုံးတွင် တွေ့ဆုံ၍ စားသုံး သူ အကာအကွယ်ပေးရေးအကြောင်း သိကောင်း စရာများကို ဟောပြောဆွေးနွေးခြင်းနှင့် ဈေးဆိုင် များ ၌ ရောင်းချလျက်ရှိသည့် စားသောက်ကုန် ပစ္စည်း၊ ဆေးမျိုးစုံ၊ လူသုံးကုန်၊ အလှကုန်ပစ္စည်းများ ကို ကြည့်ရှုစစ်ဆေးခြင်းနှင့် စားသုံးသူအကာ အကွယ်ပေးရေး အသိပညာပေးခြင်းများကို ကွင်းဆင်း ဆောင်ရွက်ခဲ့ပါသည်။



အဖွဲ့သည် ဈေးကော်မတီရုံး၌ ဈေးရုံကိုယ် စားလှယ်များ၊ ဈေးမိဈေးဖများ၊ စားသောက်ကုန်၊ ဆေးမျိုးစုံ၊ လူသုံးကုန်၊ အလှကုန်၊ သစ်သီးဝလံဟင်း သီးဟင်းရွက်ရောင်းချသူများအား စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို နိုင်ငံတော်မှ ပြဋ္ဌာန်းခဲ့ ပြီးဖြစ်ကြောင်း၊ စားသုံးသူနှင့် ရောင်းချ သူအကြား နစ်နာမှု၊ မကျေနပ်မှုများကို ဖြေရှင်းပေး မည့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ ထို့အပြင် စားသုံးသူများအတွက် ပိုမိုထိရောက်သော ဆောင် ရွက်မှုကို လုပ်ဆောင်ပေးမည့် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် ပြည်တွင်းမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ၊ ပြည်ပမှ ဝင်ရောက်လာသည့် ကုန်ပစ္စည်းများ လုံခြုံစိတ်ချရမှုရှိစေရန် စစ်ဆေးဆောင်ရွက်ပေး မည့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်း ကော်မတီတို့ကို ဖွဲ့စည်းပြီး ဖြစ်ကြောင်း၊ ဈေး ရောင်းချသည့် ဈေးသူ/ဈေးသားများ အနေဖြင့် ဥပဒေတွင်ပါရှိသည့် စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်၊ တားမြစ်ချက်များနှင့်အညီ မိမိတို့ရောင်းချ သည့် ကုန်ပစ္စည်းများသည် စားသုံးသူများအတွက် ဘေးဥပဒ်အန္တရာယ် ကင်းရှင်းပြီး သတ်မှတ်စံချိန် စံညွှန်းများနှင့် ကိုက်ညီရန် လိုအပ်သကဲ့သို့ မိမိတို့ ကိုယ်တိုင် ကုန်ပစ္စည်းများကို ဝယ်ယူအသုံးပြုရာ တွင်လည်း စားသုံးသူအနေဖြင့် စားသုံးသူ၏ အခွင့် အရေးနှင့် တာဝန်များကိုလည်း သိရှိထားရန် လိုအပ်ကြောင်းတို့ကို အသေးစိတ်ရှင်းလင်း ပြော ကြားခဲ့ပြီးသိလိုသည်များကို ဆွေးနွေးနိုင်ပါ ကြောင်း ဖိတ်ကြားခဲ့ရာ တက်ရောက်လာသူတစ်ဦး မှ ဈေးကွက်အတွင်း ရောင်းချလျက်ရှိသည့် အစားအစာ၊ ဆေးဝါးများ ဘေးဥပဒ်အန္တရာယ် ဖြစ်ပေါ်ခဲ့ပါက ကျန်းမာရေး ဝန်ကြီးဌာနမှ ပြဋ္ဌာန်း ထားသည့် အစားအသောက်နှင့် ဆေးဝါးဥပဒေ၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး ဌာနမှ ပြဋ္ဌာန်းထားသည့် စားသုံးသူအကာအကွယ် ပေးရေး ဥပဒေတို့ဖြင့် အရေးယူဆောင်ရွက်နိုင် မည့်အခြေအနေများကို သိရှိလိုကြောင်း မေးမြန်း ခဲ့ပါသည်။

ဆက်လက်၍ အဖွဲ့သည်ဈေးအတွင်း ရောင်းချ လျက်ရှိသည့် စားသောက်ကုန်၊ ဆေးမျိုးစုံ၊ လူသုံး ကုန်၊ အလှကုန်၊ ငါးပိ၊ ငါးခြောက်၊ ငါးပိစိမ်းစား၊ စားသုံးဆီ၊ ဇရုတ်သီးမှုန့်မျိုးစုံ ရောင်းချလျက်ရှိ သည့် ဆိုင်များသို့ လှည့်လည်ကြည့်ရှုပြီး စားသုံးသူ များအတွက် ကျန်းမာရေးနှင့် ညီညွတ်သည့်ပစ္စည်း များရောင်းချရန်၊ ဘေးဥပဒ် အန္တရာယ်ဖြစ်သည့် ပစ္စည်းများကိုမရောင်းချရန်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA) ထောက်ခံ ချက်ပါသည်များကိုသာရောင်းချရန်၊ ကုန်ပစ္စည်း များတွင် ဆက်သွယ်ရန်လိပ်စာ၊ ထုတ်လုပ်ရက်စွဲ၊ သက်တမ်းကုန်ရက်စွဲ၊ အမှတ်တံဆိပ်၊ ပါဝင်ပစ္စည်း များပါရှိသည်များကို ရွေးချယ်၍ရောင်းချရန်၊ ကျန်းမာရေး ဝန်ကြီးဌာနမှ စားသုံးရန်နှင့် သုံးစွဲရန် မသင့်ဟု ထုတ်ပြန်ကြေညာထားသည့် အစား အစာ၊ ဆေးဝါး၊ အလှကုန် ပစ္စည်းများ ရောင်းချခြင်း မပြုရန်၊ သက်တမ်းကုန်ဆုံးနေသည့်ပစ္စည်းများ ရောင်းချခြင်းမပြုရန်နှင့် သက်တမ်း ကုန်ဆုံးနေ သည့် ကုန်ပစ္စည်းများအား ထုတ်လုပ်ဖြန့်ဖြူးသည့် ပင်ရင်းဆိုင်သို့ဆက်သွယ်၍ ပြန်လည်လဲလှယ် စေခြင်းများပြုလုပ်ရန်တို့ကို စည်းရုံးပညာပေး ဆွေးနွေးမှုများပြောကြားခဲ့ပြီး စားသုံးသူအကာ အကွယ်ပေးရေး အသိပညာပေး လက်ကမ်းစာစောင် များ ကို ဖြန့်ဝေပေးမှုများဆောင်ရွက်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ကွင်း ဆင်းဆောင်ရွက်ခဲ့သည့် ပုဇွန်တောင်မြို့နယ်၊ ပုဇွန် တောင် ဈေးသည် က အဆင့်ဈေးဖြစ်ပြီး ဈေးရုံ ပေါင်း ၃၁ ရုံ၊ ဆိုင်ခန်းပေါင်း ၁၉၃၂ ခန်း၊ ဆိုင်ခန်း အလွတ်ရောင်းချသည့်ဈေးသည် ၃၅၂ ဦးတို့ဖြင့် နေ့စဉ် နံနက် ၀၆:၀၀ နာရီမှညနေ ၀၆:၀၀ နာရီ အထိ ဈေးရောင်းချလျက်ရှိကြောင်း သတင်းရရှိပါ သည်။

**ခင်သီ( စားသုံးသူ )ရန်ကုန်**

## ဖိလစ်ပိုင်နိုင်ငံ အထက်လွှတ်တော်ကော်မတီမှ စားသုံးသူအက်ဥပဒေကိုပြန်လည်ပြင်ဆင်ရန်ဆောင်ရွက်

ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်မှုနှင့်စက်မှုဦးစီးဌာနမှ စားသုံးသူ များအခွင့်အရေးကို အကာအကွယ်ပေးရန်အတွက် စားသုံးသူ အက်ဥပဒေအားပြင်ဆင်ရန် တောင်းဆိုချက်အရ ကုန်သွယ်မှု၊ ကူးသန်း ရောင်းဝယ်ရေး နှင့်စွန့်ဦးတီထွင်မှုဆိုင်ရာ အထက်လွှတ် တော်ကော်မတီသည် စားသုံးသူ အက်ဥပဒေကိုပြန်လည်ပြင်ဆင် ရန် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါအထက်လွှတ်တော် ကော်မတီဥက္ကဋ္ဌ ဖြစ်သူ Mr. Paolo Benigno “Bam” Aquino IV က ကုန်သွယ်မှုနှင့်စက်မှုဦးစီးဌာနမှ ဥပဒေမူကြမ်း ကိုလက်ခံ ရရှိသည်နှင့် ၎င်း၏ကော်မတီအနေဖြင့် ဖိလစ်ပိုင်နိုင်ငံ၏ Republic Act 7394 (သို့မဟုတ်) စားသုံးသူအက်ဥပဒေအား ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး အတွက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထိုကဲ့သို့ပြင်ဆင်ပြဋ္ဌာန်းခြင်း ကြောင်း စားသုံးသူများ အနေဖြင့် ကုန်စည်နှင့်ဝန်ဆောင်မှုများကို ဝယ်ယူရာတွင် အခွင့်အရေးများ ပိုမိုရရှိလာနိုင်မည်ဟုလည်း ၎င်းက ပြောကြားခဲ့ပါသည်။

ကုန်သွယ်မှုနှင့်စက်မှုဦးစီးဌာနအနေဖြင့် အစိုးရမှ သတ် မှတ်ထားသောထုတ်ကုန်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိသည့် ထုတ်ကုန်များကိုရောင်းချနေသည့် ထုတ်လုပ်သူများနှင့်လက်လီ ရောင်းချသူများကို တားဆီးနိုင်ရန်အတွက် စားသုံးသူအက်ဥပဒေ တွင် ပါရှိသောပြစ်ဒဏ်များကို တိုးမြှင့်ပြင်ဆင်သွားရန် အဆိုပြု ထားပါသည်။ စားသုံးသူ အက်ဥပဒေကို ချိုးဖောက်သူများအား ယခင်ကအနိမ့်ဆုံးဒဏ်ကြေး ပီဆို ၅၀၀ (၁၁ ဒသမ ၃၂)ဒေါ်လာ မှ ပီဆို ၅၀,၀၀၀ (၁၁၃၁ ဒသမ ၆၆)ဒေါ်လာ နှင့် အမြင့်ဆုံးဒဏ် ကြေးအား ပီဆို ၃၀၀,၀၀၀ (၆၇၈၉ ဒသမ ၉၇) ဒေါ်လာမှ ပီဆို ၁,၀၀၀,၀၀၀ (၂၂၆၃၃ ဒသမ ၂၄) ဒေါ်လာသို့တိုးမြှင့်ပြင်ဆင်သွား မည်ဖြစ်ပါသည်။

ကုန်သွယ်မှုနှင့်စက်မှုဦးစီးဌာနအနေဖြင့် ပြန်လည်ပြင်ဆင် မည့်စားသုံးသူအက်ဥပဒေတွင် ပုဂ္ဂလိက-အစိုးရ အမျိုးသား စားသုံးသူရေးရာကောင်စီ၏ အဖွဲ့ဝင်များကို တိုးမြှင့်ခန့်ထားပြီး စားသုံးသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် မူဝါဒချမှတ်ရာတွင် ပိုမိုထိရောက်စွာ ပါဝင်လုပ်ဆောင်နိုင်ရန် စသည့်အချက်များကိုလည်း ထည့်သွင်းအဆိုပြုထားပါသည်။ ထို့ပြင် ငွေကြေးအာဏာပိုင်အဖွဲ့အစည်းဖြစ်သည့် Bangko Sentral ng Pilipinas ၏ အခွင့်အာဏာကို ထည့်သွင်းပြဋ္ဌာန်းခြင်း၊ အွန်လိုင်းကူးသန်းရောင်းဝယ်ရေးနှင့် ဆက်နွယ်သည့်အလေ့ အထများကိုလည်း ဥပဒေ၏မူဘောင်အတွင်း ထည့်သွင်း ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

အထက်လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌဖြစ်သူ မစ္စတာ အာကွီနိုမှ စံချိန်စံညွှန်းပြည့်မီခြင်းမရှိသော ထုတ်ကုန်များ၊ အရည် အသွေးပြည့်မီခြင်းမရှိသောဝန်ဆောင်မှုများနှင့်စပ်လျဉ်းသည့် တိုင်တန်းမှု များအပါအဝင် စားသုံးသူများထံမှ တိုင်တန်းမှုများ စွာလက်ခံရရှိနေကြောင်း၊ စားသုံးသူများအနေဖြင့် စားဝတ် နေရေးအတွက် အလုပ်များကို ကြိုးပမ်းဆောင်ရွက်ရသဖြင့် ၎င်းတို့သုံးစွဲသောငွေကြေးအတွက် ထိုက်သင့်သောတန်ဖိုးကို ပြန်လည်ရရှိနိုင်ရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ စားသုံးသူအက်ဥပဒေအား ပြန်လည်ပြင်ဆင်ရန် လိုအပ်လာခြင်း ဖြစ် ကြောင်း၊ စားသုံးသူကာကွယ်ရေးလုပ်ငန်းသည် အရေးပါ သောလုပ်ငန်းဖြစ်သဖြင့် ဦးစားပေးဆောင်ရွက်ရမည်ဖြစ် ကြောင်း ပြောကြားခဲ့ပါသည်။

**မျိုးမျိုးထိုက်၊ စားသုံးသူရေးရာဌာနခွဲ**

# မြန်မာအပါအဝင် အာရှဒေသများနှင့် လက်တင်အမေရိက နိုင်ငံများ၌ လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန် အတွက် Lamudi က အမေရိကန်ဒေါ်လာ ၁၈သန်း ရင်းနှီးမြှုပ်နှံ

ဂျာမနီနိုင်ငံအခြေစိုက် Rocket Internet အဖွဲ့က ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် အောက်တိုဘာလက စတင်လွှင့်တင်ခဲ့သည့် Lamudi.com သည် မြန်မာအပါအဝင် အာရှဒေသများနှင့်လက်တင်အမေရိကနိုင်ငံများ၌ လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၈ သန်း ရင်းနှီးမြှုပ်နှံကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ Lamudi သည် ကမ္ဘာတစ်ဝန်းလုံးရှိ ဖွံ့ဖြိုးဆဲနိုင်ငံများအား အထူးအာရုံစိုက်ဆောင်ရွက်သည့် အိမ်ခြံမြေလုပ်ငန်းဆိုင်ရာ အွန်လိုင်းဈေးကွက်တစ်ခုဖြစ်ကြောင်း သိရသည်။

အဆိုပါဝက်ဘ်ဆိုက်တွင် အာရှနှင့် လက်တင်အမေရိကဒေသနှစ်ခုပေါင်းရှိ အိမ်ခြံမြေပေါင်း ၅၅၀,၀၀၀ကျော်ကို ရှာဖွေကြည့်ရှုနိုင်ပြီး ကြည့်ရှုသည့် ပမာဏမှာ နေ့စဉ်တိုးလျက်ရှိကြောင်း Lamudi ၏သတင်းပေးပို့ချက်အရ သိရသည်။

Lamudi သည် ကာတာ၊ ဂါဘွန်၊ အန်ဂိုလာနှင့် ကွန်ဂိုသမ္မတနိုင်ငံတို့တွင် အွန်လိုင်းအိမ်ခြံမြေရှာဖွေရေးလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိပြီဖြစ်သည်။ ထို့ပြင် လုပ်ငန်းချဲ့ထွင်မှုများကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အထူးပြုသီးသန့်လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ကမ္ဘာလုံးဆိုင်ရာထိပ်တန်းအိမ်ခြံ မြေဈေးကွက်လုပ်ငန်းခွဲများမှာ အာရှ၊ အာဖရိက၊ အရှေ့အလယ်ပိုင်းနှင့် လက်တင်အမေရိကဒေသများ၏နိုင်ငံပေါင်း ၃၂ နိုင်ငံသို့ ရောက်ရှိဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

Lamudi အနေဖြင့် အာရှနှင့် လက်တင်အမေရိကရှိလုပ်ငန်းများကို ပေါင်းစည်းပြီး လုပ်ငန်းများ ပိုမိုတိုးချဲ့နိုင်ရန်အတွက် Lamudi Global အဖြစ် ပြောင်းလဲခဲ့သည်။ ထိုသို့ပြောင်းလဲပြီးနောက် Lamudi Global အား Tengelmann Venture ရင်းနှီးမြှုပ်နှံမှုအဖွဲ့က ၂၀၁၅ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၈သန်း ထောက်ပံ့ခဲ့သည်။

ယခုရင်းနှီးမြှုပ်နှံမှုကို ဖိလစ်ပိုင်နိုင်ငံ၊ မြန်မာနိုင်ငံ၊ ပါကစ္စတန်နိုင်ငံစသည့် အာရှဒေသများနှင့် မက္ကဆီကို၊ ကိုလံဘီယာ၊ ပီရူးစသည့် လက်တင်အမေရိကနိုင်ငံများတွင် လုပ်ငန်းပိုမိုတိုးချဲ့လုပ်ဆောင်ရန် ခွဲဝေအသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# Viber Message ပေးပို့၍ Ads.com.mm တွင် အခမဲ့ကြော်ငြာနိုင်

Ads.com.mm သည် Viber ကို အသုံးပြု၍ မိမိကြော်ငြာချင်သည့် မိမိ၏ ကုန်ပစ္စည်းများကို အခမဲ့ကြော်ငြာနိုင်ရန် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

Ads.com.mm သည် မြန်မာနိုင်ငံ၏ အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်တစ်ခုဖြစ်ပြီး ယခု Viber Message ကို အသုံးပြု၍ ကြော်ငြာနိုင်သည့် ဝန်ဆောင်မှုအသစ်ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ယခုအခါ၌ အွန်လိုင်းအသုံးပြုသူပေါင်း ၁ ဒသမ ၅သန်းကျော်အထိရှိလာပြီး ၂၀၁၅ ခုနှစ်ကုန်တွင် Viber အသုံးပြုသူအရေအတွက်မှာ ပိုမိုမြင့်တက်လာနိုင်ကြောင်း သိရသည်။

Ads.com.mm မှ Head of Public Relation ဖြစ်သူ Mr Ellijah Htang က "ကျွန်တော်တို့ Ads.com.mm အကြောင်းကို အသေးစိတ်သိချင်တဲ့သူတွေအတွက် အလွယ်တကူအသုံးပြုလို့ရတဲ့ Network တစ်ခု ကို ထပ်တိုးလိုက်တာပါ။ ကျွန်တော်တို့ဝက်ဘ်ဆိုက်မှာ လက်ရှိမှတ်ပုံတင်ပြီး ကြော်ငြာဖို့အတွက် အီးမေးလ်မရှိသေးသူတွေအနေနဲ့ ဝက်ဘ်ဆိုက်က Content Developer တွေနဲ့ဆက်သွယ်ပြီး Viber မှတစ်ဆင့် ကိုယ်ရောင်းချင်တဲ့ ပစ္စည်းဓာတ်ပုံ၊ အကြောင်းအရာတွေကို အပြည့်အစုံပေးပို့ပြီး ဒီဝက်ဘ်ဆိုက်မှာ အခမဲ့ကြော်ငြာတင်ပြီး ရောင်းနိုင်ပါတယ်။ လက်ရှိ အသုံးပြုနေတဲ့သူတွေအနေနဲ့လည်း အခက်အခဲတွေ ဖြစ်ပေါ်ခဲ့ရင် Viber ကနေ မေးမြန်းနိုင်ပါတယ်" ဟု ပြောကြားခဲ့သည်။

Ads.com.mm ကို Viber ဖြင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်မှာ ၀၉၂၅၄၄၂၉၅၈၈ ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလအိမ်ရာ | (၁၃×၅၀)ပေ | (ပ)ထပ် | ၉၉၀ သိန်း | | ၀၉/၂၅၀/၃၇၂၁၅၈ |
| ၂။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း | (၁၇×၇၀)ပေ | (ပ)ထပ်၊ ပြင်ဆင်ပြီး | ၁၃၅၀ သိန်း | | ၀၉/၂၅၀/၃၇၂၁၅၈ |
| ၃။ | ကွန်ဒိုတိုက်ခန်း | ပုဇွန်တောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်း | ၁၃၅၀ စ/ပေ | ဟော(လ်) | ၁၆၀၀ သိန်း | | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၄။ | အိမ်/မြေ | ဗဟန်းမြို့နယ်၊ငါးထပ်ကြီးဘုရားလမ်း | ၂၆၀၀ စ/ပေ | RC (၂) ထပ် | ၇၀၀၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၅။ | အိမ်/မြေ | အင်းစိန်မြို့နယ်၊ ဂျပန်လမ်း | ၃၀၀၀ စ/ပေနီးနီး | RC (၂) ထပ် | ၅၀၀၀ သိန်း | | |
| ၆။ | ကွန်ဒိုတိုက်ခန်း | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၀၀၀ စ/ပေ | (၇) ထပ် | ၁၄၅၀ သိန်း | ကြိုပွိုင့် ၆၀%ပြီးစီး | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၇။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂) ရပ်ကွက် | (၆၀×၆၀)ပေ | RC (၁) ထပ် | ၄၈၀၀ သိန်း | ရပ်ကွက်သန့် | ၀၉/၅၁/၁၇၂၆၂ |
| ၈။ | အိမ်/မြေ | ဒဂုံမြို့သစ်(မြောက်) (၃၄)ရပ်ကွက်၊ ပိတောက်မြိုင် | (၄၀×၆၀)ပေ | RC (၁) ထပ် | ၃၅၀၀ သိန်း | ရပ်ကွက်သန့် | ၀၉/၅၁/၁၇၂၆၂ အသင့်နေ |
| ၉။ | အိမ်/မြေ | ပြင်ဦးလွင်မြို့ ပြည်တော်သာ(၄)လမ်း | ၁၅၀၀ စ/ပေ | RC (၁) ထပ် | ၁၃၅၀ သိန်း | | ၀၉/၂၅၀/၃၇၆၃၇၉ |

# စီးပွားရေးလုပ်ငန်းသုံး iBanking စနစ်ကို သမဝါယမဘဏ် စတင်မိတ်ဆက်




သမဝါယမဘဏ်လီမိတက်သည် မြန်မာနိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်း ရှင်များ သုံးစွဲနိုင်မည့် Business Internet Banking ဟူသည့် iBanking စနစ်ကို ဖေဖော်ဝါရီလ ၁၁ ရက်က စတင်မိတ်ဆက်လိုက်ကြောင်း သိရသည်။

အဆိုပါ Business Internet Banking ဆိုသည်မှာ အင်တာနက်မှတစ်ဆင့် ဘဏ်ဝန်ဆောင်မှုများကို ကိုယ်တိုင်ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဆိုသည်။

Business Internet Banking စနစ်အား အသုံးပြုခြင်းဖြင့် မိမိ၏ဘဏ် ငွေစာရင်းလက်ကျန်အား ၂၄ နာရီ ပိတ်ရက်မရှိ စစ်ဆေးနိုင်ခြင်း၊ ဆောင်ရွက်လိုသည်များ အားလုံးကို လိုအပ်သလို စီမံထိန်းချုပ်ဆောင်ရွက်နိုင်သည့်အပြင် ဆောင်ရွက်မှုအားလုံးအတွက်အီးမေးလ်၊ စာတိုပို့စနစ်များဖြင့် စောင့်ကြည့်နိုင်ခြင်းတို့ကြောင့် သမဝါယမဘဏ်၏ Business Internet Banking နှင့် ချိတ်ဆက်အသုံးပြုခြင်းအားဖြင့် လုပ်ငန်းများအား လွယ်ကူစိတ်ချမြန်ဆန်စွာဖြင့် ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

သမဝါယမဘဏ်အနေဖြင့် ပြီးခဲ့သည့်နှစ်များက Mobile Banking, Internet Banking လုပ်ငန်းများကို မိတ်ဆက်ခဲ့သော်လည်း အဆိုပါဘဏ်ဝန်ဆောင်မှုများသည် လူတစ်ဦးချင်းအတွက်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းသုံးနှင့် ကိုက်ညီမှုမရှိသဖြင့် ယခု Business Internet Banking ကိုမိတ်ဆက်ရခြင်းဖြစ်ကြောင်း၊ယခုမိတ်ဆက်လိုက်သည့် iBanking ကို Package သုံးမျိုးဖြင့် သုံးစွဲနိုင်သဖြင့် အသေးစားအလတ်စားလုပ်ငန်းရှင်များ၊ အကြီးစားလုပ်ငန်းရှင်များအတွက် အဆင်ပြေစေမည့်ဝန်ဆောင်မှုတစ်ခုပင်ဖြစ်ကြောင်း သမဝါယမဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ package သုံးမျိုးမှာ Standard Package ၊ Classic Package နှင့် Customize Package တို့ဖြစ်ကြောင်းသိရသည်။ယင်း Package သုံးမျိုးသည် ငွေစာရင်းမူလပိုင်ရှင်က User အဖြစ်ထိန်းချုပ်သည့် အဆင့်ဆင့်သောနည်းများသာကွာခြားပြီး လုံခြုံမှုအဆင့်တိုးမြှင့်၍ရသကဲ့သို့ဝန်ဆောင်မှုပုံစံအမျိုးမျိုးကို မိမိနှင့်သင့်တော်မည့် ဝန်ဆောင်မှုများကို သုံးစွဲခြင်းက အဆင်ပြေနိုင်မှာဖြစ်ကြောင်း ၎င်းက ထပ်မံ ပြောကြားခဲ့သည်။

**မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | မာဇဒါဒီမီယို (2009) | ယာယီ | ၉၀ သိန်း | |
| ၂။ | ပရိုဘောက် (2009) | ယာယီ | ၉၉ သိန်း | ၁၅၀၀ စီစီ |
| ၃။ | အစ်ဆန် (2002) | ယာယီ | ၁၅၀ သိန်း | ၂၄၀၀ စီစီ |
| ၄။ | ဟွန်ဒိုင်းစတားရက်စ် | ယာယီ | ၁၃၅ သိန်း | ၂၅၀၀/ဒီဇယ် |
| ၅။ | နီဆန်း/ဝင်းရှဒ် (2009) | ယာယီ | ၁၂၀ သိန်း | ၁၈၀၀ စီစီ |
| ၆။ | ဗီ(လ်)ဒါ (2009) | ယာယီ | ၁၆၅ သိန်း | ၁၅၀၀ စီစီ |
| ၇။ | ခရောင်း (2004) | ယာယီ | ၂၃၀ သိန်း | ၃၀၀၀ စီစီ |
| ၈။ | ဟွန်ဒါဖစ် (2011) | ယာယီ | ၁၁၅ သိန်း | |
| ၉။ | တိုယိုတာ၊ လိုက်ထရပ် (2007) | ယာယီ | ၁၂၅ သိန်း | ၁.၈ ဓာတ်ဆီ |

SN

## သင့်ကျန်းမာရေး

# ဖောရောင်ခြင်း (Ordema)

ဒေါက်တာလွင်သန့်

ခြေလက်များဖောရောင် ခြင်း၊ ခြေလက်သာမက မျက်နှာအစ်ပြီး ရေဖျဉ်းစွဲကာတစ်ကိုယ်လုံး ဖောရောင်နေတတ်တယ်။ ဖောရောင်တာဟာအဖြစ်များတဲ့ လက္ခဏာတစ်ရပ် ဖြစ်နေတတ်တယ်။

**သဘာဝ။** လူ့ခန္ဓာကိုယ်မှာရေဟာ ၆၅ ရာခိုင်နှုန်း ပါဝင်တယ်။ ခန္ဓာကိုယ်အတွင်းရှိ သွေးသားပြန်ရည် အဖွဲ့အစည်း (Interstial Fluid) နှင့် ဆဲလ်များအတွင်း နေရာအနှံ့ ရေပါဝင်တယ်။

**ဖောရောင်ခြင်း။** သွေးကြော၊ သားငန်ရည်ကြောနှင့် ဆဲလ်တို့၏ အပြင်ဘက်မှာ သွေးကြောမျှင်တို့၏ နံရံရှိအပေါက်ငယ်ကလေးများဖြတ်ပြီး တစ်ဘက်နှင့် တစ်ဘက် စိမ့်ဝင်နိုင်တယ်။ စိမ့်ဝင်ပျံ့နှံ့နှုန်းဟာ သွေးကြောအတွင်း အပြင်ရှိ ဖိအားအနည်းအများပါတဲ့ ဓာတ်ပစ္စည်းများ၊သွေးကြောနံရံရှိ အပေါက်ငယ်များ အကျဉ်းအကျယ်တို့ အပေါ် မူတည်တယ်။

ခန္ဓာကိုယ်တွင်း၌ ရေပိုမိုများပြား နေတဲ့အခါ (သို့) အကြောင်းတစ်စုံတစ်ရာကြောင့် သွေးအတွင်းရေများ သွေးကြောပြင်ပကို ပိုမိုစိမ့်ထွက်တဲ့အခါ ခန္ဓာကိုယ်အရေပြားအောက် နေရာအနှံ့ အစုအဝေးများ၊ စိမ့်ဝင်ခြင်း၊ ဖောရောင်လာတယ်။ သွေးကြောအတွင်းအပြင်ရှိ ဖိအားအနည်းအများ ပါဝင်တဲ့ ဓာတ်ပစ္စည်းများ သွေးကြော နံရံရှိ အပေါက်ငယ်များရဲ့ အကျဉ်း အကျယ်တို့ပေါ် မူတည်တယ်။ ခန္ဓာကိုယ်တွင်းရေပိုမိုများလာတဲ့ အခါ (သို့) အကြောင်းတစ်စုံတစ်ရာကြောင့်၊ ရေပိုမိုများလာတဲ့အခါ ခန္ဓာကိုယ်အရေပြားအောက်နေရာအနှံ့မှာ အဖွဲ့အစည်းအရည်များနဲ့ ပြည့် နှက်နေခြင်းဖြင့် ဖောရောင်ခြင်းဖြစ်စေတယ်။ ဖောရောင်တဲ့နေရာကို လက်ညှိုးနဲ့ဖိလိုက်ရင် ခွက်ဝင်ပြီး၊ နောက်ခဏကြာ ပြန်ပြည့်လာတယ်။

**ခန္ဓာကိုယ်အနှံ့ဖောရောင်ခြင်း။** ခြေလက်များ သာမက မျက်နှာလည်းအစ်၍၊ ရေဖျဉ်းစွဲကာ ကျောဘက်မှာ ဖောရောင်နေတတ်တယ်။ အာဟာရနှင့် ဓာတုဇီဝနည်းများဖြင့် မျက်စိကို ဖောရောင်စေတဲ့အခါ မျက်စိအမြင်မှုန်ဝါးစေတယ်။ ခြေထောက်မှစပြီး တစ်ကိုယ်လုံး ဖောရောင်မှုက၊ အိပ်ရာထဲလှဲနေရင် ကျောဘက်အောက် ဖောရောင်လာတယ်။ ခန္ဓာကိုယ်အနှံ့ ဖောရောင်ခြင်းမှ၊ ကျောက်ကပ်ရောင်ရောဂါမှာ ခန္ဓာကိုယ်အနှံ့ ဖြစ်ပေါ် စေတယ်။

ဗိုက်ဖောရောင်၍ ရေဖျဉ်းစွဲ လာတယ်။ အာဟာရဓာတ်အလွန် ချို့ရင်၊ ပရိုတိန်းချို့တဲ့ရင်၊ ဖောရောင်တတ်တယ်။ ပရိုတိန်းချို့တဲ့ရင် ခြေခုံနှင့် ခြေကျင်းဝတ်များ ဖောရောင်တတ် တယ်။ အစားအသောက် စားသောက်မှု နည်းရင် စားသောအစာမှာ အာဟာရဓာတ်များ စုပ်ယူရာမှာ ချွတ်ယွင်းနေလို့ ခန္ဓာကိုယ်မှ အသားဓာတ်ပိုမိုဆုံးရှုံးနေလို့ အသားဓာတ်ချို့တဲ့လာတယ်။ ခြေခုံနှင့်ခြေကျင်းဝတ်များစ၍ ဖောရောင်တတ်တယ်။ အစားအစာ စားသောက်မှုနည်းလို့ စားတဲ့အစာမှာ အာဟာရ ဓာတ်ချို့တဲ့၍၊ အစာခြေဖျက်ရာနှင့် အာဟာရဓာတ်များ စုပ်ယူရာမှာ ပိုမိုဆုံးရှုံးလေ၊ အာဟာရချို့တဲ့လာလေ့ရှိတယ်။

ဓာတ်မတည့်၍ဖောရောင်ခြင်းမှာ နှုတ်ခမ်းအလွန်ထူအမ်းနေတယ်။ အချို့အဆိပ်ဖြစ်တဲ့ ဆေး ကြောင့် ခန္ဓာကိုယ်အနှံ့ ဖောရောင်စေတယ်။ သွေးအားအလွန်နည်းမှုနှင့် ဗီတာမင်ဘီဝမ်းဓာတ်ချို့တဲ့ရင် ဆုံဆို့နာ စို၊ ဆုံဆို့နာခြောက်ဖြစ်ပြီး အချို့ ဖောရောင်တတ်တယ်။

**နေရာအလိုက်ဖောရောင်ခြင်း။** လက်မောင်းရင်းမှာ ရင်သားကင်ဆာကြောင့် သားငန်ရည်အကျိတ်များ၊ အဆမတန် ကြီးမားလာတဲ့အခါ ဆင်ခြေထောက်ရောဂါမျိုး ဖောရောင်လာတယ်။ သိုင်းရွိုက်ရောဂါမှာလည်း ဖောရောင်တယ်။

**မျက်နှာအန်းခြင်း။** မျက်နှာတစ် နေရာတည်း ဖောရောင်ခြင်း (သို့) မျက်နှာအစ်နေခြင်း၊ ပြင်းထန်စွာ အအေးမိ၊ နှာစေး၊ ချောင်းဆိုးခြင်း၊ ရောဂါပိုးကြောင့် မျက်နှာတစ်ပြင်လုံး ဖောရောင်ခြင်း၊ ဓာတ်မတည့်တဲ့အနာများ ထိတွေ့ခြင်း၊ လည်ပင်းအကျိတ်အဖုများက သွေးပြန်ကြောများ ဖိနှိပ်ထားသလိုဖြစ်ခြင်း၊ စတီးရွိုက်ဆေးကြောင့် ရောင်ခြင်းဖြစ်တယ်။

**ကုသရန်။** ဖောရောင်ရင် လက်ညှိုးနဲ့ အရိုးများ ဖိကြည့်ပါက ချိုင့်သွားလျှင် နီးစပ်ရာ ဆရာဝန်နှင့်ပြသပါ။ အာဟာရချို့တဲ့ခြင်းကုသရမယ်။ လျင်မြန်ထိရောက်တဲ့ ဆေးကုသမှုခံယူရမယ်။ အငန်ဓာတ်လျှော့စားရမယ်။ ရေလျှော့ရမယ်။ ဖောရောင်ခြင်းမဖြစ်ဖို့ နေ့စဉ်ကိုယ်လက်အားကစား (အပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး) လုပ်သင့်ပါတယ်။

## ကြက်သွန်ဖြူသည် သွေးတိုးဖြစ်ပွားမှုအား ထိန်းချုပ်ပေးနိုင်



ကြက်သွန်ဖြူစားသုံးခြင်းဟာ နှလုံးရောဂါနဲ့ ကျန်းမာရေးအတွက် သက်လုံကောင်းစေတယ်ဆိုတာ တော်တော်များများ စာစောင်တွေမှာ ထုတ်ဝေထားပြီးဖြစ်ပါတယ်။ တရုတ်နိုင်ငံ The First Affiliated Hospital of Soochow University နဲ့ အဖွဲ့ဟာ ကြက်သွန်ဖြူအမှုန့်၊ နှစ်ချို့ ကြက်သွန်ဖြူအနှစ်၊ ကြက်သွန်ဖြူအဆီတို့ကို တိုက်ကျွေးပြီး သွေးတိုးထိန်းချုပ်နိုင်မှုကို လေ့လာဖော်ထုတ်ခဲ့ကြပါတယ်။ လေ့လာသူများက ကြက်သွန်ဖြူဖြည့်စွက်စာများကို အသုံးပြုပြီး စမ်းသပ်လေ့လာမှုပြုရာမှာ ကြက်သွန်ဖြူဖြည့်စွက်စာ တစ်ရက်ကို ၃၀၀ မှ ၉၀၀ မီလီဂရမ်နှုန်းနဲ့ သွေးတိုးရောဂါဝေဒနာခံစားနေသူများကို တိုက်ကျွေးပေးခြင်းဖြင့် Systolic သွေးတိုးကို ၃ ဒသမ ၇၅ mmHg ထိလည်းကောင်း၊ Diastolic သွေးတိုးကို ၃ ဒသမ ၃၉ mmHg ထိလည်းကောင်း လျှော့ချနိုင်ခဲ့ပါတယ်။ သုတေသီများကတော့ ကြက်သွန်ဖြူ သို့မဟုတ် ကြက်သွန်ဖြူဖြည့်စွက်စာများကို မှန်မှန်စားသုံးပေးခြင်းအားဖြင့် သွေးတိုးဝေဒနာသည်များရဲ့ သွေးတိုးမှုများကို ထိန်းကျောင်းပေးနိုင်တဲ့ အတွက် ပုံမှန်စားသုံးပေးသင့်တဲ့ ဖြည့်စွက်စာဖြစ်ကြောင်း ထောက်ခံပြောဆိုကြပါတယ်။

**ရှင်ပါဂူ**

## ကင်ဆာရောဂါကြောင့် သေဆုံးမှုများ အမေရိကန်မှာ လျော့ကျ

ကင်ဆာရောဂါကြောင့် သေဆုံးမှုများ ၂၂ ရာခိုင်နှုန်းထိ လျော့ကျလာပြီဖြစ်ကြောင်း အမေရိကန်ကင်ဆာအသင်းရဲ့ နှစ်ပတ်လည်အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ လွန်ခဲ့တဲ့ ဆယ်စုနှစ် နှစ်ခုကျော်က ကင်ဆာကြောင့် သေဆုံးသူဦးရေ ၁ ဒသမ ၅ သန်းကျော်ရှိခဲ့ပြီး သေဆုံးမှုဦးရေအမြင့်ဆုံးဖြစ်တယ်လို့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ယခုလိုကင်ဆာကြောင့် သေဆုံးမှုဦးရေကျဆင်းလာခြင်းဟာ အမေရိကန်မှာ ဆေးလိပ် သောက် သုံးမှု အနည်းငယ် လျော့ကျလာတဲ့အပြင် ကင်ဆာရောဂါနဲ့ပတ်သက်ပြီး ကြိုတင်ဆေးစစ်မှုများ ကုသမှုများကို လုပ်ပေးခြင်းဖြင့် ကင်ဆာရောဂါဖြစ်ပွားမှုကို ကြိုတင်ကာကွယ်ပေးနိုင်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ Cancer Facts & Figures 2015 ဆောင်ပုဒ်ကလည်း လူတွေကို သတိပြုစေရာ ရောက်နေကြောင်း၊ ယခုနှစ်မှာ ကင်ဆာရောဂါကြောင့် အမေရိကန်မှာ သေဆုံးသူဦးရေ ၅၈၉၄၃၀ ဦးခန့်ရှိနေပြီး တစ်ရက်ကို ၁၆၀၀ ဦးနှုန်းသေဆုံးနေတယ်လို့ကင်ဆာအသင်းနှစ်ပတ်လည် အစီရင်ခံစာအရ သိရပါတယ်။ အများဆုံး သေဆုံးရမှုတွေကတော့ အမျိုးသားတွေမှာ အဆုတ်ကင်ဆာ၊ ဆီးကြိတ်ကင်ဆာနဲ့ အူမကြီးကင်ဆာတို့ဖြစ်ပြီး အမျိုးသမီးတွေမှာတော့ အဆုတ်၊ ရင်သားနဲ့ အူမကြီးကင်ဆာတို့ကြောင့် ဖြစ်ပါတယ်။



ကင်ဆာရောဂါကြောင့် သေဆုံးမှုထက်ဝက်နီးပါးဟာ ဒီလေးမျိုးကြောင့် ဖြစ်ပွားပြီး အဆုတ်ကင်ဆာကြောင့် သေဆုံးမှုဟာ ၂၇ ရာခိုင်နှုန်းရှိပါတယ်။ ဆီးကြိတ်၊ အဆုတ်နဲ့ အူမကြီးကင်ဆာကြောင့် အမျိုးသားများ သေဆုံးမှုက သေဆုံးမှုစုစုပေါင်းရဲ့ ထက်ဝက်ရှိပြီး ဆီးကြိတ်ကင်ဆာတစ်မျိုးတည်းကြောင့် သေဆုံးမှုဟာ လေးပုံတစ်ပုံခန့်ရှိပါတယ်။ ၂၀၁၄ ခုနှစ်အတွင်း အမျိုးသမီးများမှာ အဖြစ်များတဲ့ ရင်သား၊ အဆုတ်နဲ့ အူမကြီးကြောင့် သေဆုံးမှုဟာ ထက်ဝက်ကျော်ရှိပြီး ရင်သားကင်ဆာတစ်မျိုးတည်းကြောင့် သေဆုံးမှုဟာ ၂၉ ရာခိုင်နှုန်းရှိတယ်လို့ အစီရင်ခံစာမှာဖော်ပြချက်အရ သိရှိရပါတယ်။

ကြိုတင်ရောဂါရှာဖွေခြင်း၊ ကုသမှုများပြုလုပ်ပေးခြင်းဖြင့် ယခုနှစ်မှာတော့ ကင်ဆာကြောင့် သေဆုံးမှုများ လျော့နည်းကျဆင်းလျက်ရှိကြောင်း သိရှိရပါတယ်။

**ရှင်ပါဂူ**

## အမည်မဖော်နိုင်သည့်ရောဂါတစ်မျိုး အိန္ဒိယရှိခွေးများကို ကူးစက်ပြန့်ပွားနေ

အိန္ဒိယနိုင်ငံ၊ အင်ဖာအရှေ့ခရိုင်တွင် အမည်မသိရသေးသော ရောဂါတစ်မျိုးမှာ ခွေးများကို ကူးစက် ပြန့်ပွားနေပြီး အဆိုပါရောဂါကြောင့် ခွေးများသေဆုံးနေကြောင်း၊ ရောဂါခံစားနေရသော ခွေးများမှာ ကိုယ်ခံအားနည်းလာခြင်း၊ အစာရေစာစားသောက်မှုနည်းပါးခြင်းတို့ ဖြစ်ပေါ် နေကြောင်း၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့၊ မဏိပူရပြည်နယ်ထုတ် The Sangai Express သတင်းစာမှာ ဖော်ပြထားပါတယ်။ အဆိုပါရောဂါကို တိကျစွာ အဖြေထုတ်နိုင်ရန် ပြည်နယ်အစိုးရက ကြိုးစားဆောင်ရွက်နေကြောင်းလည်း သတင်းမှာ ဖော်ပြထားပါတယ်။

**စိုးနိုင် (တမူး)**

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၉-၂-၂၀၁၅ မှ ၁၅-၂-၂၀၁၅ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** တစ်ဦးတစ်ယောက်တည်းဆိတ်ငြိမ်စွာနေရခြင်း ကိုနှစ်သက်နေတတ်မည်။ စီးပွားရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုများမှ အခက်အခဲဖြစ်လာခြင်းမျိုး ကြုံရတတ်သည်။ ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းများမှဝင်ငွေအားကောင်းလာပါလိမ့်မည်။ ပညာရေးတွင်ကံကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင်လူမှုရေးကိစ္စများနှင့်ပတ်သက်ပြီးအဆင်မပြေမှုများအထင် အမြင်လွဲခံရမှုများရှိနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့်ရာသီဥတုပြောင်း လဲခြင်းကြောင့်ဖြစ်တတ်သောဝေဒနာများသတိထားသင့်ပါသည်။ **ယတြာ။ ( အုန်းနို့ ထမင်း) ယာဂုလှူပါ။**



**တနင်္လာသားသမီးများအတွက်** အလုပ်သစ်၊ စီးပွားသစ်လုပ်ကိုင်ပါကအဆင်ပြေအောင်မြင်နိုင်သောအခြေအနေများစွာရှိနေတတ်ပါသည်။ အလုပ်အကိုင်မှရရန်ငွေကြေးများရှိနေသည့်ကာလဖြစ်နေပါသည်။ တိရစ္ဆာန်ထွက်ပစ္စည်းများရောင်းဝယ်ရေးတွင်အောင်မြင်ကျော်ကြားနေတတ်သည်။ ပညာသင်ကြားသူ၊ ပညာရှာသူများအနေနှင့်အထူးကံကောင်းသောအနေအထားတွင်ရှိနေတတ်ပါသည်။ အချစ်ရေးတွင်ကံကောင်းမှုစိတ်ချမ်းသာမှုများရှိနေမည်။ အိမ်ထောင်ရေးတွင် တစ်ဦးနှင့်တစ်ဦးခွဲခွာ၍အဝေးတစ်နေရာစီနေရတတ်သည်။ ကျန်းမာရေးတွင် သတိလက်လွတ်ဖြစ်ပြီး အစားအသောက်အနေအထိုင်ရသာခံစားမှုသတိမထား မိသောအခါအလွယ်တကူဖြစ်ပေါ် ခံစားရသောဝေဒနာရရှိတတ်ပါသည်။ **ယတြာ။ နို့ကျောက်ကျောလှူပါ။**



**အင်္ဂါသားသမီးများအတွက်** အလုပ်ကိစ္စများကိုမဖြစ်မနေလုပ်သင့်သောအချိန်ကောင်းကာလဖြစ်သည်။ ဥယျာဉ်ခြံမြေနှင့်ပတ်သက်သော လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးပစ္စည်းများနှင့်ပတ်သက်သောစီးပွားရေးအထူးအောင်မြင်မှုရရှိနေမည်ဖြစ်ပါသည်။ ပညာရေးတွင်စိတ်ဆန္ဒရှိသလောက်လေ့လာသင်ယူခွင့်ရတတ်သည်။ အချစ်ရေးတွင်စိတ်ကူးအကောင်အထည်မဖော် ဖြစ်နိုင်ရှိနေမည်။ အိမ်ထောင်ရေးတွင် မိသားစုဘဝလှပစေရန်အထူးကြိုးစား လုပ်ကိုင်ဆောင်ရွက်နေရတတ်သည်။ ကျန်းမာရေးတွင်ဆိုးဝါးပြင်းထန်သော ဝေဒနာများမကပ်ရောက်နိုင်ပါ။ **ယတြာ။ သီထမင်းလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** မိတ်ဟောင်းဆွေဟောင်းတို့နှင့် အသိပညာရှင် အတတ်ပညာရှင်တို့၏ အကြံပေးမှုတို့ကိုလက်ခံ၍ မိမိဆန္ဒ အတိုင်းလုပ်ကိုင်ဆောင်ရွက်နိုင်သောကြောင့် စီးပွားရေးလုပ်ငန်းတို့တွင် အောင်မြင်မှုရလာတတ်ပါသည်။ အကျိုးအမြတ်များလည်းရရှိလိမ့်မည်။ အဖျော်ယမကာနှင့်အရည်ရွှန်းသော အသီးအနှံများမှစီးပွားဖြစ်ထွန်းပြီး အကျိုးပေးအလားအလာကောင်းနေမည်။ ပညာရေးနှင့်ကျန်းမာရေးရောထွေးနေတတ်သည်ကို ဂရုစိုက်ပါ။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် လူမှုရေးပြဿနာများရှိလာတတ်သည်။ **ယတြာ။ ထန်းသီးလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** အေးဆေးစွာနေလိုသောသဘောရှိနေမည်။ စီးပွားရေးလုပ်ငန်းများတွင် ခရီးသွားလုပ်ငန်း၊ ဘုရားဖူး လုပ်ငန်း၊ နိုင်ငံခြားခရီး၊ နယ်စွန်နယ်ဖျားခရီးမျိုးလုပ်ငန်း စီးပွားအောင်မြင်နေမည်။ ထိုပေါက် သကဲ့သို့ဝင်ငွေရရှိမည်။ ပညာဉာဏ်ထက်မြက်မှုရှိသောကြောင့် ပညာရေးတွင်ထူးချွန်မှုရှိနေမည်။ အချစ်ရေးတွင်မျှော်လင့်နေရတတ်သည်။ အိမ်ထောင်ရေးသာယာ ပျော်ရွှင်မှုရှိနေမည်။ ကျန်းမာရေးကောင်းသော်လည်းပင်ပန်းမှုဒဏ် မခံနိုင်ခြင်းကြောင့်ဖြစ်သော ဝေဒနာခံစားရတတ်သည်။ **ယတြာ။ ရွှေကြည်ဆနွင်းမကင်းလှူပါ။**



**သောကြာသားသမီးများအတွက်** အလုပ်နှင့်ပတ်သက်ပြီးငွေအလုံးအရင်းရရှိတတ်ပါသည်။ ပြည်ပနှင့်ဆက်သွယ်လုပ်ကိုင်သော စီးပွားရေး သင့်လျော်ကောင်းမွန်နေမည်။ နိုင်ငံရပ်ခြားတွင် ပညာရေး သွားရောက်သင်ယူရတတ်သည်။ အချစ်ရေးတွင်ဘာသာ တရားလေးစားသူနှင့်ကြုံမည်။ သီလ၊ သမာဓိကောင်းသူဖြစ်၍ မေတ္တာရေးရရှိပြီး အချစ်ရရန် အားနည်းနေမည်။ အိမ်ထောင်ရေးသင့်တင့်မှုရှိနေမည်။ ကျန်းမာရေးအနေဖြင့် အအေးမိခြင်း၊ အဆုတ်အားနည်းခြင်း ဝေဒနာခံစားရတတ်သည်ကိုသတိရှိပါ။ **ယတြာ။ ရွှေရင်အေးလှူပါ။**



**စနေသားသမီးများအတွက်** အရာရာအကောင်းဘက်များသော်လည်း လုပ်ငန်းကိစ္စ များတွင်ပျမ်းမျှအားဖြင့်သင့်သည်ဟုဆိုသော်လည်း လက်အောက်ငယ်သားများနှင့် သဘောထားကွဲလွဲမှုများရှိတတ်သည်။ တာဝန်များလာခြင်း၊ အလုပ်များလာခြင်းတို့ကြောင့်စိတ်မောရခြင်းမျိုးရှိတတ်သည်။ မည်သည့်အလုပ်တွင်မဆိုဝင်ငွေ ကောင်းနေမည်။ တစ်ခါတစ်ရံ အပျော်ကြူးမိခြင်း၊ အာရုံခံစားမှုနောက်လိုက်မိ ခြင်းကြောင့်ဘဝတိုးတက်မှုထိခိုက်တတ်သည်။ အလုပ်ကိစ္စများအနှောင့်အယှက် ဖြစ်တတ်သည်။ ပညာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေးတို့ သင့်တင့်နေမည်။ **ယတြာ။ ဘုရားစေတီတို့တွင် ထီးလှူပါ။**

# လာအို-မြန်မာချစ်ကြည်ရေးတံတား မေလအတွင်း ဖွင့်လှစ်တော့မည်

မဲခေါင်မြစ်ကိုဖြတ်သန်းပြီး လာအိုနိုင်ငံမြောက်ပိုင်းနဲ့ မြန်မာနိုင်ငံ ရှမ်းပြည်နယ်တို့ကိုဆက်သွယ်ထားတဲ့ လာအို-မြန်မာချစ်ကြည်ရေးတံတားကို မေလအတွင်းမှာ တရားဝင်ဖွင့်လှစ် တော့မယ်လို့ လာအိုနိုင်ငံထုတ် Vientiane Times သတင်းမှာ ဖော်ပြထားပါတယ်။ မူလကလျာထားတာတော့ ဩဂုတ်လမှာ ဖွင့်ဖို့ဖြစ်ပေမယ့် ယခုစောပြီးစီးတဲ့အတွက် မေလမှာ ဖွင့်နိုင်တာလို့ သိရပါတယ်။

၂၀၁၃ ခုနှစ် အစောပိုင်းက တံတားဆောက်လုပ်ရေး ကျန်ကျစရိတ်ငွေ ကန်ဒေါ်လာ ၂၆ သန်း အကုန်အကျခံ တည်ဆောက်ခဲ့တာဖြစ်ပြီး မတ်လမှာ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမယ်လို့ စီမံကိန်းမန်နေဂျာ Xay Songkham Manotham က Vientiane Times ကို ပြောကြားခဲ့ပါတယ်။

တည်ဆောက်ရေး စီမံကိန်းအချောသတ်ရေးနဲ့ တရားဝင်တံတားဖွင့်ပွဲ အခမ်းအနား ကျင်းပရေးကိစ္စကို ဖေဖော်ဝါရီလ ပထမပတ်အတွင်းက ပြုလုပ်တဲ့ ဝန်ကြီးဌာနအစည်းအဝေးမှာ ထည့် သွင်းဆွေးနွေးဖို့ ရှိတယ်လို့ သိရပါတယ်။ လာအိုပြည်သူ့ဆောက်လုပ်ရေးနဲ့ သယ်ယူပို့ဆောင်ရေးဝန်ကြီး Dr.Bounchanh Sinthavong နဲ့ မြန်မာဖက်မှ ကိုယ်စားလှယ်တို့ ပါဝင်တဲ့ နှစ်နိုင်ငံကိုယ်စားလှယ်များပါဝင်သောအဖွဲ့ဟာ လာအိုနိုင်ငံမြောက်ပိုင်း Luang Namtha ပြည်နယ် Long ခရိုင်မှာ တွေ့ဆုံပြီး တံတားဖွင့်လှစ်မယ့်ရက်ကိုလည်း သက်မှတ်ကြမှာဖြစ်ပြီး အတည်ပြုပြီးပါက တရားဝင်ကြေညာသွားမယ်လို့ H.E Xay Songkham က ပြောပါတယ်။ တွေ့ဆုံပွဲမှာ လုပ်ငန်းများ အချောသတ်ရန်နဲ့ နှစ်နိုင်ငံလူဝင်မှုကြီးကြပ်ရေး၊ အကောက်ခွန်၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များပါဝင်ပြီး တံတားဖွင့်ပွဲစတင်တာနဲ့ နှစ်နိုင်ငံဖြတ်သန်းသွားလာနိုင်ပြီး ပြည်သူ့အတွက် ဝန်ဆောင်မှုများ စတင်နိုင်ရေး ထည့်သွင်းဆွေးနွေးကြတယ်လို့ သိရပါတယ်။ နှစ်နိုင်ငံဝန်ကြီးများရဲ့ ဆက်စပ်ဌာနများမှ အရာရှိများဟာ တံတားကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး နှစ်နိုင်ငံနယ်စပ်/ဝင်ထွက်မှုကွပ်ကဲနိုင်ရေးနဲ့ ချဉ်းကပ်လမ်းများကိုပါ စစ်ဆေးခဲ့ကြတယ်လို့ သတင်းမှာ ဖော်ပြထားပါတယ်။

လာအို-မြန်မာ ချစ်ကြည်ရေးတံတားဟာ မြန်မာနိုင်ငံရှမ်းပြည်နယ် တာချီလိတ်နဲ့ လာအိုနိုင်ငံ Luang Namtha ပြည်နယ်တို့ကို မဲခေါင်မြစ်အား ဖြတ်သန်းပြီး နှစ်နိုင်ငံအစိုးရရဲ့ ထည့်ဝင်ငွေများနဲ့ တည်ဆောက်ထားတာ ဖြစ်ပါတယ်။ တံတားမှာနှစ်လမ်းသွား ယာဉ်လမ်းကြောင်းပါရှိပါတယ်။ တံတားခံနိုင်ဝန်အားမှာ အများဆုံး ၇၅ တန်ဖြစ်ပြီး လျှောင်ပြင်းအား ၇ ဒသမ သုည ရစ်ချ်တာစကေးထိ ခံနိုင်ရည်ရှိတယ်လို့ သိရပါတယ်။ တံတားအရှည် ၆၉၁ ဒသမ ၆ မီတာရှည်ပြီး တံတားအကျယ်မှာ ၁၀ ဒသမ ၉ မီတာရှိပါတယ်။ ချစ်ကြည်ရေးတံတားဖွင့်လှစ်ခြင်းအားဖြင့် နှစ်နိုင်ငံကုန်သွယ်မှုကို သိသိသာသာ မြင့်တက်စေနိုင်မှာဖြစ်တဲ့အပြင် ရင်းနှီးမြှုပ်နှံမှုနဲ့ ကမ္ဘာ့လှည့်ခရီးသွား လုပ်ငန်းများပါ ဖွံ့ဖြိုးတိုးတက်စေနိုင်မယ်လို့ မျှော်လင့်ထားပါတယ်။ လောလောဆယ်မှာ အိမ်နီးချင်းနှစ်နိုင်ငံအကြား ကုန်သွယ်မှုဟာ အခြားအိမ်နီးချင်းနိုင်ငံများနဲ့ နှိုင်းယှဉ်လျှင် အလွန်လျော့နည်း လျက်ရှိပါတယ်။ ချစ်ကြည်ရေးတံတားမှတစ်ဆင့် ကုန်စည်စီးဆင်းမှုလွယ်ကူစေတော့မှာဖြစ်တဲ့အတွက် စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးအတွက်လည်း အထောက်အကူ ပြုစေတော့မှာ ဖြစ်ပါတယ်။

မြန်မာ-လာအို နှစ်နိုင်ငံချစ်ကြည်ရေးတံတားအပြင် လာအိုနိုင်ငံဟာ မဲခေါင်မြစ်ကို ဖြတ်ပြီး ထိုင်းနိုင်ငံနဲ့ တံတား လေးစင်းဆက်သွယ်ထားတာဖြစ်ပါတယ်။ နှစ်နိုင်ငံချစ်ကြည်ရေးတံတားများ သွယ်တန်းဆောက်လုပ်ထားခြင်းအားဖြင့် နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှုနဲ့ ခရီးသွားလုပ်ငန်းများ သိသိသာသာ တိုးတက်လာစေတော့မှာဖြစ်ပါတယ်။

**တိမ်ကင်းစင်**

■

## ဗီယက်နမ်စိုက်ပျိုးရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနဲ့ IRCo မှ အမှုဆောင်အရာရှိချုပ်တို့ တွေ့ဆုံ

ဖေဖော်ဝါရီလ ၄ ရက်နေ့က IRCo မှ အမှုဆောင်အရာရှိချုပ်သည် ဗီယက်နမ်နိုင်ငံသို့ သွားရောက်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာပူးပေါင်းရေးဌာန၊ စိုက်ပျိုးရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.To.Viet Chau ဦးဆောင်သော တာဝန်ရှိသူများနဲ့ တွေ့ဆုံခဲ့ပါတယ်။

ITRC နဲ့ IRCo ရဲ့ နောက်ခံသမိုင်းကြောင်း၊ လုပ်ငန်းဆောင်ရွက်နေမှုများနဲ့ စပ်လျဉ်းပြီး အမှုဆောင်အရာရှိချုပ်က ရှင်းလင်း ပြောကြားခဲ့ပါတယ်။ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှာ အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမှာ ကျင်းပမဲ့ အစည်းအဝေးကို ဖိတ်ကြားခဲ့တယ်လို့ သိရပါတယ်။ ဗီယက်နမ်နိုင်ငံဟာ သဘာဝရော်ဘာအများဆုံးထုတ်လုပ်တဲ့ နိုင်ငံဖြစ်ပြီး စုစုပေါင်း ရော်ဘာစိုက် ဟက်တာ သုည ဒသမ ၉၇ သန်းရှိပါတယ်။

**CMK**

# တရုတ်နှစ်သစ်ကူးပွဲတော်နီးလာလို့ မူဆယ်(၁၀၅)မိုင်သို့ သစ်သီးဝလံကားဝင်ရောက်မှုများပြား

တရုတ်နှစ်သစ်ကူးပွဲတော်နီးလာလို့ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်သို့ သစ်သီးဝလံကားများ ဝင်ရောက်မှု များပြားလာတာတွေ့ရပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်ကနေ ဖေဖော်ဝါရီလ ပထမပတ်မှာ ဖရဲသီး ၃၇၂၀၀ တန်၊ သခွားမွှေး ၂၅၆၅ တန်၊ ဆီးသီး ၁၀၀၅ တန်၊ စပျစ်သီး ၁၀ တန်ခွဲ၊ ဖရုံသီး ၂၅ တန်နဲ့ အုန်းသီး ၃ တန်တို့ကို ကန်ဒေါ်လာ ၅ ဒသမ ၁၈၉ သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်သစ်သီးဝလံကုန်စည်ဒိုင်သို့ ယခုတစ်ပတ်မှာ တစ်နေ့ကိုဝင်ရောက်ခဲ့တဲ့ ဖရဲကားပျမ်းမျှကားစီး ရေ ၁၀၀ ကျော်၊ သခွားမွှေးကား ၇၀ ခန့်၊ ဆီးသီးကား ၁၀ ကျော်နဲ့ စပျစ်သီး၊ အုန်းသီး၊ ဖရုံသီးကားတွေကတော့ ပုံမှန် တစ်စီးနှစ်စီးရှိနေပါတယ်။ တရုတ်နိုင်ငံကို တင်ပို့တဲ့ သစ်သီးဈေးကွက်များမှ ဖရုံသီးကို ယခုနှစ်အတွင်း မြန်မာပြည်မှာ စတင်စမ်းသပ်စိုက်ပျိုးတာဖြစ်ပြီး တရုတ်ပြည်မအတွင်းသို့ ချိတ်ဆက်ကာတင်ပို့ရောင်းချ နေရတယ်လို့ သိရပါတယ်။ တရုတ်ပြည်က ထွက်တဲ့ဖရုံသီးက တစ်တန်ကို ယွမ် ၁၀၀ နဲ့ ၄၀၀ ကြားရှိပြီး မိမိ ဘက်ပေါက်ဈေးကတော့ တစ်တန်ကို ကျပ်တစ်သိန်းဖြစ်ပါတယ်။

တာချီလိတ်နယ်စပ်ကုန်သွယ်ရေးကတော့ ယခင်တစ်ပတ်က လိမ္မော်သီး ၅၂၈ တန်တင်ပို့နိုင်ခဲ့ပြီး ယခု သီတင်းပတ်မှာတော့ ၁၉၆ တန်သာတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

# မြို့ကြီးများ၏ ၁၆-၂-၂၀၁၅ မှ ၂၀-၂-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၆-၂-၂၀၁၅) | အင်္ဂါ(၁၇-၂-၂၀၁၅) | ဗုဒ္ဓဟူး(၁၈-၂-၂၀၁၅) | ကြာသပတေး(၁၉-၂-၂၀၁၅) | သောကြာ(၂၀-၂-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၅°C/၉၅°F |
| ရန်ကုန်မြို့ | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F |
| မန္တလေးမြို့ | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F |
| မြစ်ကြီးနား | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၇°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၄°F |
| လားရှိုး | နေသာ ၂၆°C/၇၈°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၆°C/၇၉°F |
| ကျိုင်းတုံ | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F |
| လွိုင်ကော် | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၇°F |
| တောင်ကြီး | နေသာ ၂၄°C/၇၅°F | နေသာ ၂၄°C/၇၅°F | နေသာ ၂၄°C/၇၅°F | နေသာ ၂၄°C/၇၆°F | နေသာ ၂၅°C/၇၇°F |
| မော်လမြိုင် | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F |
| ဘားအံ | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၃°F |
| တောင်ငူ | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F |
| မုံရွာ | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F |
| ပုသိမ် | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F |
| မြိတ် | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၁°F | နေသာ ၃၂°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၂°C/၉၁°F |
| စစ်တွေ | နေသာ ၂၈°C/၈၂°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F |
| မကွေး | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F |
| ဖလမ်း | ၆၀% ၁၈°C/၆၄°F | နေသာ ၂၂°C/၇၁°F | နေသာ ၂၃°C/၇၄°F | နေသာ ၂၃°C/၇၄°F | နေသာ ၂၃°C/၇၄°F |



## မြို့တော်ဂျကာတာတွင် အဆိုးရွားဆုံး ရေလွှမ်းမိုးမှုများဖြစ်ပေါ်

အင်ဒိုနီးရှားနိုင်ငံ၏မြို့တော် ဂျကာတာတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ရာ မြို့တော်နေပြည်သူများမှာ နေအိမ်များကို စွန့်ခွာခဲ့ရကြောင်းဖြင့် ဂျကာတာပို့စ်သတင်းတွင် ဖော်ပြထားသည်။

မြို့တော်၏ အဓိကလမ်းမကြီးများတွင် ရေလွှမ်းမိုးမှုများသည် နေအိမ်များ၊ ဆိုင်များအတွင်းသို့ပါ ရေဝင်ရောက်မှု များဖြစ်ပေါ်ခဲ့ရသဖြင့် စတိုးဆိုင်၊ စားသောက်ဆိုင်စသည့်ဆိုင်များကို ပိတ်ထားခဲ့ရကြောင်း၊ ယင်းကဲ့သို့ ပိတ်ထားခဲ့ရသဖြင့် နေ့စဉ်ရောင်းရငွေပေါင်း ရူပြား ၁ဒသမ ၅ထရီလီယံ(အမေရိကန်ဒေါ်လာ ၁၁၆ ဒသမ ၈) ဆုံးရှုံးနေရကြောင်းဖြင့် ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံ၏ အကြီးဆုံးသောကုန်သွယ်မှုစင်တာအနီးတစ်ဝိုက်တွင်လည်း ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာ ဆုံးရှုံးလျက်ရှိကြောင်းဖြင့် ဂျကာတာကုန်သွယ်ရေးနှင့်စက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဆာမန်ဆီမန်ဂျိုရန်က ပြောကြားခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စီလီဝမ်မြစ်ရေမျက်နှာပြင်မြင့်တက်လာခဲ့ရာ မြစ်ရေ၏ စိုးရိမ်ရေမှတ်ကို ကျော်လွန်ရောက်ရှိခဲ့ကြောင်း၊ ယင်းကဲ့သို့ရောက်ရှိခဲ့မှုကြောင့် သမ္မတအိမ်တော်နှင့် အမျိုးသားအထိမ်းအမှတ်ပြတိုက်တို့ကိုပါ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ရကြောင်းဖြင့် အဆိုပါသတင်းတွင် ဖော် ပြထားသည်။

ရေလွှမ်းမိုးမှုကြောင့် မြို့တော် ဂျကာတာတွင် နေထိုင်သည့် လူပေါင်း ၁၄၀၀၀ ကို ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ နေရာချထားပေးခဲ့ကြောင်း၊ ရေလွှမ်းမိုးမှုများသည် ယခင်နှစ်များက ဖြစ်ပွားနေသော်လည်း ယခုနှစ်ရေလွှမ်းမိုးမှုသည် အဆိုးရွားဆုံးဖြစ်ကြောင်း၊ ဂျကာတာမြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်းများမှာ ဆုံးရှုံးမှုများစွာနှင့် ရင်ဆိုင်နေကြရကြောင်းဖြင့် ဆီမန်ဂျိုရန်က ထပ်မံပြောကြားခဲ့သည်။

## နယူးဇီလန်နိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးခေါင်မှုများဖြစ်ပေါ်

နယူးဇီလန်နိုင်ငံ တောင်ပိုင်းကျွန်းစုဒေသများရှိ အရှေ့ဘက်ကမ်းခြေဒေသများတွင် မိုးခေါင်ခြောက်သွေ့မှုများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ယင်းကဲ့သို့ မိုးခေါင်မှုများကြောင့် နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်သည့်လုပ်ငန်းများနှင့် သားသတ်လုပ်ငန်းများမြင့်တက်လာနိုင်သဖြင့် လယ်သမားများအား အခွန်သက်သာခွင့်နှင့် ငွေကြေးအကူအညီများပေးရန် တာဝန်ရှိသူများက စီစဉ်လျက်ရှိကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။



အဓိက မိုးခေါင်သည့်ဒေသများမှာ နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်သည့် ဒေသများဖြစ်ကြောင်း၊ ထို့ပြင် ကျေးလက်ဒေသများတွင်လည်း မိုးခေါင် ရေရှားမှုမှာ လျင်မြန်စွာဖြစ်ပေါ်လျက်ရှိကြောင်းဖြင့် အဆိုပါသတင်းတွင် ဖော်ပြထားသည်။

နယူးဇီလန်နိုင်ငံ အခြေခံစက်မှုလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးနာသန်ဂေးက မိုးခေါင်မှုသည်တစ်နေ့တခြား ပိုမိုဆိုးရွားလာနိုင်ကြောင်း၊ လယ်သမားအများစုသည် ရိတ်သိမ်းထားပြီးသောသီးနှံများကို စားသုံးရန်အတွက်သာသို လှောင်ထားကြပြီး အပိုအလျှံမရှိကြကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့ပြင် နို့နှင့် နို့ထွက်ပစ္စည်းလုပ်ငန်းများကို လုပ်ကိုင်ကြသည့် လယ်သမားများသည် ၂၀၁၃ ခုနှစ်ကထက် မိုးခေါင်မှုဒဏ်ကို ပိုမိုဆိုးရွားစွာခံစားနေကြရကြောင်းဖြင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မိုးခေါင်မှုကြောင့် နို့ခဲတစ်ကီလိုဂရမ်လျှင် နယူးဇီလန်ဒေါ်လာ ၄ ဒသမ ၇၀ (အမေရိကန်ဒေါ်လာ ၃ ဒသမ၄၅) သာရှိခဲ့ရာ ၂၀၀၈ ခုနှစ်နောက်ပိုင်း အနိမ့်ဆုံးဈေးနှုန်းဖြစ်ခဲ့ကြောင်း သိရသည်။ ယင်းကဲ့သို့ ဈေးနှုန်းများ ကျဆင်းမှုကြောင့် နို့ထွက်ပစ္စည်းလုပ်ငန်း လုပ်ကိုင်သူများသည် ၎င်းတို့မွေးမြူထားသည့် နွား၊ သိုးများအား သားသတ်ရုံများသို့ ပို့လျက်ရှိသည်ဟု ဂေးက ပြောကြားခဲ့သည်။

မိုးခေါင် ခြောက်သွေ့မှုသည် Hemisphere တောင်ပိုင်းသို့ပါ လျင်မြန်စွာ ပျံ့နှံ့လျက်ရှိကြောင်း ဆင်ဟွာသတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

Domestic Sport News
Vol: 15, No.7 Monday Feb 16 2015

# မြန်မာယူ-၂၀အသင်း အိမ်ရှင်နယူးဇီလန်အသင်းနှင့် တစ်အုပ်စုတည်းကျ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မြန်မာပရိသတ်များ စိတ်မပျက်စေရဟု နည်းပြဂုတ်ဆီဇီဆို

နယူးဇီလန်နိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့ဖလားယူ-၂၀ပြိုင်ပွဲအတွက် မဲခွဲခြင်းအခမ်းအနားကို ဖေဖော်ဝါရီလ ၉ ရက်နေ့က နယူးဇီလန်နိုင်ငံ၊ အောက်ကလန်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သည်။

မြန်မာယူ-၂၀အသင်း ပါဝင်ယှဉ်ပြိုင်ရမည့် အဆိုပါပြိုင်ပွဲတွင် မြန်မာယူ-၂၀ အသင်းသည် အိမ်ရှင်နယူးဇီလန်အသင်းနှင့်အတူ အုပ်စု(က)တွင် ကျရောက်နေကြောင်း သိရသည်။




မြန်မာအသင်းပါဝင်သည့် အုပ်စု(က)တွင် အိမ်ရှင် နယူးဇီလန်၊ မြန်မာ၊ အမေရိကန်နှင့် ယူကရိန်းတို့ ပါဝင်ကြောင်းသိရသည်။အဆိုပါပွဲကိုအုပ်စုခြောက်စုခွဲ၍ မေ ၃၀ရက်မှ စတင်ကျင်းပမည်ဖြစ်သည်။

အုပ်စု(ခ)တွင် အာဂျင်တီးနား၊ ပနားမား၊ ကွန်ကာကက်ဖ်ဇုန်မှတတိယရရှိသည့်အသင်းနှင့် သြစတြီးယား၊ အုပ် စု(ဂ)တွင် ကာတာ၊ ကိုလံဘီယာ၊ ပေါ်တူဂီနှင့်ကွန်ကာကက်ဖ်ဇုန် စတုတ္ထရရှိသည့်အသင်း၊ အုပ်စု(ဃ)တွင် မက္ကဆီကို၊ ဥရုဂွေး၊ ဆားဘီးယားနှင့် ကွန်ကာကက်ဖ်ဇုန်မှ ဒုတိယရရှိသည့်အသင်း၊ အုပ်စု(င)တွင် ကွန်ကာကက်ဖ်ဇုန်ချန်ပီယံ၊ ဘရာဇီး၊ မြောက်ကိုရီးယား၊ ဟန်ဂေရီ၊ အုပ်စု(ဆ)တွင် ဂျာမနီ၊ ဖီဂျီ၊ ဥဇဘက်ကစ္စတန်၊ ဟွန်ဒူးရပ်စ်တို့ပါဝင်ကြောင်း သိရသည်။

အုပ်စုခွဲဝေမှု အနေအထားအရ မြန်မာယူ-၂၀အသင်းသည် ပထမဆုံးပွဲစဉ်အဖြစ် မေ ၃၀ရက်တွင် အမေရိကန် ယူ-၂၀အသင်း၊ဇွန် ၂ရက်တွင် ယူကရိန်းယူ-၂၀အသင်း၊ ဇွန် ၅ ရက်တွင်အိမ်ရှင်နယူးဇီလန် ယူ-၂၀အသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယင်းကဲ့သို့ ပွဲစဉ်ဇယားများရေးဆွဲအပြီးနောက် နည်းပြဂုတ်ဆီဇီက အဆိုပါပြိုင်ပွဲတွင် မြန်မာပရိသတ်များအနေဖြင့် မိမိတို့အသင်း၏ ခြေစွမ်းကြောင့် စိတ်ပျက်မဖြစ်စေရဟု ဖီဖာဝက်ဘ်ဆိုက်တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

"ကျွန်တော် ပြောနိုင်တာကတော့ ကျွန်တော်တို့အသင်းကို မြန်မာပရိသတ်တွေ စိတ်မပျက်စေရပါဘူးလို့ ပြောချင်ပါတယ်။ကျွန်တော့်တို့အသင်းအနေနဲ့ ကစားပုံမတူညီတဲ့အသင်းသုံးသင်းနဲ့ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ဒီအုပ်စုထဲမှာ တောင်အမေရိကရဲ့ အသင်းတွေနဲ့ မတွေ့ရတာကိုဘဲ ကျေနပ်လှပါပြီ။ ပြိုင်ဘက်အသင်းတွေရဲ့ ကိုယ်ခန္ဓာကြံ့ခိုင်မှုက အသင်းရဲ့စိန်ခေါ်မှုတွေ ဖြစ်လာနိုင်ပါတယ်"ဟု ဖီဖာဝက်ဘ်ဆိုက်သို့ ပြောကြားခဲ့သည်။

ထို့ပြင် မြန်မာယူ-၂၀အသင်း၏ နည်းပြတစ်ဦးဖြစ်သည့် ဦးညီညီလတ်ကလည်း အုပ်စုခွဲဝေမှု ရလဒ်အပေါ် ကျေနပ်မိကြောင်းနှင့် ယူကရိန်းနှင့် ယှဉ်ပြိုင်ရမည့် နောက်ဆုံးပွဲစဉ်သည် နောက်တစ်ဆင့်သို့ တက်ရောက်ရေးအတွက် အရေးကြီးသောပွဲစဉ်တစ်ပွဲဖြစ်ကြောင်း ပြောကြားခဲ့သည်။

"ကျွန်တော်တို့အတွက် ကံကောင်းတဲ့မဲခွဲမှုပါ။ အိမ်ရှင်အသင်းနဲ့ကြုံတွေ့ရတယ်ဆိုပေမယ့် ကျန်တဲ့အင်အားကြီးအသင်းတွေကို ရှောင်နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ အုပ်စုတွင်းမှာ ယှဉ်ရမယ့် အမေရိကန်အသင်းဆိုရင်လည်း အမျိုးသမီးဘောလုံးမှာ အင်အားကြီးနိုင်ငံဖြစ်ပေမယ့် အမျိုးသားမှာတော့ ထိပ်တန်းအဆင့်မဟုတ်ပါဘူး။ ယူကရိန်းကတော့ အမေရိကန်ထက် ပိုပြီးကောင်းနိုင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အိမ်ရှင်အသင်းနဲ့ နောက်ဆုံးမှာကစားရမှာက အားသာချက်တစ်ခုပါ။ ပထမဆုံးပွဲမှာ အမေရိကန်ကို အနိုင်ကစားနိုင်မယ်ဆိုရင် ယူကရိန်းနဲ့ပွဲစဉ်က ကျွန်တော်တို့အတွက် အရေးပါတဲ့ပွဲ ဖြစ်ပါလိမ့်မယ်။ ပထမဆုံးပွဲမှာ ရလဒ်မကောင်းခဲ့ရင်လည်း ယူကရိန်းနဲ့ပွဲက ကျွန်တော်တို့အတွက် အရေးကြီးတဲ့ပွဲ ဖြစ်လာပါလိမ့်မယ်"ဟု ပြောကြားခဲ့သည်။

# မြန်မာ ယူ-၂၀ အသင်း၏ သုံးပွင့်ဆိုင်ခြေစမ်းပွဲပျက်ပြယ် ဖီဂျီယူ-၂၀အသင်းနှင့်သာ ခြေစမ်းပွဲယှဉ်ပြိုင်ကစားတော့မည်

မြန်မာယူ-၂၀ အသင်းအနေဖြင့် ဖေဖော်ဝါရီ ၁၇ရက်မှစတင်၍ သုံးပွင့်ဆိုင်ခြေစမ်းပွဲအဖြစ် ဖီဂျီယူ-၂၀ အသင်း၊ ဥဇဘက်ကစ္စတန်ယူ-၂၀ အသင်းတို့နှင့် သုံးပွင့်ဆိုင် ခြေစမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားမည်ဟု ကြေညာခဲ့သော်လည်း ယခုအခါတွင် ဖီဂျီယူ- ၂၀အသင်းနှင့်သာ ခြေစမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားတော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာခဲ့သည်။

မူလက သုံးပွင့်ဆိုင်ခြေစမ်းပွဲကို မန္တလေးမြို့၌ ကျင်းပမည်ဟု ကြေညာခဲ့သော်လည်း ကမ္ဘာ့ဖလားယူ-၂၀ ပြိုင်ပွဲအတွက်အုပ်စုမဲခွဲအပြီးတွင် ယခုကဲ့သို့ ဖီဂျီအသင်းနှင့်သာခြေစမ်းရန် စီစဉ်ရခြင်းဖြစ်ကြောင်း သိရသည်။

ဖီဂျီ ယူ-၂၀ အသင်းနှင့်ခြေစမ်းပွဲကို မန္တလေးမြို့တွင် ဖေဖော်ဝါရီလ ၁၇ ရက်တွင် လည်းကောင်း၊ ရန်ကုန်မြို့တွင် ဖေဖော်ဝါရီ ၂၀ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။

သမုဒ္ဒရာပိုင်းဇုန်ကိုယ်စားပြု ဖီဂျီ ယူ-၂၀ အသင်းသည် မြန်မာယူ-၂၀ အသင်းကဲ့သို့ပင် ယခုနှစ်မှစတင်ကာ ကမ္ဘာ့ဖလားယူ-၂၀ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိသည့်အသင်းဖြစ်သည်။ ဖီဂျီယူ-၂၀အသင်းသည် သမုဒ္ဒရာပိုင်းဇုန်ယူ-၁၉ ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သည့် အသင်းဖြစ်သည်။

အဆိုပါ ယူ-၂၀အသင်းအား နည်းပြအဖြစ် ပြည်တွင်းနည်းပြ ရာဗီနက်ရှ်ကူးမားက တာဝန်ယူထားပြီး နည်းစနစ်ဒါရိုက်တာအဖြစ် ဥရုဂွေးမှ ဂျူအန်ကားလို့စ်ဘူဇက်တီက တာဝန်ယူထားကြောင်း သိရသည်။

ဖီဂျီယူ-၂၀အသင်းမှကစားသမားအများစုမှာ ပြည်တွင်းကလပ်အသင်းများမှဖြစ်ပြီး ကွင်းလယ်လူ မိုဟာမက်ခန်းနှင့် အယ်လ်တက်ဖ်ရှရစ်တို့မှာနယူးဇီလန်ကလပ် Waitakere City အသင်းတွင် ကစားလျက်ရှိသည်။

အဆိုပါခြေစမ်းပွဲ ပွဲစဉ်များအတွက် ကွင်းဝင်ကြေးမှာ ရိုးရိုးတန်းကျပ် ၁၀၀၀နှင့်အထူးတန်းကျပ် ၃၀၀၀ ဖြစ်ပြီး အများပြည်သူကြည့်ရှုနိုင်ရန်အတွက် အခမဲ့ရုပ်သံလိုင်းများမှလည်း ထုတ်လွှင့်ပြသနိုင်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ စီစဉ်လျက်ရှိကြောင်း သိရသည်။



## ရခိုင်ယူနိုက်တက်အသင်း၏ ပူးတွဲစပွန်ဆာအဖြစ် Orona အမှတ်တံဆိပ်မှ ကူညီပံ့ပိုးသွားမည်

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲဝင် ရခိုင်ယူနိုက်တက်အသင်းအား ပူးတွဲစပွန်ဆာအဖြစ် မြန်မာမဟာထွန်း ကုမ္ပဏီလီမိတက်မှ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ယူနိုက်တက်အသင်း အနေဖြင့် ယခုနှစ်ဘောလုံးရာသီတွင် မြန်မာမဟာထွန်းကုမ္ပဏီလီမိတက်မှ တင်သွင်းသည့် Orona အမှတ်တံဆိပ်ကို အသင်းဂျာစီ၏ရင်ဘတ်ဘယ်ဘက်တွင် တပ်ဆင်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

Orona အမှတ်တံဆိပ်သည် စပိန်နိုင်ငံထုတ်ဓာတ်လှေခါးအမျိုးအစားဖြစ်ပြီး မြန်မာမဟာထွန်းကုမ္ပဏီမှ မြန်မာနိုင်ငံသို့ တရားဝင်ကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ဖြူးရောင်းချပေးနေခြင်းဖြစ်သည်။ အဆိုပါ Orana အမှတ်တံဆိပ်ကို ရခိုင်ယူနိုက်တက်အသင်းအနေဖြင့် ၂၀၁၅ ဘောလုံးရာသီကုန်အထိ တပ်ဆင် အသုံးပြုသွားမည်ဖြစ်သည်။

ယင်းကဲ့သို့ ပံ့ပိုးကူညီမှုရရှိခဲ့သည့်အတွက် ရခိုင်ယူနိုက်တက်အသင်း၏ မန်နေဂျာဦးထွန်းထွန်းဝင်းက "အခုလို Orona နဲ့လက်တွဲခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ ကျွန်တော်တို့ ရခိုင်ယူနိုက်တက်အသင်းကို ကူညီပံ့ပိုးပေးခဲ့တဲ့ မြန်မာမဟာ ထွန်းကုမ္ပဏီကိုရော Orona ကိုပါ အထူးကျေးဇူးတင်ပါတယ်။ ဒီသဘောတူညီမှုဟာ နှစ်ဦးနှစ်ဖက်စလုံးအတွက် အကျိုးရှိမှာဖြစ်ပြီး နောက်လာမယ့်ရာသီတွေမှာလည်း ဆက်လက် လက်တွဲနိုင်လိမ့်မယ်လို့ ယုံကြည်မိပါတယ်" ဟု ပြောကြားခဲ့သည်။

## ဟိုတယ်ရန်ကုန်နှင့် ရောဝတီယူနိုက်တက်အသင်းတို့ ကျပ်သိန်း ၁၅၀ တန်ကြေးရှိ စပွန်ဆာစာချုပ်ချုပ်ဆို

ဟိုတယ်ရန်ကုန်နှင့် ဧရာဝတီယူနိုက်တက်အသင်းတို့သည် ကျပ်သိန်း ၁၅၀ တန်ကြေးရှိသည့် Service Partner အဖြစ် စာချုပ်တစ်ရပ်ကို ဖေဖော်ဝါရီ ၁၀ရက်ကချုပ်ဆိုနိုင်ခဲ့ကြောင်း အသင်းပိုင်လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြထားသည်။

ယင်းကဲ့သို့ Service Partner အဖြစ် စပွန်ဆာစာချုပ် ချုပ်ဆိုနိုင်ခဲ့သည့်အတွက် AFC Cup ပြိုင်ပွဲတွင် ဧရာဝတီယူနိုက်တက်အသင်း၏အိမ်ကွင်းပွဲစဉ်များသို့ လာရောက်ယှဉ်ပြိုင်ကစားမည့် နိုင်ငံခြားကလပ်အသင်းများတည်းခိုနေထိုင်ရေးအတွက် ဟိုတယ်ရန်ကုန်မှ ကျပ်သိန်း ၁၅၀ ခန့် ပံ့ပိုးပေးမည်ဖြစ်သည်။

ထို့ပြင်ဧရာဝတီယူနိုက်တက်အနေဖြင့် အသင်း၏ အိမ်ကွင်းဖြစ်သည့်ပုသိမ်မြို့ ကျောက်တိုင်ကွင်းတွင် ဟိုတယ်ရန်ကုန်၏ ဈေးကွက်မြှင့်တင်ရေးအဖြစ် ကြော်ငြာဘုတ်များတပ်ဆင်ပေးသွားမည်ဖြစ်ပြီး အသင်းပိုင်ဝက်ဘ်ဆိုက်နှင့် လူမှုကွန်ရက်စာမျက်နှာထက်တွင်လည်း ဟိုတယ်ရန်ကုန်၏ တရားဝင်ဝက်ဘ်ဆိုက် Link အား ဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ဟိုတယ်ရန်ကုန်နှင့် သဘောတူညီမှုရရှိခြင်းသည် ၂၀၁၅ ဘောလုံးရာသီတွင် ဧရာဝတီယူနိုက်တက်အသင်းအတွက်စတုတ္ထမြောက် စပွန်ဆာရရှိခြင်းဖြစ်သည်။ အသင်း၏ ဂျာစီစပွန်ဆာအဖြစ် FBT မှ လည်းကောင်း၊ Fitness Partner အဖြစ် မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်းရှိ Balance Fitness Center မှ လည်းကောင်း၊ Hydration Partner အဖြစ် 100Plus မှ လည်းကောင်း ရရှိခဲ့ပြီးဖြစ်သည်။



# ဟာဇက်နှင့် ချဲလ်ဆီးအသင်းတို့ ကာလရှည်သက်တမ်းတိုး စာချုပ်ချုပ်ဆို

ချဲလ်ဆီးအသင်းသည် အသင်း၏ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား အီဒင်ဟာဇက်ကို ကာလရှည်သက်တမ်းတိုးစာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ကြောင်းသိရသည်။ ချဲလ်ဆီးအသင်းနှင့် ဟာဇက်တို့သည် ငါးနှစ်ခွဲသက်တမ်းရှိ သက်တမ်းတိုးစာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ခြင်းဖြစ်သည်။ အသက် ၂၄နှစ်အရွယ်ရှိ ဟာဇက်သည် ပြင်သစ်လီဂူးကလပ် လိုင်လီမှ ၂၀၁၂ ခုနှစ်က ပြောင်းရွှေ့ကြေး ပေါင် ၃၂သန်းဖြင့် ချဲလ်ဆီးအသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်သည်။

"ကျွန်တော် ချဲလ်ဆီးကိုရောက်တာ ၂၀၁၂ခုနှစ်ကတည်းကပါ။ ကလပ်အသင်းက ကျွန်တော့်ကိုခုလိုကာလရှည်စာချုပ်ချုပ်လိုက်တဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။ အသင်းဖော်တွေရော၊ အသင်းရဲ့မန်နေဂျာရော၊ ပရိသတ်တွေအားလုံးကပါ ကျွန်တော့်အပေါ်မှာ နားလည်မှုရှိတဲ့အတွက်အရမ်းကို အံ့အားသင့်မိပါတယ်"ဟု ဟာဇက်က ပြောကြားခဲ့သည်။

ဟာဇက်သည်ပြီးခဲ့သည့်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘယ်လ်ဂျီယံလက်ရွေးစင်အသင်းနှင့်အတူ ပါဝင်ကစားခဲ့ပြီး လက်ရွေးစင်အသင်းအား ကွာတားဖိုင်နယ်ရောက်သည်အထိကူညီပေးနိုင်ခဲ့သည်။ ၎င်းသည် လက်ရွေးစင်အသင်းအတွက် ပွဲပေါင်း ၁၄၇ ပွဲ ကစားပေးခဲ့ပြီး ၄၃ ဂိုးသွင်းယူပေးခဲ့သည်။

# အခွန်တိမ်းရှောင်သည်ဟု စွပ်စွဲခြင်းကို မာရတ်ဆာဖင် ငြင်းဆို ဆွစ်ဘဏ်တွင် အကောင့်သုံးခုခွဲ၍ အမေရိကန်ဒေါ်လာ လေးသန်းကျော်သွင်းခဲ့

ရုရှားတင်းနစ် ချန်ပီယံဟောင်းတစ်ဦးဖြစ်သူ မာရတ်ဆာဖင်ကၡင်းအား အခွန်တိမ်းရှောင်သည်ဟူသော စွပ်စွဲချက်အား ငြင်းဆိုလိုက်ကြောင်း သိရသည်။ မာရတ်ဆာဖင်သည် ဆွစ်ဇာလန်နိုင်ငံရှိ ပုဂ္ဂလိကဘဏ်တစ်ခုဖြစ်သည့် HSBC ဘဏ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၇ သန်းရှိသည့် ငွေများကို အခွန်တိမ်းရှောင်လိုသဖြင့် ယခုကဲ့သို့ အကောင့်သုံးခုဖြင့် သွင်းခဲ့ခြင်းဖြစ်ကြောင်း International Consortium of Investigative Journalist က ပြောကြားခဲ့ခြင်းဖြစ်သည်။



မာရတ်ဆာဖင်ကမူ အဆိုပါပြောကြားချက်ကို မဟုတ်မမှန်ကြောင်း ငြင်း ဆိုလိုက်သည်။

"ဒီငွေတွေကို ဘယ်ကရလာသလဲဆိုတဲ့မေးခွန်းကို သူမဖြေနိုင်ဘူး။ အဲဒါရဲ့ အထောက်အထားတစ်စုံတစ်ရာကိုလည်း သူမပြနိုင်တဲ့အပြင်အခွန်ဆောင်ဖို့ကိုလည်း ငြင်းဆန်သေးတယ်" ဟု International Consortium of Investigative Journalist က ပြောကြားခဲ့သည်။

မာရတ်ဆာဖင်သည် ၂၀၀၀ပြည့်နှစ်တွင် ယူအက်စ်အိုးပင်း ချန်ပီယံနှင့် ၂၀၀၅ ခုနှစ်တွင် ဩစီအိုးပင်းချန်ပီယံဖြစ်ခဲ့ဖူးကာ ၂၀၀၉ ခုနှစ်တွင် တင်းနစ်လောကမှ အနားယူသွားခဲ့သည်။

ထို့နောက် ၎င်းသည် ၂၀၁၁ခုနှစ်တွင် နိုင်ငံရေးလောကသို့ ခြေစုံပစ်၍ ဝင်ခဲ့ပြီးနောက် ရုရှားပါလီမန်တွင်အဖွဲ့ဝင်တစ်ဦးဖြစ်လာခဲ့သည်။

ရုရှားပါလီမန် အဖွဲ့ဝင်တစ်ဦးအနေဖြင့် ပြည်ပရှိ ပုဂ္ဂလိကဘဏ်တွင် အမေရိကန်ဒေါ်လာများကို အမည်စာရင်းသုံးခုဖြင့် ၎င်း၏ကိုယ်ပိုင်အကောင့်သို့ သွင်းခဲ့ခြင်းအား မီဒီယာများက ဝေဖန်ခဲ့ကြခြင်းဖြစ်သည်။

"တစ်ယောက်ယောက်က အခွန်တိမ်းရှောင်လိုတဲ့ရည်ရွယ်ချက်နဲ့ သူ့ရဲ့အကောင့်ထဲကို သွင်းခဲ့တာဖြစ်နိုင်ပါတယ်။ ဒါဟာ ဘယ်သူလဲဆိုတာ သူပဲသိနိုင်မှာပါ။ ပါလီမန် အမတ်တစ်ယောက်အနေနဲ့ ခုလိုမျိုးလုပ်တာဟာ စည်းကမ်းနဲ့မညီဘူးလို့ထင်ပါတယ်"ဟု အဆိုပါအဖွဲ့က ပြောကြားခဲ့သည်။

# ပရီးမီးယားလိဂ်ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်ခွင့်အတွက် ပေါင် ၅ ဘီလီယံကျော် ရရှိမည်

ပရီးမီးယားလိဂ်ပွဲစဉ်များအား တိုက်ရိုက်ထုတ်လွှင့်ခွင့်ရရှိခဲ့သည့် Sky နှင့် BT Sports ရုပ်သံဌာနများက ပရီးမီးယားလိဂ်သို့ ၂၀၁၆-၁၇ဘောလုံးရာသီမှစ၍ သုံးရာသီစာအတွက် ပေါင် ၅ ဒသမ၁၃ဘီလီယံပေးရမည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၁၃ ခုနှစ်မှစ၍ ၂၀၁၆ခုနှစ်အထိ ရုပ်သံထုတ်လွှင့်ခွင့်အတွက်ပေါင် ၃ ဒသမ ၀၁၈ ဘီလီယံပေးခဲ့ခြင်းဖြစ်ရာ ယခုပေးချေရမည့် ပမာဏသည် ၇၀ရာခိုင်နှုန်းခန့် မြင့်တက်လာခြင်းဖြစ်ကြောင်း အဆိုပါသတင်းတွင်ဖော်ပြထားသည်။ အဆိုပါ ရုပ်သံလွှင့်ခြင်းမှရရှိသည့် ဝင်ငွေများကိုလူငယ်စီမံကိန်းများအတွက် တစ်နှစ်လျှင် ပေါင် ၅၆ သန်းသုံးစွဲနေကြောင်း ပရီးမီးယားလိဂ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ယခုပေးချေရမည့်နှုန်းထားအရ ပွဲစဉ်ပေါင်း ၁၆၈ပွဲကိုတိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ရာ ပျမ်းမျှအားဖြင့် တစ်ပွဲလျှင် ပေါင် ၁၀၂ ဒသမ ၂သန်းခန့်ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

Sky ရုပ်သံဌာနအနေဖြင့် သောကြာညနေပွဲစဉ်နှင့် စူပါဆန်းဒေးပွဲစဉ်များအပါအဝင် တစ်ရာသီလျှင် ၁၂၆ပွဲ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ပြီး ယင်းအတွက် ပေါင် ၄ ဒသမ ၁၇၆ဘီလီယံပေးဆောင်ရမည်ဖြစ်သည်။

BT Sports ကမူ တစ်ရာသီလျှင် ၄၂ ပွဲအတွက် ပေါင်သန်းပေါင်း ၉၆၀ ပေးဆောင်ရမည်ဖြစ်သည်။

# ဥရုဂွေးနိုင်ငံသား မာကာရီယန် ဂရိလက်ရွေးစင်အသင်း၏နည်းပြဖြစ်လာ

ဥရုဂွေးနိုင်ငံသား မာကာရီယန်သည် ယူရို ၂၀၁၆ပြိုင်ပွဲအတွက် ရုန်းကန်နေရသည့် ဂရိလက်ရွေးစင်အသင်း၏ နည်းပြဖြစ်လာကြောင်း သိရသည်။ အသက် ၇၀ ရှိပြီဖြစ်သည့် မာကာရီယန်သည် ပီရူးနှင့် ပါရာဂွေးလက်ရွေးစင်အသင်းတို့၏ နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်သည်။

ဂရိအသင်းသည် ယူရို၂၀၁၆ပြိုင်ပွဲတွင် အုပ်စု(စ)တွင် အောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီး ယင်းရလဒ်ဆိုးကြောင့်ပင် ဂရိဘောလုံးအဖွဲ့ချုပ်က နည်းပြရာနီအေရီကို ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက ထုတ်ပယ်ခဲ့သည်။ ဂရိအသင်းသည် ယူရို ၂၀၁၆ အုပ်စုပွဲစဉ်တွင် လေးပွဲကစားခဲ့ရာ၌ သုံးပွဲရှုံးတစ်ပွဲသရေဖြင့် တစ်မှတ်သာ ရရှိထားသည်။

ဂရိအသင်းသည် မတ် ၂၉ ရက်တွင် ဟန်ဂေရီအသင်းနှင့်ခြေစစ်ပွဲယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဇွန်လအတွင်းတွင် ဖာရိုးကျွန်းစုနှင့်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

# မိမိကိုယ်မိမိကျေနပ်လောက်သည့် အနေအထားတွင်ရှိမနေဟု တိုက်ဂါးဝုဒ်ဆို

ကမ္ဘာ့ဂေါက်သီးရိုက်ချန်ပီယံဟောင်းတစ်ဦးဖြစ်သည့် အမေရိကန်နိုင်ငံသား တိုက်ဂါးဝုဒ်က မိမိအနေဖြင့် ကိုယ့်ကိုယ်ကို ကျေနပ်လောက်သည့် အနေအထားတွင် ရှိမနေဟု ပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အသက် ၃၉ နှစ်အရွယ်ရှိတိုက်ဂါးဝုဒ်သည် ပြီးခဲ့သည့် Torrey Pines ဂေါက်သီးရိုက်ပြိုင်ပွဲ၏၁၂ ကျင်းမြောက် အရောက်တွင် ဒဏ်ရာရရှိခဲ့သဖြင့် ပြိုင်ပွဲမှထွက်ခဲ့ရသည်။

ထို့ပြင်ယင်းပြိုင်ပွဲမတိုင်မီက ကျင်းပခဲ့သည့် ဖီးနစ်အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်ပိုရိုက်ခဲ့သဖြင့် ၎င်း၏ဆုကြေးစား ဂေါက်သီးသမားဘဝသက်တမ်းတစ်လျှောက် အဆိုးရွားဆုံးသောစံချိန်အဖြစ် မှတ်တမ်းရေးထိုးခဲ့သည်။

"ကျွန်တော် ကိုယ့်အလုပ်ကို အာရုံစိုက်ဖို့ အများကြီးလိုနေပါပြီ။ ကျွန်တော် အပေါင်းအသင်းတွေနဲ့အတူ အချိန်တွေဖြုန်းနေတယ်လို့ ထင်နေမိတယ်။ ကျွန်တော်ဒီတစ်ခါ ပြန်လာရင်တော့ ပြိုင်ပွဲတိုင်းကို အကောင်းဆုံးရလဒ်တွေရမယ်လို့ မျှော်လင့်ပါတယ်။ အဆင်သင့်ဖြစ်ပြီလို့ထင်တဲ့အချိန်မှာ ကျွန်တော်ပြန်လာပါ့မယ်"ဟု၎င်းကပြောကြားခဲ့သည်။

တိုက်ဂါးဝုဒ်သည် ယခုအခါတွင် ၎င်း၏နေအိမ်တွင် ဒဏ်ရာသက်သာသည်အထိနေထိုင်ကာ လေ့ကျင့်ခန်းများပြုလုပ်လျက်ရှိသည်ဟုဆိုသည်။ ၎င်းသည် လာမည့်ဖေဖော်ဝါရီ ၂၆ရက်တွင်ကျင်းပမည့် ဟွန်ဒါကလပ်စစ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်လိမ့်မည်ဟု ၎င်း၏ပြိုင်ဘက်များက မျှော်လင့်လျက်ရှိသည်။



# (၁၃) ကြိမ်မြောက်၊ မန္တလေးမြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲသို့ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ဝင်ရောက်ပြသ

၂၀၁၅ ခုနှစ်၊ (၁၃) ကြိမ်မြောက် မန္တလေးမြို့တော်ဝန်ဖလား “ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ” ကို ဖေဖော်ဝါရီလ ၁၂ ရက်မှ ၁၈ ရက်နေ့အထိ ကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ် (မန္တလေး) မှာ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရပါတယ်။ အဆိုပါ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ ပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ ပြခန်း ၁၀ ခန်းနှင့် ပုဂ္ဂလိက ပြခန်း ၆ ခန်း စုစုပေါင်း ၁၆ ခန်းအနက် ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာနလည်း ပါဝင်ပြသလျက်ရှိကြောင်း သိရပါတယ်။

မြို့တော်စိမ်းလန်းစိုပြည်သာယာလှပရေးလုပ်ငန်းများအတွက် ပြည်သူလူထု စိတ်ပါဝင်စားစေရန်နှင့် ပူးပေါင်းဆောင်ရွက်လာစေရန်၊ အိမ်တိုင်းအိမ်တိုင်း စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ခြင်းဖြင့် မန္တလေးမြို့အား၊ ဥယျာဉ်မြို့တော်အဖြစ် တည်ဆောက်ထိန်းသိမ်းရာ၌ အထောက်အကူဖြစ်လာစေရန်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်အဆင့်မြှင့် စိုက်ပျိုးနည်းပညာများ ဖလှယ်နိုင်စေရန်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် မျိုးကောင်းမျိုးသန့်များပြန့်ပွားလာစေရန်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်မျိုးကောင်းများကို အိမ်တိုင်းအိမ်တိုင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းမှသည် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်



အကူပြုစေရန် စသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း သိရပါတယ်။

ပြိုင်ပွဲအမျိုးအစားများတွင်

(က) သစ်သီးဝလံပြိုင်ခြင်း၊
(ခ) ဟင်းသီးဟင်းရွက်ပြိုင်ခြင်း၊
(ဂ) ပန်းအလှဆင်ပြိုင်ခြင်း၊
(ဃ) အရွက်အလှပင်၊ ရွက်လှပင်၊ ရှားစောင်းပင်ပြိုင်ခြင်း၊
(င) အသီးပါဝင်သောအပင်ပြိုင်ခြင်း၊
(စ) သစ်ခွအမျိုးမျိုးပြိုင်ခြင်း၊
(ဆ) ပန်းအလှအပနှင့် နှင်းဆီပင်

အမျိုးမျိုးပြိုင်ခြင်း စသည့်ပြိုင်ပွဲများကို ကျင်းပပြုလုပ်ကြောင်း သိရပါတယ်။

မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနအနေဖြင့် ဒေသထွက်ကုန်ပစ္စည်းအမျိုးမျိုးကို ပြသရာ ကျေးလက်ဒေသအသေးစားကုန်ထုတ်လုပ်ငန်းထွက် ပစ္စည်းများဖြစ်သည့် ဝါးအချောထည်ပစ္စည်းများ ၊ တောင်း၊ ဆန်ကော၊ ဆန်ကာများ၊ ဂျုံရိုးဦးထုပ်များ၊ ကျောက်စီပန်းချီကားများ၊ ရွှေချည်ထိုး၊ ငွေချည်ထိုးပန်းချီကားများ၊ ကျောက်စိမ်းအချောထည်ပစ္စည်းများ၊ ချည်ထည်အမျိုးမျိုး၊ ဆွယ်တာအမျိုးမျိုး၊ အင်ကြင်းကျောက်အလှဆင်ပစ္စည်းများ၊ သစ်သီးဝလံများနှင့် တိုင်းဒေသတွင်းထွက်ရှိသည့် ပဲမျိုးစုံနမူနာများ၊ ဆန်စပါးနမူနာများကို ခင်းကျင်းပြသကြောင်း သိရပါတယ်။

**စိုးအောင် - မန္တလေး**

## (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ဒေသထွက်ကုန်များပြသ

(၆၈) နှစ်မြောက်ပြည်ထောင်စုနေ့ပြပွဲကို စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင် မုံရွာမြို့ ပြည်သူ့အားကစားကွင်းတွင် ကျင်းပပြုလုပ်ခဲ့ရာ ပြပွဲဖွင့်ပွဲအခန်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်နေ့က ဖွင့်လှစ်ခဲ့ပြီး ဖေဖော်ဝါရီလ ၁၂ ရက်နေ့ထိ ပြသသွားခဲ့ပါတယ်။ အဆိုပါပြပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်မောင်းရဲ့ ကြီးကြပ်စီမံမှုဖြင့် မြစ်သာထရိတ်စင်တာ၊ ဇေယျာရွှေမြေထရိတ်စင်တာ၊ ဇေယျထရိတ်စင်တာ၊ ရတနာသခ်ထရိတ်စင်တာ၊ နဒီကမ်းသာထရိတ်စင်တာစတဲ့ ပြခန်း ၅ ခန်းဖြင့် ဒေသထွက် ကုန်ပစ္စည်းများကို ပြသရောင်းချခဲ့တယ်လို့ သိရပါတယ်။



မြစ်သာထရိတ်စင်တာပြခန်းတွင် ကလေး၊ မော်လိုက်၊ မင်းကင်း၊ ဖောင်းပြင်၊ ဟုမ္မလင်းမြို့နယ်များမှ ဒေသထွက်ကုန်များ ၊ ဇေယျာရွှေမြေ ထရိတ်စင်တာ ပြခန်းတွင် စစ်ကိုင်း၊ မြင်းမူ၊ မြောင်မြို့နယ်များမှ ကျောက်စိမ်းအချောထည်၊ ဂစ်တာ၊ ကြိမ်ထည်၊ ငွေထည်ရက်ကန်းထည်နဲ့ ဂျုံရိုးခမောက်၊ သောက်ရေအိုးစတဲ့ ဒေသထွက်ကုန်များ၊ ဇေယျာထရိတ်စင်တာပြခန်းတွင် မုံရွာမြို့နယ် ကျောက်ကလေးကျေးရွာထွက် ယွန်းထည်ထွက်ကုန်များ၊ ရက်ကန်းထုတ်ကုန်နဲ့ ဇီးသီးခြောက်၊ ငွေးငယ်နက်စေ့များ၊ အရာတော်သနပ်ခါး၊ ရတနာသိခ်ထရိတ်စင်တာပြခန်းတွင် ရွှေဘို၊ ဝက်လက်၊ ရေဦး၊ ကျွန်းလှမြို့နယ်များမှ ရွှေဘိုပေါ်ဆန်း၊ သနပ်ခါးနဲ့ အခြားဒေသထွက်ပစ္စည်းများ၊ နဒီကမ်းသာထရိတ်စင်တာ ပြခန်းတွင် ကသာ၊ အင်းတော်၊ ဗန်မောက်၊ ကောလင်း၊ ဝန်းသိုမြို့နယ်တို့မှ တမလန်းသစ်၊ ကုလားထိုင်၊ စားပွဲ၊ ပျားရည်၊ ပန်းပုရုပ်၊ တံစဉ်၊ ဆောက်၊ တူ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ ပျားရည်၊ ရေစိမ်ခေါက်ဆွဲစတဲ့ ဒေသထွက်ကုန်များကို ခရိုင်ဦးစီးမှူးများ၊ မြို့နယ်တာဝန်ခံများ စုပေါင်းပြီးစည်ကားသိုက်မြိုက်စွာပြသခဲ့ကြရာ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ပြည်ထောင်စုနေ့မှာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရဝန်ကြီးချုပ် ဦးသာအေးနဲ့ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ အကြီးအကဲများ ပြပွဲသို့ ကြွရောက်ပြီး ကြည့်ရှုအားပေးခဲ့ကြတယ်လို့ သိရပါတယ်။

**ထွန်းလှိုင် - မုံရွာ**

## လယ်ယာမြေဥပဒေအကြောင်း သိကောင်းစရာ

လယ်ယာမြေဆိုသည်မှာ မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်းရှိ လူနေအိမ်ရာများ၊ ဘာသာရေး အဆောက်အအုံနှင့် ပရဝုဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံးမပြုသော မြေများမပါဝင်တဲ့ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင်စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်ခြံမြေ၊ မြေနုကျွန်းမြေဟု သတ်မှတ်ထားတဲ့ မြေများဖြစ်ပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့်တွင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် စည်းကမ်းနှင့်အညီ စိုက်ပျိုးလုပ်ကိုင်အသုံးချခွင့် ပြုခြင်းသာဖြစ်ပြီး မြေပေါ်မြေအောက်ရှိ ကျောက်မျက်၊ သတ္တု၊ ရေနံနဲ့ ဓာတ်ငွေ့စတဲ့ သဘာဝသယံဇာတများ ထုတ်ယူအသုံးချခွင့် မပါဝင်ပေ။ လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ထားမှသာ လယ်ယာမြေဥပဒေပါ အခွင့်အရေးများဖြစ်တဲ့ အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊ အငြင်းပွားမှုပေါ်ပေါက်ပါက အဆုံးအဖြတ်ခံယူနိုင်ခွင့်၊ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်စတဲ့ အခွင့်အရေးများကို ခံစားနိုင်မှာဖြစ်ပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်မှာ ဖော်ပြထားတဲ့ လိုက်နာရမယ့် စည်းကမ်းချက်များဖြစ်တဲ့ သတ်မှတ်ထားတဲ့ အခွန်အခများပေးဆောင်ရန်၊ မှတ်ပုံတင်ရန်၊ လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်း သုံးစွဲခြင်းမပြုရန်၊ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လှပ်ထားခြင်းမပြုရန် စတဲ့ စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ပါက အရေးယူရမည့် ပြစ်ဒဏ်များလည်း သတ်မှတ်ထားရှိပါတယ်။ လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ အဆင့်ဆင့် ဖွဲ့စည်းထားရှိပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်စဉ်ရေကြောင်း အနေအထားအရ မြေသားပုံသဏ္ဍာန်ပြောင်းလဲနေသည့် မြေနုကျွန်းမြေများကို နွေထယ်ရေးအမီ ကျွန်းရေမလွှမ်းမီ ကတည်းက ကြိုတင်စီမံပြီး တစ်နှစ်တစ်ရာသီအတွက်သာ လုပ်ပိုင်ခွင့် နှစ်စဉ်ချထားရကြောင်း သိရပါတယ်။

**ရီလင်းထွန်း - မုံရွာ**

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် Center for the Promotion of Imports from Developing Countries ( CBI ) တို့ ပူးပေါင်း၍ သင်တန်းဖွင့်လှစ်မည်

မြန်မာနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန လက်အောက်ရှိ ဖွံ့ဖြိုးဆဲနိုင်ငံများမှ သွင်းကုန်မြှင့်တင်ရေးဗဟိုဌာန Center for the Promotion of Imports from Developing Countries (CBI) တို့ပူးပေါင်း၍ "Efficient Search and Effective Use of Market Information" သင်တန်းကို ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှ ၁၈ ရက်နေ့ထိ သုံးရက်ကြာဖွင့်လှစ်သွား မည်ဖြစ်ကြောင်း သတင်းရရှိသည်။ အဆိုပါသင်တန်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်တိုင်းဒေသကြီးရုံး) တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာနသုံးခုမှ အရာထမ်း၊ အမှုထမ်း ၂၅ ဦးတက်ရောက်မည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ယဉ်ယဉ်အေး MIRT (DCCA)**

# Trade Facilitation & Trade Promotion

## မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင်တို့တွင် "Seminar one-Government, e- Commerce for SMEs" "Development & Preparing Readiness to AEC" အလုပ်ရုံဆွေးနွေးပွဲကျင်းပ




ဧရာဝတီတိုင်းဒေသကြီး၊ ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီးသတင်းနှင့် ဆက်သွယ်မှုနည်းပညာ ဖွံ့ဖြိုးရေးကော်မတီတို့ ပူးပေါင်း၍ မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြရွှေဝါခန်းမတွင် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ နံနက်ပိုင်းက " Seminar on e-Gover-nment, e-Commerce for SMEs " "Develop-ment & Preparing Readin-ess to AEC " အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဆိုပါ အခမ်းအနားတွင် မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်က အမှာစကားပြောကြားခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် ဧရာဝတီတိုင်းဒေသကြီး သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်ဦးတို့က ရှင်းလင်းဆွေးနွေး ဟောပြောခဲ့ကြပါကြောင်း၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာ အရာထမ်းအမှုထမ်းများ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၁၉၀ ဦး တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

အလားတူ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ မွန်းလွဲပိုင်းတွင် လပွတ္တာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမတွင်လည်း " Seminar on e-Government, e- Commerce for SMEs " "Development & Preparing Readiness to AEC " အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ရာ စုစုပေါင်း ၁၁၉ ဦး တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

**လှထွန်းဦး (မြောင်းမြ)**

## ပုသိမ်မြို့တွင် တိုင်းဒေသကြီး ကုန်တင်ယာဉ်ပိုင်ရှင်များအသင်းဖွဲ့စည်း

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဖေဖော်ဝါရီလ ၉ ရက်နေ့က တိုင်းကုန်တင်ယာဉ်ပိုင်ရှင်များအသင်း ဖွဲ့စည်းရန် ဖိတ်ကြားထားသော ပုသိမ်၊ ဟင်္သာတ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူ၊ မော်ကျွန်း၊ အိမ်မဲ၊ မအူပင်၊ ဒေးဒရဲ၊ ဖျာပုံမြို့နယ်များမှ ယာဉ်ပိုင်ရှင်များတက်ရောက်ခဲ့ပြီး တိုင်းဒေသကြီး ကုန်တင်ယာဉ်ပိုင်ရှင်များအသင်း ဖွဲ့စည်းခဲ့ကြောင်း သိရပါတယ်။

တိုင်းဒေသကြီးကုန်တင်ယာဉ်ပိုင်ရှင်များအသင်း ဖွဲ့စည်းရခြင်းနဲ့ပတ်သက်ပြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးစိုးအောင်က တိုင်းဒေသကြီး စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အရေးပါသောကဏ္ဍတစ်ခုအဖြစ် ပါဝင်နေသော ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူလျှင်မြန်စွာ ဆောင်ရွက်နိုင်ရေး နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရေး တိုင်းအသင်းအဖွဲ့မှတစ်ဆင့် အများပိုင်ကုမ္ပဏီဖွဲ့စည်းနိုင်ရေးအပြင် အသင်းဖွဲ့စည်းရခြင်း ရည်ရွယ်ချက် အကျိုးကျေးဇူးများနဲ့ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များအပြင် မကြာမီ ဧရာဝတီတိုင်းဒေသကြီးတွင် ဖွဲ့စည်းမည့် (ARCCI) ဧရာဝတီကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် ပါဝင်ဆောင်ရွက်ရမည့် ကိစ္စရပ်များကိုလည်း ဆွေးနွေးပြောကြားပါတယ်။

ဆက်လက်ပြီး တက်ရောက်လာတဲ့လုပ်ငန်းရှင်များမှ တိုင်းကုန်တင်ယာဉ်ပိုင်ရှင်များအသင်း ဥက္ကဋ္ဌအဖြစ် ဦးသက်အောင် (ပုသိမ်) နဲ့ ခရိုင်များမှ ဒု-ဥက္ကဋ္ဌ ငါးဦး၊ အတွင်းရေးမှူး ဦးဝင်းနိုင်ဦး (ပုသိမ်)၊ တွဲဖက်အတွင်းရေးမှူး ခြောက်ဦး၊ ဘဏ္ဍာရေးမှူး၊ တွဲဖက်ဘဏ္ဍာရေးမှူး၊ စာရင်းစစ်နှင့် တွဲဖက်စာရင်းစစ်များကိုလည်း တက်ရောက်လာတဲ့ လုပ်ငန်းရှင်များ၏ သဘောထားဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရပါတယ်။ **မင်းမင်းဦး - ပုသိမ်**

## ဖျာပုံခရိုင်ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနတွင် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး အင်္ဂလိပ်စာအခြေခံ ( 4 Skills ) သင်တန်းဆင်းပွဲပြုလုပ်

ဖျာပုံခရိုင်အတွင်းရှိ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ဝန်ထမ်းများအား ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး အင်္ဂလိပ်စာအခြေခံ (4 SKills ) သင်တန်းအား ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့မှ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ထိ ဖွင့်လှစ်သင်ကြားခဲ့ရာခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမမှာ ဖေဖော် ဝါရီလ ၁၁ ရက်နေ့က သင်တန်းဆင်းပွဲကို ကျင်းပပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

သင်တန်းဆင်းပွဲတွင် ခရိုင်ဦးစီးမှူး ဦးမြင့်အောင်က " ဝန်ထမ်းများသိသင့်သိထိုက်တဲ့ စီးပွားရေးနဲ့ စီမံခန့်ခွဲမှုမြှင့်တင်ရေးဆိုင်ရာ (BDM) သင်တန်း၊ ကွန်ပြူတာအင်တာနက်ဆိုင်ရာသင်တန်းနဲ့ ယခု အင်္ဂလိပ်စာ အခြေခံသင်တန်းများကို တက်ရောက်ကြပြီး ဖြစ်ပါတယ်။ မကြာမီမှာ ဌာနမှတိုင်းဦးစီးမှူးကိုယ်တိုင် သတင်းနှင့်ဆက်သွယ်မှုနည်းပညာ ဖွံ့ဖြိုးရေးကော်မတီတို့ ပူးပေါင်းကာ ဧရာဝတီတိုင်းဒေသကြီးအတွင်း လှည့်လည်ပြီး e- Government Seminar ကို ဖွင့်လှစ်လျက်ရှိပါတယ်။ ဒီမြို့ကိုတော့ ဒီလ ၂၀ ရက်နေ့မှာ လာရောက်မှာဖြစ်လို့ ခရိုင်၊ မြို့နယ်ရှိ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနဲ့ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြမှာဖြစ်ပါတယ်။ အဲဒီအခမ်းအနားမှာ ဝန်ထမ်းများ တက်ရောက်ကြမှာဖြစ်သလို အခမ်းအနားပြင်ဆင်ရေး၊ နေရာချထားရေးနဲ့ ကြိုဆိုရေးလုပ်ငန်းတွေမှာ ပါဝင် ကူညီကြရမှာဖြစ်ပါတယ်။ တက်ရောက်ခဲ့တဲ့ သင်တန်းတွေကိုလည်း မမေ့မပျောက်သွားအောင် ပြန်လည်လေ့လာကြပါ" လို့ ပြောကြားသွားပါတယ်။

" ယခုအင်္ဂလိပ်စာကို နှစ်လတာသင်ကြားပေးခဲ့သော်လည်း လုံလောက်မှုရှိပြီးလားလို့မေးရင် အပြည့်အဝလုံလောက်မှုတော့ မရှိသေးပါဘူးလို့ ပြောရမှာဖြစ်ပါတယ်။ အင်္ဂလိပ်စကားများများပြောတဲ့ အလေ့အကျင့်လုပ်ပါ။ လေ့ကျင့်မှုမရှိရင် ပြန်လည်မေ့ပျောက်သွားမှာ ဖြစ်ပါတယ်၊ နောက်ပိုင်းအခက်အခဲရှိရင်လည်း အချိန်မရွေး လာရောက်မေးမြန်းနိုင်ပါတယ်" လို့အင်္ဂလိပ်စာသင်တန်းဆရာ ဦးဝင်းမြင့်မောင်က နှုတ်ခွန်းဆက် စကားပြောကြားပြီး အမှတ်တရဓါတ်ပုံများ ရိုက်ကြတယ်လို့ သိရပါတယ်။

**မင်းဇော်မွန် - ဖျာပုံ**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

(၁) ရန်ကုန်တိုင်းဒေသကြီး — ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) — ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) — အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-21844, 21108

(၄) ဧရာဝတီတိုင်းဒေသကြီး — ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး — မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် — စစ်တွေမြို့။ Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး — အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) — အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-21093,Ph:081-21627 email:m.myintmaungmaung@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) — ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) — အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် — ဘားအံမြို့။ Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး — ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် — အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် — (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005

(၁၅) မွန်ပြည်နယ် — အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့၊ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး — သာစည်လမ်း၊ ဒေါနဖြီရပ်၊ မီးရထားသံလမ်းနှင့် ပိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924

Asean News
Vol: 15, No.7 Monday Feb 16 2015

## ယခုနှစ်အကုန်မှာ အေအီးစီ ထူထောင်ရေး ၉၅ ရာခိုင်နှုန်းရှိဖို့ အာဆီယံကရည်မှန်း

အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ)ထူထောင်ရေးက ဆောင်ရွက်နေဆဲလုပ်ငန်းတစ်ခုဖြစ်ပြီး ၂၀၁၅ ခုနှစ်အကုန်မှာ ပေါင်းစည်းရေးအစီအမံတွေရဲ့ ၉၅ ရာခိုင်နှုန်းကို ပြီးစီးအောင်ဆောင်ရွက်ဖို့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက ရည်မှန်းချက်ထားပြီး ဆောင်ရွက်နေကြကြောင်း ဘီနာမားဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

၂၀၁၅ ခုနှစ်မှာ အကောင်အထည်ဖော်ရေးလုပ်ငန်းရဲ့ ၉၅ ရာခိုင်နှုန်းပြီးစီးရေးကို အောင်မြင်အောင်ဆောင်ရွက်နိုင်လိမ့်မယ်လို့ စီးပွားရေးဝန်ကြီးတွေက ယုံကြည်နေကြောင်း အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုနဲ့ စက်မှုလုပ်ငန်းဝန်ကြီးဌာန အာဆီယံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ အကြီးတန်းညွှန်ကြားရေးမှူးပီရာဗီဒရန်က ပြောပါတယ်။

စီးပွားရေးပေါင်းစည်းမှုကို ရာနှုန်းပြည့်ဆောင်ရွက်နိုင်တဲ့နေရာ ကမ္ဘာပေါ်မှာမရှိသေးတဲ့အတွက် ၉၅ ရာခိုင်နှုန်းကို အောင်မြင်အောင် ဆောင်ရွက်နိုင်တယ်ဆိုတာက ကြီးမားတဲ့စွမ်းဆောင်မှုတစ်ခုဖြစ်ပါတယ်။ အေအီးစီအကောင်အထည်ဖော်ရေးအဆင့်ကိုကြည့်ရင် အဆင့် ၁ မှ ၃ (၂၀၀၈ ခုမှ ၂၀၁၃ ခု)ထိ အကောင်အထည်ဖော်နိုင်မှုက ၈၀ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး အာဆီယံ တစ်ခုလုံးအတွက် ချမှတ်ထားတဲ့အစီ အမံ ၄၁၄ ခုအနက် ၃၃၄ ခုကိုအောင် မြင်အောင်ဆောင်ရွက်နိုင်ခဲ့တာ ဖြစ်ပါတယ်။ အာဆီယံတစ်ခုလုံးလွှမ်းခြုံတဲ့ အဆင့် ၄ (၂၀၁၄-၂၀၁၅ ခု)က အစီအမံ ၂၁၂ ခုအနက် ၈၂ ခုကိုပြီးမြောက် အောင်ဆောင်ရွက်နိုင်လို့ ၃၈ ဒသမ ၇ ရာခိုင်နှုန်းကိုပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မလေးရှားနိုင်ငံရဲ့ အကောင်အထည်ဖော်နိုင်မှုက အဆင့် ၁ မှ ၃ အထိ ချမှတ်ထားတဲ့ အစီအမံ ၄၃၅ ခုအနက် ၃၇၂ ခုကိုအကောင်အထည်ဖော်နိုင်ခဲ့လို့ ၈၅ ဒသမ ၅ ရာခိုင်နှုန်း ပြီးမြောက်ခဲ့ပါတယ်။ အဆင့် ၄ အတွက် ချမှတ်ထားတဲ့ အစီအမံ ၂၁၇ ခုအနက် ၉၅ ခုကို အကောင်အထည်ဖော်နိုင်ခဲ့တဲ့အတွက် ၄၃ ဒသမ ၈ ရာခိုင်နှုန်းရှိပါတယ်။ မလေးရှားနိုင်ငံက အာဆီယံနဲ့ နိုင်ငံအလိုက်အတွက် သီးခြားအစီအမံတွေ ချမှတ်ဆောင်ရွက်ထားပါတယ်။ ဒါကြောင့် မလေးရှားက ဆောင်ရွက်မယ့် စုစုပေါင်းရည်မှန်းချက်က အာဆီယံအတွက် ရည်မှန်းချက်ထက် အစီအမံပိုမိုများပြားပါတယ်။

## အာဆီယံပေါင်းစည်းမှုက စည်းလုံးညီညွတ်တဲ့ အရင်းအနှီး ဈေးကွက်ကို ဖော်ဆောင်မည်



အာဆီယံ စီးပွားရေးအသိုက်အဝန်း (အေအီးစီ) ကို ယခုနှစ်အကုန်မှာ စတင်မှာဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများအသင်းဝင် ၁၀ နိုင်ငံကို ထပ်မံစုစည်းပေးမှာဖြစ်ပါတယ်။ နိုင်ငံအချင်းချင်းကုန်စည်ကုန်သွယ်မှုမှာ အကောက်ခွန်တွေကို ဖယ်ရှားပေးပြီး စည်းလုံးညီညွတ်တဲ့ မတည်ငွေရင်း ဈေးကွက်ကိုလည်း ထူထောင်မှာဖြစ် ပါတယ်။

ဒီလိုထူထောင်မှုကြောင့် အာဆီယံရဲ့ ရှယ်တွေနဲ့ ဘွန်းစာချုပ်တွေရဲ့ ဈေးကွက်ကို မြှင့်တင်ပေးမှာဖြစ်ပါတယ်။ ယခုအချိန်မှာ အရှေ့တောင်အာရှကုမ္ပဏီတွေက ဘဏ်ချေးငွေတွေကို ရယူပြီး သွယ်ဝိုက်တဲ့ချေးငွေတွေကိုရယူလျက်ရှိကြပါတယ်။ ဒါပေမယ့် ကိုယ်ပိုင်ရှယ်ယာတွေ သို့မဟုတ် ကော်ပိုရိတ်ဘွန်းစာချုပ်တွေထုတ်ဝေခြင်း အပါအဝင် တိုက်ရိုက်ငွေကြေးရယူမယ့် နည်းလမ်းတွေကို ကုမ္ပဏီတွေက ပိုမိုသုံးစွဲလာမည်ဆိုရင် အကျိုးအမြတ်တွေ ပိုမိုရရှိလာမှာဖြစ်ပါတယ်။ ဒီလိုဆိုရင် ၁၉၉၇ ခုနှစ်ကဖြစ်ပေါ်ခဲ့တဲ့ စီးပွားရေး အကျပ်အတည်းမျိုးဖြစ်ဖို့ အလားအလာ နည်းသွားပါပြီ။

၁၉၉၇ ခုနှစ်က ထိုင်းဗဟိုဘဏ်က ဘတ်ငွေကို ကာကွယ်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်ရင်း ထိုင်းဗဟိုဘဏ်မှာ နိုင်ငံခြားအရန်ငွေကြေးတွေ ပြတ်လပ်မှု ဖြစ်တဲ့အတွက် အကျပ်အတည်း စတင်ဖြစ်ပွားခဲ့ပါတယ်။ ထိုင်းဘတ်ငွေ တန်ဖိုးကျဆင်းပြီး ထိုင်းစီးပွားရေးကလည်း ချက်ချင်းကျဆင်းခဲ့ရပါတယ်။ ငွေကြေးအကျပ်အတည်း ဒဏ်ခံခဲ့ရတဲ့ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားနဲ့ တခြား နိုင်ငံတွေက အဲဒီနောက်ပိုင်းမှာ စီးပွားရေးအရပြန်လည်နာလန်ထူလာပြီး တချို့နိုင်ငံတွေမှာ တိုးတက်မှုတွေရရှိခဲ့ပါတယ်။ မြန်မာမှအပ ကျန်အာဆီယံအဖွဲ့ဝင် ကိုးနိုင်ငံရဲ့ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု (ဂျီဒီပီ) က ဒေါ်လာ ၆၆၆ ဘီလီယံရှိခဲ့ပြီး ၂၀၁၃ ခုနှစ်က ဒေါ်လာ ၂ ဒသမ ၄ ထရီလီယံရှိခဲ့ပါတယ်။

စီးပွားရေး အကျပ်အတည်းကာလမှာ ဒေါ်လာနဲ့ဖလှယ်တဲ့အခါ ငွေကြေးတန်ဖိုးတွေကျဆင်းတတ်ပါတယ်။ ဂယက်ရိုက်ခတ်မှုကြောင့် အထိနာတဲ့နိုင်ငံတွေမှာရှိတဲ့ ကုမ္ပဏီတွေက နိုင်ငံခြားငွေကြေးနဲ့ရှိနေတဲ့ ချေးငွေတွေကို ပြန်လည်ထုတ်ယူသွားတဲ့အတွက် အဲဒီချေးငွေတွေကြောင့် သက်ဆိုင်ရာနိုင်ငံတွေမှာ နှစ်ထပ်ကွမ်းထိခိုက်မှုဖြစ်တတ်ပါတယ်။ ဒါကြောင့် ဘဏ်ချေးငွေများထက် တိုက်ရိုက်ချေးငွေများကို အားထားတာ အကောင်းဆုံးပဲဆိုတဲ့ သင်ခန်းစာကိုရရှိခဲ့ပါတယ်။ အေအီးစီက တိုက်ရိုက်ငွေကြေးထောက်ပံ့မှုကို လွယ်ကူချောမွေ့အောင် ဆောင်ရွက်ဖို့ ကြိုးပမ်းထားပါတယ်။

## ကမ္ဘာ့ရေနံဈေးနှုန်း ကျဆင်းသော်လည်း အေအီးစီအကောင်အထည်ဖော်မှုကိုမထိခိုက်

ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းတွေ ကျဆင်းမှုက အာဆီယံစီးပွားရေးအသိုက် အဝန်း(အေအီးစီ)အကောင်အထည်ဖော်မှုကို ဂယက်ရိုက်ခတ်မှုရှိမှာမဟုတ်ကြောင်း မလေးရှားအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနဲ့ စက်မှုလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး Datuk Ir Hamin Sauri ကပြောပါတယ်။ အာဆီယံဒေသကိုတစ်ခုတည်းသော စီးပွားရေး အသိုက်အဝန်းတစ်ခုအဖြစ် အကောင်အထည်ဖော်ရေးက အရှိန်အဟုန်နဲ့ရွေ့လျားနေကြောင်းသူရဲ့ပြောကြားချက်ကို ဘီနာမားဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

"ကမ္ဘာ့ရေနံဈေးနှုန်းတွေ ကျဆင်းနေတာကြောင့် အေအီးစီ အကောင်အထည်ဖော်မှုလုပ်ငန်းကို ထိခိုက်စေမှာမဟုတ်ပါဘူး။ သတ်မှတ်ထားတဲ့အချိန် မှာပေါင်းစည်းမှု အစီအမံတွေကို အကောင်အထည်ဖော်နိုင်အောင် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက ၉၅ ရာ ခိုင်နှုန်းဆောင်ရွက်ထားပြီးဖြစ်နေလိမ့်မယ်လို့ ယုံကြည်ပါတယ်"လို့ သူက Affin Hwang Capital Conference Services 2015 မှာ ဖေဖော် ဝါရီ ၁၀ ရက်ကပြောပါတယ်။ ယခုနှစ်အကုန်မှာအေအီးစီအကောင်အထည်ဖော်နိုင်ဖို့ ၂၀၁၅ ခုနှစ်အတွက် အာဆီယံဥက္ကဋ္ဌ တာဝန်ယူထားတဲ့ မလေးရှားနိုင်ငံက အလေးပေးဆောင်ရွက်နေကြောင်း သူကပြောပါတယ်။

ဒေသတွင်းစီးပွားရေး ဘက်စုံပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership-RCEP) အတွက် စေ့စပ်ညှိနှိုင်းမှုတွေကို အပြီးသတ်ဆောင်ရွက်မယ်ဆိုရင် အာဆီယံကရရှိမယ့် အလားအလာတွေက



အလွန်မတန်ကြီးမားကြောင်းနဲ့ ဒေသရဲ့ အနာဂတ်စီးပွားရေးဖွံ့ဖြိုးမှု အလားအလာကလည်း တောက်ပလာလိမ့်မယ်လို့ သူက ပြောပါတယ်။

"RCEP ကိုဖွဲ့စည်းဆောင်ရွက်နိုင်မယ်ဆိုရင် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု(ဂျီဒီပီ)ကအမေရိကန်ဒေါ်လာ ၁၇ ထရီလီယံရှိမှာဖြစ်ပြီး အမေရိကန် သို့မဟုတ် ဥရောပသမဂ္ဂ စီးပွားရေးထက် ပိုမိုပြီးကြီးမားမှာဖြစ်ပါတယ်"လို့ သူကပြောပါတယ်။

RCEP ကို ၂၀၁၂ ခုနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက် ခဲ့တာဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံတွေနဲ့ ဆွေးနွေးဖက်ခြောက်နိုင်ငံတို့ လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက်အတိုင်း ဆောင်ရွက်ဖို့အဆိုပြုထားပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## အာဆီယံခရီးသွားများ ဖူးခက်အပန်းဖြေစခန်းသို့ လာရောက်ရန် ရည်မှန်းချက်ထား

ဖူးခက်ဒေသက အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ)နယ်ပယ်ထဲမှာ ပါဝင်လာတော့မှာဖြစ်တဲ့အတွက် အာဆီယံဒေသက ခရီးသည်တွေဖူးခက်ဒေသကိုရောက်ရှိလာစေမယ့် ဖူးခက်အုပ်ချုပ်ရေးမှူး နီဆစ်ဂျန်ဆွမ် ဝေါင်းမှာ အကြံအစည်တစ်ခုရှိနေကြောင်း ဖူးခက်နယူးစ်ဝက်ဘ်ဆိုက်မှာ ဖော်ပြထားပါတယ်။

အေအီးစီက ယခုနှစ်ကုန်မှာ စတင်အကောင်အထည်ဖော်မှာဖြစ်တဲ့အတွက် ဖူးခက်ကျွန်းမှာရှိတဲ့အစိုးရကဏ္ဍတွေကို ပြင်ဆင်တဲ့အနေနဲ့ ဖေဖော်ဝါရီ ၃ ရက်က ကျင်းပတဲ့ အစည်းအဝေးမှာ သူ့ရဲ့စိတ်ကူးကို အသေးစိတ်တင်ပြခဲ့ပါတယ်။

ဖူးခက်မှာ နေထိုင်ကြတဲ့ ပြည်သူတွေက ကွဲပြားခြားနားတဲ့ အခြေအနေတွေနဲ့ လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ရာ မှာတော်ကြတယ်လို့ သူယုံကြည်ကြောင်း အုပ်ချုပ်ရေးမှူး နီဆစ်က ပြောပါတယ်။ မတူကွဲပြားတဲ့ ဘာသာစကား၊ ယဉ်ကျေးမှုနဲ့ အစဉ်အလာတွေရှိနေတဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ရောသမမွှေပေးမယ့် အေအီးစီက စိန်ခေါ်မှုကိုပါ ခေါ်ဆောင်လာမှာဖြစ်တဲ့အတွက် ကြိုတင်ပြင်ဆင်ထားရမယ်လို့ သူက ပြောပါတယ်။

ရုံးပိုင်းဆိုင်ရာကိစ္စတွေမှာ ထိုင်းဘာသာစကားနဲ့သာ ဆောင်ရွက်ထားပေမယ့် ဖူးခက်အတွက်တင်ထားတဲ့ ဝက်ဘ်ဆိုက်အားလုံးကို အနည်းဆုံး ထိုင်း/အင်္ဂလိပ် နှစ်ဘာသာနဲ့ တင်ဖို့ အုပ်ချုပ်ရေးမှူးက ညွှန်ကြားထားပါ တယ်။

ဌာနဆိုင်ရာအားလုံးမှာရှိတဲ့ အရာ ရှိတွေက အင်္ဂလိပ်ဘာသာစကားနဲ့ ဆက်သွယ်နိုင်ရမယ်လို့ သူကပြောပါတယ်။ ဖူးခက်ခရီးသွားလုပ်ငန်းက တရုတ်နဲ့ ရုရှားခရီးသည်တွေကို အဓိကမှီခိုနေရပြီး ဒီနိုင်ငံတွေမှာ စီးပွားရေး အကျပ်အတည်းနဲ့ကြုံတဲ့အခါတိုင်း ဖူးခက်ကို တိုက်ရိုက်ထိခိုက်မှုရှိကြောင်း သူက ပြောပါတယ်။

အာဆီယံအသိုက်အဝန်းမှာ လူဦးရေ သန်း ၆၀၀ ရှိပါတယ်။ ဖူးခက်ကို သူတို့ရဲ့ ခရီးသွားဒေသအဖြစ်ဆောင်ရွက်ပေးနိုင်ရင် ဖူးခက်ရဲ့စီးပွားရေးကပိုမို တည်ငြိမ်လာနိုင်တယ်လို့ သူက ပြောပါတယ်။ ယခင်နှစ်က ဝင်ငွေဘတ်ဘီလီယံ ၂၀ ရခဲ့ပါတယ်။ ဒါပေမယ့် ဒီပမာဏက ယခင်နှစ်တွေနဲ့ နှိုင်းယှဉ်ရင် နိမ့်ကျနေ သေးတယ်။ ဖူးခက်က အိမ်နီးချင်းနိုင်ငံတွေကိုလည်း ရည်မှန်းချက်ထားသင့် တယ်လို့ အုပ်ချုပ်ရေးမှူး နီစစ်ကပြောပါတယ်။

## ဈေးနှုန်းသတ်မှတ်ရေး အစီအစဉ်သစ်ချမှတ်ဖို့ အင်ဒိုနီးရှား ဇီဝလောင်စာဆီ ထုတ်လုပ်သူတို့ တောင်းဆို

ရုပ်ကြွင်းလောင်စာအပေါ် မှီခိုမှုကိုလျှော့ချနိုင်ဖို့အတွက် ဇီဝလောင်စာသုံးစွဲမှုကိုတိုးချဲ့သွားဖို့ အစိုးရက ရည်မှန်းချက်ထားဆောင်ရွက်နေချိန်မှာ ဇီဝလောင်စာဆီဝယ်လိုအား မြင့်တက်လာစေဖို့အတွက် ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာဖို့ လိုအပ်နေပါတယ်။

ဒါကြောင့် အင်ဒိုနီးရှား အစိုးရက ဈေးနှုန်း သတ်မှတ်ချက် အစီအစဉ်သစ်တစ်ခုကို ချမှတ်ပေးဖို့ ဇီဝလောင်စာဆီထုတ်လုပ် သူတွေက ဆန္ဒရှိနေကြောင်း ဂျကာတာ ပို့စ်သတင်းမှာ ဖော်ပြထားပါတယ်။ ဇီဝလောင်စာဆီကို အသုံးပြုနေတဲ့ PT Pertamina နဲ့အရောင်းတင်ဒါပြုလုပ် ချိန်မှာ အသုံးပြုတဲ့ အခြေခံထား ဈေးနှုန်းကို သတ်မှတ်တဲ့အခါ ရေနံစိမ်းဈေးနှုန်းကို အခြေမခံဘဲ စားအုန်းဆီဈေးကိုသာ အခြေခံပြီး တွက်ချက်ဖို့ ဇီဝလောင်စာဆီ ထုတ်လုပ်သူများအသင်း (Biofuel Producers Association-Aprobi) က အဆိုပြုထားပါတယ်။

"အဆိုပြုထားတဲ့ အညွှန်းဈေးနှုန်းအသစ်ကို အစိုးရကအတည်ပြုပေးလိမ့်မယ်လို့ ကျွန်တော်တို့ခန့်မှန်းထားပါတယ်။ ဒီအတည်ပြုချက်အတိုင်း ၂၀၁၅ ခုနှစ်မှာပြုလုပ်မယ့် ဇီဝဒီဇယ်ဆီဝယ်ယူရေးနဲ့ လက်ရှိဝယ်ယူရေး ပဋိညာဉ်စာချုပ်တွေ မှာအသုံးပြုနိုင်တော့မယ်ဆိုရင် ဒီနှစ်မှာပြည်တွင်းဇီဝလောင်စာဆီသုံးစွဲမှုက ထူးထူးခြားခြားမြင့်တက်လာတော့မှာဖြစ်ပါတယ်" လို့ Aprobi အထွေထွေအတွင်းရေးမှူး တိုဂါဆီတန်ဂန်က မကြာသေးမီက ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောပါတယ်။

လောလောဆယ်မှာ ဇီဝဒီဇယ်ဆီ အရောင်းစာချုပ်တွေ ချုပ်ဆိုရာမှာ ပလပ်စင်ကာပူကုမ္ပဏီက (Means of Platts Singapore (MOPS) ရဲ့ ပျမ်းမျှအခြေခံ စံထားဈေးနှုန်းကို အခြေခံပြီး သတ်မှတ်ပေးလျက်ရှိပါတယ်။ MOPS အနေနဲ့တစ်တန်မှာ ၁၀၃ ဒသမ ၅ ရာခိုင်နှုန်း သတ်မှတ်ထားတဲ့အတွက် ဇီဝလောင်စာဆီဈေးနှုန်းက ထုတ်လုပ်မှုကုန်ကျစရိတ်နဲ့ မကာမိတဲ့အတွက် ထုတ်လုပ်မှုကိုတိုးမြှင့်လာအောင် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့ပါဘူး။

ဈေးနှုန်းသတ်မှတ်ချက်အသစ်ကို ပြဋ္ဌာန်းတဲ့အခါ ဇီဝလောင်စာဆီထုတ်လုပ်မှုအတွက် ကုန်ကြမ်းဖြစ်တဲ့ စားအုန်းဆီကြမ်း (စီပီအို)ရဲ့ ဈေးနှုန်းအပေါ် အခြေခံဖို့ Aprobi က အဆိုပြုထားပါတယ်။

**ဘဏ်တင်-စုစည်းတင်ပြသည်**

# ကျေးလက်နဲ့ လယ်ယာလုပ်ငန်းစီမံကိန်းတွေကို ပိုမိုထောက်ပံ့ဖို့ ဗီယက်နမ်စီးပွားရေးလုပ်ငန်းတွေကို တောင်းဆို

စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနအနေဖြင့် ဟန္နိုင်းမှာရှိတဲ့ လယ်ယာစိုက်ပျိုးရေးနဲ့ ကျေးလက်ဒေသတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုဆောင်ရွက်စေလိုတဲ့ ဆန္ဒရှိကြောင်း ဟန္နိုင်းမြို့မှာ ဖေဖော်ဝါရီ ၆ ရက်က ကျင်းပတဲ့ ဆွေးနွေးပွဲကို တက်ရောက်လာသူတို့အား စီမံကိန်းနဲ့ ရင်းနှီးမြှုပ်နှံမှု ဒုတိယဝန်ကြီး ငုယင်ဗန်ဟုံးရဲ့ ပြောစကားကို ကိုးကားပြီး ဗီယက်နမ်သတင်းအေဂျင်စီမှာ ဖော်ပြပါတယ်။

ဗီယက်နမ်နိုင်ငံက ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် အမိန့်ကြော်ငြာစာတစ်ခုကို ထုတ်ပြန်ခဲ့ပြီး ဒီအမိန့်ကြော်ငြာစာအရ လယ်ယာစိုက်ပျိုးရေးနဲ့ ကျေးလက်ဒေသ ရင်းနှီးမြှုပ်နှံတဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် နိုင်ငံတော်မှ ဆွဲဆောင်မှုတွေနဲ့ အကူအညီပေးသွားဖို့ ပြဋ္ဌာန်းထားပါတယ်။ ယခုကျင်းပခဲ့တဲ့ ကွန်ဖရင့်က ဒီအမိန့်ကြော်ငြာချက်နဲ့ ပတ်သက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ အချက်တွေကို ပြန်လည်သုံးသပ်ဖို့ဖြစ်ပါတယ်။ ဒီလိုကူညီထောက်ပံ့မှုတွေမှာ လူအင်အားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ထောက်ပံ့မှုနဲ့ ဈေးကွက်ဖွံ့ဖြိုးမှုအတွက် ကူညီမှု၊ သိပ္ပံနဲ့ နည်းပညာကို အသုံးပြုမှု၊ ပရဆေးစိုက်ပျိုးမှုနဲ့ မြောက်ပိုင်းဒေသတွေနဲ့ ဆင်းရဲတဲ့ ခရိုင်တွေမှာ လယ်ယာ၊ သစ်တောနဲ့ ရေလုပ်ငန်းတွေကို အထောက်အကူပေးခြင်း စတဲ့လုပ်ငန်းတွေ ပါဝင်ပါတယ်။

ဆွေးနွေးပွဲ ကွန်ဖရင့်မှာ ပြည်နယ်တွေရဲ့ကိုယ်စားလှယ်တွေက မူဝါဒအကောင်အထည်ဖော်ရာမှာ တွေ့ရှိရတဲ့ အခက်အခဲတွေကို ဆွေးနွေးကြပါတယ်။ အမိန့်ကြော်ငြာစာကို အကောင်အထည်ဖော်ရာမှာ လမ်းညွှန်အဖြစ် ပြဋ္ဌာန်းထားတဲ့ Circular 5 အရ နိုင်ငံတော်နဲ့ ပြည်တွင်းဘတ်ဂျက်မှ ရရှိတဲ့ ရင်းနှီးမြှုပ်နှံမှုကို အကောင်အထည်ဖော်မှုကို ပြန်လည်သုံးသပ်ဖို့ လည်းပါဝင်ပါတယ်။ ဒီ Circular 5 မှာ မူဝါဒအရ အကူအညီကိုလက်ခံကြမယ့် လယ်ယာ၊ ပင်လယ်စာ ထပ်ဆင့်ပြုပြင်သူတွေနဲ့ ကုန်ချောထုတ်လုပ်သူ တွေရဲ့စာရင်းကိုပြုစုထားဖို့သတ်မှတ်ထားပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာအတွင်း ကျေးလက်ဒေသမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေက ထုတ်ကုန်တွေကို တိုးတက်ဖန်တီးနိုင်ခဲ့ကြပြီး အဆင့်မြင့်နဲ့ တန်ဖိုးမြှင့် ထုတ်ကုန်တွေ ထုတ်လုပ်ပြီး သူတို့ရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို မြှင့်တင်ခဲ့ကြကြောင်း ဒုတိယဝန်ကြီးက ပြောပါတယ်။



## ဆိုက်ဘာတိုက်ခိုက်မှုများကြောင့် စင်ကာပူတွင် ကုန်ကျစရိတ်များ မြင့်တက်

ဆိုက်ဘာတိုက်ခိုက်မှုကိုခံရတဲ့အတွက် ဒေတာများပျောက်ဆုံးမှု သို့မဟုတ် Download လုပ်ရတဲ့ အချိန်ကြာမြင့်မှု စတဲ့ အသုံးစရိတ်တွေကြောင့် ယခင်နှစ်က စင်ကာပူကုမ္ပဏီတွေရဲ့ ဆုံးရှုံးမှုက စင်ကာပူဒေါ်လာ ၂ ဘီလီယံထိရှိခဲ့ ကြောင်း Today ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြထားပါတယ်။

ဆိုက်ဘာတိုက်ခိုက်မှုတွေက ပိုမိုရှုပ်ထွေးပြီး ခက်ခဲနက်နဲလာတဲ့အတွက် အာမခံကုမ္ပဏီများက ဆိုက်ဘာတိုက်ခိုက်မှုတွေကနေ ကာကွယ်မှုတွေကို စတင်ဆောင်ရွက်ပေးလာကြပါတယ်။ စုံစမ်းထောက်လှမ်းမှုလုပ်ငန်းနဲ့ အတည်ပြုပေးတဲ့လုပ်ငန်းတွေအပါအဝင် အာမခံလုပ်ငန်းကို အရှိန်မြှင့်ဆောင်ရွက်ပေးနေပေမယ့် အန္တရာယ်ကို သိမြင်နားလည်မှုမရှိခြင်း၊ လုံခြုံရေးခြိမ်းခြောက်မှုအန္တရာယ်ကို လျှော့တွက်ခြင်းနဲ့ လုံခြုံမှုဒီဇိုင်းရေးဆွဲရာမှာ ရှေ့ကဖြစ်ခဲ့ဖူးတဲ့ အစဉ်အလာကို သိမြင်မှုနည်းပါးနေခြင်း စတဲ့ အချက်တွေကြောင့် အဟန့်အတားတွေနဲ့ ကြုံတွေ့နေရပါတယ်။

စင်ကာပူမှာ မကြာသေးမီနှစ်များအတွင်းက အစိုးရနဲ့ ပုဂ္ဂလိက ကဏ္ဍနှစ်ခုစလုံးမှာ အွန်လိုင်းကနေ တိုက်ခိုက်မှုတွေ အဆက်မပြတ် တွေ့ရှိခဲ့ရပါတယ်။ ဒါပေမယ့် အာမခံလုပ်ငန်းတွေအနေနဲ့ ကမ်းလှမ်းထားတဲ့ပေါ်လစီတွေကို လက်ခံကျင့်သုံးတဲ့ အရေအတွက်တိုးတက်နှုန်းက နည်းနေဆဲဖြစ်ပါတယ်။ ဆိုက်ဘာကနေ လျှို့ဝှက်တိုက်ခိုက်မှုတွေကြောင့် ၂၀၁၄ ခုနှစ်အတွင်းမှာ စီးပွားရေးလုပ်ငန်းတွေရဲ့ ၆၆ ရာခိုင်နှုန်းကဒေတာဆုံးရှုံးမှုတွေနဲ့ ကြုံတွေ့နေရပြီး ခန့်မှန်းခြေ စင်ကာပူဒေါ်လာ ၁ ဒသမ ၉ ဘီလီယံထိရှိခဲ့ကြောင်း စင်ကာပူငွေကြေး အာဏာပိုင်အဖွဲ့ (Monetary Authority of Singapore-MAS) ရဲ့ ပြောရေးဆိုခွင့်ရှိသူက Today ကိုပြောပါတယ်။

ဆိုက်ဘာအာမခံလုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ အာမခံလုပ်ငန်းရဲ့ စွမ်းဆောင်ရည်ကို တိုးတက်ကောင်းမွန်စေဖို့နဲ့ ဆိုက်ဘာအန္တရာယ်တွေကို စီမံ ခန့်ခွဲထိန်းသိမ်းနိုင်ဖို့အတွက် အာဏာပိုင်အဖွဲ့က အာမခံလုပ်ငန်းနဲ့ပူးတွဲပြီး ဆိုက်ဘာအန္တရာယ်တွေကို ထောက်လှမ်းနိုင်မယ့် Test Bed ကိုထူထောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေပါ တယ်။ ဒီလိုတိုက်ခိုက်မှုတွေရှိနေပေမယ့် ဆိုက်ဘာအာမခံလုပ်ငန်းက သေးငယ် နေဆဲဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်က တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ကြည့်ရင် ဆိုက်ဘာအာမခံလုပ်ငန်းက အမေရိကန် ဒေါ်လာ သန်း ၆၀၀ နဲ့ ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံအတွင်းမှာသာ ရှိခဲ့တယ်လို့ ဆိုပါတယ်။ ၂၀၁၃ ခုနှစ်က ကောက်ယူခဲ့တဲ့စစ်တမ်းအရ ဆိုက်ဘာ အာမခံထားတဲ့ကုမ္ပဏီက တစ်ကမ္ဘာလုံးမှာ ၃၁ ရာခိုင်နှုန်းသာရှိပါတယ်။

## စတုတ္ထသုံးလပတ်အတွက် မလေးရှားနိုင်ငံ၏ စီးပွားရေးမှာမြင့်တက်

မလေးရှားနိုင်ငံရဲ့ ပြည်တွင်းဝယ်လိုအားခိုင်မာမှုကြောင့် မလေးရှားနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုက ၂၀၁၄ ခုနှစ် စတုတ္ထသုံးလပတ်မှာ ၅ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ပြီး ၂၀၁၄ ခုနှစ် တစ်နှစ်လုံးမှာ မလေးရှား ဂျီဒီပီက ၆ ရာခိုင်နှုန်းတိုးတက်မှုရှိကြောင်း စတားအွန်လိုင်း သတင်းမှာဖော်ပြထားပါတယ်။ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာတဲ့အတွက် ၂၀၁၄ ခုနှစ် တစ်နှစ်လုံးမှာရရှိခဲ့တဲ့ ဖွံ့ဖြိုးတိုးတက်မှုနှုန်းက မူလကခန့်မှန်းထားတဲ့ ဖွံ့ဖြိုးမှုနှုန်းထက် ပိုမိုမြင့်မားနေတာ တွေ့ရပါတယ်။

ကမ္ဘာ့စီးပွားရေးမှာ မရေရာမှုတွေရှိနေပေမယ့်မလေးရှားနိုင်ငံရဲ့ စီးပွားရေးက ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ် ကိုရောက်ရှိနေတယ်လို့ မလေးရှားဗဟိုဘဏ် (Bank Negara) ရဲ့ အုပ်ချုပ်ရေးမှူးတန်ဆရီ ဒေါက်တာဇက်တီအက်ကထာအဇစ်က ဖေဖော်ဝါရီ ၁၂ ရက်နေ့ကပြောပါတယ်။ ဒီလိုတိုးတက်လာရတာကလည်း ငွေကြေးဖောင်းပွမှုနှုန်းနိမ့်ကျမှု၊ အခွင့်သာတဲ့ အလုပ်အကိုင်ရရှိမှုအခြေအနေ၊ ပြည်ပကြွေးမြီနိမ့်ကျမှုနဲ့ အပြည်ပြည်ဆိုင်ရာ ရန်ပုံငွေအနေအထားကောင်းမွန်မှု စတဲ့ ခိုင်မာတဲ့ အခြေခံအဆောက်အအုံပေါ်မှာ ဖွဲ့စည်းထားတဲ့နိုင်ငံရဲ့စီးပွားရေးကြောင့်ဖြစ်တယ်လို့ အဇစ်ကပြောပါတယ်။

"မလေးရှားရဲ့ စီးပွားရေးက မှန်မှန်တိုးတက်တဲ့ လမ်းကြောင်းပေါ်ကို ရောက်နေပါပြီ"ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှု တစ်ဖြည်းဖြည်းနာလန်ထူလာတာက ကုန်ချောတင်ပို့မှု စွမ်းဆောင်ရည်မြင့်တက်လာအောင် အထောက်အကူပေးပါတယ်။ ဒါပေမယ့် ကုန်စည်ဈေးနှုန်းတွေ ကျဆင်းနေတဲ့အတွက် ပို့ကုန်ဖွံ့ဖြိုးမှုတစ်ခုလုံးကို ခြုံငုံကြည့်ရင် တိုးတက်နှုန်း နည်းနေသေးတာကို တွေ့ရပါတယ်။

ရေနံ ဈေးနှုန်းတွေ ကျဆင်းမှုကြောင့် ပြည်တွင်းဝယ်လိုအား အခြေအနေ ကောင်းတွေရှိနေပါတယ်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကလည်း ခိုင်မာတဲ့ အခြေအနေမှာရှိနေပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### ဝါရှင်တန်

ဆင်းရဲသူများကို ထောက်ပံ့ရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ထောက်ပံ့ရေးနဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးတို့ကို အဓိကဦးတည်ချက်ထားပြီး ကမ္ဘာ့ဘဏ်က ယူကရိန်းကို ၂၀၁၅ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၂ ဘီလီယံ ထောက်ပံ့မယ်လို့ ဖေဖော်ဝါရီ ၁၂ ရက်ကပြောကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

### ဂျကာတာ

၂၀၁၄ ခုနှစ်တစ်လျှောက်လုံးမှာ တခြားကဏ္ဍတွေနဲ့ နှိုင်းယှဉ်ရင် အင်ဒိုနီးရှားနိုင်ငံရဲ့ ဆောက်လုပ်ရေးကဏ္ဍက ချေးငွေဆုံးရှုံးနိုင်ခြေအများဆုံးဖြစ်ကြောင်းနဲ့ ဆောက်လုပ်ရေးကဏ္ဍရဲ့ ကြွေးမဆပ်နိုင်တဲ့အချိုးအစား (Non-Performing Loan Ratio)က ၄ဒသမ ၄ရာခိုင်နှုန်းရှိတဲ့အတွက် ယခင်နှစ်က အမြင့်ဆုံးရှိခဲ့တဲ့ ၅ ရာခိုင်နှုန်းနီးပါး ရောက်ရှိခဲ့ကြောင်း မဟာဗျူဟာမူဝါဒချမှတ်ရေးဌာနလက်အောက်ရှိ ဘဏ္ဍာရေးအာဏာပိုင်အဖွဲ့ ဦးစီးမှူးရဲ့ ပြောကြားချက်ကို ကိုးကားပြီး ရှင်ဟွာသတင်းမှာ ဖော်ပြထားပါတယ်။

### စင်ကာပူ

ဖေဖော်ဝါရီ ၁၆ ရက်ကစပြီး နောက်ပိုင်းရောင်းချတဲ့ လေယာဉ်လက်မှတ်တွေမှာလောင်စာဆီအပိုကြေးကို လျှော့ချပေးသွားမှာဖြစ်ကြောင်းနဲ့လျှော့ချပေးတဲ့ အပိုကြေးတွေက Singapore Airlines(SIA) နဲ့ Silk Air လေကြောင်းခရီးစဉ်တွေ အကျုံးဝင်ကြောင်း SIA ရဲ့ သတင်းထုတ်ပြန်ချက်မှာဖော်ပြထားပါတယ်။

### နယူးဒေလီ

သတ္တုကဏ္ဍရဲ့ ထုတ်လုပ်မှုကျဆင်းတဲ့အတွက် အိန္ဒိယနိုင်ငံရဲ့ စက်မှု ကုန်ထုတ်လုပ်မှုကဏ္ဍက ၂၀၁၄ ခုနှစ် ဒီဇင်ဘာမှာ ၁ ဒသမ ၇ ရာခိုင်နှုန်းထိ တိုးတက်မှုနှေးကွေးသွားကြောင်း ဖေဖော်ဝါရီ ၁၂ ရက်မှာ အစိုးရက ထုတ်ပြန်ခဲ့တဲ့ စာရင်းဇယားတွေအရ သိရကြောင်း ရှင်ဟွာသတင်းမှာ ဖော်ပြထားပါတယ်။

EAST ASIA

## ၂၀၁၄ ခုနှစ်မှာ ဂျပန်နိုင်ငံရဲ့ နိုင်ငံခြားငွေပေးငွေယူရှင်းတမ်းပိုငွေ စံချိန်တင်နိမ့်ကျ

ယန်းငွေတန်ဖိုးနိမ့်ကျမှုကြောင့် ကုန်သွယ်မှုလိုငွေမြင့်တက်နေတဲ့အတွက် ဂျပန်နိုင်ငံရဲ့ ၂၀၁၄ ခုနှစ် နိုင်ငံခြားငွေပေးငွေယူ လက်ကျန်ရှင်းတမ်းပိုငွေမှာ အနိမ့်ဆုံးသို့ရောက်ရှိခဲ့ကာ အမေရိကန်ဒေါ်လာ ၂၂ ဘီလီယံထိရောက်ရှိခဲ့ကြောင်း နှစ်အလိုက်ကြည့်မယ်ဆိုရင် စတုတ္ထမြောက်နှစ်အဖြစ်ဆက်တိုက် ကျဆင်းတာဖြစ်ကြောင်း ဖေဖော်ဝါရီ ၉ ရက်ကထုတ်ပြန်တဲ့ တရားဝင်စာရင်းဇယားတွေကို ကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

ဂျပန်နိုင်ငံရဲ့ ပြည်ပကုန်သွယ်မှုလက်ကျန် ရှင်းတမ်းပိုငွေက ၂၀၁၃ ခုနှစ်မှာ ယန်း ၃ ဒသမ ၂ ထရီလီယံရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်မှာ ယန်း ၂ဒသမ ၆၃ ထရီလီယံအထိရောက်ရှိခဲ့ရာ ၁၉၈၅ ခုနှစ်နောက်ပိုင်း အနိမ့်ဆုံးကို ရောက်ရှိခဲ့ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောပါတယ်။

ပြည်ပငွေပေးငွေယူ လက်ကျန်ရှင်းတမ်းက နိုင်ငံတစ်နိုင်ငံရဲ့ ပြည်ပနဲ့ကုန်သွယ်မှုကို တိုင်းတာရာမှာ အကျယ်ပြန့်ဆုံးတိုင်းတာမှုဖြစ်ပြီး ကုန်ပစ္စည်း ကုန်သွယ်မှုအပြင် ဝန်ဆောင်မှု၊ ခရီးသွားလုပ်ငန်းနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက ရရှိတဲ့ အမြတ်အစွန်းတွေပါ ပါဝင်ပါတယ်။

ဒေါ်လာနဲ့ပေးချေရတဲ့ ရေနံနဲ့ သဘာဝဓာတ်ငွေ့ ကုန်ကျစရိတ်ကြောင့် ပို့ကုန်ထက်သွင်းကုန်တန်ဖိုးက ပိုမိုများပြားလာတဲ့အတွက် ၂၀၁၄ ခုနှစ်က ဂျပန်နိုင်ငံရဲ့ ပြည်ပကုန်သွယ်မှုလိုငွေက ၁၈ ဒသမ ၁ ရာခိုင်နှုန်း ပိုမိုမြင့်တက်ပြီး ယန်း ၁၁ ဒသမ ၀၄ ထရီလီယံအထိ ရောက်ရှိခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်က ဆူနာမီရေလှိုင်းများဖြစ်ပွားပြီး အဏုမြူ အကျပ်အတည်းဖြစ်ပွားပြီးနောက်ပိုင်း နျူကလီးယားဓာတ်ပေါင်းဖိုတွေ ပိတ်လိုက်ရတဲ့အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ဖို့ ရုပ်ကြွင်းလောင်စာကို ပြည်ပမှတင်ပို့မှုအပေါ် အကြီးအကျယ်မှီခိုခဲ့ရပါတယ်။

ဒါကြောင့် ကုန်သွယ်မှုမှာမညီ မျှမှုတွေကာလရှည်ကြာစွာဖြစ်ပွားခဲ့ရပါ တယ်။ ဒါပေမယ့် ရှယ်ယာရင်းနှီးမြှုပ်နှံ မှု၊ အခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနဲ့ ငွေကြေးစာချုပ်စာတမ်းများမှာ ရင်းနှီးမြှုပ်နှံမှုတွေရဲ့ အကျိုးအမြတ်ကြောင့် ဝင်ငွေအားလုံးကိုခြုံကြည့်ရင် တိုးတက်မှုတွေရှိခဲ့ပါတယ်။

ဝန်ကြီးချုပ်ရှင်ဇိုအာဘေးရဲ့ ငွေသုံးစွဲမှုကို အလေးပေးတဲ့မူဝါဒနဲ့ ဂျပန်ဗဟိုဘဏ်ရဲ့ လှည့်လည်ငွေကြေး ပမာဏတိုးပွားရေးမူဝါဒတွေကြောင့် ယန်းငွေတန်ဖိုး ကျဆင်းလာချိန်မှာ လိုငွေက ပိုမိုမြင့်တက်လာခဲ့ပါတယ်။

ASIA



## လျှင်မြန်စွာတိုးတက်နေတဲ့ အာရှလေကြောင်းလိုင်းများက အရည်အသွေးပြည့် လေယာဉ်မှူးများ အပူတပြင်းရှာ

တရုတ်(တိုင်ပေ)ရှိမြစ်တစ်စင်းထဲသို့ ထရန်အေးရှလေယာဉ်တစ်စင်း ပျက်ကျသွားပြီးနောက်ပိုင်း လျှင်မြန်စွာတိုးတက်လျက်ရှိတဲ့ အာရှလေကြောင်းလိုင်းတွေမှာ ဘေးအန္တရာယ်လုံခြုံရေးစိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်တွေ့ကြုံနေရကြောင်း ဂျပန်တူဒေးဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြထားပါတယ်။

၂၀၁၁ ခုနှစ်မှာ တရုတ်(တိုင်ပေ) လေကြောင်းလိုင်း ထရန်အေးရှကို စတော့ဒိုင်စာရင်းဝင်အဖြစ် ခွင့်ပြုပြီးနောက်ပိုင်း လေကြောင်းလိုင်းသစ်တွေကို လျင်မြန်စွာ တိုးချဲ့ပြေးဆွဲခဲ့ ပါတယ်။ ဒေသတွင်းမှာ လူလတ်တန်းစား အရေအတွက် တိုးပွားလာတာနဲ့အမျှ ထရန်အေးရှအပါအဝင် လေကြောင်းလိုင်းတွေကတိုးတက်လာတဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။

လေကြောင်းလိုင်းတွေက သက်သောင့်သက်သာရှိပြီး လူတိုင်းတတ်နိုင်တဲ့ဈေးနှုန်းဖြစ်တဲ့အတွက် အာရှဒေသကဖောက်သည်တွေအတွက် ပိုမိုကောင်းမွန်တဲ့လူနေမှုဘဝကို ဖန်တီးပေးပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အားပေးနိုင်ခဲ့ပါတယ်။ လေယာဉ်တွေ ပိုမိုများပြားလာပြီဖြစ်တဲ့ ဝေဟင်မှာ လေကြောင်းလိုင်းတွေက ခရီးသည်တွေကို ပိုမိုသယ်ဆောင်ပေးနေရပြီဖြစ်တဲ့အတွက် လေယာဉ်မှူးအလုံအလောက်ရရှိရေးအတွက် လေကြောင်းလိုင်းတွေက အသည်းအသန် လုံးပမ်းနေရပါတယ်။

"ဝယ်လိုအားက ရောင်းလိုအားကို ကျော်လွန်သလောက်နီးပါးဖြစ်နေပါပြီ"လို့ လုံခြုံစိတ်ချရတဲ့ ပျံသန်းရေးအတိုင်ပင်ခံအဖွဲ့ရဲ့ အမှုဆောင်အရာရှိချုပ် မစ္စတာကောက်စ်ကပြောပါတယ်။

လေယာဉ်မှူးတွေ၊ ပြုပြင်ထိန်းသိမ်းရေးလုပ်သားတွေ၊ လေယာဉ်မယ်တွေကို ထပ်မံခေါ်ယူခန့်ထားနေရတဲ့အတွက် လျင်မြန်စွာ တိုးတက်နေတဲ့ လေကြောင်းလိုင်းတွေမှာ စံနှုန်းတွေကို ထိန်းသိမ်းဖို့ လိုအပ်နေပါတယ်။ လောလောဆယ်မှာတော့ အာရှလေကြောင်းလိုင်းတွေက ဒီစံချိန်ကိုမီနေပေမယ့် စိန်ခေါ်မှုက ကြီးကြီးမားမားရှိနေတယ်လို့ ကောက်စ်ကပြောပါတယ်။ ဖေဖော်ဝါရီ ၄ ရက်က လူ ၅၈ ဦးလိုက်ပါလာတဲ့ ထရန်အေးရှအဲဝေးခရီးစဉ် Flight 235 က လေယာဉ်အတက်မှာ မတော်တဆမှုဖြစ်ပွားကာ မြစ်ထဲကို ပျက်ကျခဲ့ပါတယ်။ အနည်းဆုံးလူ ၂၆ ဦးသေဆုံးမယ်လို့ ခန့်မှန်းပါတယ်။

SOUTH ASIA

## ရေနံဈေးနှုန်း ကျဆင်းမှုကြောင့် အိန္ဒိယစီးပွားရေး ဖွံ့ဖြိုးမှု မြင့်တက်

ရေနံဈေးနှုန်းကျဆင်းမှုက အိန္ဒိယရဲ့ ငွေကြေးဖောင်းပွမှုနှုန်းမြင့်မားစေပြီး စီးပွားရေးဖွံ့ဖြိုးမှုကို အားပေးခဲ့ကြောင်း ကမ္ဘာ့ချေးငွေ အဆင့်အတန်းသတ်မှတ်ရေးအေဂျင်စီ Moody's Investors Service က ဖေဖော်ဝါရီ ၁၁ ရက်က ပြောပါတယ်။ ရေနံဈေးနှုန်းကျဆင်းတာကြောင့် တခြားနိုင်ငံတွေနဲ့နှိုင်းယှဉ်ရင် အိန္ဒိယနဲ့အမေရိကန်ပြည်ထောင်စုတို့က ထူးထူးခြားခြားအကျိုး ဖြစ်ထွန်းခဲ့ကြောင်း Moody's ရဲ့ အစီရင်ခံစာဖြစ်တဲ့ "Global Macro Outlook 2015-Glo: Lower Oil Price Fails to Spur Global Growth" မှာ ဖော်ပြထားပါတယ်။

"အိန္ဒိယနိုင်ငံအတွက် မြင့်မားတဲ့ငွေကြေးဖောင်းပွမှုကြောင့် မကြာသေးမီနှစ်များအတွင်း စီးပွားရေးဖွံ့ဖြိုးမှုကို အဟန့်အတား ဖြစ်စေခဲ့ပါတယ်။ ဒါပေမယ့် ရေနံဈေးနှုန်းတွေကျဆင်းမှုက သက်သာခွင့် ရစေပါလိမ့်မယ်။ ဒီအခြေအနေက အလားအလာကောင်းရှိနေတဲ့ အခြေအနေတွေကို တိုးတက်ကောင်းမွန်လာနိုင်ပါတယ်"လို့Moody's က ပြောပါတယ်။

ရေနံဈေးနှုန်းတွေ ကျဆင်းရင်မူ သဘောအရ ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုကို ထူးထူးခြားခြား မြှင့်တင်ပေးနိုင်ပါတယ်။ ရေနံဈေးနှုန်းကျဆင်းမှုက ရေနံကို အသားတင် တင်ပို့သူတွေအပေါ်မှာ အကျိုးသက်ရောက်မှု ရှိနိုင်ပါတယ်။ ရေနံကို အသားတင်တင်သွင်းရသူတွေအတွက် ရေနံဈေးနှုန်းကျဆင်းမှုကြောင့် အကျိုးစီးပွားဖြစ်ထွန်းစေနိုင်ကြောင်း Moody's က ပြောပါတယ်။

"ဖွံ့ဖြိုးပြီးနိုင်ငံတွေဖြစ်တဲ့ ဂျီ - ၂၀ နိုင်ငံတွေထဲမှာ တချို့နိုင်ငံတွေအတွက် အကျိုးစီးပွားဖြစ်ထွန်းစေနိုင်ပါတယ်။ ဒီအထဲမှာအထူးခြားဆုံးက အမေရိကန်ပြည်ထောင်စုနဲ့ အိန္ဒိယနိုင်ငံတို့ဖြစ်ပါတယ်" လို့ အစီရင်ခံစာမှာဖော်ပြထားပါတယ်။

စွမ်းအင်ကုန်ကျစရိတ်တွေ ကျဆင်းမှုမှတစ်ဆင့် ရရှိလာတဲ့ဝင်ငွေကနေ စားသုံးသူတွေနဲ့ ကုမ္ပဏီတွေက ထုတ်နုတ်သုံးစွဲကြမှာဖြစ်ပါတယ်။ ဒီလိုသုံးစွဲလာအောင်လည်း လွှမ်းမိုးဖြစ်ပေါ်နေတဲ့ စီးပွားရေးဝန်းကျင်အခြေအနေ တွေက အားပေးလှုံ့ဆော်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် အမေရိကန်ပြည်ထောင်စုရဲ့ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုက ၂၀၁၅ ခုနှစ်နဲ့ ၂၀၁၆ ခုနှစ်မှာ ၃ ဒသမ ၂ ရာခိုင်နှုန်းနဲ့ ၂ ဒသမ ၈ ရာခိုင်နှုန်း အသီးသီးတိုးတက်မယ်လို့ ခန့်မှန်းထားပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်




ယူကရိန်းနိုင်ငံမှာ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု၊ ဆွီဒင်နိုင်ငံက ပင်မအတိုးနှုန်းကို သုညရာခိုင်နှုန်းသို့ ရုတ်တရက်လျှော့ချမှုနဲ့ ကြွေးမြီတင်ရှိနေတဲ့ ဂရိနိုင်ငံနဲ့ မြီရှင်များအတွက် ဖြေရှင်းမှုရနိုင်တော့မယ့် မျှော်လင့်ချက်များရရှိမှု စတဲ့သတင်းများထွက်ပေါ်လာပြီးနောက်ပိုင်း ဖေဖော်ဝါရီ ၁၃ ရက်မှာ အာရှဒေသရဲ့ ရှယ်ယာဈေးနှုန်းတွေ မြင့်တက်လာခဲ့ပါတယ်။

"အဓိကစိုးရိမ်ရမယ့် သောကတွေ ကင်းဝေးသွားပြီဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံသူတွေပိုပြီး စိတ်အေးချမ်းသာဖြစ်သွားပါပြီ" လို့ Daiwa Securities မှ အကြီးတန်းမဟာဗျူဟာမှူး ဟီရိုကာဇူ ကာဘဲယက ပြောပါတယ်။

အပြုသဘော စိတ်ဓာတ်တွေကို ထပ်မံတိုးပွားစေတာက ဆွီဒင်ဘဏ်ရဲ့ လှုပ်ရှားဆောင်ရွက်ချက်ဖြစ်ပါတယ်။ ဆွီဒင်ဘဏ်က စီးပွားရေးတွန်းအားပေးအစီအစဉ်ကို ရုတ်တရက်ကြေညာလိုက်ပြီး အဓိက အတိုးနှုန်းတွေကို သုညအောက်လျှော့ချပေးလိုက်တာကလည်း ရင်းနှီးမြှုပ်နှံသူတွေကို အံ့အားသင့်စရာဖြစ်စေခဲ့ပါတယ်။

မမျှတဆရာကုန်သွယ်မှု အခွင့်အရေးတွေယူနိုင်ဖို့အတွက် ဆောင်ရွက်နေတဲ့ နိုင်ငံတွေကိုဦးတည်ပြီး အမေရိကန်အစိုးရက ပြင်းပြင်းထန်ထန်တွန်းလှန်ဆောင်ရွက်သွားမှာဖြစ်ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီး ဂျက်လူးက ဖေဖော်ဝါရီ ၁၂ ရက်က ပြောခဲ့တာကလည်း အလေးထား စဉ်းစားရမယ့်အချက်တစ်ခုဖြစ်ပါတယ်။

### တရုတ်ယွမ်

တရုတ်နိုင်ငံခြားငွေ ရောင်းဝယ်ရေးဌာနက တရုတ်ယွမ်ငွေကြေးရဲ့ တန်ဖိုးကို ဖေဖော်ဝါရီ ၁၃ ရက်နေ့မှာ သုည ဒသမ ၄၅ ရာခိုင်နှုန်း တိုးမြှင့်ပြီး တစ်ဒေါ်လာကို ၆ ဒသမ ၁၂၈၈ ယွမ်နှုန်းသတ်မှတ်ပေးခဲ့ပါတယ်။

### အိန္ဒိယရူပီး

ပို့ကုန်လုပ်ငန်းရှင်များနဲ့ ဘဏ်တွေက အမေရိကန်ဒေါ်လာတွေကို ရောင်းချလာတဲ့အတွက် ဘဏ်အချင်းချင်းနိုင်ငံခြားငွေဖလှယ်ရေးဈေးကွက်မှာ ရူပီးတန်ဖိုး သုည ဒသမ ၂၆ ရူပီးနှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၆၂ ဒသမ ၀၅ ရူပီးနှုန်း ရှိခဲ့ပါတယ်။ ပြည်တွင်းရှယ်ယာဈေးကွက်မှာ စတော့ဈေးနှုန်းတွေ မြင့်တက်လာခြင်းကလည်း ရူပီး တန်ဖိုးမြင့်တက်ဖို့ အထောက်အပံ့ဖြစ်စေခဲ့ကြောင်း ငွေကြေးဝယ်ရောင်းသမားတွေက ပြောပါတယ်။

### ဂျပန်ယန်း

အမေရိကန်နိုင်ငံရဲ့ လက်လီရောင်းချမှုကိန်းဂဏန်းတွေက မျှော်လင့်ထားတာထက် ပိုမိုဆိုးဝါးတဲ့အတွက် ဖေဖော်ဝါရီ ၁၂ ရက်က အဓိကငွေကြေးတွေနဲ့ ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုး ကျဆင်းခဲ့ပါတယ်။

ယူရို/ဒေါ်လာ ဖလှယ်နှုန်းက ဖေဖော်ဝါရီ ၁၂ ရက်က နယူးယောက်ဈေးကွက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၂၉၇ ဒေါ်လာနှုန်းရှိရာမှ ၁၃ ရက်နေ့မှာ တစ်ဒေါ်လာကို ၁ ဒသမ ၁၄၁၄ ဒေါ်လာနှုန်းရှိခဲ့ပါတယ်။ ယန်းငွေတန်ဖိုးက ဒေါ်လာနဲ့ ဖလှယ်ရာမှာ ဖေဖော်ဝါရီ ၁၂ ရက်က တစ်ဒေါ်လာကို ၁၂၀ ဒသမ ၂၉ ယန်းနှုန်းရှိခဲ့ရာမှ ၁၃ ရက်မှာ တစ်ဒေါ်လာကို ၁၁၈ ဒသမ ၈၆ ယန်းနှုန်းထိ ယန်းတန်ဖိုးမြင့်တက်ခဲ့ပါတယ်။

### မလေးရှားရင်းဂစ်

အမေရိကန် လက်လီရောင်းချမှုစာရင်းများ ကျဆင်းမှု အခြေအနေကြောင့် ဒေါ်လာတန်ဖိုး ကျဆင်းကာ ဒေါ်လာဝယ်လိုအားပါ ကျဆင်းခဲ့တဲ့အတွက် မလေးရှားရင်းဂစ်တန်ဖိုးက တစ်ပတ်အတွင်း အမြင့်ဆုံးနှုန်းကို ရောက်ရှိခဲ့ပါတယ်။

ဘလွမ်းဘတ်သတင်းဌာနက စုစည်းပြုစုထားတဲ့ စာရင်းများအရ ကွာလာလမ်ပူမှာ ဖေဖော်ဝါရီ ၁၃ ရက် မနက် ၁ နာရီ ၂၆ မိနစ်မှာ ရင်းဂစ်တန်ဖိုးက တစ်ဒေါ်လာကို ၃ ဒသမ ၅၇၆၅ ရင်းဂစ်နှုန်းရှိတဲ့အတွက် သုည ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ရာ ဖေဖော်ဝါရီ ၄ ရက် နောက်ပိုင်း အမြင့်ဆုံးဖလှယ်နှုန်းဖြစ်ပါတယ်။

### တောင်ကိုရီးယားဝမ်

အမေရိကန် ပြည်ထောင်စုရဲ့ စီးပွားရေးကိန်းဂဏန်းများက မူလခန့်မှန်းထားတာထက် ပိုမိုဆိုးဝါးလာတဲ့အတွက် အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်းလာတာကို တွေ့ရပါတယ်။ ဒါကြောင့် ဖေဖော်ဝါရီ ၁၂ ရက်နေ့က သီတင်းငါးပတ်အတွင်း အနိမ့်ဆုံးနှုန်းထိ ကျဆင်းခဲ့တဲ့ တောင်ကိုရီးယားဝမ်တန်ဖိုးက ဖေဖော်ဝါရီ ၁၃ ရက်မှာ တစ်ရာခိုင်နှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၁၀၉၇ ဝမ်နှုန်းထိ တန်ဖိုးမြင့်တက်ခဲ့ပါတယ်။

### ထိုင်းဘတ်

ဘတ်ငွေတန်ဖိုးမြင့်တက်မှုကြောင့် ပို့ကုန်လုပ်ငန်းများကို ဆိုးဝါးတဲ့အကျိုးသက်ရောက်မှုတွေရှိခဲ့ပေမယ့် ဘတ်ငွေတန်ဖိုးငြိမ်သက်ပြီး နိုင်ငံခြားငွေစီးဝင်မှုတွေရှိနေတဲ့အတွက် သီးခြားအစီအမံတွေချမှတ်မှာ မဟုတ်ကြောင်း ထိုင်းဗဟိုဘဏ်ရဲ့ ကြေညာချက်ထွက်ပြီးနောက် ဘတ်ငွေတန်ဖိုး မြင့်တက်ခဲ့ပါတယ်။ ဘတ်ငွေတန်ဖိုးက ယခုနှစ်စမှ ဖေဖော်ဝါရီ ၁၁ ရက်ထိ သုည ဒသမ ၈၃ ရာခိုင်နှုန်းတန်ဖိုးမြင့်တက်ပြီး တစ်ဒေါ်လာကို ၃၂ ဒသမ ၆၄ ဘတ်နှုန်းရှိခဲ့ပါတယ်။

ဘာသာပြန်-စစည်းပြုစုသည်: ဉာဏ်တင်-စုစည်းတင်ပြသည်

## တရုတ်နိုင်ငံက ယွမ်တန်ဖိုးကျအောင် တမင်လုပ်မည်မဟုတ်ဟု HSBC က ပြော

တရုတ်နိုင်ငံက သူ့ရဲ့ငွေကြေးကို တမင်ရည်ရွယ်ချက်နဲ့ အားနည်းအောင်လုပ်ရင် စီးပွားရေးပြန်လည် ချိန်သားကိုက်ရေးနဲ့ ဖွံ့စည်းတည်ဆောက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေးတွေဆောင်ရွက်နေတဲ့ အာဏာပိုင်တွေရဲ့ ကတိကဝတ်ကို ဆန့်ကျင်ရာရောက်မှာဖြစ်တဲ့အတွက် ယွမ်ငွေကြေးတန်ဖိုး ကျဆင်းအောင် တမင်လုပ်မှာမဟုတ်ဘူးလို့ ဖေဖော်ဝါရီ ၉ ရက်က ဟောင်ကောင်ရှန်ဟဲဘဏ် ကော်ပိုရေးရှင်း (HSBC) ရဲ့ ပြောကြားချက်ကို ကိုးကားပြီး ရှင်ဟွာသတင်းမှာ ဖော်ပြပါတယ်။

လွန်ခဲ့တဲ့ ဆယ်စုနှစ်အနည်းငယ်အတွင်း ကမ္ဘာ့ဖွံ့ဖြိုးမှုနဲ့ ကုန်သွယ်မှုမှာ တရုတ်နိုင်ငံရဲ့ ဝေစုက လျင်မြန်စွာမြင့်တက်ခဲ့ပြီး တရုတ်ယွမ်ငွေကြေးတန်ဖိုး ကျဆင်းမှုက ကမ္ဘာ့ကုန်သွယ်ရေးစီးဆင်းမှုနဲ့ အပြည်ပြည်ဆိုင်ရာဆက်ဆံရေးကို အဟန့်အတားဖြစ်စေနိုင်တယ်လို့ HSBC ရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

အမေရိကန်ဒေါ်လာ ခိုင်မာနေတဲ့ အချိန်လွန်ခဲ့တဲ့ရက်သတ္တပတ် နှစ်ပတ်တုန်းက ကမ္ဘာ့နိုင်ငံခြားငွေဖလှယ်ရေး ဈေးကွက်တွေအနေနဲ့ အတက်အကျ တော့ရှိခဲ့ပါတယ်။ ယွမ်ငွေတန်ဖိုးက ဒေါ်လာနဲ့ဖလှယ်ရာမှာ တန်ဖိုးကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် ဗြိတိသျှ ပေါင်၊ ယူရို နဲ့ ဂျပန်ယန်းစတဲ့ ငွေကြေးတွေနဲ့ ဖလှယ်ရာမှာတော့ တန်ဖိုးမြင့် တက်ခဲ့ပါတယ်။

"၂၀၁၅ ခုနှစ်မှာ တရုတ်ယွမ်ငွေကြေးက ဈေးကွက်အပေါ် မှာ ပိုမိုတည် မှီတဲ့လမ်းကြောင်းပေါ် မှာရှိနေပြီး ကမ္ဘာ့ငွေပေးချေမှု၊ ဘဏ္ဍာရေးရင်းနှီး မြှုပ်နှံမှုနဲ့ အရန်ငွေကြေးအဖြစ် စီမံခန့်ခွဲမှုအတွက်မှာ အသုံးပြုလာပါလိမ့်မယ်"လို့ HSBC က ပြောပါတယ်။ ၂၀၁၅ ခုနှစ်အကုန်မှာ ဒေါ်လာနဲ့ဖလှယ်ရာမှာ တစ်ဒေါ်လာကို ၆. ၃၄ ယွမ်နှုန်းရှိမယ်လို့ ခန့်မှန်းထားပါတယ်။

## ထိုင်းဘဏ်များရဲ့ လုပ်ငန်းစွမ်းဆောင်ရည် ကျဆင်းပေမယ့် တည်ငြိမ်မှုရှိ




ငွေထုတ်ချေးတဲ့ လုပ်ငန်း၊ လုပ်ငန်းဆောင်ရွက်မှု အကျိုးအမြတ်နဲ့ စားသုံးသူချေးငွေအရည်အသွေး ကျဆင်းခဲ့ပေမယ့် ထိုင်းဘဏ်စနစ်ရဲ့ တည်ငြိမ်မှုကို ၂၀၁၄ ခုနှစ်က ထိန်းသိမ်းနိုင်ခဲ့တယ်လို့ ထိုင်းဗဟိုဘဏ်က ပြောကြောင်း နေးရှင်းသတင်းမှာဖော်ပြထားပါတယ်။ ထောက်ပံ့ကြေးငွေနဲ့ မတည်ရင်းနှီးမှုရန်ပုံငွေမြင့်မားမှုက စီးပွားရေးတည်ငြိမ်မှုကို အထောက်အကူပေးခဲ့ကြောင်း ဖေဖော်ဝါရီ ၁၂ ရက်ကထုတ်ပြန်တဲ့ ဗဟိုဘဏ် အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ချေးငွေဖွံ့ဖြိုးတိုးတက်မှုက ၂၀၁၃ခုနှစ်မှာ ၁၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်မှာ ၅ ရာခိုင်နှုန်းအထိ တစ်ဟုန်ထိုးကျဆင်းခဲ့ပါတယ်။ စားသုံးသူချေးငွေက စုစုပေါင်းချေးငွေရဲ့ ၃၁ ဒသမ ၁ ရာခိုင်နှုန်း ရှိပါတယ်။ မော်တော်ကားချေးငွေ၊ တစ်သီးပုဂ္ဂလချေးငွေနဲ့ အကြွေးကတ် ချေးငွေတွေကျဆင်းတဲ့အတွက် စားသုံးသူချေးငွေက ၇ ဒသမ ၄ ရာခိုင်နှုန်းသာ တိုးတက်မှုရှိခဲ့ပါတယ်။ ထိုင်းဘဏ်တွေ ပြန်မဆပ်နိုင်တဲ့ ကြွေးက နှစ်အလိုက် ဘတ် ၁၁ ဒသမ ၅ ဘီလီယံမြင့်တက်ပြီး ဘတ် ၂၇၇ ဒသမ ၂ ဘီလီယံထိ ရောက်ရှိခဲ့ပါတယ်။ ဒီပမာဏက ကြွေးကျန်စုစုပေါင်းရဲ့ ၂ ဒသမ ၁၅ ရာ ခိုင်နှုန်း ရှိပါတယ်။

ဒါပေမယ့် စားသုံးသူချေးငွေထဲက ကြွေးပြန်မဆပ်နိုင်တဲ့ပမာဏက ၂ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။ အဓိကအားဖြင့် မော်တော်ကားချေးငွေ၊ တစ်သီးပုဂ္ဂလိကချေးငွေနဲ့ အကြွေး ကတ်ချေးငွေတွေရဲ့ ပျက်ကွက်မှုကြောင့် ဖြစ်ပါတယ်။ ထောက်ပံ့ကြေးငွေပမာဏက ၂၀၁၄ ခုနှစ်အကုန်မှာ ပြန်ဆပ်ဖို့ ပျက်ကွက်တဲ့ချေးငွေရဲ့ ၁၆၉ ဒသမ ၄ ရာခိုင်နှုန်း ရှိခဲ့ပါတယ်။

International Entertainment
Vol: 15, No.7 Monday Feb 16 2015

# ဒွန်မက္ကလိန်းရဲ့ American Pie သီချင်းစာသားကို လေလံတင်ရောင်းချမည်



အမေရိကန်အဆိုတော် သီချင်းရေးဆရာ ဒွန်မက္ကလိန်းရဲ့ American Pie သီချင်းရဲ့ သီချင်းစာသားကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းနဲ့လေလံတင်ရောင်းချမယ်လို့ လေလံတင်ရောင်းချရေးအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

လေလံတင်ရောင်းချပွဲကို လာမယ့် ဧပြီလ ၇ရက်နေ့မှာ ရောင်းချမှာဖြစ်တယ်လို့ လေလံတင်ရောင်းချရေးအဖွဲ့မှ ခရစ္စတီးက ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ပြောကြားခဲ့ပါတယ်။

စာမျက်နှာ ၁၆ မျက်နှာရှိတဲ့သူ့ လက်ရေးမူကြမ်းအပါအဝင် လက်နှိပ်စက်နဲ့ ရိုက်ထားတဲ့သီချင်းစာသားတွေလည်း ပါဝင်မယ်လို့ ဆိုပါတယ်။

ဒွန်မက္ကလန်း ရေးစပ်သီကုံးထားတဲ့ အဲဒီ American Pie သီချင်းကို ၁၉၇၁ ခုနှစ်ကတည်းက ထုတ်လွှင့်ဖြန့်ချိခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့ အဲဒီသီချင်းအယ်လ်ဘမ်ဟာ သူခေတ်သူ့အခါက အကျော်ကြားဆုံးတေးသီချင်းဖြစ်ခဲ့တဲ့အပြင် သူ့ရဲ့မျိုးဆက် တစ်လျှောက်လုံး အမှတ်ရစေတဲ့သီချင်းလည်းဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။

သူရေးသားစပ်ဆိုခဲ့တဲ့ အဲဒီ American Pie သီချင်းသီဆိုချိန်ဟာ ၈ မိနစ် ၄၁ စက္ကန့်ကြာမြင့်တဲ့အတွက် အဲဒီသီချင်းဟာ အကြာဆုံးသီချင်းအဖြစ် စံချိန်တင်ထားနိုင်ခဲ့ပါတယ်။

ပြီးခဲ့တဲ့နှစ်က ဘော့ဒါလန်းရဲ့ Like A Rolling Stone သီချင်းကို လေလံတင်ရောင်းချရာမှာ အမေရိကန်ဒေါ်လာ နှစ်သန်းရရှိခဲ့တယ်လို့ ဆိုပါတယ်။

# စင်ကာပူနိုင်ငံမှာပြုလုပ်မယ့် ရန်ပုံငွေပွဲမှာ အဆိုတော်နှစ်ဦးနဲ့အတူ ဖျော်ဖြေမယ့် ဂျက်ကီချန်း



ဟောင်ကောင် အက်ရှင်မင်းသား ဂျက်ကီချန်းဟာ စင်ကာပူနိုင်ငံမှာပြုလုပ်မယ့် ရန်ပုံငွေရှာဖွေတဲ့ ဖျော်ဖြေပွဲမှာ စင်ကာပူနိုင်ငံရဲ့ အဆိုတော်နှစ်ဦးနဲ့အတူ ပါဝင်သီဆို ဖျော်ဖြေသွားမယ်လို့ ဆိုပါတယ်။

ဂျက်ကီချန်းဟာ စင်ကာပူနိုင်ငံရဲ့ အဆိုတော်နှစ်ဦးဖြစ်တဲ့ ဝါကင်ချူး ဂျိုနသန်လီတို့နဲ့အတူ ပါဝင်ဖျော်ဖြေမှာ ဖြစ်တယ်လို့ ဖေဖော်ဝါရီ ၃ ရက်က ကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ ထုတ်ပြန်ကြေညာခဲ့တာဖြစ်ပါတယ်။

အဲဒီဖျော်ဖြေပွဲကို မေ ၁၀ ရက်မှာ Resorts World Sentosa မှာ ကျင်းပမှာဖြစ်ပါတယ်။ အဲဒီဖျော်ဖြေပွဲကနေရရှိတဲ့ငွေတွေကို နေရာခြောက်နေရာခွဲပြီး လှူဒါန်းသွားမှာဖြစ်တယ်လို့ ဆိုပါတယ်။ အဓိကအားဖြင့် ဘိုးဘွားရိပ်သာတွေ၊ နှလုံးရောဂါကုသရေးစင်တာတွေ၊ ပညာသင်ထောက်ပံ့ကြေးအစီအစဉ်နဲ့ဖွင့်လှစ်ထားတဲ့ နည်းပညာနဲ့ ဒီဇိုင်းတက္ကသိုလ်၊ ကင်ဆာရောဂါဖြစ်ပွားနေတဲ့ ကလေးငယ်တွေ၊ ကင်ဆာဖောင်ဒေးရှင်း စတဲ့နေရာတွေကို သွားရောက်လှူဒါန်းမှာဖြစ်တယ်လို့ ဆိုပါတယ်။

အဲဒီရန်ပုံငွေပွဲကို စင်ကာပူနိုင်ငံ စတင်ထူထောင်တဲ့ နှစ်ငါးဆယ်ပြည့်အခမ်းအနား အထိမ်းအမှတ်ပြုလုပ်တာဖြစ်တယ်လို့ ဆိုပါတယ်။

အဆိုပါရန်ပုံငွေပွဲမှာ ဝင်ငွေပေါင်း စင်ကာပူဒေါ်လာ ခြောက်သန်းအထိရရှိလိမ့်မယ်လို့ မျှော်မှန်းထားတယ်လို့ ဆိုပါတယ်။

# ဆဲလ်ဖီရိုက်ရတာကို မုန်းတဲ့ ကောလင်းဖစ်သ်



Kingsman: The Secret Service ရဲ့အဓိကသရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ကောလင်းဖစ်သ်က သူ့အနေနဲ့ ဆဲလ်ဖီ(Selfi) ရိုက်ရတာကို မနှစ်မြို့ဘူးလို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

"လူတွေက ကျွန်တော့်ကိုမြင်တာနဲ့ ဟိုင်း . . . လာပါဦး ဓာတ်ပုံရိုက်ချင်လို့ပါပဲ ပြောကြတယ်။ ကျွန်တော်က အဲဒါမျိုးတွေ မကြိုက်ဘူး။ ကိုယ့်ကိုယ်ကိုလည်း ဆဲလ်ဖီမရိုက်သလို ပရိသတ်တွေနဲ့ ဆဲလ်ဖီရိုက်ရတာကိုလည်း မနှစ်မြို့ဘူး။ အဲဒီလို ဆဲလ်ဖီရိုက်နေတဲ့အချိန်မှာ ဆဲလ်ဖီရိုက်ဖို့ပြောတဲ့သူနဲ့စကား ပြောကြမယ်၊ အတွေ့အကြုံတွေ ဆွေးနွေးကြမယ်။ အဲဒါဆိုရင် ကျွန်တော်ရော သူရော နှစ်ဦးနှစ်ဖက် အကျိုးရှိစေမှာပေါ့"လို့ ကောလင်းဖစ်သ်က ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် ကောလင်းဖစ်သ်က ခရီးသွားခြင်းကြောင့် အကျိုးကျေးဇူးတွေများစွာရရှိစေတယ်လို့လည်း ဆိုပါတယ်။ အသက် ၅၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကောလင်းမှာ သားနှစ်ဦးရှိပြီး လူကာ(၁၃နှစ်) နဲ့ မက်ထီယို(၁၁နှစ်)တို့ဖြစ်ပါတယ်။

သူဟာ အားလပ်ရက်တိုင်းမှာ သားနှစ်ဦးနဲ့ ချစ်ဇနီးရှိတဲ့ လော့စ်အိန်ဂျလိစ်မြို့မှာ သွားရောက်အပန်းဖြေလေ့ရှိပါတယ်။ သူက အားလပ်ရက်မှာ ကင်ညာနိုင်ငံကို သွားပြီး လေ့လာရေးခရီးထွက်ဖို့ အစီအစဉ်ရှိပေမယ့် အခုချိန်မှာတော့သူဟာ အီတလီကို ရောက်ရှိနေတယ်လို့ ဆိုပါတယ်။



# ဂယ်ရီရဲ့ မင်္ဂလာပွဲမှာ ပြန်လည်ပေါင်းစည်းခဲ့တဲ့ စပိုက်စ်ဂဲလ် (Spice Girls) အဖွဲ့

စပိုက်ဂဲလ်အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဂယ်ရီဟာရီဝဲလ်ရဲ့မင်္ဂလာပွဲမှာ စပိုက်ဂဲလ်အဖွဲ့ဝင်တွေ ပြန်လည်ပေါင်းစည်းခဲ့ကြတယ်လို့ ဆိုပါတယ်။ ဂျင်ဂျာစပိုက်စ်လို့ သူ့ကိုယ်သူ အမည်ပေးထားတဲ့ ဂယ်ရီဟာရီဝဲလ်ဟာ သူ့ရဲ့ချစ်သူ ခရစ္စတင်းဟိုနာနဲ့လက်ထပ်ပွဲ ဆင်နွှဲခဲ့တာဖြစ်ပါတယ်။ အဲဒီလက်ထပ်မင်္ဂလာပွဲမှာ စပိုက်စ်ဂဲလ်အဖွဲ့သူ အဖွဲ့သားငါးဦးစလုံး သွားရောက်ဖျော်ဖြေခဲ့ကြတာဖြစ်ပါတယ်။

စပိုက်စ်ဂဲလ်အဖွဲ့သားငါးဦးကတော့ မာလင်ဘရောင်း၊ မာလင်ခရစ္စဟုန်းမ်၊ ဗစ်တိုးရီးယားဘက်ခမ်း၊ အီမာဘာတွန်နဲ့ ဂျင်ဂျာစပိုက်စ်လို့ခေါ်တဲ့ ဂယ်ရီဟာရီဝဲလ်တို့ပဲဖြစ်ပါတယ်။

သူတို့ငါးဦးပါဝင်တဲ့အဖွဲ့ဟာ Lift Me UP ဆိုတဲ့သီချင်းနဲ့ ကမ္ဘာတစ်ဝန်းလုံး လူသိများလာခဲ့ပါတယ်။ အဲဒီအဖွဲ့ဟာ ၁၉၉၄ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့ပေမယ့် လူသိများခဲ့ခြင်းမရှိဘဲ ၁၉၉၆ ခုနှစ်မှာတော့ လူသိများတဲ့အဖွဲ့တစ်ဖွဲ့ ဖြစ်လာခဲ့ပါတယ်။

ဒါပေမယ့်လည်း သူတို့ငါးဦးဟာ ၂၀၀၀ ပြည့်နှစ်အရောက်မှာ တစ်ဦးစီ သီးခြားခွဲထွက်ခဲ့ကြပါတယ်။ဗစ်တိုးရီးယားဘက်ခမ်းကလည်း သူ့ရဲ့ကိုယ်ပိုင်ဖက်ရှင်လောကကို တည်ထောင်ခဲ့သလို မာလင်ဘရောင်းနဲ့ မာလင်ခရစ္စဟုန်းမ်တို့ကလည်း သီချင်းအယ်လ်ဘမ်တွေကို သီးခြားစီထုတ်ဝေပြီး ဂီတလမ်းမထက်ကို ဆက်လက်လျှောက်လှမ်းခဲ့ကြပါတယ်။

အဲဒီအဖွဲ့ဟာ ၂၀၀၇ ခုနှစ်မှာတော့ O2 Arena မှာ ပြန်လည်ဆုံတွေ့ခဲ့ကြပြီး ကမ္ဘာတစ်ဝန်းဂီတဖျော်ဖြေပွဲတွေ ဆက်တိုက်ပြုလုပ်ခဲ့ကြပါတယ်။ မီဒီယာတွေ ပါးစပ်ဖျားမှာတော့ စပိုက်စ်ဂဲလ် အဖွဲ့ပြန်လည်ပေါင်းစည်းပြီဆိုတဲ့သတင်း တွေ ထွက်ပေါ်ခဲ့ရပါတယ်။ ဒါပေမယ့်လည်း ၂၀၀၈ ခုနှစ် နှစ်စပိုင်းမှာတော့ သူတို့အဖွဲ့ လမ်းခွဲခဲ့ကြပြီး ကိုယ်ပိုင်လမ်းတွေကိုဆက်လက်လျှောက်လှမ်းခဲ့ကြပါတယ်။

၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်ပွဲတော်မှာတော့ စပိုက်ဂဲလ်အဖွဲ့ဟာ ဗစ်တိုးရီးယားဘက်ခမ်းရဲ့ကောင်းမှုနဲ့ပြန်လည်ဆုံစည်းခဲ့ကြပါသေးတယ်။ အခုလည်းသူတို့အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ဂျင်ဂျာစပိုက်စ်ရဲ့မင်္ဂလာပွဲကို အကြောင်းပြုပြီး ပြန်လည်ဆုံတွေ့ခဲ့ကြတာပဲ ဖြစ်ပါတယ်။


MYANMAR JADE CROWN CAR SALES CENTRE
Toyota Lexus 2006
BMW 5series 2006
Toyota Origin 2001
Toyota Majesta 2005
Toyota Landcruiser 2006
Toyota Harrier 2005
Toyota Celsior 2003
Toyota Belta 2010
Toyota Majesta 2000
Toyota Alphard 2002
Honda CRV 2006
Honda Insight 2010
Toyota Mark X 2005
Toyota Mark II 2003
Mitsubishi Pajero 1998
အရောင်းပြခန်း – အမှတ်(၁၇) ၊ ဝေဇယန္တာလမ်းမကြီးနှင့်ရတနာသိပ္ပံလမ်းထောင့် ၊ မိကျောင်းကန်အပိုင်း(၃) ၊ သင်္ဃန်းကျွန်းမြို့နယ် ၊ ရန်ကုန်မြို့။
ဖုန်း – ၀၁–၅၇၀၅၁၆ ၊ ၀၉–၅၁၀၄၅၆၇ ၊ ၀၉–၅၅၁၀၄၅၆ ၊၀၉–၇၃၀၈၈၈၆၆။
www.myanmarjadecrown.com


MYANMAR JADE CROWN CAR SALES CENTER
Toyota Lexus 2006
BMW 5series 2006
Toyota Origin 2001
Toyota Majesta 2005
Toyota Landcruiser 2006
Toyota Harrier 2005
Toyota Celsior 2003
Toyota Belta 2010
Toyota Majesta 2000
Toyota Alphard 2002
Honda CRV 2006
Honda Insight 2010
Toyota Mark X 2005
Toyota Mark II 2003
Mitsubishi Pajero 1998
အရောင်းပြခန်း – အမှတ်(၁၇) ၊ ဝေဇယန္တာလမ်းမကြီးနှင့်ရတနာသိပ္ပံလမ်းထောင့် ၊ မိကျောင်းကန်အပိုင်း(၃)၊ သင်္ဃန်းကျွန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း – ၀၁–၅၇၀၅၁၆ ၊ ၀၉–၅၁၀၄၅၆၇ ၊ ၀၉–၅၅၁၀၄၅၆ ၊၀၉–၇၃၀၈၈၈၆၆။
www.myanmarjadecrown.com

COMMERCE
INTERNATIONAL

## တောင်ကိုရီးယားနိုင်ငံက အီလက်ထရွန်းနစ် ကုန်သွယ်မှုဖြင့် ပို့ကုန်မြှင့်တင်မည်

ယခုနှစ်အတွင်းမှာ အီလက်ထရွန်းနစ် ကုန်သွယ်မှု (e-trade) ကို အကောင်အထည်ဖော်ပြီး တောင်ကိုရီးယားနိုင်ငံကပို့ကုန်ကိုနှစ်ဆနီးပါး တိုးမြှင့်မည်ဖြစ်ကြောင်းနဲ့ ဒီအစီအစဉ်မှာ ထုတ်ကုန် ၂၀၀၀၀ ခန့် ပါဝင်မှာဖြစ်ကြောင်း ဖေဖော်ဝါရီ ၉ ရက်ကအစိုးရကပြောပါတယ်။ ကုန်သွယ်ရေး၊ စက်မှုနဲ့ စွမ်းအင်ဝန်ကြီးဌာနကကျင်းပတဲ့ အွန်လိုင်းပို့ကုန် လုပ်ငန်းရှင်များရဲ့ အစည်းအဝေးမှာ ဒီစီမံကိန်းကိုထုတ်ဖော်ခဲ့တာဖြစ်ကြောင်းယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

" e-trade နဲ့ဆောင်ရွက်တဲ့ ပို့ကုန်လုပ်ငန်းကကုမ္ပဏီကြီးတွေထက်အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေနဲ့ တစ်ဦးချင်းလုပ်ငန်းဆောင်ရွက်သူတွေအတွက် ကြီးမားတဲ့အခွင့်အလမ်းတွေဖြစ်ပေါ်စေနိုင်တယ်"လို့ ဝန်ကြီးဌာနရဲ့သတင်းထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

တောင်ကိုရီးယားရဲ့အွန်လိုင်းပို့ကုန်လုပ်ငန်းက နှစ်အလိုက်နှိုင်းယှဉ်ရင် ၂၀၁၄ ခုနှစ်က ဝမ်ဘီလီယံ ၃၈၀ ရှိခဲ့ကြောင်းနဲ့ ယခုနှစ်မှာ ဝမ်ဘီလီယံ ၇၀၀ အထိ တိုးမြှင့်မှာဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောပါတယ်။

ယခုဆောင်ရွက်မှုက တရုတ်နိုင်ငံရဲ့ အွန်လိုင်းဈေးကွက်ကိုအများကြီး ရည်မှန်းချက်ထားဆောင်ရွက်ထားတာဖြစ်ပြီး တရုတ်နိုင်ငံရဲ့အွန်လိုင်းဈေး ကွက်က ၂၀၁၃ ခုနှစ်က နှစ်အလိုက် တိုးတက်နှုန်း ၇၈ ဒသမ ၅ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၀၁ ဘီလီယံဖိုး ထိရောက်ရှိခဲ့ပါတယ်။ တရုတ်နိုင်ငံမှာ အကြီးမားဆုံး အွန်လိုင်းလက်လီကုန်သွယ်မှုလုပ်ငန်း ဖြစ်တဲ့အလီဘာဘာဂရုက ဆောင်ရွက်နေတဲ့ Taobao မှာ မှတ်ပုံတင်သွင်းတဲ့လုပ်ငန်းမှာ ၂၀၁၄ ခုနှစ်မှာ ၁၀၀၀ ရှိခဲ့ရာမှ ယခုနှစ်မှာ ၁၅၀၀ အထိ ဆောင်ရွက်နိုင်အောင် ဝန်ကြီးဌာနက အကူအညီပေးသွားမှာဖြစ်ပါတယ်။

# စန်းပွင့်လာတဲ့ အင်ဒိုနီးရှား ဈေးကွက်မှာ ပြည်တွင်းစမတ်ဖုန်း အမှတ်တံဆိပ်ကထိုးဖောက်

အင်ဒိုနီးရှားနိုင်ငံမှာ စမတ်ဖုန်းတွေရဲ့ ဝယ်လိုအားကြီးထွားလာတဲ့အတွက် ပြည်တွင်းစမတ်ဖုန်း ထုတ်လုပ်သူတွေက ထုတ်လုပ်မှု မြှင့်တင်လာကြောင်းနဲ့ အင်ဒိုနီးရှားသုံးစွဲသူများအတွင်းမှာ ပြည်တွင်း စမတ်ဖုန်းတံဆိပ်တွေ နေရာရလာအောင် ကြိုးပမ်းလာကြောင်း ဂျာကာတာပို့စ်သတင်းမှာဖော်ပြထားပါတယ်။

အင်ဒိုနီးရှားနိုင်ငံမှာ ပြည်တွင်းကုန်အမှတ်တံဆိပ်ကို အားပေးတဲ့ ပရိသတ်တွေအားပေးမှုကြောင့် ကြီးထွားလာတဲ့ ဝယ်လိုအားကို ဖြည့်ဆည်းဖို့အတွက် Polytron နဲ့ Evercoss ဆိုတဲ့ အမှတ်တံဆိပ်နှစ်ခုက အသင့်ဖြစ်နေပါတယ်။Polytronကုန်အမှတ်တံဆိပ်ကို ထုတ်လုပ်ရေးလုပ်ငန်းသစ်တွေ ဖွင့်လှစ်ပြီး ထုတ်လုပ်တဲ့ PT Hartono Istana Teknologi ကုမ္ပဏီက ယခုနှစ်မှာဖုန်းထုတ်လုပ်ရေး လုပ်ငန်းသစ်တွေဖွင့်လှစ်ပြီး ထုတ်လုပ်မှုကို မြှင့်တင်သွားမှာဖြစ်ကြောင်း ကုမ္ပဏီရဲ့ပြည်သူ့ဆက်ဆံရေးနဲ့ ဈေး ကွက်ရှာဖွေရေးမန်နေဂျာ ဆန်တိုကာ ဒါရပ်စမန်းက ပြောပါတယ်။

"မနှစ်ကဖြစ်ပေါ်ခဲ့တဲ့ဈေးကွက်အလားအလာကိုကြည့်ပြီး ဒီနှစ်ဇူလိုင်လမှာ ထုတ်လုပ်မှုလုပ်ငန်းသစ်တစ်ခု ဆောင်ရွက်ဖို့ကျွန်တော်တို့ဆောင်ရွက်နေပါတယ်"လို့ သူက ဂျာကာတာပို့စ်သတင်းကို ပြောပါတယ်။




အလယ်ပိုင်းဂျာဗားကျွန်းမှာရှိတဲ့ ကူဒူ ထုတ်လုပ်ရေးစက်ရုံသစ်က တစ်လကို ဖုန်းအလုံးရေ တစ်သိန်း ထုတ်လုပ်နိုင်ပါတယ်။ ကုမ္ပဏီပိုင်လက်ရှိထုတ်လုပ်ရေးစက်ရုံတစ်ရုံချင်းရဲ့ထုတ်လုပ်မှုအင်အားနဲ့ ညီမျှပါတယ်။ ဒါပေမယ့် ကုမ္ပဏီရဲ့လက်ရှိ ထုတ်လုပ်မှုက အမြင့်ဆုံးထုတ်လုပ်နိုင်စွမ်းအားရဲ့ ၃၀ ရာခိုင်နှုန်းကိုသာထုတ်လုပ်လျက်ရှိပါတယ်။ သုံးစွဲသူတွေရဲ့ ကြီးထွားလာတဲ့ဝယ်လိုအားကိုဖြည့်ဆည်းဖို့အတွက် လက်ရှိစက်ရုံ နှစ်ရုံက ၂၀၁၂ ခုနှစ်မှာ Polytron ဖုန်း အလုံးရေ ၇၂၀၀၀၀ ထိ ထုတ်လုပ်ခဲ့ကြောင်း ဆန်တိုက ပြောပါတယ်။

Evercoss ကုန်အမှတ်တံဆိပ်နဲ့ ထုတ်လုပ်နေတဲ့ PT Aries Indo Global ကုမ္ပဏီက တစ်နှစ်အမြင့်ဆုံး ထုတ်လုပ်မှုဖြစ်တဲ့ တစ်နှစ် အလုံးရေ ၈၀၀၀၀၀ မှတစ်သန်းအထိ ထုတ်လုပ်ဖို့ စီစဉ်ဆောင်ရွက်နေကြောင်း ကုမ္ပဏီညွှန်ကြားရေးမှူး အက်ဒဝပ် ဆိုဗာနာဒါက ပြောပါတယ်။ကျန်ခဲ့တဲ့နှစ်နှစ်ခွဲလောက်က Evercoss ရဲ့ လုပ်ငန်းဆောင်ရွက်ရာမှာ အခက်အခဲတွေ ရှိခဲ့ပါတယ်။ ဒါပေမယ့် ဝယ်လိုအားက မြင့်တက်လာခဲ့တယ်လို့ အက်ဒဝပ်က ပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES

RO/RO Service for Myanmar

<< February And March Sailing Schedule >>

DATE : 16th February 2015
* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.9 | 1.55 | 1.90 | 2.20 | 3.50 | | | 28.1.2015 | 26.1.2015 | 29.1.2015 | 31.1.2015 | | 8.2.2015 | 12.2.2015 | 20.2.2015 |
| | S/O CUT | | | | | | 24.1.2015 | 22.1.2015 | 25.1.2015 | | | | | |
| MV.CITY OF MUMBAI V.16 | 1.55 | 1.90 | 2.20 | 3.50 | | | | | 12.2.2015 | 10.2.2015 | | 20.2.2015 | 24.2.2015 | |
| | S/O CUT | | | | | | | | 8.2.2015 | 6.2.2015 | | | | |
| MV.HOEGH CHENNAI V.10 | 1.55 | 1.90 | 2.20 | 3.50 | | | | 28.2.2015 | 2.3.2015 | | | | 13.3.2015 | |
| | S/O CUT | | | | | | | 21.2.2015 | 23.2.2015 | | | | | |
| MV.CITY OF MUMBAI V.17 | 1.55 | 1.90 | 2.20 | 3.50 | | | | | 11.3.2015 | 9.3.2015 | | 19.3.2015 | 23.3.2015 | 30.3.2015 |
| | S/O CUT | | | | | | | | 7.3.2015 | 5.3.2015 | | | | |
| MV.HOEGH CHENNAI V.11 | 1.55 | 1.90 | 2.20 | 3.50 | | | | | 28.3.2015 | 26.3.2015 | | 5.4.2015 | 9.2015 | |
| | S/O CUT | | | | | | | | 25.3.2015 | 22.3.2015 | | | | |
| MV.CITY OF MUMBAI V.18 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.4.2015 | 10.4.2015 | | | 18.4.2015 | 22.4.2015 | 29.4.2015 |
| | S/O CUT | | | | | | | 4.4.2015 | 6.4.2015 | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.
Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441

Email : gleltd.office@gmail.com ( Management )
gleltd.mktg@gmail.com ( Operation )
docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing )
goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama

Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C

Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ဘ်ပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။